www.burmeseclassic.com

စာမူဆုရ

# ဖွံ့ဖြိုးလာတော့မည့် သွေးချင်းတို့ နာဂမြေ



BURMESE CLASSIC

မောင်နွယ်သန်း (ပြန်/ဆက်)

www.burmeseclassic.com

design : THET PAING KHA 969 http://artofkh[illegible].wordpress.com

www.burmeseclassic.com

၂၀၀၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု

သုတပဒေသာ (ဝိဇ္ဇာပညာရပ်)

ဒုတိယဆုရ

# ဖွံ့ဖြိုးလာတော့မည့် သွေးချင်းတို့ နာဂမြေ

ဆောင်းနွယ်သန်း (ဖြန့်/ဆတ်)

စီစဉ်တည်းဖြတ်သူ – ဦးညွှန့်တင် (ညွှန့်တင် – ကြူတော)

စာတည်း (တာဝန်ခံ)

– ဒေါ်ခင်ဝါဆွေ (ဝါဝါ – အင်းစိန်)

စာပေလက်ထောက်

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၅၀၀

တန်ဖိုး ( ၆၀၀ ) ကျပ်

ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း
စာပေစိစစ်ရေး စာတည်းမှူးချုပ်
မှတ်ပုံတင်အမှတ် (၀၇၄၉၂) ဖြင့် ရိုက်နှိပ်၍
မှတ်ပုံတင်အမှတ် (၀၃၉၁၁) ဖြင့် ထုတ်ဝေသည်။

www.burmeseclassic.com

ww.burmeseclassic.com

# မာတိကာ


အခန်း - ၁။ သွေးချင်းတို့ နာဂမြေ ... ၁

(က) စိမ်းလန်းတဲ့မြေ ... ၁

(ခ) လူမျိုးစုအလိုက် လူဦးရေနှင့် နေထိုင်မှုရာခိုင်နှုန်း ... ၆

အခန်း - ၂။ ဖြည်ထောင်စုဖွား နာဂတိုင်းရင်းသားများ ... ၉

(က) နာဂဟူသော အမည်၏ အဓိပ္ပာယ် ... ၉

(ခ) နာဂလူမျိုးများ ဆင်းသက်လာပုံ အကြောင်း ... ၁၀

(ဂ) တိဘက် မြန်မာ အနွယ် ... ၁၀

(ဃ) မန်ချူးရီးယားအနွယ် ... ၁၁

(င) ကန်စုအနွယ် ... ၁၂

(စ) နာဂလူမျိုးများ၏ မူလကိုးကွယ်မှုဘာသာ ... ၁၃

အခန်း - ၃။ နာဂတိုင်းရင်းသားလူမျိုးများနှင့် အလေ့အထများ ... ၁၉

(က) နာဂမျိုးနွယ်စု ၆၄ မျိုး ... ၁၉

(ခ) နာဂတိုင်းရင်းသားများ ပုံပန်းသဏ္ဌာန်နှင့် နေထိုင်ပုံဓလေ့ ... ၂၂


www.burmeseclassic.com

ww.burmeseclassic.com

(ဂ) စိုက်ပျိုးမှုဓလေ့ ... ၂၄
(ဃ) ကိုးကွယ်မှုဓလေ့ ... ၂၅
(င) မိုးရာပစ္စည်း၊
မိုးရာလက်မှုလုပ်ငန်းများ ... ၂၆

**အခန်း - ၄။ နာဂတောင်တန်း၏ အနေအထားနှင့်**
**ရာသီဥတုအခြေအနေ** ... ၂၉

**အခန်း - ၅။ စင်လိန်း ခန္တီးနယ်** ... ၃၃
(က) စော်ဘွားနယ်မြေ ဖြစ်လာခြင်း ... ၄၁
(ခ) ဒုတိယကမ္ဘာစစ်အတွင်း
ခန္တီးနယ်အခြေအနေ ... ၅၁
(ဂ) စစ်ပြီးခေတ် ... ၅၃
(ဃ) လွတ်လပ်ရေးရပြီးနောက် ... ၅၄

**အခန်း - ၆။ တုမ္မလင်းနယ်** ... ၅၉
(က) တုမ္မလင်းဟူသည် ... ၆၂

**အခန်း - ၇။ လထာယ်နယ်** ... ၆၅
(က) လထာယ်အလှ ... ၆၅
(ခ) လထာယ်မြို့ ဖြစ်တည်လာပုံ ... ၆၇

**အခန်း - ၈။ လေရှီးနယ်** ... ၇၀

**အခန်း - ၉။ နန်းယွန်းနယ်** ... ၇၅

www.burmeseclassic.com

ww.burmeseclassic.com

အခန်း - ၁၀။ ခန္တီးဒေသ အမိန့်ကြော်ငြာနှင့်
ဥပဒေများ ... ၄၄

(က) သောင်သွတ်နှင့် ဇက်လိန်း ခန္တီး
ဥပဒေနှင့် တရားစီရင်ရေးအမိန့် ... ၄၄

(ခ) ၁၈၉၆ ခုနှစ်၊ ချင်းတောင်တန်း
ရိုဂူလေးရှင်း ... ၄၈

(ဂ) စော်ဘွားများ လက်ထက်
အခွန်ကောက်ခံခြင်း ... ၈၁

(ဃ) ခန္တီးစော်ဘွားနယ် ... ၈၃

အခန်း - ၁၁။ နာဂဒေသဖွံ့ဖြိုးရေးစီမံကိန်း ... ၈၆

(က) အလှသစ်မြေ ... ၈၆

(ခ) နာဂတောင်တန်းဘဝသစ်
စီမံကိန်း ... ၈၈

(ဂ) ပထမဆုံးသော
မော်တော်ကားလမ်း ... ၈၉

(ဃ) နာဂဒေသဖွံ့ဖြိုးရေးစီမံကိန်း ... ၈၉

အခန်း - ၁၂။ နာဂဒေသဖွံ့ဖြိုးရေးနှင့်
လမ်းတံတားစီမံကိန်းများ ... ၁၀၄

(က) ခန္တီး-ဆင်သေ-လဟယ်လမ်း ... ၁၀၅

(ခ) ထမံသိ-လေရှီးလမ်း ... ၁၀၆

(ဂ) သနန်-တုံဟဲလမ်း ... ၁၀၇

www.burmeseclassic.com

ww.burmeseclassic.com


(ယ) မြစ်ကြီးနား-နမ္မတီး-တနိုင်း -
- ရှင်ဘွေယန်-နန်းယွန်း-
ပန်ဆောင်လမ်း ... ၁၀၈

(င) မြစ်ကြီးနား-နမ္မတီး-မိုးကောင်း
ကာမိုင်း-ဖားကန့်-ဖားလမုန်း-
ခန္တီးလမ်း ... ၁၀၉

(စ) မုံရွာ-သက္ကယ်ကျင်း-
ဖောင်းပြင်-ခန္တီးလမ်း ... ၁၀၉

(ဆ) ခန္တီး-ဟုမ္မလင်းလမ်း ... ၁၀၉

(ဇ) ခန္တီး-နန်စိပ္ပန်
ကျောက်စိမ်းတွင်းလမ်း ... ၁၁၀

(ဈ) ဒေသတွင်းလမ်းများ ... ၁၁၀

(ည) ခန္တီးလေယာဉ်ကွင်း ... ၁၁၁

(ဋ) ဟုမ္မလင်းလေယာဉ်ကွင်း ... ၁၁၂

**အခန်း - ၁၃။** နာဂဒေသ စိုက်ပျိုးစီးပွား
**အလားအလာ** ... ၁၁၄

(က) ချင်းတွင်းမြစ်ဖျားနှင့်
နာဂဒေသ၏ စပါးကျီနှင့်
ဆီအိုးကြီး ... ၁၁၅

(ခ) ခန္တီးဒေသ လယ်ယာစိုက်ပျိုးရေး
နှင့် သစ်သီးဝလံအလားအလာ ... ၁၁၇


www.burmeseclassic.com

ww.burmeseclassic.com

(ဂ) လဟာယ်ဒေသ စိုက်ပျိုးစီးပွား
အလားအလာ ... ၁၂၅
(ဃ) ခေတ်မီကုန်းမြင့်လယ်ယာ
စနစ်ကို ဦးတည်နေ
လေရှိုးဒေသ ... ၁၂၆
(င) သစ်သီးဝလံများ
အလားအလာကောင်း ... ၁၂၇
(စ) နန်းယွန်းဒေသ စိုက်ပျိုးရေး ... ၁၂၉
(ဆ) လယ်ယာစိုက်ပျိုးမှု
တိုးတက်ရေးနှင့် ဆည်မြောင်း
တာတမံစီမံကိန်း ... ၁၃၀
(ဇ) မွေးမြူရေး ... ၁၃၂
အခန်း - ၁၄။ သစ်တောသယံဇာတများ ... ၁၃၄
(က) ထမံသီ ဘေးမဲ့တော ... ၁၃၄
(ခ) စာရာမေတိ ပတ်ဝန်းကျင်
သဘာဝတောများ ... ၁၃၅
(ဂ) သစ်တတိုးဆိ ထုတ်လုပ်ခြင်း ... ၁၄၇
(ဃ) သစ်မွေးရတနာ ... ၁၄၉
(င) နာဂဒေသ ခန္တီးနယ်မှ
သင်ဖျာလုပ်ငန်း ... ၁၅၄
(စ) နာဂဒေသ ခန္တီးနယ်ထွက်
ဝါးနှင့် ယွန်းပစ္စည်း
ကုန်ကြမ်းများ ... ၁၅၇

www.burmeseclassic.com

www.burmeseclassic.com


အခန်း - ၁၅။ နယ်စပ်ထုန်သွယ်ရေး အလားအလာ ... ၁၆၂

အခန်း - ၁၆။ နာဝဓေသ ရတနာသိုက်များ ... ၁၆၇

(က) ခန္တီးအောင်ကျောက် ... ၁၇၂

(ခ) မြန်မာမင်းများလက်ထက်
ခန္တီးကျောက်တွင်း ... ၁၇၃

(ဂ) လွတ်လပ်ရေးရပြီးနောက် ... ၁၇၃

(ဃ) ကျောက်စိမ်းထုတ်လုပ်မှု ... ၁၇၅

(င) ခန္တီးနယ်မှ ရွှေမှော်များ ... ၁၇၆

အခန်း - ၁၇။ ထန္တာလှည့်ခရီးသည်များ
စိတ်ဝင်စားသော
နာဂမျိုးရာ နှစ်သစ်ကူးပွဲတော် ... ၁၈၀

(က) ရည်ရွယ်ချက်များ ... ၁၈၁

(ခ) ကမ္ဘာလှည့်ခရီးသည်များ
စိတ်ဝင်စား ... ၁၈၃

(ဂ) မီးပုံပွဲနှင့် ပန်တုံးခေါက်သံ ... ၁၈၉

(ဃ) လူမျိုးနွယ်စုပေါင်းစုံ
တက်ရောက်ခြင်း ... ၁၉၀

(င) လက်ဆောင်များ
အပြန်အလှန်ပေးအပ်ခြင်း ... ၁၉၀


www.burmeseclassic.com

www.burmeseclassic.com


အခန်း - ၁၈။ လူမှုဘဝတိုးတက်ရေး

ဆောင်ရွက်ချက်များ ... ၁၉၃

အခန်း - ၁၉။ နာဂတောင်တန်း

သာသနာ့အလင်းရောင် ... ၁၉၇

(က) သာသနာ့စက်ဝန်းထဲက

နာဂတောင်တန်း ... ၁၉၇

(ခ) နာဂတောင်တန်းပေါ်က

ထေရဝါဒ

ဗုဒ္ဓသာသနာပြုလုပ်ငန်း ... ၁၉၈

(ဂ) ယနေ့ သာသနာပြုကျောင်းများ ... ၂၀၀

(ဃ) ထေရဝါဒ ဗုဒ္ဓသာသနာ

လူပုဂ္ဂိုလ် သာသနာပြု

သင်တန်းများ ဖွင့်လှစ်ခြင်း ... ၂၀၁

(င) ဗုဒ္ဓအဆုံးအမများ

အစုလိုက် အပြုံလိုက်ခံယူ ... ၂၀၁

(စ) ဘွဲ့တံဆိပ်တော်ရ သာသနာပြု

ဆရာတော်များ ... ၂၀၂

(ဆ) သာသနာ့အရောင်

ထွန်းပြောင်နေသော

နာဂဒေသ လဟယ်မြို့နယ် ... ၂၀၄


www.burmeseclassic.com

www.burmeseclassic.com

(၈) လေရှိုးမြို့နယ် သာသနာဝင် ... ၂၀၉
(၉) နန်းယွန်းမြို့နယ်
ဘာသာ/သာသနာ ... ၂၁၂
အခန်း - ၂၀။ နာဝတောင်တန်းကို
မှတ်တမ်းတင်ခဲ့ကြသူများ ... ၂၁၃
ကျမ်းကိုးစာရင်း။ ... ၂၂၇

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း - ၁

## "သွေးချင်းတို့ နှာဝမြေ"

## စိမ်းလန်းတဲ့မြေ

● ပြာအမှုန်မှောင် ဝေမှိုင်းကာပ
သာရဂုံတောင်တွေ ဝိုင်းပါလို့
တုန့်နှိုင်းမမြင် မြရောင်ဖုံးလေသမျှ
ရှုတိုင်းလျှင် သဘာဝအခေါင်တန္ထုန်းရယ်နဲ့
အလှတန်ဆောင်
အခုံးအမို့တွေရဲ့ အလယ်မှာလေ
ဘဝနှောင်ထုံးလို့ရယ်တဲ့ မပြင်သာပေ။ ။

● ပန်းမြိုင်တစ်ကြော
စမ်းအိုင်တော ရေတံခွန်တို့
ဝေသွန်ကာ တသွင်သွင်လျှံသမ်းပါလို့
မြေအမွန် လွင်ပြင်စခန်းတွေနဲ့
ချိုင့်ဝှမ်းလျှိုမြောင်သာတဲ့

www.burmeseclassic.com

www.burmeseclassic.com



တိုတောင်ယာအဆင့် အရစ်အလှတွေက
ပွင့်သစ်မြ တဝေဝေပါနေ၍ကွယ်
ဝင်းလှစ်ကြွနေ။ ။

◉ စိမ်းလန်းဝေရေပြည် ရစ်သန်းပါလို့
ငြိမ်းချမ်းမြေ အဆီအနှစ်တဝှမ်းဟာဖြင့်
နေခြည်သစ်ဆန်းဖြင့် မြင်ရာတွေ့
လွင့်ဖြာနေတဲ့ အရောင်စုံတော။
အစဉ်သာလေရဲ့ တောင်ရဂုံတစ်ကြော။ ။

◉ ဖော်ကွာမသွေ
ပျော်ရာမြေ တောင်ပေါ်တလွှားမှာလ
သွားလမ်းသာ လာလမ်းပွင့်
အခွင့်သင့်အချိန်ခါမို့
တိမ်စင်သာလ ငွေဝန်းရယ်သို့
ထိန်လွင်ဖြာ အလှဝေရွှန်းကာပ
တွန်းရိပ်မှာ နာဂ၊ ရှမ်းတွေနဲ့
တချမ်းတဝင် လက်စုံတွဲမိတော့
အသည်းအသက် တစ်စွဲမက်မက်ကယ်နဲ့
စွဲမတ်ပြီကော။ ။

**မောင်ထွန်းမြိုင် (ဝင်းကလေး)**

www.burmeseclassic.com

www.burmeseclassic.com



နာဂတိုင်းရင်းသားများနေထိုင်ရာ နာဂမြေ၏သဘာဝ အလှအပများက ရှုမငြီးဖွယ်။ တောင်တန်းအသွယ်သွယ်၊ တောင်ဆွယ်အထပ်ထပ်၊ လျှိုမြောင်ချိုင့်ဝှမ်း၊ စမ်းချောင်းရေ တံခွန်နှင့်အတူ အရောင်စုံသော သစ်တော သစ်ပင်တို့က သဘာဝပန်းချီကားချပ်ကြီးသဖွယ်။ သွေးချင်းတို့ နာဂမြေသည် မြန်မာနိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် တောင်နှင့်မြောက် တန်းလျက် တည်ရှိပါသည်။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ နယ်စပ်ဒေသ ဖြစ်သည်။ ယခင်က နာဂတောင်တန်းခရိုင်ဟု ခေါ်တွင်ခဲ့ပြီး ယခုအခါ ခန္တီးခရိုင်အတွင်း တည်ရှိပါသည်။ အဆိုပါ နယ်မြေအတွင်း -

(က) နာဂတောင်တန်း

(ခ) ဇက်လိန်း ခန္တီးစော်ဘွားနယ်နှင့် လီဆိုင်နယ်

(ဂ) ဆွမ္မရာနယ်

(ဃ) သောင်သွတ်စော်ဘွားနယ်နှင့်

(င) ဟုမ္မလင်းတိုင်းခွဲတို့ ပါဝင်ခဲ့ပါသည်။ အရှေ့ဘက်တွင် မြစ်ကြီးနားခရိုင်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ တောင်ဘက်တွင် မော်လိုက်ခရိုင်နှင့် တမူးခရိုင်၊ မြောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့ တည်ရှိပါသည်။

အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၂၂၆၆၀ ဒသမ ၁၁ မိုင် ကျယ်ဝန်းပြီး ဒေသအတွင်း နာဂ၊ ရှမ်း၊ ချင်း၊ ကချင်၊ ဗမာ တိုင်းရင်းသားများ နေထိုင်ကြသည်။ လူဦးရေ စုစုပေါင်း ၃၃၉၆၁၂ ဦး ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com



## ခန္တီးစော်ဘွားနယ်

နာဂတောင်တန်းခရိုင်ပေါ်လာပြီး ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် စောမြစိန်အား စော်ဘွားအရာခန့်၍ ခရိုင်ဝန်အဖြစ် အုပ်ချုပ်ရမည့် ခရိုင်ဝန်နှင့်အတူ စောမြစိန်သည် ဟုမ္မလင်းမှ ခန္တီးသို့ တက်လာသည့် စော်ဘွားအုပ်ချုပ်ခံရသည့် နယ်မြေမှာ -

ရှမ်းတိုင်းရင်းသားများနေထိုင်ကြသည့် ကျေးရွာ (၁၄) ရွာဖြစ်သည့် - (၁) ခန္တီး၊ (၂) ပေါမိုင်း၊ (၃) ကတိုး၊ (၄) မှန်ပင်၊ (၅) အနောက်ကောက်တောင်း၊ (၆) မန်မော် (ယခု သာစည် ရပ်ကွက်)၊ (၇) သိန်နန်း၊ (၈) ဟိန်စွန်း၊ (၉) မိုင်းနောင်၊ (၁၀) လင်းဖား၊ (၁၁) ရပ်နား၊ (၁၂) ရပ်နား၊ (၁၃) နောက်ပဲ၊ (၁၄) တင်းထော်ရွာများ။

ယခင်က ကချင်တိုင်းရင်းသားများ နေထိုင်ခဲ့ကြသည့် ကျေးရွာ (၂) ရွာ - (၁) အရှေ့ကောက်တောင်း၊ (၂) မင်းဆင်ရွာ။

ယခင် ကူကီးချင်းတိုင်းရင်းသားများ နေထိုင်ခဲ့ကြသည့် (၁) လဝိုင်းရန်၊ (၂) မော်လွန်း၊ (၃) ဂန်နူးနှင့် ယောယင် ချင်းများ နေထိုင်သည့် (၄) လက်ပံသာကျေးရွာ။

မြစ်ကမ်းတစ်လျှောက်၌ တည်ရှိသော နာဂကျေးရွာများ ဖြစ်ကြသည့် (၁) သပ်လန်၊ (၂) လပေါက်၊ (၃) လသား ခေါ် [illegible]မောင်၊ (၄) နန်းတောင်ထွေး။

တောင်ပေါ်နာဂကျေးရွာများဖြစ်ကြသည့် (၁) ကျောင်ပ၊ (၂) ဆောင်ဆ၊ (၃) နာတိုက်၊ (၄) တတ္တိ၊ (၅) သာစောင်၊

www.burmeseclassic.com

ww.burmeseclassic.com



အများစုမှာ တောင်တန်းဒေသဖြစ်ပြီး ခန္တီးမြို့နယ် ချင်းတွင်းမြစ်ကမ်းတစ်လျှောက်၊ ဟုမ္မလင်းမြို့နယ် ချင်းတွင်း မြစ်ကမ်းတစ်လျှောက်နှင့် ဥရုမြစ်ကမ်းတစ်လျှောက်တို့တွင်သာ မြေပြန့်လွင်ပြင်များ တည်ရှိသည်။

အတိအကျဆိုရသော် တည်နေရာမှာ မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၁၅ မိနစ်နှင့် ၂၆ ဒီဂရီ ၄၂ မိနစ်အကြား၊ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၈ မိနစ်နှင့် ၉၇ ဒီဂရီ ၁၀ မိနစ်အကြားတွင် တည်ရှိပါသည်။ ပင်လယ်ရေမျက်နှာပြင်အမြင့်မှာ ၄၁၀ ပေ အထက်တွင် တည်ရှိသည်။ ချောင်း၊ မြောင်းပေါများပြီး လျှို မြောင်များ အများအပြားတည်ရှိသော ဒေသဖြစ်ပါသည်။ သဘာဝပေါက်ပင်များအနေဖြင့် ကျွန်း၊ သစ်ယာ၊ အင်ကြင်း၊ တမလန်း၊ သစ်စေး၊ စကားဝါ၊ တောင်တမာ၊ ကျောက်တမာ၊ ခလောင်များဖြစ်ကြပြီး အင်၊ ကညင်နီ၊ ကညင်ဖြူ ထောက်ကြံ့၊ သစ်အယ်၊ ထင်းရှူး၊ စကတ်၊ သစ်ကတိုး စသည့်အပင်များမှာ သစ်ပျော့ပင်များဖြစ်ကြသည်။ အိမ်သုံးထင်းအဖြစ် အသုံးပြု နိုင်သော မအူလက်လန်း၊ ပိုးမဲဇာ၊ လောက်ယား၊ ဝက်သစ်ချ၊ သဖန်း၊ သစ်ဖြူ၊ သစ်ပုတ်၊ အုန်နွဲ၊ တောင်သရက်၊ နဘဲ၊ မျောက် ချိုး၊ ယင်းခုပ်၊ နုရီ၊ မိုက်ကျဲ၊ ကျဲဘုရင်၊ အုံတုံ၊ ကြက်ခြေ၊ မျောက် လှုပ်၊ မျောက်ဆိပ်၊ ဝက်မ၊ ဝက်လျော်၊ ကုတ်တဲ၊ ချည်ယုတ် စသည့်အပင်များ ပေါက်ရောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



တောတိရစ္ဆာန်များအနေဖြင့် ကျား၊ ဆင်၊ ဆတ်၊ ဂျီ၊ ဝက်ဝံ၊ တောင်ဆိတ်တို့ ဖြစ်ကြလေသည်။

အဓိကစိုက်ပျိုးသော သီးနှံများမှာ စပါး၊ မြေပဲ၊ စားတော်ပဲ၊ မြေထောက်ပဲ၊ ပုဂံပဲ၊ ပဲပုပ်၊ ပိန်းဥ၊ ရွှေလုံဗိုလ်၊ မုန်ညှင်း၊ ပြောင်း၊ အာလူး၊ လူး၊ ဆတ်၊ မျောက်ဥ စသည်တို့ဖြစ်ကြပါသည်။

နာဂတိုင်းရင်းသားအများစု နေထိုင်ကြသည့် ခန္တီးခရိုင်အတွင်း၌ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့ ပါဝင်ပါသည်။ မြို့နယ်များ၏ အခြေအနေကို အောက်ပါအတိုင်း လေ့လာတွေ့ရှိရပါသည်။

| မြို့နယ် | ရပ်ကွက် | ကျေးရွာအုပ်စု | ကျေးရွာ | အိမ်ခြေ | လူဦးရေ |
|---|---|---|---|---|---|
| ခန္တီး | ၃ | ၂၈ | ၄၂ | ၃၉၃၃ | ၃၆၅၁၀ |
| ဟုမ္မလင်း | ၂ | ၇၆ | ၃၂၂ | ၂၁၅၀၀ | ၁၆၇၆၀၀ |
| လေရှီး | ၂ | ၂၂ | ၃၃ | ၂၄၅၁ | ၁၈၁၈၁ |
| လဟယ် | ၂ | ၃၅ | ၉၆ | ၅၈၅၇ | ၄၉၁၂၆ |
| နန်းယွန်း | ၂ | ၆၁ | ၁၁၅ | ၆၁၀၀ | ၆၇၉၇၇ |
| | ၁၁ | ၂၂၂ | ၆၄၈ | ၃၉၈၄၁ | ၃၃၉၆၁၂၄ |

www.burmeseclassic.com

www.burmeseclassic.com



လူမျိုးစုအလိုက် လူဦးရေနှင့် နေထိုင်မှုရာခိုင်နှုန်း

| | | | |
|---|---|---|---|
| (၁) | ရှမ်း | ၁၅၀၉၆၉ | ၄၄ ဒသမ ၄၆ ရာခိုင်နှုန်း |
| (၂) | နာဂ | ၁၄၇၄၉၃ | ၄၃ ဒသမ ၄၃ ရာခိုင်နှုန်း |
| (၃) | ဗမာ | ၂၆၃၇၂ | ၇ ဒသမ ၇၇ ရာခိုင်နှုန်း |
| (၄) | ချင်း | ၉၆၇၇ | ၂ ဒသမ ၈၅ ရာခိုင်နှုန်း |
| (၅) | အခြား | ၂၆၄၀ | ၀ ဒသမ ၇၈ ရာခိုင်နှုန်း |
| (၆) | ကချင် | ၁၉၈၆ | ၀ ဒသမ ၅၈ ရာခိုင်နှုန်း |
| (၇) | ရခိုင် | ၃၁၄ | ၀ ဒသမ ၀၀၂ ရာခိုင်နှုန်း |
| (၈) | ကရင် | ၁၄၂ | ၀ ဒသမ ၀၄ ရာခိုင်နှုန်း |
| (၉) | မွန် | ၁၉ | ၀ ဒသမ ၀၀၅ ရာခိုင်နှုန်း |

ခန္တီးမြို့နယ်တွင် ရှမ်းတိုင်းရင်းသားများနှင့် နာဂတိုင်းရင်းသားတို့ ထက်ဝက်ခန့်စီ နေထိုင်ကြပြီး ဟုမ္မလင်းမြို့နယ်တွင်မူ ရှမ်းတိုင်းရင်းသားအများစု နေထိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



# နာဝတိုင်းရင်းသား မျိုးနွယ်စုကြီးများ



ယိုင်းမြေ



ပါရာ

www.burmeseclassic.com

www.burmeseclassic.com







တန်တွန်

နောက်ဖော်

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၂
## "ပြည်ထောင်စုဖွား နာဂတိုင်းရင်းသားများ"

နာဂလူမျိုးဆိုသည်မှာ သလ္လာဝတီခေါ် ချင်းတွင်းမြစ်ကမ်းမှ အိန္ဒိယနိုင်ငံ မဏိပူရ၊ ထရိပူရ၊ မေဂါလာရာ၊ နာဂလင်းနှင့် အဂ္ဂချာပရာဒေ့ရှ်ပြည်နယ်တစ်လျှောက်တွင် နေထိုင်သောလူမျိုးများကို ခေါ်ဆိုပါသည်။ ပါးစပ်သမိုင်း ပုံပြင်၊ စံသမိုင်း၊ စံယဉ်ကျေးမှုများ၊ ဓလေ့ထုံးတမ်း အစဉ်အလာများ တူညီသော လူမျိုးများပင် ဖြစ်လေသည်။

ပြည်ထောင်စုဖွား နာဂတိုင်းရင်းသား မျိုးနွယ်စုများသည် မြန်မာနိုင်ငံအနောက်မြောက်ဒေသ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်များတွင် နေထိုင်ကြပါသည်။

### နာဂဟူသောအမည် အဓိပ္ပာယ်

နာဂဟူသောစကားလုံးမှာ ဘင်္ဂါလီ (သက္ကတဘာသာမှ ဆင်းသက်) နှင့် ဟိန္ဒူစတန်နီ (တက္ကတဘာသာမှ ဆင်းသက်လာသော) စကားကို ကိုးကား၍ နန်ကာမှ ဆင်းသက်လာသည်ဟု ဆိုပါသည်။ အဓိပ္ပာယ်မှာ ဝတ်လစ်စလစ်ဖြစ်သော၊ အကြမ်းထည်ဖြစ်သော ရိုင်းစိုင်းသောဟူ၍ အဓိပ္ပာယ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## နာဂလူမျိုးများ ဆင်းသက်လာပုံအကျဉ်း

နာဂလူမျိုးများသည် မွန်ဂိုကုန်းမြင့်မှ အုပ်စုကွဲ၍ လက်ရှိတရုတ်ပြည်သို့ အသီးသီးပျံ့နှံ့နေထိုင်လျက်ရှိသော ရှေးလူမျိုးများအနက် -

(က) တိဘက်မြန်မာအနွယ်

(ခ) မန်ချူးရီးယားအနွယ်

(ဂ) ကန်စုအနွယ် - အနွယ် (၃) မျိုးမှ (၁) မျိုး အဖြစ်ပွားပေါင်း၍ ဖြစ်ပေါ်လာသော မွန်ဂိုလူမျိုးနွယ်စစ်စစ်ဖြစ်သည်။

## (က) တိဘက်မြန်မာအနွယ်

လက်ရှိမြန်မာနိုင်ငံအထက်ပိုင်း နာဂတောင်တန်းဒေသ၏ မြောက်ဘက်စွန်း နန်းယွန်းမြို့နယ်နှင့် အိန္ဒိယနိုင်ငံ အာသံပြည်နယ်၊ အဂုနာချာလ်ပြည်နယ်တို့တွင် နေထိုင်သော နာဂလူမျိုးများသည် တိဘက်နှင့် နယ်နိမိတ်ချင်း ထိစပ်လျက်ရှိရာ လတ်ရှိ နန်းယွန်းမြို့နယ်နှင့် အဂူချာလ်၊ အာသံပြည်နယ်များသို့ လမ်းကြောင်းနှစ်သွယ် ခွဲ၍ ဆင်းသက်ခဲ့ကြလေသည်။

(ကက) တိဘက်ကုန်းပြင်မြင့်မှ အဂူနာချာလ်၊ အာသံပြည်သို့ တိုက်ရိုက်ဆင်းသက်သောအုပ်စု၊

---

၁။ (The Rising Naga 1979) စာရေးသူအမည် (Aso So yonzo) n (captain Butte) ၏ အဆိုကို ဖော်ပြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၁) မြန်မာနိုင်ငံမြောက်ဘက် လက်ရှိကချင်ပြည်နယ် ဆွမ္ဗရာဘွမ်နှင့် ပူတာအိုဒေသသို့ ဟိမဝန္တာ ရေခဲတောင်ကို ဖြတ်ကျော်ဆင်းသက်နေထိုင် အခြေချလျက် ဖားကန့်၊ ဟောင်ပါး၊ တာမခန်၊ တိန်ကောက်၊ ကျန်ဘူထွပ်၊ တဝမ်း၊ တရုန်း (ဟူးကောင်းတောင်ကြား) များတွင် ဆက်လက် နေထိုင်၍ အကြောင်းအမျိုးမျိုးကြောင့် တဖြည်းဖြည်း အာသံပြည်နယ်အထိ ဆက်လက် ထွက်ခွာနေထိုင်ကြသည်။ ဤသို့ ပျံ့နှံ့နေထိုင် ရာ၌ အချို့မှာ နောက်မှရောက်လာသော ရှမ်း၊ ကချင်လူမျိုးများနှင့် ရောနှောကာ ၎င်းလူမျိုး များအဖြစ်လည်း ကျန်ရစ်ခဲ့ကြသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်စပ် နန်းယွန်း မြို့နယ်၌ နာဂလူမျိုးများအဖြစ် ကျန်ရစ်ခဲ့ လေသည်။

## (၁) မန်ချူးရီးယားအနွယ်

တိဘက်မြန်မာအနွယ်ပါသကဲ့သို့ မန်ချူးရီးယားအနွယ် နာဂလူမျိုးများလည်း ရှိသေးသည်။ လက်ရှိ လေရှီးမြို့နယ်တွင် တန်ကွန်နာဂ (အိန္ဒိယနိုင်ငံတွင် အော်နာဂ၊ အန်ကာမီနာဂ) ရင်္ဂမားနာဂ၊ ဆမ်မာနာဂ) စသည်ဖြင့် အနွယ်များသည် ၎င်းတို့၏သမိုင်း၊ ဒဏ္ဍာရီပုံပြင်များအရ တစ်ချိန်က ပင်လယ်

www.burmeseclassic.com

www.burmeseclassic.com



တမ်းခြေတွင် နေထိုင်စိုးမိုးခဲ့ဘူး၍ လယ်ယာကိုင်းကျွန်း လုပ်ကိုင်တတ်သော၊ မြို့ရိုး၊ ကျုံးများ တည်ဆောက်တတ်သော ယဉ်ကျေးမှုများ ရှိခဲ့ပြီး ရှေးပဝေသဏီကတည်းက လက်ရှိ နေရာတွင် ရောက်ရှိလာခဲ့ကြသည်။ ၎င်းတို့မှာ မန်ချူးရီးယား ခေါင်းဆောင်ကြီး၏သား (၂) ဦးအနက် အကြီးအုပ်စုဖြစ်၍ ဖခင်အရိုက်အရာကို လုယက်ကာ ညီ၏တိုက်ထုတ်ခြင်းကို ခံရ၍ ထွက်ပြေးလာသောအုပ်စု ဖြစ်လေသည်။

## (ဂ) ကန်စုအနွယ်

တရုတ်ပြည် ကန်စုအရပ်မှ ထွက်ခွာသော အစုတွင် တတူး၊ လိုင်းနောင်၊ ပေါ်တိုင်၊ ထွန်ညပ်၊ နောက်အော်၊ ပုံညို၊ ဆော်လော်စသည့် နာဂလူမျိုးများ ပါဝင်သည်။ ကတူးလူမျိုးနှင့် လိုင်းနောင်၊ ပေါ်တိုင်၊ နောက်အော်၊ ပုံညို၊ ဆော်လော်နာဂ များမှာ ဘာသာဗေဒအားဖြင့်လည်းကောင်း၊ ဆင်းသက်လာပုံ သမိုင်းအားဖြင့်လည်းကောင်း တူညီနေသည်ကို တွေ့ရလေ သည်။ ဥပမာ - အိမ်ကို ယမ်း၊ မီးကို ဝမ်၊ မီးစကို ဝမ်ထော၊ ဆတ်ကို ကျတ်စသည်ဖြင့် အခြေခံဝေါဟာရများ တူညီလျက်ရှိ သည်။ ၎င်းအပြင် ထိုအုပ်စုသည် တရုတ်ပြည်မှလက်ရှိမြန်မာ နိုင်ငံ ကသာခရိုင်တွင် စုရုံး၍ ဧရာဝတီမြစ်၊ ချင်းတွင်းမြစ်တို့ကို ဖြတ်ကျော်ကာ အိန္ဒိယနိုင်ငံသို့ ကဘော်ချိုင့်ဝှမ်းဒေသမှ လည်းကောင်း၊ လက်ရှိခန္တီးဒေသမှလည်းကောင်း ထွက်ခွာ သော အများစုလည်း ရှိသည်။ ကျန်ရစ်ခဲ့သောအုပ်စုကို တတူး

www.burmeseclassic.com

ww.burmeseclassic.com



ဟူ၍လည်းကောင်း၊ ကဘော်ဒေသဘက်သို့ ရောက်သောအခါ အင်းကြီးဟူ၍လည်းကောင်း ခေါ်ဝေါ်ခဲ့ပါသည်။

ကတူးများမှအပ ကျန်သော နာဂအစုများသည် ချင်းတွင်းမြစ်နှင့် အိန္ဒိယနိုင်ငံအကြား တောင်စဉ်တောင်တန်းများအပေါ် သွားရောက်နေထိုင်ကြပြီး ရောထွေးယှက်တင်ပေါင်းဖက်ခြင်း၊ အချင်းချင်းထိမ်းမြားခြင်း၊ ကူးလူးဆက်ဆံခြင်း၊ စုပေါင်းနေထိုင်ခြင်းအားဖြင့် နှစ်ပေါင်းထောင်ချီလာသောအခါ တူညီသောဓလေ့၊ တူညီသောစကားနှင့် ယုံကြည်ကိုးကိုယ်မှုများရှိလာရာမှ လူတစ်မျိုးတည်းအဖြစ် ရောက်ရှိလာသည်။ ခရစ်တော်မပေါ်မီ နောက်ဆုံးရာစု (ကျောက်ခေတ်နှောင်း) တွင် နေထိုင်ခဲ့ကြသည့် လူမျိုးစုများတွင် နာဂလူမျိုးများလည်း နေထိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ထိုနာဂဒေသတွင် တွေ့ရှိသော ကျောက်ခေတ်နှောင်း ကိရိယာအသုံးအဆောင်များ၊ ကျောက်ဂူတွင်းတွင် တွေ့ရှိရသောရုပ်ပုံများကို ကြည့်ခြင်းအားဖြင့် သိရှိရပါသည်။

## နာဂလူမျိုးများ၏ မူလကိုးကွယ်မှုဘာသာ

နာဂတိုင်းရင်းသားများသည် စာပေမရှိသောကြောင့် နှုတ်ပြောသမိုင်းကို အဆင့်ဆင့် ဘိုးဘွားစဉ်လာမှ မြေးမြစ်အထိ မှတ်သားထားခဲ့ရိုး အစဉ်အလာ နာဂတိုင်းမှာ ရှိပါသည်။ နာဂတိုင်းရင်းသားများသည် သလ္လာဝတီခေါ် ချင်းတွင်းမြစ်၊ တနိုင်းခမြစ်၊ ဥရုချောင်းဒေသ၊ တရောင်း၊ တနိုင်း၊ ဟူးကောင်း

www.burmeseclassic.com

www.burmeseclassic.com



တောင်ကြားဒေသအထိလည်းကောင်း ပျံ့နှံ့နေထိုင်ခဲ့ကြသည်ဟု ပြောကြပါသည်။ အထူးသဖြင့် နာဂသမိုင်းကို အတိအကျ ပြောထားခဲ့သော နာဂလူကြီးအချို့မှာ -

၁။ ဦးကျယ်ရောင် - ပဒူးမုန်းရွာသူကြီး - ခန္တီးမြို့နယ်
၂။ ဦးမန်း - ဖောင်ဆိုင်ရွာသူကြီး - ခန္တီးမြို့နယ်
၃။ ဦးမောင်ကမ် - သုံ့ပန်းရွာသူကြီး - ခန္တီးမြို့နယ်
၄။ ဦးလန်းဆန်း - လောင်ဆောက်ရွာသူကြီး - ခန္တီးမြို့နယ်
၅။ ဦးခါနွးပန်ညိန်း - ဟတ္တိရွာသူကြီး - ခန္တီးမြို့နယ်
၆။ ဦးကျိုကျို့ - ပါရိုးရွာသူကြီး - ခန္တီးမြို့နယ်
၇။ ဦးချား - ယွမ်၊ ထန်ခေါ၊ ရထရွာသူကြီး - လဟယ်မြို့နယ်
၈။ ဦးအကူး - လောင်ငေါက်ရွာသူကြီး - လဟယ်မြို့နယ်
၉။ ဦးဖားမား - လဟယ်မြို့ - မြို့မရပ်ကွက်

တို့ဖြစ်ကြပြီး ၎င်းတို့မှ ဇက်လိန်း ခန္တီးမြို့တွင် စလွတ်နာဂများ၊ နောက်အော်နာဂများ၊ ပန်းကူးနာဂများ၊ ပန်းကိုးနာဂများ၊ လာဆော်နာဂများနှင့် ရည်ဆားနာဂများ စုစည်းနေထိုင်ခဲ့ကြကြောင်းကိုလည်းကောင်း၊ အထက်ဖော်ပြပါ ဒေသအသီးသီးတွင် နေထိုင်ကြသော နာဂတိုင်းရင်းသားများသည် ဗုဒ္ဓဘာသာကိုးကွယ်လျက် စေတီပုထိုးများကိုလည်း တည်ထားခဲ့ကြောင်း၊ ထိုစေတီဘုရားများမှာ -

(က) ဝေတောလားစေတီ
(ခ) မန်ယူးစေတီ
(ဂ) မန်နန်တောင်းစေတီ

www.burmeseclassic.com

www.burmeseclassic.com



(ဃ) မန်စိမ်းစေတီ

(င) ကင်းစေတီ

(စ) မလင်းစေတီဘုရား

(ဆ) နာအိုးကျောက်စွယ်ကိုယ်တော်ဘုရား

(ဇ) ခါပေါ့ဘုရား (ခ) ဦးစမုတ်ဘုရား (ခ) ရွှေလောင်းဘုရား စသည်တို့ဖြစ်ကြောင်း၊ တာလီ၊ ဟဲနု၊ မိုးစပက်ဘုရားတို့လည်း တည်ရှိခဲ့ကြောင်း၊ တာလီဆိုသည်မှာ နာဂအခေါ် ဆင်နှာမောင်းမြို့၊ ဟဲနုဆိုသည်မှာ နာဂအခေါ် အသားစားကျူးသောမြို့၊ မိုးစပက်ဆိုသည်မှာ နာဂအခေါ် မင်းသားနှင့်မင်းသမီးထူထောင်သော မြို့များဖြစ်ကြောင်း၊ ထိုမြို့များသည် ဟုမ္မလင်း၊ ဖောင်းပြင်ဒေသများတွင် တည်ရှိခဲ့ကြောင်းပြောခဲ့ဖူးသည်ဟု ဆိုပါသည်။

ဖောင်းပြင်မြို့နယ် သရောင်းရွာမှ နှစ်မိုင်အကွာရှိ သက်ကယ်ကျင်းရွာအနီး၌ မြို့ဟောင်းကိုတွေ့ရှိခဲ့ရာ ထိုမြို့ဟောင်းကုန်းနေရာ၌ ကျုံးမြေနေရာများနှင့် နာဂတိုင်းရင်းသားများသုံးစွဲခဲ့သည့်အသုံးအဆောင်ပစ္စည်းများ ရှိခြင်းကိုလည်းကောင်း၊ ထိုနေရာကို ယနေ့ရှမ်း၊ ဗမာများက ခမုန်းဟုခေါ်တွင်နေကြောင်း၊ ခမုန်းဆိုသည်မှာ ရှမ်းစကားဖြစ်၍ အဓိပ္ပာယ်မှာ နာဂလူမျိုးများမှ အုပ်ချုပ်လွှမ်းမိုးရာ အာဏာစက်ပြန့်ပွားရာ ဒေသဟူ၍ အဓိပ္ပာယ်ရပါသည်။

ကျွန်တစ်မြို့မှာ ဥရုမြစ်တစ်နေရာတွင် တွေ့ရကြောင်း၊ ကျွန်တစ်မြို့မှာ ဟုမ္မလင်းအနီးအနားတစ်ဝိုက်တွင် ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ပြောကြားခဲ့ကြသည်။ နာဂလူမျိုးအကြီးအကဲများ၏ နှုတ်သမိုင်း အရနှင့် ကိုက်ညီနိုင်သော အချက်အလက်များကို အောက်ပါ အတိုင်း တွေ့ရှိခဲ့ကြပါသည်။

၁၉၉၀ ပြည့်နှစ်၊ ဩဂုတ်လ ၃၀ ရက် (ကြာသာပတေး နေ့) နေ့ ၁၂ နာရီအချိန်တွင် ဖင်လိန်းခန္တီးမြို့ဦးပိုင်းရှိ ဗုဒ္ဓ ဘာသာ ရှေးဟောင်းစေတီခြောက်ဆူကို သက်ဆိုင်ရာ တာဝန် ရှိပုဂ္ဂိုလ်များက တူးဖော်ဖြိုဖျက်၍ ဓာတ်ပေါင်းစုစေတီတော် အဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ကြစဉ် ရှေးဟောင်း စေတီ (၆) ဆူ ဌာပနာများအတွင်းမှ နာဂရိုးရာပစ္စည်းများ ဖြစ်ကြသည့် -

(က) ပယင်းနားဋောင်းများ

(ခ) ပယင်းလည်ဆွဲများ

(ဂ) သတ္တုပုတီးကုံးများ

(ဃ) ကျားစွယ် (နာဂရိုးရာအားဖြင့် အပေါက် ဖောက်လျက် တွေ့ရှိရသည်)

ဖင်လိန်းခန္တီးမြို့ဦးပိုင်း ရန်ကင်းတောင်ပေါ်တွင် တည် ထားကိုးကွယ်လျက်ရှိသော မြသိန်းစေတီတော်သည် ပထမက စာလွတ် (ခေါ်) လောင်ဆောက်နာဂလူမျိုးများမှ တည်ထား ကိုးကွယ်ခဲ့သည်ဟု ယူဆကြပါသည်။

ဖင်လိန်းခန္တီးမြို့နယ် ကတိုးရေလယ်ဘုရားကို ၁၉၇၅ ခုနှစ်တွင် ပြုပြင်ခဲ့ရာ ဌာပနာအတွင်းမှရရှိခဲ့သည့် နာဂရိုးရာ ပစ္စည်းများမှာ -

www.burmeseclassic.com

ww.burmeseclassic.com



(က) နာဂမြေအိုးတစ်လုံးနှင့် သတ္တုပုတီးတစ်ကုံး
(ခ) နာဂပယင်းနားဋောင်း (၄) ရံ
(ဂ) နာဂကြေးလက်ကောက်တစ်ကွင်း တွေ့ရှိခဲ့ပါသည်။

၁၉၇၀ - ၇၃ ခုနှစ်တွင် ဇက်လိန်းခန္တီးမြို့နယ်၊ စိန်နန်းကျေးရွာလယ်ပြင်အရှေ့ဘက်ရှိ စေတီတစ်ဆူပြိုပျက်သွားရာ အောက်ပါဌာပနာများ တွေ့ရှိခဲ့ကြပါသည်။

(က) နာဂကြေးလက်ကောက် နှစ်ရံ
(ခ) နာဂပယင်းနားဋောင်း သုံးခု
(ဂ) ပုတီးရောင်စုံဆိုက်စုံကြီး/သေးများ တွေ့ရှိခဲ့ရပါသည်။

ဟုမ္မလင်းမြို့နယ် တဇုံးကျေးရွာဘုန်းတော်ကြီးကျောင်းရှေ့တွင် ၁၉၈၅ ခုနှစ်က စေတီတစ်ဆူပြုပြင်မွမ်းမံပြီး ၁၉၉၄ ခုနှစ်တွင် ထီးတော်တင်ရန် ဆောင်ရွက်ခဲ့ကြစဉ် ဌာပနာအတွင်း၌ နာဂရိုးရာပစ္စည်းများဖြစ်ကြသည့် နာဂပုတီးရောင်စုံများ၊ နာဂများ အသုံးပြုကြွေစေ့များ၊ နာဂနားဋောင်းများ၊ လက်ကောက်များ တွေ့ရှိခဲ့ရသည်ဟု သိရှိရပါသည်။

ဟုမ္မလင်းမြို့နယ် ဥရုမြစ်တစ်လျှောက်တွင် ရွှေကျင်ရာမှ တွေ့ရှိခဲ့ရသော နာဂရိုးရာပစ္စည်းများမှာ -

(က) နာဂလှံများ
(ခ) နာဂဓားနှင့် ပေါက်ပြားများ
(ဂ) နာဂပုဆိန်များ
(ဃ) နာဂကြေးလက်ကောက်များ

www.burmeseclassic.com

www.burmeseclassic.com



(င) နာဂမြေအိုးများ
(စ) နာဂပုတီးရောင်စုံ ဆိုက်စုံကြီး/သေးများ
(ဆ) နာဂနားဋ္ဌောင်းများ
(ဇ) နာဂဆေးတံ (မြေဖြင့်ပြုလုပ်) ဖြစ်ကြပါသည်။

ဟုမ္မလင်းမြို့နယ် နန့်တောအုပ်စုဖြစ်သော မလင်းကုန်းကျေးရွာ၊ ဂွီးဖီးရွာအနီးတွင် နာဂများသုံးစွဲခဲ့သော ဓားများ၊ လှံများ၊ မြေအိုးမြေခွက်များ၊ မြေပန်းကန်၊ မြေဆေးတံများ၊ ပုတီးမျိုးစုံ တူးဖော်ရရှိခဲ့ပါသည်။ ထိုသို့ တူးဖော်ရရှိသော ပစ္စည်းအချို့ကို စစ်ကိုင်းတိုင်း၊ တမူးမြို့နယ်ကျေးလက် ကျန်းမာရေးမှူး၊ ပင်စင်စား ဦးခါယားထံတွင် စုဆောင်းထားကြောင်း သိရှိရပါသည်။ ၁၉၇၂ ခုနှစ်က စစ်ကိုင်းရွာသစ်ကြီး ဖွံ့ဖြိုးရေးကျောင်းသားဦးကျော်ပေါ်နှင့် ကိုင်လုံရွာသား (လေရှီးမြို့နယ်) တို့သည် ဟုမ္မလင်းမြို့နယ် သောင်သွတ်ရွာ ဗုဒ္ဓဘုရားစေတီတစ်ဆူပြိုပျက်၍ ပြုပြင်ရာသို့ရောက်ရှိခဲ့သည်။ စေတီဌာပနာအတွင်းမှ တူးဖော်ရရှိသောပစ္စည်းများအနက် အောက်ပါပစ္စည်းများကို ဖွံ့ဖြိုးရေးကျောင်းပြတိုက်တွင် လှူဒါန်းထားကြောင်း သိရှိရပါသည်။

(က) ခဲမဖြူလက်ကောက် သုံးကွင်း
(ခ) နားဋ္ဌောင်း တစ်ဖက်
(ဂ) ကျွဲမြီးခုတ်ဓား တစ်လက် စသည်တို့ ဖြစ်ကြပါသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း - ၃

## "နဂါးတိုင်းရင်းသားမျိုးနွယ်စုများနှင့် အလေ့အထများ"

### နာဂမျိုးနွယ်စု ၆၄ မျိုး

မူရင်းနာဂလူမျိုးကြီး လေးမျိုးရှိပြီး နာဂမျိုးနွယ်စုပေါင်းမှာ ၆၄ မျိုးရှိပါသည်။ မူရင်း နာဂလူမျိုးကြီးလေးမျိုးမှာ ဆွမ္မရာနာဂ၊ ထင်နာဂ၊ စန်းနာဂနှင့် ဟဲမြေနာဂ တို့ဖြစ်ကြသည်။ အဆိုပါလူမျိုးကြီးလေးမျိုးမှ ဆွမ္မရာနာဂလေးမျိုး၊ ထင်နာဂရှစ်မျိုး၊ စန်းနာဂသုံးမျိုးနှင့် ဟဲမြေနာဂ ၄၉ မျိုး၊ ပေါင်း ၆၄ မျိုးဖြစ်ပါသည်။

ဆွမ္မရာနာဂမျိုးတွင် -

(၁) တွန်ကွန်နာဂ
(၂) ပါရာနာဂ
(၃) ခေါင်ဆပ်နာဂ
(၄) ပါဂျာနာဂ တို့ဖြစ်ကြပါသည်။

စန်းနာမျိုးတွင် -

(၁) စန်းနာဂ
(၂) စေနာဂနှင့်
(၃) ကာလောနာဂမျိုးနွယ်စုတို့ ပါဝင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထင်နာဂမျိုးနွယ်စုတွင် -

(၁) မစန်နာဂ
(၂) လိုင်းနောင်နာဂ
(၃) ရော်တိုင်နာဂ
(၄) ပုံညီနာဂ
(၅) ဆော်လော်နာဂ
(၆) ရောင်ကွန်းနာဂ
(၇) စေမျိုးနာဂနှင့်
(၈) ဆပ်လော်နာဂမျိုးနွယ်စုများ ပါဝင်သည်။

ဟဲမြေနာဂမျိုးနွယ်စုတွင် -

(၁) ကော့လွန်းနာဂ
(၂) ဆန်းတဲနာဂ
(၃) ကျောက်ရမ်းနာဂ
(၄) ရန်စီနာဂ
(၅) ကာဆန်းနာဂ
(၆) ရောင်ကွန်းနာဂ
(၇) ပိန်းကူးနာဂ
(၈) တန်ကျူးနာဂ
(၉) လာဆာနာဂ
(၁၀) ရန်ဆားနာဂ
(၁၁) ရန်ဆဲနာဂ
(၁၂) ရန်စူးနာဂ

www.burmeseclassic.com

www.burmeseclassic.com



(၁၃) ကောင်းလွှန်းနာဂ
(၁၄) လန်ကဲနာဂ
(၁၅) ခလတ်နာဂ
(၁၆) လုံစယ်နာဂ
(၁၇) လစော်နာဂ
(၁၈) လီဆားနာဂ
(၁၉) ကကျူနာဂ
(၂၀) လွှန်လူးနာဂ
(၂၁) ပုံဆိန်းနာဂ
(၂၂) စိတ်ဝါနာဂ
(၂၃) ရှစ်ရောနာဂ
(၂၄) ကကျွန်းနာဂ
(၂၅) ကျွန်ကောက် ခေါ် ချယ်ဆောက်နာဂ
(၂၆) မရှစ်နေ့ာနာဂ
(၂၇) လုံးလီနာဂ
(၂၈) ဆန်ထန်းနာဂ
(၂၉) တောင်ဝဲ (ခေါ်) ဒုံဟီးနာဂ
(၃၀) ဟာစန်းနာဂ
(၃၁) မော်ရှန်းနာဂ
(၃၂) ဆန်းကဲ့နာဂ
(၃၃) ကျန်ဖန်နာဂ
(၃၄) ဟာလွှန်းနာဂ

www.burmeseclassic.com

www.burmeseclassic.com



(၃၅) တလွန်းနာဂ
(၃၆) ရာနူးနာဂ
(၃၇) ဆာနန်းနာဂ
(၃၈) တချိုးနာဂ
(၃၉) မဲမော်နာဂ
(၄၀) ဆွန်သိန်းနာဂ
(၄၁) ပေါ်တဲနာဂ
(၄၂) စမ်းလမ်းနာဂ
(၄၃) တောင်ကျဲနာဂ
(၄၄) ရာမီးကိုးနာဂ
(၄၅) ကာမန်းနာဂ
(၄၆) ကျက်ဆန်နာဂ
(၄၇) မော်ရမ်းနာဂ
(၄၈) မယထဲနာဂနှင့်
(၄၉) ရန်နွှော့နာဂ မျိုးနွယ်စုများ ပါဝင်သည်။

**နာဂတိုင်းရင်းသား ပုံပန်းသဏ္ဌာန်နှင့် နေထိုင်ပုံဓလေ့**

နာဂတိုင်းရင်းသားများ၏ ပုံပန်းသဏ္ဌာန်ကို ခြုံကြည့်လျှင် ချုပ်ရည်သည် ဗမာတိုင်းရင်းသားများနှင့် အလွန်တူပါသည်။ ကိုယ်လုံးကိုယ်ထည်တောင့်တင်း၍ အရပ်မြင့်၏။ မိန်းမများသည် ယောကျ်ားများကဲ့သို့ပင် သန်မာထွားကျိုင်းသည်။ နာဂတိုင်းရင်းသားလူမျိုးများ၏ မိရိုးဖလာအလုပ်အကိုင်မှာ မိုးအခါ

www.burmeseclassic.com

ww.burmeseclassic.com



တောင်ယာစိုက်ပျိုးသည်။ တောင်ယာရိတ်သိမ်းပြီးသည့်အချိန်တွင် အိမ်မိုးရန်၊ အိမ်ပြင်ရန်အတွက် သစ်၊ ဝါးခုတ်သည်။ နာဂတို့၏ရိုးရာအိမ်မှာ တဲတန်းရှည်၊ မြေစိုက်အမိုးကုပ်ကုပ်နှင့် တိုးလျှိုတံခါးပေါက်ဖောက်ထားသည်။ အိမ်အမိုးကို အုန်းလက်နှင့်တူသော ရိုးလက်၊ ထန်းလက်နှင့်တူသော တောထန်းလက်တို့ဖြင့်မိုးသည်။ အချို့ဒေသများ၌ ကျောက်ပြားနှင့်အိမ်အမိုးမိုးထားသည်ကို တွေ့ရသည်။ တဲ၏အလယ်တစ်နေရာတွင် မြေကြီးများကို ဘောင်ခတ်၍ထည့်ထားပြီးလျှင် မီးဖိုသုံးလေးဖိုမျှပြုလုပ်၍ မီးအမြဲထည့်ထားသည်။ အိပ်ရာအတွက် ခုတင်သဖွယ် အိပ်စင်မြင့်မြင့်ပြုလုပ်၍ အောက်မှ မီးဖိုထားသည်။ အိပ်စင်တစ်ခုလျှင် မီးဖိုတစ်ဖိုရှိမြဲဖြစ်သည်။ များသောအားဖြင့် တဲများကို တစ်ခုနှင့်တစ်ခု မျက်နှာချင်းဆိုင် ဆောက်လုပ်လေ့ရှိသည်။

ရွာများမှာ ရေတံခွန်များ၊ မြစ်ချောင်းများနှင့် ခပ်လှမ်းလှမ်းတွင် တည်ရှိလေ့ရှိသည်။ ရွာတိုင်းတွင် အတိုင်ပင်ခံဇရပ်ဟုဆိုအပ်သော ယောက်ျားဆောင်များ ထားရှိခဲ့ကြသည်။ အတိုင်ပင်ခံဇရပ်များမှာ အမျိုးအုပ်စုအလိုက် သီးခြားဆောက်လေ့ရှိသည်။ တစ်ဆောင်နှင့်တစ်ဆောင်လည်း ဂုဏ်ပြိုင်လေ့ရှိသည်။ ထိုဇရပ်များတွင် ယောက်ျားများစုဝေး၍ ရပ်မှုရွာမှုကိစ္စအဝဝကို နံနက်တိုင်း ဆွေးနွေးလေ့ရှိကြသည်။ ထို့နောက်မှ ဿယ်ကွင်းသို့ ဆင်းကြ၏။ ဇရပ်တွင် ကုလားတက်သဖွယ် သစ်သားကိုထွင်း၍ လုပ်ထားသော စည်ကြီးရှိသည်။ အဝ

www.burmeseclassic.com

www.burmeseclassic.com



အကျယ်မှာ ၁၂ လက်မမှ ၁၈ လက်မခန့်အထိရှိ၍ ကျည်ပွေ့ သဖွယ်ထုတ်တံနှင့် ထုနှက်ရသည်။ ရန်သူလာလျှင်ဖြစ်စေ၊ ဝမ်းသာသော အထိမ်းအမှတ်ဖြင့်ဖြစ်စေ စည်ကို ထုနှက်ကြသည်။ အချိန်ယူ၍ ထွင်းလုပ်ရသည်ဖြစ်၍ ရွာမီးလောင်ရာတွင် ယင်းစည်ကို မီးထဲမပါစေရန် မီးလွတ်မည့်နေရာ၌ ထားလေ့ရှိသည်။ ဇရပ်နှင့်မနီးမဝေး သစ်ပင်ပေါ်တွင် လင့်စင်တစ်ခုထားရှိ၍ ကင်းစောင့်ချထားလေ့ရှိသည်။ ရွာပတ်လည်၌လည်း ကင်းတဲများထားသည်။ ရန်သူလာမည်ဟု သတင်းရလျှင် ကင်းစောင့်ချထားလေ့ရှိ၏။

## စိုက်ပျိုးမှုဓလေ့

နာဂတိုင်းရင်းသားများသည် စပါးစိုက်ပျိုးသောအခါတွင် ရွာတည်ထောင်သူအကြီးအကဲနှင့် အဆက်အနွယ်တစ်ဦးဦးက ဦးဆောင်၍ စုပေါင်းပြီး စပါးစေ့များကို ကြဲကြ၏။ ထို့နောက်မှ ရွာသူရွာသားများက ပျိုးကြဲကြ၏။ စပါးစိုက်သည့်လယ်မှာပင် ပိန်းဥပင်များကို ရောနှောစိုက်ပျိုးကြသည်။ ပိန်းဥမှာ နာဂတိုင်းရင်းသားတို့၏ မူလသမရိုးကျ အစားအစာဖြစ်သော်လည်း ပိန်းဥကိုစိုက်ခြင်းသည် ယောကျ်ားများအဖို့ ဂုဏ်ငယ်သည်ဟု ယူဆကြပြီး မိန်းမများကပင် စိုက်ပျိုးကြသည်။ စပါးအထွက်ကောင်းရန်နှင့် ပျိုးအောင်ရန် ပေါင်းမြက်များကို မပြတ်နုတ်ပေးရသည်။ အချို့လယ်၌ မိန်းကလေးနှင့် ယောကျ်ားလေးများ ပူးပေါင်း၍ မိမိတို့လယ်များကို တစ်လှည့်စီပေါင်းနုတ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ပေါင်းနုတ်ချိန်ပြီးမြောက်သော် လယ်တဲများ၌ အကျွေးအမွေး လှိုင်နေတော့သည်။ မိမိလယ်ကို ကူညီပေးသောသူများအား မိန်းကလေးဖြစ်စေ ကောမူဆန်အရက်ကို သတိလစ်မတတ် ဖြစ်အောင် အဝတိုက်၍ ကျွေးမွေးဆပ်ကြသည်။ ရွာထဲ၌လည်း အထူးချည့်ခံကျွေးမွေးပွဲများ ပြုလုပ်သည်။ လပြည့်နေ့ ကျရောက် သည့်အခါ၌လည်း ပျော်ပွဲရွှင်ပွဲများ ကျင်းပကြသည်။ စပါး ရိတ်သိမ်းချိန်၌လည်း ထိုနည်းအတူပင် ကျင်းပကြသည်။ ပျော်ပွဲရွှင်ပွဲများ ကျင်းပနေစဉ်အတွင်း ရွာလုံးကျွတ် အလုပ် မလုပ်ကြဘဲ သောက်စားကခုန်လေ့ရှိကြသည်။ ဤသည်မှာ ပြည်ထောင်စုဖွား နာဂတိုင်းရင်းသားများ၏ စိုက်ပျိုးမှု ဓလေ့ များပင်ဖြစ်သည်။ ယခုအခါ ရိုးရာရွှေ့ပြောင်းတောင်ယာ စနစ်မှ လှေကားထစ်လယ်ယာ ခေတ်မီကုန်းမြင့်လယ်ယာ စနစ်သို့ ကူးပြောင်းအကောင်အထည်ဖော်လျက်ရှိပါသည်။ လေရှိုးမြို့နယ်တွင်မူ အထူးအောင်မြင်မှု ရရှိနေသည်။

## ကိုးကွယ်မှုဓလေ့

ရှေးက နတ်ကိုးကွယ်ခဲ့ကြသော်လည်း ယခုအခါ ဗုဒ္ဓ ဘာသာဝင်၊ ခရစ်ယာန်ဘာသာဝင်များအဖြစ် ကူးပြောင်းကိုး ကွယ်နေကြပြီ ဖြစ်လေသည်။ နာဂတိုင်းရင်းသားများ နေထိုင် ရာဒေသတွင် ထေရဝါဒဗုဒ္ဓသာသနာပြုကျောင်း (ဟုမ္မလင်း မြို့နယ်မပါ) ၈၁ ကျောင်း ရှိသည်။

www.burmeseclassic.com

ww.burmeseclassic.com



**ရိုးရာပစ္စည်း၊ ရိုးရာလက်မှုလုပ်ငန်းများ**

ဝါးကြိမ်ဖြင့်ပြုလုပ်သော ပလုံး၊ ပလိုင်း၊ တောင်း၊ ဖျာ၊ နာဂရိုးရာဝတ်စုံ၊ ပုဆိုး၊ အင်္ကျီ၊ လုံချည်၊ ခေါင်းပေါင်းရက်လုပ်ခြင်း၊ ခြုံထည်၊ စောင်တို့ကို ရက်လုပ်ခြင်း၊ ဓား၊ လှံ၊ မောင်းတို့ကို ထုတ်လုပ်ခြင်းများ ရှိပါသည်။

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း - ၄

## “နာဂတောင်တန်း၏ အနေအထားနှင့် ရာသီဥတုအခြေအနေ”

နာဂတောင်တန်းသည် ပတ်ကွိုင်တောင်တန်းနှင့် ချင်းတွင်းမြစ်အကြား၌ တည်ရှိ၏။ အနောက်ဘက်နှင့် မြောက်ဘက်တို့တွင် ပတ်ကွိုင်တောင်တန်း၊ အရှေ့ဘက်တွင် ချင်းတွင်းမြစ်နှင့် တောင်ဘက်တွင် နန်းတလိတ်ချောင်းတို့ ဝန်းရံလျက်ရှိသည်။ နာဂတောင်တန်းတွင် ထင်ရှားသော ချောင်းကြီးသုံးသွယ်ရှိ၏။ နမ့်ပေါင်ချောင်းသည် နာဂတောင်တန်း၏ အလယ်ဗဟိုခန့်တွင် အနောက်မှအရှေ့သို့ ဖြတ်သန်းစီးဆင်း၏။ နမ့်ဖွတ်ချောင်းသည် မြောက်မှတောင်သို့ စီးဆင်းလေသည်။ နမ့်ချာချောင်းသည် အနောက်မှတောင်သို့ စီးဆင်း၍ ဇက်လိန်းခန္တီးမြို့၏အထက် ၉ မိုင်အကွာတွင် နမ့်ဖွတ်ချောင်းနှင့် ပေါင်းဆုံသည်။

နာဂတောင်တန်းတွင် ရာသီဥတုပြင်းထန်လှ၏။ မိုးများ၏။ အစဉ်အေး၏။ ဆီးနှင်းမြူခိုး၊ တောင်ခိုးများ အမြဲမှိုင်းဝေနေလေသည်။ ဆောင်းနှင့် မိုးဥတုနှစ်မျိုးသာလျှင် ထင်ရှားလေသည်။ တပေါင်း၊ တန်ခူး လစဉ်မိုးရွာ၏။ နေတစ်ရက်ပူလျှင် မိုးနှစ်ရက်ရွာ၍ သုံးရက်ခန့်အေး၏။ နှင်းမှုန်များနှင့် အမြဲမှိုင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိနေတတ်၏။ မိုးပေါက်ကြီးများ ရွာသွန်းပြီးနောက် မိုးစဲသွားလျှင် နှင်းမှုံတဖွဲဖွဲဆက်ကျကာ လေအေးတိုက်သဖြင့် ရိုးတွင်းချင်ဆီထိအောင် အေးလေသည်။ ပြာသို၊ တပို့တွဲလများ၌ ဆောင်းဒဏ်သည် ပြင်းထန်၍ ရေခဲလေသည်။

တောင်ကုန်းဒေသဖြစ်သည့်အလျောက် သစ်ပင်ကြီးများကို ခုတ်ထွင်၍ အစဉ်အလာအရ တောင်ယာစိုက်ပျိုးကြသည်။ နာဂတောင်တန်း၏ အရှေ့မြောက်ပိုင်းတွင် ဖူးစားပြောင်း တစ်မျိုးတည်းကိုသာ စိုက်ပျိုး၍ ကျန်ဒေသများတွင်မူ တောင်ယာစပါးကို စိုက်ပျိုးလေသည်။ သို့သော်လည်း နန့်ချာရင်ချောင်းနှင့် ချင်းတွင်းမြစ်အကြားတွင်သာ စပါးအလုံအလောက် စိုက်ပျိုးရရှိလေသည်။ ကျန်ဒေသများမှာမူ အနည်းအကျဉ်းမျှသာ ထွက်သဖြင့် နာဂတောင်တန်းတစ်ခုလုံးမှ စုစုပေါင်း ထွက်ရှိသောစပါးသည် လူအားလုံးအတွက် မလောက်ငချေ။ ထို့အပြင် အခြားဟင်းသီးဟင်းရွက်များဖြစ်ကြသော ဘူး၊ ဖရုံ၊ ပဲအမျိုးမျိုး၊ ပိန်းဥ၊ ဆပ်ပြောင်း၊ ငရုတ်၊ ချင်းနှင့် မုံညှင်းတို့ကိုလည်း စိုက်ပျိုးသေးသည်။ နာဂလူမျိုးတို့သည် တောင်ယာမှရသော ပြောင်းဖူးဖက်နှင့် တောမှရသော ပျားရည်နှင့် မျှစ်တို့ကို ခန္တီးမြို့သို့ သွားရောက်ရောင်းချလေ့ရှိကြသည်။ အပြန်တွင် ဆားများကို ဝယ်၍ ပြန်ကြသည်။ ကျွဲနွားရှားပါးသည့်အလျောက် စိုက်ပျိုးရေးတွင် အခက်အခဲတွေ့ရလေသည်။ တစ်ရွာနှင့်တစ်ရွာ လမ်းပန်းအဆက်အသွယ် ခက်ခဲလှသည့်အပြင် လူသွားလမ်းများသည် တစ်ကြိမ်သွားပြီး

www.burmeseclassic.com

www.burmeseclassic.com



သည့်နောက်တွင် မြက်ပင်များ ဖုံးလွှမ်းသွားတတ်ခြင်းကြောင့် လမ်းစပျောက်သွားတတ်လေသည်။

နာဂတောင်တန်းတွင် ရေရှားပါးခြင်းမှာ အခက်အခဲတစ်ရပ်ပင် ဖြစ်သည်။ ရေတံခွန်ကြီးများပင်ရှိသော်လည်း မိုးတွင်းအခါတွင် ရေတံခွန်မှ ရေလုံးကြီးများ လိမ့်ဆင်းလာသောအခါ ရွာလုံးကျွတ် ရေမျောပါသွားလေ့ရှိသောကြောင့် ရေတံခွန်အနီးတွင် ရွာတည်၍ မနေဝံ့ကြချေ။ ရေတံခွန်ကြီးများနှင့်ဝေးရာ တောင်ထိပ်များတွင် နေထိုင်ကြပြီး ရေကို ဝါးကျည်ထောက်များဖြင့် သွားရောက်သယ်ယူလေ့ရှိသည်။ ချင်းလူမျိုးများကဲ့သို့ပင် ပလိုင်းထဲ၌ ဝါးကျည်ထောက်များထည့်၍ ပလိုင်းကို နဖူးမှသိုင်း၍ ကျောပေါ်တွင် ပိုးထားလေ့ရှိသည်။

အေးချမ်းသောရာသီဥတုအတွက် စောင်အလုံအလောက်မရှိသဖြင့် မီးလှုံ၍ နေခဲ့ကြသည်။ မီးလှုံရန် ထင်းကို နေ့စဉ်တစ်တောင်ဆင်း တစ်တောင်တက် သယ်ယူရလေသည်။ အဖိုးတန်သစ်ပင်များရှိသော်လည်း ထင်းအဖြစ် သစ်ပင်များကို ခုတ်လှဲပစ်သည့်အပြင် တောင်ယာစိုက်ပျိုးရေးအတွက်လည်း တောရှင်းပစ်သဖြင့် သစ်တောများ ပြုန်းတီးပျက်စီးရလေသည်။ ထို့ကြောင့် နာဂတောင်တန်းမှာ ထင်းရှားလေသည်။

ဇင်လိန်း ခန္တီးစော်ဘွားနယ်နှင့် လီဆိုင်နယ်တို့သည် ချင်းတွင်းမြစ်နှင့် မြစ်ကြီးနားခရိုင်အကြား၌ တည်ရှိ၏။ တောင်ဘက်သို့ ဟုမ္မလင်းနယ်အထိ ကျယ်ပြန့်သည်။

www.burmeseclassic.com

www.burmeseclassic.com



ချင်းတွင်းမြစ်ပေါ်တွင် တည်ရှိသည့်အတွက် မြန်မာပြည်မကြီးကဲ့သို့ပင် စိုက်ပျိုးနိုင်လေသည်။ မုယင်းနှင့် ကောက်ကြီးစပါးတို့ကို စိုက်ပျိုးလေသည်။ သို့သော် မြေဩဇာကောင်းမွန်ရေးကို ဂရုမထားသည့်အပြင် အလုပ်အကိုင်ပေါ့လျော့မှုကြောင့် စပါးညံ့များ ထွက်ရှိခဲ့ပါသည်။ ထွက်ရှိသမျှစပါးသည် နယ်သူနယ်သားများအတွက် စားသုံးရန် မလုံလောက်ချေ။ တောမှရသော မျောက်ဥ၊ သစ်ဥစသည်တို့နှင့်ရော၍ စားကြ၏။ မုန်ညှင်း၊ ချဉ်ပေါင်၊ ပဲ၊ ဘူး၊ ဖရုံစသော ဟင်းသီးဟင်းရွက်အနည်းငယ်တို့ကိုလည်း စိုက်ပျိုးကြ၏။ လီဆိုင်နယ်တွင် ကချင်များ နေထိုင်ကြလေသည်။

စစ်မဖြစ်မီက ဇင်လိန်း ခန္တီးတစ်နယ်လုံးတွင် ရွာပေါင်း ၁၈ ရွာနှင့် လူဦးရေ ၁၈၀၀ ခန့်သာ ရှိခဲ့၏။ ၁၉၅၆ ခုနှစ်တွင် သန်းကောင်စာရင်းအရ ၂၅၃၄ ယောက် နေထိုင်ခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

ဆွမ္မရာနယ်သည် မဏိပူရနယ်စပ်မှ နန်းတလိပ်ချောင်းအထိ ကျယ်ပြန့်၏။ တောင်ဘက်တွင် ဟုမ္မလင်းခရိုင်ခွဲပါဝင်သည့် တမန်သည်ရွာသည် နယ်ခြားဖြစ်သည်။ ဆွမ္မရာနယ်တွင် စပါးများစွာဖြစ်ထွန်း၏။ တောင်စောင်းတွင် လှေ့ခါးထစ်များသဖွယ်ပြု၍လည်းကောင်း၊ တောများကို ခုတ်ထွင်ရှင်းလင်း၍ စိုက်ပျိုးလေ့ရှိ၏။ တစ်နယ်လုံးအတွက် စားသောက်ရန် လုံလောက်ရုံမျှမက ပိုလျှံသည်တို့ကို ဟုမ္မလင်းခရိုင်ခွဲသို့ သွားရောက်ရောင်းချသေးသည်။ ပြောင်းနှင့် ဟင်းသီး

www.burmeseclassic.com

www.burmeseclassic.com



တင်းရွက်များကိုလည်း စိုက်ပျိုး၏။ ပျားရည်နှင့် ပျားဖယောင်း တို့လည်း ထွက်သည်။

ဆွမ္မရာနယ်တွင် နာဂလူမျိုးများအပြင် ခေါင်ဆိုင်ခေါ် တူကီးချင်းလူမျိုးများလည်း နေထိုင်ကြသည်။ နာဂရွာပေါင်း ၁၈ ရွာခန့်ရှိ၍ ခေါင်ဆိုင်ရွာပေါင်း ၄၅ ရွာ ရှိလေသည်။ ၁၉၅၆ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေ ၉၅၂၀ ရှိခဲ့ ကြောင်းသိရပါသည်။

အထက် ချင်းတွင်းခရိုင်နှင့် ဆွမ္မရာနယ်အကြားတွင် တည်ရှိသော သောင်သွတ်စော်ဘွားနယ်တွင်မူ မြေပြန့်များ ရှိသည့်အလျောက် စိုက်ပျိုးရေးတွင် အထူးကောင်းမွန်သည်။ အဆင်ပြေသည်။ တစ်နယ်လုံးအတွက် ပိုမိုထွက်ရှိသဖြင့် ယင်းတို့ကို အထက်ချင်းတွင်းခရိုင်နှင့် မုံရွာမြို့များသို့ တင်ပို့ ရောင်းချလေသည်။ အာလူးနှင့် ဟင်းသီးဟင်းရွက်မျိုးစုံ တိုလည်း အမြောက်အမြားပင် ထွက်ရှိ၏။ တစ်နယ်လုံးတွင် သစ်တောများ ဖုံးလွှမ်းလျက်ရှိသဖြင့် သစ်တောကြိုးဝိုင်းလည်း ရှိပါသည်။

သောင်သွတ်နယ်တွင် နေထိုင်သူများကား ရှမ်းလူမျိုးများ ဖြစ်ကြ၏။ ထင်ရှားသော ရွာကြီးများမှာ သောင်သွတ်၊ တုံဟဲ နှင့် ကက်သာရွာတို့ ဖြစ်ကြသည်။ လူဦးရေမှာ ၁၉၅၆ ခုနှစ် သန်းခေါင်စာရင်းအရ ၈၆၃၅ ရှိကြောင်း သိရပါသည်။

ဟုမ္မလင်းတိုင်းခွဲသည် တောင်ထူထပ်သောဒေသဖြစ် လေသည်။ မြစ်ကမ်းချောင်းနဘေးများ၌ ရှမ်းများ နေထိုင်

www.burmeseclassic.com

www.burmeseclassic.com



ကြ၏။ ချင်းလူမျိုးအချို့ကား တောတောင်ထူထပ်သောဒေသများတွင် နေထိုင်ကြ၏။ ၁၉၅၆ ခုနှစ် သန်းကောင်စာရင်းအရ ဟုမ္မလင်းတိုင်းခွဲတွင် လူဦးရေ ၅၅၂၁၀ ရှိခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးနောက်တွင် အဆိုပါ ငါးနယ် ပါဝင်စေလျက် နာဂတောင်တန်းခရိုင်ကို ဖွဲ့စည်းကာ စစ်ကိုင်းတိုင်းတွင် ထည့်သွင်းလိုက်ပြီးလျှင် ခရိုင်ရုံးစိုက်ရာမြို့အဖြစ် ဇဂ်လိန်း ခန္တီးမြို့ကို သတ်မှတ်ထားရှိ၏။ လဟယ်တိုင်းခွဲနှင့် ရန်စီတိုင်းခွဲတို့တွင် တောင်တန်းဝန်ထောက်တစ်ယောက်ကျစီ ခန့်ထား၏။ ခန္တီးစော်ဘွားနယ်တွင် အုပ်ချုပ်ရေးမှူးတစ်ယောက်ထားရှိရာ နာဂတောင်တန်းခရိုင်၊ မြို့မဝန်ထောက်ကြီးက အုပ်ချုပ်ရေးမှူးအဖြစ် ဆောင်ရွက်ရ၏။ ဟုမ္မလင်းနယ်တွင် သောင်သွတ်နှင့်ဆွမ္မရားကို ပူးပေါင်း၍ ထည့်သွင်းထား၏။ ဟုမ္မလင်းနယ်ပိုင်ဝန်ထောက်သည် သောင်သွတ်စော်ဘွားနယ် အုပ်ချုပ်ရေးမှူးလည်း ဖြစ်ခဲ့သည်။ ဆွမ္မရာနယ်တောင်တန်းဝန်ထောက်လည်း ဖြစ်သည်။

www.burmeseclassic.com

ww.burmeseclassic.com

# အခန်း - ၅

## "ဇင်ယိန်း ခန္တီးနယ်"

ခန္တီးခရိုင် ရုံးစိုက်ရာမြို့ ဖြစ်သည်။ ယခင်က ဇင်လိန်း ခန္တီးမြို့ဟုခေါ်တွင်ခဲ့သည်။ ယင်းအမည်မှာ နာဂအမျိုးအနွယ်ဆန်သော လူမျိုးများက "ဆန်းကလိန်း ခမ်းတီး" ဟူ၍ စတင်ခေါ်ဝေါ်သမုတ်ခဲ့ကြရာမှ နောက်ပိုင်းတွင် ဇင်လိန်း ခန္တီးဟူ၍ဖြစ်လာခဲ့လေသည်။ ဆန်းကလိန်း ခမ်းတီးဟူသော အဓိပ္ပာယ်မှာ ဆန်းကောလူမျိုးဘာသာစကားဖြစ်၍ ဆန်းကလိန်းဟူသော သစ်ပင်လိမ် (လှည့်ဖျားတတ်သော သစ်ပင်) ဟု ဆိုလိုပါသည်။ မိုးရာသီတွင် အပင်ရှင်သန်နေသော်လည်း ရွက်နုမပေါက်ဘဲ သေနေသကဲ့သို့ (သို့မဟုတ်) အပင်ခြောက်ကြီးကဲ့သို့ဖြစ်နေသည့် မိုးမခပင်ကို ဆိုလိုရင်းဖြစ်သည်။ ခမ်းတီးမှာ ခမ်းတီးရှမ်းမျိုးနွယ်စုများကို ဆိုလိုသည်။ ထို့ကြောင့် သစ်ပင်လည်/လှည့်ဖျားတတ်သောသစ်ပင် သို့မဟုတ် မိုးမခပင်ပေါက်ရောက်ရာအရပ်တွင် နေထိုင်သော ခမ်းတီးရှမ်းရွာဟူ၍ အဓိပ္ပာယ်ရပါသည်။

ထို့ပြင် ကာလရှည်ကြာသောအခါ ခမ်းတီးကို ခန္တီးဟူ၍သည်းကောင်း၊ ဆန်းကလိန်း ခမ်းတီးကို ဇင်လိန်း ခန္တီးဟူ၍

www.burmeseclassic.com

ww.burmeseclassic.com



လည်းကောင်း ခေါ်တွင်ခဲ့ကြပါသည်။ ယခုအခါ ဇင်္ဂလိန်း ခန္တီး သို့မဟုတ် ဆန်းကလိမ်းဟူသော ဒေသစွဲကိုပင် ပျောက်စပြု၍ ခန္တီးဟူ၍လည်းကောင်း၊ ခမ်းတီးဟူ၍လည်းကောင်း ပြောင်းလဲ ခေါ်ဝေါ် သုံးစွဲခဲ့ကြသည်။ သို့သော် မျိုးနွယ်စုကိုညွှန်းသော အနီးဆုံးအသံထွက်မှာ ခန္တီး၊ ခမ္ဘတီးမဟုတ်ဘဲ ခမ်းတီးဟူ၍သာ ခေါ်သင့်သည်ဟု ဆိုကြပါသည်။ ခမ်းတီးမှာ မူလရှမ်းမျိုးနွယ်စု အမည်ဖြစ်သည်။ အမည်အပြည့်အစုံမှာ တိုင်းခမ်းတီးဖြစ်ပြီး အဓိပ္ပာယ်မှာ ခန္တီးရှမ်းလူမျိုးစု သို့မဟုတ် ခမ်းတီးရှမ်းလူမျိုးစုဟု ဆိုလိုပေသည်။ တိုင်း = ရှမ်းလူမျိုး၊ ခမ်း = ရွှေ တီး = နေရာ၊ ဌာန။ ရွှေထွက်ရာအရပ်၌ နေထိုင်သော ရှမ်းလူမျိုးများဟု အဓိပ္ပာယ်ရပါသည်။

မြန်မာမင်းအဆက်ဆက်မှစ၍ ဗြိတိသျှအုပ်ချုပ်ရေး ခေတ်အထိ ဇော်ဘွားအုပ်ချုပ်ရေး ဗဟိုဌာနဖြစ်ခဲ့သည်။ ထို ဇော်ဘွားနယ်သည် ဟုမ္မလင်းမြို့အနီး ချင်းတွင်းမြစ်နှင့် ဥရုမြစ် တို့ဆုံရာမြစ်ခွမှ မြောက်ဘက်သို့ မိုင် ၆၀ ခန့်အကွာတွင် တည်ရှိပါသည်။ ယင်းနေရာမှ ချင်းတွင်းမြစ်ဖျား၏မြစ်ဝှမ်း တစ်လျှောက် မြောက်ဘက်ဟူးကောင်းတောင်ကြား ဇော်ဘွား ရေတံခွန်အထိ ကျယ်ဝန်းပါသည်။ ထိုနယ်အတွင်း မှီတင်းနေ ထိုင်ကြသူများမှာ အများအားဖြင့် ရှမ်းကဒူးများဖြစ်၍ ကချင် နှင့် ချင်းရွာအနည်းငယ်ရှိပါသည်။

ခရစ်သက္ကရာဇ် ၁၇၄၉ ခုနှစ်အလွန်တွင် ခန္တီးရှမ်းတို့သည် အာသံနယ်ထဲသို့ ရွှေ့ပြောင်းလာကြပြီးလျှင် ဆ[illegible]ယားနယ်၌

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ကြသည်။ ၁၈၃၉ ခုနှစ်သို့ ရောက်သောအခါ အာသံနယ်ဆဲသို့ ဗြိတိသျှတို့ချင်းနင်းဝင်ရောက်၍ အာသံနယ်ကို သိမ်းပိုက်စပြုလာသည်။ ထိုအခါ ဆားဒီးယားနယ်ရှိ ခန္တီးရှမ်းတို့သည် ဗြိတိသျှတို့အား တော်လှန်တိုက်ခိုက်ကြလေသည်။ ဗြိတိသျှတို့သည် ထိုတော်လှန်တိုက်ခိုက်မှုကို နှိမ်နှင်းပြီးနောက် ဆားဒီးယားရှိ ခန္တီးရှမ်းတို့သည်လည်း ချင်းတွင်းမြစ်ဝှမ်းသို့ ရောက်ရှိလာကြဟန်တူပါသည်။ ထို့ပြင် အဆိုပါနှစ်တစ်ဝက်လောက်တွင် ခန္တီးကြီးခေါ် ခန္တီးလုံနယ်မှ ခန္တီးရှမ်းများသည် ဟူးကောင်းချိုင့်ဝှမ်း ပယင်းတွင်းဒေသ၊ ချင်းတွင်းမြစ်ဝှမ်းများဆီသို့ ရွှေ့ပြောင်းလာခဲ့ကြသည်ဟုလည်း သိရှိရပါသည်။ ဤကဲ့သို့ ဇင်လိန်းအရပ်သို့ ခန္တီးရှမ်းများ ဝင်ရောက်နေထိုင်လာသည်ကို အကြောင်းပြု၍ ထိုအရပ်သည် ဇင်လိပ်ခန္တီးဟု တွင်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဗမာတိုင်းရင်းသားများကမူ ခန္တီးကြီးနှင့် ကွဲပြားခြားနားအောင် ခန္တီးလေးဟူ၍ ခေါ်ဝေါ်ခဲ့ကြသည်။

မြန်မာမင်းများလက်ထက်တွင် ဇင်လိန်းခန္တီးနယ်ကို တမူးနှင့်ခမ်းပတ်ဝန်တို့က နယ်ရှင်စော်ဘွားမှတစ်ဆင့် အုပ်ချုပ်ခဲ့ကြသည်။ ထိုနယ်မှ နှစ်စဉ်ပျားဖယောင်းပိဿာချိန် တစ်ထောင်နှင့် ဆင်စွယ်ပိဿာချိန်တစ်ရာကို မြန်မာဘုရင်တို့အား ဆက်သရလေသည်။ ဗြိတိသျှခေတ်၌ ဦးစွာတစ်နှစ်လျှင် ငွေငါးဆယ်မျှသာ ပဏ္ဏာဆက်သရန် သတ်မှတ်ခဲ့သည်။ ၁၈၉၂ ခုနှစ်တွင် ငွေတစ်ရာသတ်မှတ်ပြန်သည်။ ထို့နောက်မှ

www.burmeseclassic.com



အခွန်တော်တဖြည်းဖြည်း တိုးတက်လာသည်။ မင်းတုန်းမင်းကြီးလက်ထက်တွင် ဇင်လိန်းခန္တီးမြို့သည် အမြောက်လေးလက်၊ သေနတ်တစ်ရာ တပ်ဆင်ပေးထားသော ခံမြို့တစ်မြို့ဖြစ်လေသည်။

ခရစ်သက္ကရာဇ် ၁၈၈၃ ခုနှစ်တွင် ဟူးကောင်းတောင်ကြားမှ ကချင်လူမျိုးတို့သည် ဇင်လိန်းခန္တီးနယ်ကို တိုက်ခိုက်သဖြင့် သက်ဆိုင်ရာဝန်နှင့် စော်ဘွားတို့မှာ ထွက်ပြေးတိမ်းရှောင်ရသည်။ ၁၈၈၆ ခုနှစ်တွင် ဗြိတိသျှတို့ အထက်မြန်မာနိုင်ငံကို သိမ်းပိုက်သောအခါ ဗြိတိသျှအစိုးရကိုယ်စားလှယ်ဖြစ်သူ မေဂျာအက်(ဖ)ဒီရရိတ်သည် ထိုစဉ်က ဇင်လိန်းခန္တီးနယ်တွင် အကြီးဆုံးသော မုန်းတုန်းရွာသို့ လာရောက်ပြီးလျှင် စောဦးတောင်ဆိုသူကို ရွာအုပ်အဖြစ်ဖြင့် ခန့်အပ်လေသည်။ ၁၈၈၇ ခုနှစ်သို့ရောက်သောအခါ ဗြိတိသျှအစိုးရသည် မြောက်ပိုင်းရှမ်းပြည်၊ မြေလတ်၊ သောင်ထွတ်နှင့် ဇင်လိန်းခန္တီးစော်ဘွားနယ်များကို မြန်မာပြည်မအုပ်ချုပ်ရေးမှ ပယ်ထုတ်၍ ရှမ်းပြည်နယ်ဟုသတ်မှတ်ပြီးလျှင် ဇင်လိန်း ခန္တီးစော်ဘွားနယ်ကို အထက်ချင်းတွင်းခရိုင်သည် ယခုထက် မြောက်ဘက်သို့ ရှည်လျားကျယ်ဝန်းစွာ နယ်ပယ်သတ်မှတ်ထားသဖြင့် ဇင်လိန်းစော်ဘွားနယ်သည် အနေအထားအားဖြင့် ယင်းခရိုင်မြောက်ပိုင်းအတွင်း၌ တည်ရှိခဲ့သည်။ ဇင်လိန်း ခန္တီးနယ်ကို အခြားစော်ဘွားများနည်းတူ ဆာနဒ်ဒီခေါ် အမိန့်စာချွန်နှင့် သတ်မှတ်ဖွဲ့စည်းပေးလေသည်။ ထိုစဉ်က ထိုနယ်၏နယ်နိမိတ်မှာ

www.burmeseclassic.com

www.burmeseclassic.com



မြောက်ဘက်၌ ဟူးကောင်းတောင်ကြားနယ်၊ အနောက်ဘက်၌ စာရာ့မေဟိတောင်အပါအဝင်ဖြစ်သော တောင်တန်းကြီးများ၊ တောင်ဘက်ရှိ အထက်ချင်းတွင်းခရိုင်အပိုင် ဟူမွလင်းမြို့နယ်၊ အရှေ့ဘက်၌ အထက်ချင်းတွင်းနယ်အပိုင် ဥရုမြို့နယ်နှင့် မြစ်ကြီးနားခရိုင်ဟူ၍ ဖြစ်လေသည်။ ဥရုမြို့နယ်မှာ ဥရုမြစ်ဝှမ်း တစ်လျှောက်ရှိကျေးရွာနယ်မြေတို့ကိုစုပေါင်း၍ ရွေးကဖွဲ့စည်းခဲ့သောမြို့နယ်ဖြစ်၏။ ထိုစဉ်က နယ်နိမိတ်အတိုင်းဆိုလျှင် ဟူမွလင်းမြို့နယ်၏ နယ်နိမိတ်သည် ဇင်လိန်း ခန်းနယ်ထဲသို့ ထွင်းဖောက်ဝင်ရောက်လျက်ရှိသဖြင့် ဇင်လိန်း ခန်းစော်ဘွား နယ်မှာ နှစ်ပိုင်းကွဲလျက်ရှိသည်။ ဇင်လိန်း ခန်းစော်ဘွား နယ်မှာ မြောက်ဘက်ပိုင်းသည် အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၂၀ နှင့် ၉၆ အကြား၊ မြောက်လတ္တီတွဒ် ၂၆ ဒသမ ၁၀ နှင့် ၂၅ ဒသမ ၄၅ အကြားလောက်တွင်လည်းကောင်း တောင်ဘက်ပိုင်းတွင် အရှေ့လောင်ဂျီတွဒ် ၉၅ ဒသမ ၂ နှင့် ၉၅ ဒသမ ၃၀ အကြား၊ မြောက်လတ္တီတွဒ် ၂၅ ဒသမ ၃၀ နှင့် ၂၅ ဒသမ ၄၀ အကြားလောက်တွင်လည်းကောင်း အသီးသီး တည်ရှိကြသည်။ တောင်ဘက်ပိုင်း၏ အကျယ်အဝန်းမှာ စတုရန်းမိုင်ပေါင်း ၅၀၀ ခန့် ရှိ၍ မြောက်ဘက်ပိုင်း၏ အကျယ်အဝန်းမှာ ၁၄၂၅ စတုရန်းမိုင်ရှိသည်။ ဇင်လိန်း ခန်းနယ်တွင် ၁၈၉၇ ခုနှစ်က လူဦးရေ ၁၃၃၀ လောက်သာ ရှိခဲ့လေသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးအတွက် ပြင်ဆင်မှုများ ပြုလုပ်ကြသောအခါ ၁၉၄၇ ခုနှစ် တောင်တန်းဒေသ စုံစမ်းရေး

www.burmeseclassic.com

www.burmeseclassic.com



ကော်မတီသည် သောင်ထွတ်နှင့် ဇက်လိန်းစော်ဘွားနယ်တို့ကို မြန်မာပြည်အုပ်ချုပ်ရေးထဲသို့ သွတ်သွင်း၍ လွှတ်တော်သို့ ကိုယ်စားလှယ်စေလွှတ်နိုင်ခွင့်နှင့် အခြားအခွင့်အရေးများကို ပေးအပ်ရန် အကြံပေးလေသည်။ ဤအကြံပေးချက်ကို တိုင်းပြည်ပြုလွှတ်တော်က လက်ခံသဖြင့် မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အတည်ပြုလာသောအခါ ဇက်လိန်းခန္တီးစော်ဘွားနယ်သည် မြန်မာပြည်မအုပ်ချုပ်ရေးတွင် ပါဝင်သော နာဂတောင်တန်းခရိုင်၌ ပါဝင်လာသည့်အပြင် ဇက်လိန်းခန္တီးမြို့သည်လည်း နာဂတောင်တန်းခရိုင် ရုံးစိုက်ရာမြို့ ဖြစ်လာလေသည်။ ဇက်လိန်း ခန္တီးစော်ဘွား သီရိပျံချီ စပ်မြစိန်သည် နာဂတောင်တန်းခရိုင် လဟယ်တိုင်းခွဲတွင် တောင်တန်းဝန်ထောက်အဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံ၏တာဝန်ကို ထမ်းဆောင်ခဲ့သည်။ ပြည်သူ့လွှတ်တော်သို့ ကိုယ်စားလှယ်ရွေးချယ်စေလွှတ်ခွင့်နှင့်စပ်လျဉ်း၍ ဇက်လိန်း ခန္တီးနယ်ရှိ အချို့ကျေးရွာနယ်မြေတို့သည် အစပထမ၌ အထက်ချင်းတွင်းမြောက်ပိုင်း မဲဆန္ဒနယ်ထဲ၌ ပါဝင်နေခဲ့၍ အချို့မှာ နာဂတောင်တန်းနယ်ထဲ၌ ပါဝင်နေခဲ့သည်။ ၁၉၅၅ ခုနှစ်တွင် မဲဆန္ဒနယ်များကို ပြန်လည်ပြုပြင်သတ်မှတ်လိုက်သောအခါ ဇက်လိန်း ခန္တီးနယ်သည် နာဂတောင်တန်း မဲဆန္ဒနယ်တွင် ပါဝင်လာခဲ့လေသည်။

ခန္တီးဒေသအတွင်းတွင် ရှေးနှစ်ပေါင်းများစွာကစ၍ အနောက်ဘက် ပတ်ကွိုင်းတောင်တန်းမှ ဆင်းသက်လာ

www.burmeseclassic.com

www.burmeseclassic.com



ကြသော နာဂလူမျိုးအနွယ်ဝင် လောင်ဆောက်မြို့နယ်ရှိ နောက်အောက်မျိုးနွယ်စုများ၊ မိန်းကော်လူမျိုးနွယ်စုများနှင့် ဝလုပ်မျိုးနွယ်စုများ အခြေစိုက်နေထိုင်လာကြသည်ဟု ယူဆရသည်။ ထို့မှ လွန်၍ ခရစ်သက္ကရာဇ် ၁၆၇၁ ခုနှစ်ခန့်တွင် မုန်းလိပ်မုန်းတောင်ဟု အမည်တွင်သော ရှမ်းလူမျိုးနွယ်စုတစ်စုသည် ယခုတည်ရှိဆဲ ခန္တီးမြို့၏ အရှေ့မြောက်ဘက် ၇ မိုင်ခန့်အကွာအရပ်ရှိ မုန်ပင်ကျေးရွာအနီး ကောင်းမှုဟုခေါ်သော ဒေသကို အရှေ့ဘက်မှ ဝင်ရောက်လာကြပြီး ကျေးရွာတည်ထောင် အခြေစိုက်နေထိုင်လာခဲ့ကြသည်။

ထို့နောက် မြန်မာဘုရင်အား ကြေးစားအင်္ဂလိပ်တစ်များအကူအညီဖြင့် ထောင်ထားခြားနားနေသော ဝေသာလီခေါ်အာသံပြည်သို့ မဟာဗန္ဓုလစစ်သူကြီး စစ်ချီသော မြန်မာသက္ကရာဇ် ၁၁၈၁ ခုနှစ်မတိုင်မီက ခန္တီးလုံကျိန်း ရှမ်းညီနောင်စော်အဲကျောင်းခန်းနှင့် စပ်ညီခေါင်နှစ်ဦး ခေါင်းဆောင်သည့်ခန္တီးလုံကျိန်း ရှမ်းမျိုးနွယ်စုတစ်စုတို့သည် မူလ ခန္တီးလုံ (ပူတာအို) ဒေသမှ အနောက်တောင်အရပ်သို့ ကိုယ်ပိုင်မြို့နယ်သစ်ရှာဖွေထူထောင်ရန် ထွက်ခွာခဲ့ကြလေသည်။ ချင်းတွင်းမြစ်လက်ထက်တစ်ခုဖြစ်သော ထရုံခ (နမ့်တရုံ) မြစ်သို့ရောက်ရှိလာကြသောအခါ အဆိုပါ ခန်းတီးလုံကျိန်း ရှမ်းမျိုးနွယ်စုတစ်စုတို့သည် အစုကြီးတစ်စုကွဲသွားပြီး မျိုးနွယ်ခေါင်းဆောင် ညီနောင်နှစ်ဦးအနက် အစ်ကိုဖြစ်သူစော်အဲလ်ကျောင်းခန်းသည် အစုကြီးတစ်စုကို ဦးဆောင်လျက်

www.burmeseclassic.com

www.burmeseclassic.com



မိမိတို့မျိုးနွယ်ဟောင်း (အဟုံမင်းဆက်) များရှိရာ အာသံပြည်ဘက်သို့ ဝင်ရောက်သွားကြလေသည်။ ကျန်သော အစုတစ်စုကိုမူ ညီဖြစ်သူ စပ်ညီခေါင်က ဦးဆောင်ကွပ်ကဲ၍ တရုံခမြစ်ကြောင်းအတိုင်း တောင်ဘက်သို့ ဦးတည်ချီတက်လာကြလေသည်။

ဤသို့ဖြင့် စပ်ညီခေါင် ဦးဆောင်သော ခန်းတီးလုံကျိန်းရှမ်းမျိုးနွယ်စုတို့သည် တရုံခ (နမ့်တရုံ) မြစ်ကြောင်းမှတစ်ဆင့်ချင်းတွင်းမြစ်ကြောင်းအတိုင်း စုံဆင်းချီတက်ခဲ့ကြပြီးလျှင်ရှေးဦးစွာ အထက်တွင်ဖော်ပြခဲ့သည့် မုန်းလိပ်မုန်းတောင်များနေထိုင်ရာ မှန်ပင်ရွာအနီး ကောင်းမှုအရပ်၌ ခေတ္တအခြေစိုက်ရန် မုန်းလိပ်မုန်းတောင်မျိုးနွယ်စုများနှင့် ပူးပေါင်းနေထိုင်ခဲ့ကြလေသည်။

စပ်အဲလ်ကျောင်းခန်း၏ မူလအမည်ရင်းမှာ စပ်အယ်ဖြစ်၍ အာသံပြည်သို့ ရောက်ရှိနေထိုင်ပြီးမှ ဝေ့တိုင်းချဲ ဗုဒ္ဓဝတ်ကျောင်းတစ်ဆောင် ဆောက်လုပ်လှူဒါန်းခြင်းကြောင့်ကျောင်းခန်း (ဝါ) ရွှေကျောင်းဟူသော ဂုဏ်ထူးဝိသေသရလာပြီး စပ်အယ်ကျောင်းခန်းဟူ၍ ခေါ်ဝေါ်ထင်ရှားလာခဲ့လေသည်။

ထို့နောက် မြန်မာသက္ကရာဇ် ၁၁၉၄ ခုနှစ်တွင် စပ်ညီခေါင်ခေါင်းဆောင်သော ခန်းတီးလုံကျိန်း ရှမ်းမျိုးနွယ်စုတို့သည်မိမိတို့ လက်ရှိနေထိုင်ရာဒေသထက် စားရာစားကွက်ကောင်းသော ယခု ခန္တီးမြို့ မြသိန်းတန်စေတီတည်ရာ

www.burmeseclassic.com

www.burmeseclassic.com



တောင်ကုန်းအနီးနေရာသို့ မှန်ပင်ကောင်းမှုအရပ်မှ မုန်းလိပ်မုန်းဝေါတောင်မျိုးနွယ်စုများနှင့် ခွဲခြား၍ ရွှေ့ပြောင်း ရွာတည်ထောင်သောအခါ ယင်းရွာသစ်သို့ နာဂအနွယ် ဆလုပ်လူမျိုးများက ဆင်းကလိန်း ခန္တီးဟူ၍လည်းကောင်း၊ ကာလကြာသောအခါ ဇင်လိမ်း ခန္တီးဟူ၍ အသံပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြလေသည်။

## စော်ဘွားနယ်မြေဖြစ်လာခြင်း

ဘိုးတော်ဘုရားသည် မြန်မာနိုင်ငံ၏ လက်နက်နိုင်ငံအဖြစ် အာသံပြည်သို့ ချီတက်စဉ် မိမိနှင့်တကွ မိမိတို့ ခမ်းထီးလုံကျိန်း ရှမ်းစစ်သည် ရဲမက်အများအပြား ပါဝင်အမှုထမ်းခဲ့ပြီးကြောင်း၊ မိမိ၏နောင်တော် စပ်အဲလ်ကျောင်းခန်းသည် အာသံပြည်တွင် ငြိမ်ဝပ်ပိပြားရေးနှင့် မြန်မာဘုရင် သစ္စာတော်ခံ လက်နက်နိုင်ငံအဖြစ် အဓွန့်ရှည်စွာ တည်ရှိနိုင်ရေးအတွက် ယခုအခါ အာသံပြည်၌ အမှုတော်ထမ်းလျက် ရှိနေပါကြောင်း စသည်တို့ကို ရှင်းလင်းလျှောက်ထားခဲ့သဖြင့် ဘိုးတော်ဘုရားက စပ်ညီခေါင်အား ခမ်းတီးလုံကျိန်း ရှမ်းမျိုးနွယ်စုများ အခြေစိုက်ရာဒေသနှင့် ပတ်ဝန်းကျင်နယ်ပယ် (ခန္တီးနယ်) ကို အပိုင်စားရန် စော်ဘွားအဖြစ် အသိအမှတ်ပြုပေးလိုက်သည်။ ထိုအချိန်ကာလမှစ၍ စော်ဘွားကြီးစပ်ညီခေါင်သည် ဇင်လိမ်း ခန္တီး (မိမိအာဏာစက်ဖြန့်နိုင်ရန်) နယ်ဝယ်ဒေသ ကျေးရွာများကို စော်ဘွားအာဏာဖြင့် စိုးမိုး

www.burmeseclassic.com



အုပ်ချုပ်ခဲ့လေသည်။ ထိုစဉ်အခါက ၎င်း၏နယ်မြေအပိုင်း (မြောက်လက်) ချင်းတွင်းမြစ်အတွင်း နမ့်ဖုတ်ချောင်းစီးဝင်ရာဒေသမှ အောက်ပိုင်း (တောင်ဘက်) မင်းဆင်ကျေးရွာအပါအဝင် ချင်းတွင်းမြစ်အတွင်း နန်းသတိုက်ချောင်း စီးဝင်ရာဒေသအထိ ကျယ်ပြန့်ခဲ့လေသည်။

စော်ဘွားကြီး ဦးစောလီလက်ထက်တွင် သူ့ပုန်မင်းသားငဖဲကို ဖမ်းဆီးဆက်သပေးမှုကြောင့် ဥရုမြစ်အထိ နယ်မြေဒေသကို ချီးမြှင့်ခြင်း ခံခဲ့ရဘူးသည်။

ယင်းသို့သောဖြစ်စဉ်ဖြင့် ခန္တီးလုံကျိန်း ရှမ်းမျိုးနွယ်စုများခေါင်းဆောင် စပ်ညီခေါင်သည် စော်ဘွားကြီးဖြစ်လာပြီးလျှင် ၎င်းအုပ်ချုပ်သော နယ်ပယ်အကျယ်အဝန်း အပိုင်းဒေသကိုလည်း ဇင်လိန်း ခန္တီးစော်ဘွား (ဝါ) ဇင်လိန်း ခန္တီးစော်ဘွားနယ်ဟူ၍ ဖြစ်ထွန်းပေါ်ပေါက် ထင်ရှားလာလေသည်။

ဆင်ကလိန်း ခန္တီးစော်ဘွားနယ်နှင့်ပတ်သက်၍ ဗြိတိသျှအစိုးရက ဆင်းမလားမြို့နယ် အစိုးရပုံနှိပ်တိုက်တွင် ၁၉၄၃ ခုနှစ် ပုံနှိပ်ထုတ်ဝေသော ရှမ်းပြည်နယ်များနှင့် ကရင်နီနယ်တို့၏ အကြီးအကဲခေါင်းဆောင်များနှင့် မိသားစုများ ၁၉၃၉+ တွင် ဤသို့ တွေ့ရလေသည်။

---

+ SHAN STATES AND KARNNL LIST OF CHIEFS AND LEADING Families (CORRECTIET UP To 1939)

www.burmeseclassic.com

www.burmeseclassic.com



ဗြိတိသျှအစိုးရလက်ထက်တွင် တောင်ပိုင်း ရှမ်းပြည်နယ်များနှင့် ကရင်နီဒေသတွင် ပြည်နယ်ပေါင်း (၃၉) နယ်၊ မြောက်ပိုင်း ရှမ်းပြည်နယ်များမှာ (၆) ပြည်နယ်၊ မြစ်ကြီးနား ဒိစတြိတ် (ခရိုင်) တွင် ခမ်းတီးလုံကျိန်းခေါ် ခန္တီးကြီး*နယ်၊ နာဂတောင်တန်း ဒိစတြိတ်ခရိုင်တွင် ဆင်းကလိန်း ခန္တီးနယ်နှင့် သောင်ထွတ်စော်ဘွားနယ်တို့ ဖြစ်ကြသည်။ စုစုပေါင်း စော်ဘွားနယ်ပေါင်း (၄၈) နယ်အနက် ခန္တီးစော်ဘွားနယ်မှာ လည်း တစ်နယ်ဖြစ်လေသည်။

ဇင်္ဂလိန်း ခန္တီး

| | | |
|---|---|---|
| နယ်မြေအကျယ်အဝန်း | ၉၈၀ | စတုရန်းမိုင် |
| လူဦးရေ | ၂၁၅၇ | |
| အခွန်တော် | ၃၀၀၀ိ/- | |
| အစိုးရသို့ ပေးသွင်းရငွေ | - ၁၀၀ိ/- | |

ပြည်နယ်သည် အထက်ချင်းတွင်းခရိုင် မြောက်ပိုင်းတွင် အပိုင်း (၂) ပိုင်းရှိသော နယ်မြေဖြစ်၍ တစ်ပိုင်းမှာ မြောက်လတ္တီတွဒ် ၂၆. ၁၀ နှင့် ၂၅. ၄၅၊ အရှေ့လောင်ဂျီတွဒ် ၉၅. ၂၀ နှင့် ၉၆ အကြားတွင်လည်းကောင်း၊ ကျန်တစ်ပိုင်း မှာ လတ္တီတွဒ် ၂၅. ၃၀ နှင့် ၂၅. ၄၀ နှင့် အရှေ့လောင်ဂျီတွဒ် ၉၅. ၂၀ နှင့် ၉၅. ၃၀ မိနစ်အကြားတွင် တည်ရှိပါသည်။

နယ်နိမိတ်ဟူ၍ မရှိခဲ့ပါ။ ချင်းတွင်းမြစ်ပင်လျှင် နယ်နိမိတ် ဖြစ်ခဲ့ပါသည်။ သာမန်အားဖြင့် ရေရဲ့ခွန်အထိုဟု သတ်မှတ်

* HKANTI Lowk (HKANTIGyi)

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း နာဂကျေးရွာ အောင်တီ*နှင့် ကချင်ကျေးရွာဖြစ်သည့် နိမ့်ကောယာထိ မပါဝင်ခဲ့ပါ။ မော်ချောင်းဝနှင့် ရေတံခွန်အောက်ပိုင်းများသည် စော်ဘွားအုပ်ချုပ်မှု ကင်းလွတ်သော နယ်မြေ ဖြစ်ပါသည်။

ကချင်နှင့် နာဂကျေးရွာများ (သို့မဟုတ်) မြစ်ရိုးတစ်လျှောက်သည် စော်ဘွားကို အခွန်တော် အမြဲပေးဆောင်ရပါသည်။ နန်ဇလိန်ခနှင့် ချင်းတွင်းမြစ်အကြားရှိ ကျေးရွာအနည်းငယ်များသည်လည်း အခွန်ဘဏ္ဍာကို စော်ဘွားအားဆက်သသည်။

နယ်မြေသည် မြစ်ကမ်းတစ်လျှောက်၌ အစဉ်သဖြင့်တောအုပ်ကြီးများ ဖုံးလွှမ်းလျက်ရှိသည့် ချောက်သွေ့သောနွေရာသီပင်လျှင် မြေလျင်မှုတစ်ပါး သွားလာ၍ မရပါ။ တစ်ခါတစ်ရံ မတ်လနှင့် ဧပြီလများ၌ လှေများပင်လျှင် ခက်ခဲပါသည်။ ဤပြည်နယ်ကို တစ်ခါတစ်ရံ ဆင်းကလိန်း ခမ်းထီးဟုခေါ်လေ့ရှိသည်။ မြန်မာလို ဇင်လိန်း ခန္တီးဟုခေါ်ခြင်းမှာခန္တီးလုံ သို့မဟုတ် ခန္တီးကြီးနှင့် ခွဲခြားရန် ခေါ်ဝေါ်ခြင်းဖြစ်လေသည်။

ဆင်ကလိန်းအမည်မှာ ယခု ခန္တီး မတည်မီက ခန္တီးတွင်နေထိုင်ခဲ့ဘူးသော နာဂအမျိုးသားတစ်ဦး၏ နာမည်ဖြစ်၍လည်းကောင်း၊ နာဂအိမ်ခြေတစ်မျိုးမှာလည်း ဆုတ်မှော်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းဝတွင် ကျန်ရှိနေပါသေးသည်။ ၎င်းရွာမှာ မြောက်လတ္တီတွဒ် ၂၆. ၆ နှင့် အရှေ့လောင်ဂျီတွဒ် ၉၅. ၅၇ တွင်တည်ရှိပါသည်။

ရှေးနှစ်ပေါင်းများစွာက ခန္တီးမှလူများသည် နေရာပြောင်းကိုစွန့်၍ နယ်သစ်များကို ရှာဖွေကြရာ ပထမဆုံးအာသံပြည်နယ်တွင်လည်းကောင်း၊ နှစ်အတန်ကြာသော်အာသံပြည်မှ ယခု ကချင်လူမျိုးများ နေထိုင်ကြသောဟူးကောင်းချိုင့်ဝှမ်း နိမ်းပင်တွင်လည်းကောင်း ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ နိမ်းပင်သည် မြန်မာပြည်အထက်ပိုင်းလတ္တီတွဒ် ၂၆. ၃၀ တွင် တည်ရှိပါသည်။ အချို့မှာ ပယင်းထွက်သည့် ကင်းထော်အတာရိုးနှင့် ခန္တီးစသည်တို့တွင်ရောက်ရှိနေထိုင်ကြသည်။ အချို့မှာ အာသံပြည်နယ်တွင် ယခုတိုင် ရှိနေကြသည်ဟု သိရပါသည်။

ဘိုးတော်ဘုရား (၁၇၈၀-၁၈၁၉) သည် ခန္တီးနယ်စော်ဘွားအဖြစ် စောညီခေါင်ကို ခန့်ထားသည်။ နှစ်ကြာမြင့်စွာ အုပ်ချုပ်လာပြီး သာယာဝတီမင်းလက်ထက်၌ စောအဲ ဆက်ခံသည်။ ၁၈၅၃ ခုနှစ် မင်းတုန်းမင်း နန်းတက်ပြီး ၁၂ နှစ်အကြာတွင်စောလီသည် စော်ဘွားဖြစ်လာသည်။

၁၈၆၈ ခုနှစ်တွင် ခန္တီးနယ်သည် ဥရုချောင်းတောင်ဘက်အထိ ကျယ်ပြန့်လာသည်။ ၁၈၇၃ ခုနှစ်တွင် အမတ်စောအဲသည် နာဂအချို့အား စော်ဘွား စောလီကို အသတ်ခိုင်း၍စောလီ ဒဏ်ရာရနှင့် မြို့ကိုစွန့်၍ ထွက်ပြေးခဲ့ပြီး သူ့လူများဖြင့်

www.burmeseclassic.com

ww.burmeseclassic.com



စောခင်လည်း ၁၈၉၈ ခုနှစ်တွင် ကွယ်လွန်၍ အမတ်ကြီး စောအဲသည် သူ့ကိုယ်သူ စော်ဘွားအဖြစ် ကြေညာပြီး အုပ်ချုပ်လာပါသည်။

ဤအချိန်တွင် ကျယ်ပြန့်လှသော နယ်မြေကို တိုက်ရိုက် စိုးမိုးနိုင်စွမ်းမရှိတော့ဘဲ ရော့ရဲလာသည်။ နယ်မြေအတွင်းရှိ အချို့သော ကျေးရွာများသည် အခွန်တော်ပေးဆောင်ခြင်း မရှိကြပါ။ ကချင်နှင့် ရောထွေးနေသော နာဂများကမူ စော်ဘွား လက်အောက်နယ်မြေသို့ ပြောင်းရွှေ့ခိုလှုံလာကြပါသည်။

၁၉၀၉ ခုနှစ် မတ်လတွင် တာရိုးချိုင့်ဝှမ်းကို အုပ်ချုပ်သော လာဆွန်တန်သည် ခန္တီးလက်အောက်ရှိ လာဆာနာဂများ နေထိုင်သည့် ရွာကိုဝင်ရောက်ပြီး ရွာသား ရာပေါင်းများစွာအား ဖမ်းဆီးခေါ်ဆောင်သွားသည်။ အချို့လည်း လမ်းခရီးတွင် ထွက်ပြေးလွတ်မြောက်လာကြသည်။ ဤအရေးအခင်းနှင့် ပတ်သက်၍ အထက်ချင်းတွင်းခရိုင်ဝန်သည် လာဆွန်ကန်အား လဘန်အိုက်အရပ်တွင် တွေ့ဆုံဖမ်းဆီးထားသော သုံ့ပန်း များကို လွှတ်ရန် တောင်းဆို၍ ပြန်လွှတ်ပေးသည်။

၁၉၂၇ ခုနှစ်တွင် စောအဲအား အေ-တီအမ်ဘွဲ့ကို အပ်နှင်းသည်။ ယင်းနှစ် (၆. ၇. ၁၉၂၇) တွင် ကွယ်လွန်သည့် အခါ စောအဲ၏မြေး မောင်အသိန်မှာလည်း မော်လိုက်တွင် ပညာသင်ဆဲဖြစ်၍ စောအဲ၏ မဟာဒေဝီ - မောင်ဘသိန်း၏ အဘွား နန်းပန်က အုပ်ချုပ်သည်။ ၁၉၃၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မဟာဒေဝီနန်းပန် ကွယ်လွန်၍ မောင်ဘသိန်း

www.burmeseclassic.com

ww.burmeseclassic.com



စောခင်လည်း ၁၈၉၈ ခုနှစ်တွင် ကွယ်လွန်၍ အမတ်ကြီး စောအဲသည် သူ့ကိုယ်သူ စော်ဘွားအဖြစ် ကြေညာပြီး အုပ်ချုပ်လာပါသည်။

ဤအချိန်တွင် ကျယ်ပြန့်လှသော နယ်မြေကို တိုက်ရိုက် စိုးမိုးနိုင်စွမ်းမရှိတော့ဘဲ ရော့ရဲလာသည်။ နယ်မြေအတွင်းရှိ အချို့သော ကျေးရွာများသည် အခွန်တော်ပေးဆောင်ခြင်း မရှိကြပါ။ ကချင်နှင့် ရောထွေးနေသော နာဂများကမူ စော်ဘွား လက်အောက်နယ်မြေသို့ ပြောင်းရွှေ့ခိုလှုံလာကြပါသည်။

၁၉၀၉ ခုနှစ် မတ်လတွင် တာရိုးချိုင့်ဝှမ်းကို အုပ်ချုပ်သော လာဆွန်တန်သည် ခန္တီးလက်အောက်ရှိ လာဆာနာဂများ နေထိုင်သည့် ရွာကိုဝင်ရောက်ပြီး ရွာသား ရာပေါင်းများစွာအား ဖမ်းဆီးခေါ်ဆောင်သွားသည်။ အချို့လည်း လမ်းခရီးတွင် ထွက်ပြေးလွတ်မြောက်လာကြသည်။ ဤအရေးအခင်းနှင့် ပတ်သက်၍ အထက်ချင်းတွင်းခရိုင်ဝန်သည် လာဆွန်ကန်အား လဘန်အိုက်အရပ်တွင် တွေ့ဆုံဖမ်းဆီးထားသော သုံ့ပန်း များကို လွှတ်ရန် တောင်းဆို၍ ပြန်လွှတ်ပေးသည်။

၁၉၂၇ ခုနှစ်တွင် စောအဲအား အေ-တီအမ်ဘွဲ့ကို အပ်နှင်းသည်။ ယင်းနှစ် (၆. ၇. ၁၉၂၇) တွင် ကွယ်လွန်သည့် အခါ စောအဲ၏မြေး မောင်အသိန်မှာလည်း မော်လိုက်တွင် ပညာသင်ဆဲဖြစ်၍ စောအဲ၏ မဟာဒေဝီ - မောင်ဘသိန်း၏ အဘွား နန်းပန်က အုပ်ချုပ်သည်။ ၁၉၃၃ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် မဟာဒေဝီနန်းပန် ကွယ်လွန်၍ မောင်ဘသိန်း

www.burmeseclassic.com

www.burmeseclassic.com



အား စော်ဘွားခန့်ထားသည်။ သို့ရာတွင် ၁၉၃၅ ခုနှစ်တွင် မောင်ဘသိန်းအား စော်ဘွားရာထူး နှုတ်ပယ်ခံရပါသည်။ ဤအချိန်တွင် စောအဲ၏ဇနီး (မဟာဒေဝီထက်အငယ်) ဒေါ်နန်းဖဲ၏သား စောမြစိန်မှာလည်း မော်လိုက်ကျောင်းတွင် ပညာသင်ဆဲဖြစ်၍ ရင်ခွင်ပိုက်အုပ်ချုပ်ရေးအဖြစ် ခုံဖွဲ့အုပ်ချုပ်ခဲ့ပါသည်။ ခုံအဖွဲ့တွင် ဦးချို၊ ဦးစောတောင်၊ ဦးလဆိုင်၊ ဦးလမြတို့ပါဝင်သည်။ ယင်းခုံကို အမတ်ကြီး ဦးဘက်သာနှင့် ဟုမ္မလင်းလက်ထောက် ပူပရီတင်းဒင့်တို့က ကြီးကြပ်ညွှန်ကြားသည်။ ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် နာဂတောင်တန်းခရိုင်အဖြစ် ဗြိတိသျှအစိုးရမှ ကြေငြာပြီး ခန္တီးကို ရုံးစိုက်ရာမြို့အဖြစ် သတ်မှတ်ခဲ့ပါသည်။ စောမြစိန်အား ၁၉၄၀ ပြည့်နှစ် စော်ဘွားအဖြစ် အစမ်းခန့်ထားပြီး ၁၉၄၁ ခုနှစ်၊ ဒီဇင်ဘာလတွင် အမြဲတန်းခန့်ထားလိုက်သည်။ သို့ရာတွင် အခမ်းအနားနှင့်လွှဲအပ်ခြင်း (ဘိသိတ်သွန်းခြင်း) မပြုလုပ်လိုက်ရပေ။

ဇင်လိန်း ခန္တီးနယ်တွင် (၆) ဆက်မြောက် စော်ဘွားကြီးစပ်လီလက်ထက် ၁၂၃၃ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်၊ ကြာသပတေးနေ့တွင် စော်ဘွားကြီး စပ်လီ၏ ကုသိုလ်တော်အဖြစ် ပော်နန်းနေရာအရှေ့ဘက် ချင်းတွင်းမြစ်ကမ်းနဖူးနှင့် ကပ်လျက် တျယ်ဝန်းပြန့်ပြူသော နေရာဟောင်းတွင် စေတီတစ်ဆူတည်ထားပြီး "အိမ်တော်ရာ ရွှေမုဋ္ဌောဘုရား" ဟု သမုတ်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com


# ဇင်းလိမ်း ခန္တီးစော်ဘွားဆက်များ

| စဉ် | စော်ဘွားဆက်အမည် | နန်းတက်နှစ် | နန်းစံနှစ် | ကံတော့နှစ် |
|---|---|---|---|---|
| ၁။ | စပ်ညီခေါင် | ၁၁၉၆ | ၁၂ | ၁၂၀၈ |
| ၂။ | စပ်မောင် | ၁၂၀၈ | ၁ | ၁၂၀၉ |
| ၃။ | စပ်အယ် (ပထမ) | ၁၂၀၉ | ၆ | ၁၂၁၅ |
| ၄။ | စပ်လီ | ၁၂၁၅ | ၂၆ | - |
| ၅။ | ဦးဘိုးလှိုင် | ၁၂၄၀ | ၆ | - |
| ၆။ | စပ်ညီအောင် | ၁၂၄၇ | ၆ | ၁၂၅၃ |
| ၇။ | စပ်တျှံ | ၁၂၅၃ | ၄ | ၁၂၅၇ |
| ၈။ | နန်းစောဝင် | ၁၂၅၇ | ၃ | ၁၂၆၀ |
| ၉။ | စပ်အယ် (ဒုတိယ) | ၁၂၆၀ | ၂၉ | ၁၂၈၉ |
| ၁၀။ | နန်းပန် | ၁၂၈၉ | ၆ | ၁၂၉၅ |
| ၁၁။ | ဦးဘသိန်း | ၁၂၉၅ | ၃ | စော်ဘွား |
| ၁၂။ | ခုံသမာဓိအဖွဲ့ | ၁၂၉၈ | ၄ | အာဏာ ခုံသမာဓိ အဖွဲ့သို့ ၁၂၉၈ ခုနှစ်တွင် လွှဲပြောင်း ပေးရသည်။ |
| ၁၃။ | ဦးစပ်မြစိန် | ၁၃၀၂ | ၁၃ | - |

ထို့ပြင် ဇင်းလိမ်း ခန္တီးနယ်ရှင် (၁၁) ဆက်မြောက် စော်ဘွားကြီး စပ်ဖစပ်အယ်လက်ထက် ၁၂၆၅ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်၊ စနေနေ့တွင် ကာလေဝကမ္ဘူဇကျောင်းထိုက်ဟု အမည်တွင်ခဲ့သော ဗုဒ္ဓဘာသာ ရဟန်းတော်များ

www.burmeseclassic.com

ww.burmeseclassic.com



သီတင်းသုံးရန် သုံးထပ်သားကျောင်းဆောင်သစ်ကြီးကို ခန္တီးမြို့ နေရာ၌လည်းကောင်း၊ ၁၂၇၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့တွင် ရွှေပဝေသဏီအခါက ရဟန်းတော် ဦးမာဂိန္ဒတည်ထားတော်မူခဲ့သော ခန္တီးမြို့ဦးအရပ်၌ တည်ရှိသော တောင်ကုန်း (ရန်ကင်းတောင်) ဟု သမုတ်ထားသည့် တောင်ပေါ်၌ တည်ရှိသည့် ဗုဒ္ဓမြတ်စွာ၏ဓာတ်တော်တို့ ကိန်းဝပ်တော်မူရာ စေတီငုတ်တိုဟောင်းအား ဖိနပ်တော် အကျယ် ၁၄ တောင်၊ အရပ်တော် အတောင် ၃၀ ရှိသော မြသိန်းတန်စေတီတော်ကိုလည်းကောင်း၊ ၁၂၈၆ ခုနှစ်တွင် ရန်ကင်းတောင် မြသိန်းတန်စေတီတော်အနီး ဘုရားတံတိုင်း တော်အတွင်း၌ "ဝိသောမဏီ" သိမ်တော်ကိုလည်းကောင်း၊ စုစုပေါင်း ကုသိုလ်တော် ၃ ရပ်ကို စော်ဘွားကြီး ဒုတိယ စပ်ဖစင်အယ်က တည်ထားပြုစုခဲ့ပါသည်။

ထို့ပြင် စော်ဘွား စပ်ဖစင်အယ်လက်ထက် ထူးခြားသော ဖြစ်ရပ်တစ်ခုမှာ ၁၂၈၈ ခုနှစ်၊ တန်ဆောင်မုန်းလတွင် မန္တလေး ရွှေမြို့တော်မှ ကြေးဆင်းတုရုပ်ပွားတော်တစ်ဆူ လောင်းလှေ ဖြင့် သွားရောက်ပင့်ဆောင်လာသော ပုဂ္ဂိုလ်တစ်စု၌ ပါလာ ခဲ့ဖူးသည်ဟု ယူဆရသော ကာလဝမ်းရောဂါကြီးတစ်ရပ် ခန္တီးနယ်အတွင်း ပျံ့နှံ့သွားခဲ့ရာ နယ်သူနယ်သားအများအပြား သေဆုံးပျက်စီးခဲ့ဘူးလေသည်။

အဆိုပါ ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်မှာ ယနေ့ ဝိသောမဏီ သိမ်တော်အတွင်း၌ စံပါယ်လျက်ရှိပါသည်။

www.burmeseclassic.com

ww.burmeseclassic.com



## ဒုတိယကမ္ဘာစစ်အတွင်း ခန္တီးနယ်အခြေအနေ

ဇင့်လိမ်း ခန္တီးစော်ဘွားနယ်သည် ပထမနယ်ထောင်နန်းစိုက်ခဲ့သော စော်ဘွားကြီး စပ်ဖစင်ညီခေါင်မှ စော်ဘွား ၁၃ ဆက်မြောက် စော်ဘွားကြီး စပ်ဖစင်မြစိန်ခွန်နွယ် လက်ထက်သို့တိုင်အောင် (၁၉၃၉ ခုနှစ်ထိ) ရှမ်းကျေးရွာ ၁၆ ရွာနှင့် နာဂကျေးရွာ ၂၁ ရွာရှိပြီး လူဦးရေ ၃၀၀၀ ကျော် ရှိခဲ့ပါသည်။

ထို့နောက် ၁၉၃၉ ခုနှစ်တွင် မြန်မာနိုင်ငံအစိုးရက မြန်မာနိုင်ငံတော်၏ အနောက်မြောက်ပိုင်း နယ်ခြားဒေသ တစ်ခုလုံးကို နာဂတောင်တန်းခရိုင်ဟူသောအမည်ဖြင့် ခရိုင် အုပ်ချုပ်ရေးတစ်ခု တိုးချဲ့လာသောအခါ ဇင်လိမ်း ခန္တီးစော်ဘွား နယ်၏ စော်ဘွားကြီး စပ်ဖစိန်မြစိန်ခွန်နွယ်တော် နန်းစိုက်ရာ ဇင်လိမ်း ခန္တီးမြို့ကိုပင် နာဂတောင်တန်း ခရိုင်မြို့တော်အဖြစ် သတ်မှတ်၍ ခရိုင်ဝန်တစ်ဦး ရုံးထိုင်ခဲ့လေသည်။ သို့သော် ဇင်လိမ်းနယ်ကို လက်ရှိစော်ဘွားကြီးက အစီအစဉ်ရိုးရာ မပျက် အုပ်ချုပ်ခဲ့လေသည်။

ထို့နောက် ၁၉၄၁-၄၂ ခုနှစ်တွင် ဒုတိယကမ္ဘာစစ်ကြီး မီးလျှံသည် မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ကူးစက်ပြန့်ပွားလာ သောအခါ မြန်မာနိုင်ငံ ဗြိတိသျှအုပ်ချုပ်ရေးပျက်ပြားရသည့် နည်းတူ နာဂတောင်တန်းခရိုင်အုပ်ချုပ်ရေးလည်း အခိုက် အတန့်အားဖြင့် ပျက်ပြားသွားခဲ့ရပြီး အုပ်ချုပ်ရေးမှူး ခရိုင်ဝန် ကိုယ်တိုင် အိန္ဒိယသို့ ထွက်ပြေးခဲ့လေသည်။ ထို့နောက် ၁၉၄၂

www.burmeseclassic.com

ww.burmeseclassic.com



ခုနှစ်၊ ဇွန်လတွင် တရုတ်မှ အိန္ဒိယပြည်သို့ ဆုတ်ခွာလာခဲ့သော တရုတ် ဒီဗီဇံတပ်မကြီးတစ်ခုသည် ဇဂ်လိန်း ခန္တီးမြို့သို့ ဝင်ရောက်ဖြတ်သန်းခြင်းခံခဲ့ရသဖြင့် ခန္တီးမြို့တစ်မြို့လုံးနှင့် ကျေးရွာအမြောက်အမြား ကစင့်ကလျားဖျက်ဆီးခြင်းခံခဲ့ရလေသည်။ သို့သော် ဇဂ်လိန်း ခန္တီးနယ်ရှင် စော်ဘွားကြီး စပ်ဖစင်မြစိန်ခွန်နွယ်သည် ခရိုင်ဝန်စသော ခရိုင်အကြီးအကဲများ ခရိုင်စွန့် နယ်စွန့် ထွက်ပြေးတိမ်းရှောင်ဘိသကဲ့သို့ ထွက်ပြေး ရှောင်ပြေး ရှောင်ခွာခြင်းမပြုဘဲ ဇဂ်လိန်း ခန္တီးနယ်ကို မိမိစော်ဘွားအုပ်ချုပ်ရေး လုံးဝပျက်ပြားခြင်း မရှိရလေအောင် မိမိ၏ သွေးသောက်ရဲဘော်တစ်စုနှင့် အုပ်ချုပ်ထိန်းကိုင်ထားနိုင်ခဲ့လေသည်။

ဤသို့ဖြင့် ဇဂ်လိန်း ခန္တီးနယ်သည် စော်ဘွားကြီးစပ်ဖစင်မြစိန်ခွန်နွယ်၏အမြော်အမြင်ရှိသော အုပ်ချုပ်မှုအောက်၌ ဖက်ဆစ်ဂျပန်ခေတ်တစ်ခေတ်လုံး ဆင်းရဲငတ်ပြတ်မှုဒဏ်ကို အလူးအလဲခံရသော်လည်း နယ်ပယ်ကျေးရွာအဖွဲ့အစည်းပျက်စီးမသွားဘဲ တည်တံ့နေခဲ့လေသည်။ ဖက်ဆစ်ဂျပန်တို့၏ ဖိနှိပ်အုပ်ချုပ်မှုအောက် ၁၉၄၃ မှ ၁၉၄၄ ခုနှစ်အထိ တစ်နှစ်တာမျှ ခံစားလိုက်ရသည်။ ထို့နောက် ၁၉၄၅ ခုနှစ်တွင် မဟာမိတ်တပ်များ ဝင်ရောက်လာပြီး ဗြိတိသျှအုပ်ချုပ်ရေးလည်း တပါတည်း စတင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## စစ်ပြီးခေတ်

စစ်ကြိုခေတ် ၁၉၃၉ ခုနှစ်၌ စတင်ပျိုးထောင်ခဲ့ဖူးသော အင်္ဂလိပ်အစိုးရ၏ နာဂတောင်တန်း ခရိုင်အုပ်ချုပ်ရေးကို စစ်ပြီးခေတ်တွင် ပြန်လည်အကောင်အထည်ဖော်နိုင်ရန် မြန်မာနိုင်ငံသို့ ပြန်လည်ဝင်ရောက်လာသော အင်္ဂလိပ်အစိုးရတို့သည် စစ်ပြီးခေတ် ၁၉၄၅ ခုနှစ်တွင် ဇင်လိမ်း ခန္တီးမြို့တော်နန်းစိုက်ရာ ခန္တီးနယ်အား နာဂတောင်တန်းခရိုင်၏ ခရိုင်ရုံးစိုက်ရာ မြို့တော်အဖြစ် သတ်မှတ်လျက် ခရိုင်ရုံးစိုက်ခဲ့လေသည်။ ထိုအချိန်မှစ၍ ဇင်လိမ်း ခန္တီးစော်ဘွားနယ်သည် စော်ဘွားအုပ်ချုပ်ရေးအာဏာများ လုံးဝပယ်ဖျက်ရုပ်သိမ်းခြင်း မပြုသော်လည်း နာဂတောင်တန်းခရိုင်၏ မြို့နယ်တစ်ခုအဖြစ် သဘောထားပြီး မျက်နှာဖြူခရိုင်ဝန်များက ခန္တီးမြို့နယ် စော်ဘွားအုပ်ချုပ်ရေးကို တစ်စိတ်တစ်ဒေသအားဖြင့် စွက်ဖက်စပြုလာလေသည်။

ထို့နောက် ၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလအဖွဲ့ကြီး၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံ လုံးဝလွတ်လပ်ရေးအတွက် ကြိုးပမ်းလှုပ်ရှားသောအခါ ဇင်လိမ်း ခန္တီးမြို့နယ်သူ မြို့နယ်သားအများစုလည်း ခန္တီးမြို့နယ် ဖဆပလအဖွဲ့ကို ဖွဲ့စည်းလျက် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့လေသည်။ ထိုအရေးတွင် တိုင်းချစ်ပြည်ချစ်စိတ်ရှိသော နယ်ရှင်စော်ဘွားကြီး စပ်ဖစိန်မြစိန်နွံနန္ဒယ်အလည်း ခန္တီးမြို့နယ် ဖဆပလအဖွဲ့ ဖွဲ့စည်းရာတွင် လိုအပ်

www.burmeseclassic.com

www.burmeseclassic.com



သမ္မု ပါဝင်အားပေးခဲ့သည်။ ထို့ပြင် ဗြိတိသျှအစိုးရ၏ “မေမြို့ အင်ကွာရီ” (မြန်မာနှင့် တောင်တန်းသားများ ပူးပေါင်းလို/မလို စုံစမ်းရေးကော်မရှင်) သို့ စော်ဘွားကြီး စပ်ဖစင်မြစိန် ခွန်နွယ်နှင့် ခန္တီးနယ်၏ ထင်ရှားသောမြို့မျက်နှာဖုံး လူကြီး ဦးဘိုးအုပ်တို့နှစ်ဦး တက်ရောက်၍ မြန်မာနှင့် ခန္တီးနယ် နာဂ တောင်တန်းသားများ ပူးပေါင်းလိုကြောင်း ခိုင်မာစွာ ပြောဆို သက်သေခံကြလေသည်။ ယင်းသို့ အရေးကိစ္စများဖြင့် မြန်မာ နိုင်ငံ လွတ်လပ်ရေးကြိုးပမ်းသော သမိုင်းစဉ်၌ ဇဂ်လိန်း ခန္တီး နယ်သည်လည်း တစ်တပ်တစ်အား ပါဝင်ခဲ့လေသည်။

## လွတ်လပ်ရေးရပြီးနောက်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇူလိုင်လတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၏ ကိုယ်စားလှယ်တော်အဖြစ် ဖိတ်ကြားခြင်းခံရသော မြန်မာနိုင်ငံ အနောက်မြောက်ခြား ကိုယ်စားလှယ်များ ရန်ကုန်မြို့သို့ သွားရောက်စဉ်က နာဂအမျိုးသားကိုယ်စားလှယ် ၂၄ ဦး၊ သောင်သွတ်နယ်ကိုယ်စား နယ်ရှင်စော်ဘွားကြီးပါ ၂ ဦးနှင့် ဇဂ်လိန်း ခန္တီးနယ်ကိုယ်စားလှယ် ၂ ဦး၊ စုစုပေါင်း ၂၈ ဦး ပါဝင်ခဲ့ရာတွင် ဇဂ်လိန်း ခန္တီးနယ်မှ နယ်ရှင်စော်ဘွားကြီး စပ်ဖစင်မြစိန်ခွန်နွယ်နှင့် မြို့နယ်လူထုကိုယ်စားလှယ် ဦးဘိုးချို တို့တက်ရောက်ခဲ့ကြလေသည်။ ယင်းကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံအနောက်မြောက် နယ်ခြားဒေသရှိ တိုးတက်ဖွံ့ဖြိုး

www.burmeseclassic.com

www.burmeseclassic.com



မှ နောက်ကျသော နာဂအမျိုးသားများ၊ သောင်ထွတ်နယ် လူထုများနှင့် ဇာဂ်လိန်း ခန္တီးနယ်လူထုများ အရေးကိစ္စကို ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရနှင့် ညှိနှိုင်းဆွေးနွေး နိုင်သည့်အပြင် အထူးသဖြင့် ဇာဂ်လိန်းခန္တီးနယ်နှင့် သောင်သွတ် နယ်နှစ်နယ်အား နယ်ရှင်စော်ဘွားကြီးများက စော်ဘွား အုပ်ချုပ်ရေးစနစ် စွန့်လွှတ်ရန်၊ မြန်မာပြည်မနှင့်ပူးပေါင်းရန် ပဏ္ဏာမသဘောတူညီမှုပေးခဲ့ကြလေသည်။ ထိုအချိန်ကာလမှ စ၍ အဆိုပါစော်ဘွားနယ်ကြီး နှစ်နယ်အား နယ်ရှင်စော်ဘွား ကြီးများအား အာဏာစွန့်လွှတ်ရေးကိစ္စကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြည်ထဲရေးဝန်ကြီးဌာနမှတစ်ဆင့် ဆောင်ရွက်ခဲ့လေသည်။

၁၉၅၂ ခုနှစ်၊ ဇူလိုင်လတွင် နာဂတောင်တန်းဒေသ၏ ငြိမ်ဝပ်ပိပြားရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် ခန္တီးမြို့နှင့် ၃ မိုင်အကွာ ချင်းတွင်းမြစ် အနောက်ဘက်ကမ်းနေရာရှိ ဆင်သေစခန်း၌ စစ်ရဲတပ်ရင်းတစ်ခု တပ်စွဲခဲ့သည်။ ယင်း နေရာကို ဇေယျသိင်္ဂီတပ်မြို့ဟူ၍ ခေါ်တွင်ခဲ့လေသည်။

၁၉၅၂ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် ဇာဂ်လိန်း ခန္တီးမြို့စော်ဘွားကြီးက မိမိ၏စော်ဘွားအာဏာစွန့်လွှတ်၍ ဇာဂ်လိန်း ခန္တီးမြို့နယ်အား နာဂတောင်တန်းအုပ်ချုပ်ရေး နယ်ထဲသို့ လုံးဝပူးပေါင်းလိုက်သည်။ နယ်ရှင်စော်ဘွားကြီး စဝ်ဖစင်မြစိန်ခွန်နွယ်အား တစ်လလျှင် ၃၀၀ ကျပ်ဖြင့် လစဉ် ထောက်ပံ့ကြေး ပေးခဲ့သည်။ နောက်ပိုင်းတွင် လစဉ်ထောက်ပံ့ ကြေးတို့ ရပ်ဆိုင်း၍ နယ်ရှင်ကြေးငွေအဖြစ် ကျပ်ငွေ ၅၀၀၀၀

www.burmeseclassic.com

www.burmeseclassic.com



ထုတ်ပေးခဲ့သည်။ ထို့ပြင် စော်ဘွားကြီး စပ်ဖစင်မြစိန်ခွန်နွယ်သည် မြန်မာနိုင်ငံတော်သမ္မတကြီး၏ သီရိပျံချီဘွဲ့တံဆိပ်အပ်နှင်းခြင်းကို ၁၉၅၂ ခုနှစ်တွင် လက်ခံရရှိခဲ့လေသည်။

၁၉၅၄ ခုနှစ်တွင် ခန္တီးမြို့၌ ပြည်တွင်းလေကြောင်းလေယာဉ်ကွင်းတစ်ခု တည်ဆောက်ခဲ့ပြီးလျှင် ခန္တီးမြို့မှ မြစ်ကြီးနား၊ ဗန်းမော်၊ မိုးမိတ်၊ မန္တလေးနှင့် ရန်ကုန်မြို့များသို့ တစ်ပတ်လျှင် နှစ်ကြိမ်ကျ လေကြောင်းခရီး ဆက်သွယ်နိုင်ခဲ့သည်။

၁၉၅၅ ခုနှစ်တွင် ခန္တီးမြို့၌ ခုတင် ၅၀ ဆန့် ပြည်သူ့ဆေးရုံကြီးကို တည်ဆောက်ဖွင့်လှစ်ခဲ့လေသည်။

၁၉၆၃ ခုနှစ်တွင် ခန္တီးနယ်၏ တစ်ခုတည်းသော အလယ်တန်းကျောင်းကို အထက်တန်းကျောင်းအဖြစ် တိုးချဲ့ဖွင့်လှစ်ခဲ့လေသည်။

၁၉၆၃ ခုနှစ်၊ နိုဝင်ဘာလတွင် ရှေးအခါက အစပြုတူးဖော်ခဲ့ဖူးသော ခန္တီးနယ်၏ နန်စီဗွန်ကျောက်စိမ်းတွင်းကို ကျောက်စိမ်းဝါသနာအိုးများက ပြန်လည်တူးဖော်ခဲ့ကြသည်။

ယနေ့ကာလတွင် ခန္တီးနယ်အတွင်း လူဦးရေ စုစုပေါင်း ၂၈၈၅၂ ဦး ရှိသည့်အနက် နာဂတိုင်းရင်းသား ၁၄၇၆၀ ဦး၊ ရှမ်းတိုင်းရင်းသား ၅၆၆၇ ဦးနှင့် ဗမာတိုင်းရင်းသား ၅၆၈၄ ဦး နေထိုင်ကြပါသည်။ ကချင်၊ ချင်း၊ ရခိုင်၊ လီဆူး၊ ကရင် တိုင်းရင်းသားများလည်း လာရောက်နေထိုင်ကြကြောင်း တွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၆
## "ဟူမွလင်းနယ်"

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀၀ ခန့်က ဥရုမြစ်ဖျား၏ အရှေ့ဘက် မိုးညင်းနယ်မှ ခန္တီးရှမ်းလူမျိုးစုများ (ခန္တီးလုံရှမ်းများ) သည်လည်းကောင်း၊ ကောလင်း၊ ဝန်းသိုနှင့် ကသာဒေသတို့မှ အဟုန်ရှမ်းများသည်လည်းကောင်း၊ ဥရုမြစ်ဖျားမှ ရေကြည်ရာမြက်နုရာ ရှာဖွေရင်း ပြောင်းရွှေ့လာရာမှ မြို့ပြတည်ထောင်အခြေပြုခဲ့သည်ဟု သိရပါသည်။

တစ်ဖန် တမန်လူမျိုး၊ ကဒူး၊ ကနန်းလူမျိုးတို့သည်လည်းကောင်း၊ အနောက်ရိုးမတောင်တန်းရှိ နာဂလူမျိုးတို့သည်လည်းကောင်း ဟူမွလင်းနယ်အတွင်းသို့ ပြောင်းရွှေ့နေထိုင်ကြကြောင်း တွေ့ရှိရပါသည်။

အထက်ဖော်ပြပါလူမျိုးများသည် ဟူမွလင်းနယ်သို့ ဝင်ရောက်ခါစက မိသားစုအလိုက်၊ ဆွေမျိုးစုအလိုက်၊ ကျေးရွာအုပ်စုအလိုက်ဖြစ်ကြရာ ကျေးပိုင်ကျွန်ပိုင် လူနေမှုအဆင့်သာရှိမည်ဟု ခန့်မှန်းရပါသည်။ အထက်ပါလူမျိုးစုများသည် အချင်းချင်းနယ်မြေလုကြသည့် ရိုးရာတိုက်ပွဲများ၊ အုပ်စုတိုက်ပွဲများ မကြာခဏဖြစ်ပွားခဲ့ကြပါသည်။ ရေမြေပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သူများက မြို့ပြကျေးရွာများတည်ထောင်၍ အတည်တကျ နေထိုင်လာခဲ့ကြပါသည်။

ကောဇာသက္ကရာဇ် ၉၀၀ ကျော် ဆင်ဖြူရှင်မင်း လက်ထက်တွင် ရွှေဘိုထန်းတပင်စား ငခင်ညိုကို မိုင်းကိုင် စော်ဘွားခန့်အပ်လျက် ဥရု ၁၀ ရွာဖြစ်သော မိုင်းကိုင်၊ ပုနွဲ့၊ စင်တိုင်ရွာ၊ ပင့်သက်ရွာ၊ တင်းချယ်ရွာ၊ မိုင်းစိုရွာ၊ ဟဲဖက်ရွာ၊ ကျေးသားရွာ၊ တာသဲရွာ၊ ခုံနန်းရွာတို့ကို အုပ်ချုပ်စေခဲ့ပါသည်။ ထို့နောက် ငမွေးဘသား ငရွှေခြုံ၊ မြေး ငနေစံ စသည့်ပုဂ္ဂိုလ် တို့က သက္ကရာဇ် ၁၁၃၆ ခုနှစ်အထိ စော်ဘွားများအဖြစ် ဆက်လက်အုပ်ချုပ်ခဲ့ကြပြီး နယ်မြေလုံခြုံမှုအတွက် ကင်းစောင့် ရွာများကို ဖွဲ့စည်းတည်ထောင်ခဲ့ကြပါသည်။

ထို့ကြောင့် မာလုံ၊ ဟဲစမ်း၊ ကွန်းတောင်း၊ နောင်ပိုအောင်၊ ရေကျော်ညောင်ပင်သာ စသည့်ကင်းစောင့်ရွာ ၁၃ ရွာ ပေါ်ပေါက်ခဲ့ပါသည်။ ယင်း ကင်းစောင့်ရွာများကို ကင်း ၁၃ ရွာဟု ပေါင်းစု၍ အတိုကောက်ခေါ်ခဲ့ကြပါသည်။ သလ္လာဝတီ မြစ်ခေါ် ချင်းတွင်းမြစ်ရိုးတစ်လျှောက်တွင်လည်းကောင်း၊ ဟိန်၊ မလင်းထမံသီ၊ ယက်ဖ၊ မှိုင်းဝယ်၊ မှိုင်းတောင်း၊ တဖုန်း၊ မောင်းခမ်း၊ ထိန်ကင်းခေါင်ခမ်း စသောကျေးရွာများတွင် ပေါမိုင်းခေါ် မြို့စားများ၊ ထမုံခေါ် သူကြီးများ ခန့်အပ်အုပ်ချုပ် စေခဲ့ပါသည်။ ထို့ကြောင့် ရွှေ ၁၉ ရွာ၊ သဖန် ၄ ရွာဟု ခေါ်သော ကျေးရွာများ ဖွဲ့စည်းပေါ်ပေါက်ခဲ့ပါသည်။ ထိုစဉ်က

www.burmeseclassic.com

www.burmeseclassic.com



တုမ္ပလင်းမြို့မှာ မထင်ရှားသော ကျေးရွာငယ်အဆင့်ဖြင့် ခေါင်ခမ်းတိုက်နယ်တွင် ပါဝင်ခဲ့ပါသည်။

ခန္တီးစော်ဘွား ဦးစောလီလက်ထက်တွင် မင်းသား ငဖဲက ခန္တီးအနောက်ဘက်တွင် အီပန်မည်သော စခန်းတွင် မင်းဖြစ်မင်းဒဏ်ဖြင့် လာရောက်ခိုအောင်းနေစဉ် ဦးစောလီက ဖမ်းပြီး မောင်းခန်းအထိ လိုက်ပို့ထား၍ မောင်းခန်းကျေးရွာမှ လူ ၄၀ တို့က ဆက်လက်တာဝန်ယူ၍ ဖောင်းပြင်သို့ပို့ရကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍ ဘုရင်မင်းမြတ်က ခန္တီးစော်ဘွားအား ဆုတော်လာဘ်တော်အဖြစ် ရွှေ ၁၉ ရွာကို ပေးသနားသဖြင့် ခန္တီးစော်ဘွားလက်တွင်းသို့ ကျရောက်ခဲ့ရကြောင်း၊ ယင်းကျေးရွာများမှ ပေါ်မိုင်းများက ဆန်နှင့်ကျွန်းသစ်ကိစ္စ သည်းမခံနိုင်၍ ဘုရင်မင်းမြတ်ထံ အရေးဆိုမှ မူလနယ်ကို ပြန်ပေးခဲ့ကြောင်း အဆိုရှိပါသည်။

သောင်သွတ်စော်ဘွား သီဟာဓမ္မရာဇာလက်ထက်၊ သက္ကရာဇ် ၁၂၂၀ ခုနှစ်တွင် ဘုရင်မင်းမြတ်ထံ ဆင်ဖြူတော် ဆက်သပြီး နယ်မြေတောင်းခဲ့သဖြင့် ကင်း ၁၃ ရွာ၊ ရွှေ ၁၉ ရွာ၊ သဝန် ၄ ရွာတို့ကို သောင်သွတ်စော်ဘွားလက်အောက်သို့ ပေးအပ်ခြင်းခံရပြီးနောက် ယင်းကျေးရွာများက မကျေနပ်၍ ပြန်တောင်းသဖြင့် မူလနယ်မြေအတိုင်း သတ်မှတ်ပေးခဲ့သည်ဟု သိရှိရပါသည်။

ဘိုးတော်ဘုရားလက်ထက် အာသံကို တိုက်စဉ်က မောင်းခန်းရွာသား ဦးလှမောင်သည် ခေါင်းဆောင်ပိုင်းမှ

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်တိုက်ခိုက်ခဲ့သော်လည်း စစ်အောင်နိုင်သောအခါ ချီးမြှောက်ခြင်းမခံရသဖြင့် အာသံနယ်မှ ဝေသာလီလူမျိုးများကို စစ်သုံ့ပန်းအဖြစ် ခေါ်ယူခဲ့ပြီး မောင်းခန်းရွာတွင် လက်ဖက်ခင်းများ၊ လယ်များကို လုပ်ကိုင်စေခဲ့ကြောင်း၊ နောက်မှ ၎င်းအကြောင်းကို ဘုရင်မင်းမြတ်သိသောအခါ ဦးလှမောင်အား သီရိပျံချီကျော်ခေါင် ဗိုလ်လှမောင်ဘွဲ့ကို အပ်နှင်းလျက် မောင်းခန်းပေါ်မိုင်းအဖြစ် ခန့်အပ်ခဲ့သည်ဟု သိရပါသည်။

ဘိုးတော် ဦးဝိုင်းနှင့် မင်းတုန်းမင်းတို့ ၎င်းနယ်မြေသို့ ရောက်ဖူးသည့်အပြင် မိုးကောင်းမင်းတရားအမည်ခံ ဦးထွန်းမြ သည် ဖောင်းပြင်နယ် မလူရွာသူ နန်းခမ်းကို တောင်းရမ်းလာစဉ် မောင်းခန်းနှင့် တဇုန်းရွာအနောက်ဘက်တွင် ဆင်ကျုံး၊ မြင်းကျုံးနှင့် ခေတ္တတည်းခိုနေထိုင်ခဲ့ပြီး စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ရာ ယနေ့တိုင် တွေ့မြင်ဖူးမြော်ရပါသည်။

၁၂၄၇ ခုနှစ်၊ မြန်မာပြည်တစ်ပြည်လုံး သူ့ကျွန်ဘဝသို့ ရောက်ပြီးနောက် ယခု ဟုမ္မလင်းနယ်တွင် ပါဝင်ခဲ့သော သောင်သွတ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာအုပ်စု ၁၀ အုပ်စုအပြင် ကက်သာကျေးရွာအုပ်စု၊ ယုံမာတဲရွေးတောက်ကုန်း၊ ဖာနိုင်း၊ ခအောင်းပွင့် စသည့်ကျေးရွာအုပ်စုများကို စော်ဘွားလက်အောက်တွင် ပဒေသရာဇ်အုပ်ချုပ်ရေး အဖြစ် တည်ရှိပြီး ကျန်ကျေးရွာအုပ်စု ၆၂ အုပ်စုကို နယ်ချဲ့ အင်္ဂလိပ်အစိုးရ၏ အုပ်ချုပ်မှုအောက်တွင် ကျရောက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာသက္ကရာဇ် ၁၂၅၀ ပြည့်နှစ်လောက်တွင် ချင်းတွင်းမြစ်နှင့် ဥရုမြစ်တို့ဆုံရာ ခေါင်ခမ်းနယ်တွင် ပါဝင်သော ဟုမ္မလင်းကျေးရွာကို မြို့အဖြစ်သတ်မှတ်၍ နယ်ပိုင်ဝန်ထောက်ရုံးဖွင့်၍ နယ်ပိုင်ဝန်ထောက်တစ်ဦး၊ မြို့ပိုင်တစ်ဦးထားရှိ အုပ်ချုပ်စေခဲ့သည်ဟု သိရပါသည်။ ဟုမ္မလင်းမြို့၏ ရပ်ကွက်တစ်ခုဖြစ်သော နောင်ပကျစ်ရပ်ကွက်ကမ်းနဖူးတွင် ၁၉၁၄ ခုနှစ်မှစ၍ မြေသားတာရိုးတည်ဆောက်ကာ ၁၉၁၈ ခုနှစ်တွင် ပြီးစီးခဲ့သဖြင့် ထိုတာရိုးအဝိုင်းအတွင်း၌ နယ်ပိုင်ရုံးနှင့်တကွ အခြားဌာနဆိုင်ရာများအဖြစ် ဆောက်လုပ်ရေး၊ ဆေးရုံ၊ စာတိုက်နှင့် ကြေးနန်း၊ ရဲနှင့်ပြည်စောင့်တပ်ရုံးများကို ဖွင့်လှစ်ခဲ့ပါသည်။ မြို့နယ်အတွင်း ထမံသီ၊ သောင်သွတ်နှင့် မိုင်းကိုင်းကျေးရွာကြီးများတွင် မြို့နယ်ခွဲများအဖြစ် သတ်မှတ်၍ လက်ထောက်မြို့ပိုင်တစ်ဦးစီ ထားရှိအုပ်ချုပ်ခဲ့ရာ ထမံသီနှင့် သောင်သွတ်မြို့နယ်ခွဲများတွင် စာတိုက်၊ တိုက်နယ်ဆေးရုံများကိုလည်း ဖွင့်လှစ်ခဲ့လေသည်။

နိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၅၁ ခုနှစ်၊ နိုဝင်ဘာလ ၃၀ ရက်နေ့တွင် သောင်သွတ်စော်ဘွား စောခွန်ဆောင်းသည် ၎င်းအုပ်ချုပ်ရသော နယ်မြေဒေသအားလုံးကို မြန်မာနိုင်ငံတော်အစိုးရလက်အောက်သို့ လွှဲပြောင်းပေးအပ်ခဲ့သဖြင့် ဟုမ္မလင်းမြို့နယ်ပိုင်ဝန်ထောက်က နယ်တော်အုပ်ချုပ်ရေးမှူးအဖြစ် အဆိုပါနယ်မြေကိုပါ စီမံအုပ်ချုပ်ခဲ့ရပါသည်။ ထိုစဉ်က သောင်သွတ်စော်ဘွားပိုင်ဆိုင်သော နယ်မြေဖြစ်သည့် တမူး

www.burmeseclassic.com

www.burmeseclassic.com



မြို့နယ် ကဘော်ချောင်ဒေသမှာလည်း ဟုမ္မလင်းနယ်အတွင်း ပါဝင်လာပါသည်။ ထိုဒေသသည် ဟုမ္မလင်းမြို့နှင့် လမ်းပန်း ဆက်သွယ်ရေးခက်ခဲမှုကြောင့် တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၃ ခုနှစ်တွင် ကဘော်ချောင်နယ်မြေဒေသကို ဆက်သွယ်မှု လွယ်ကူသော တမူးမြို့နယ်အတွင်းသို့ ထည့်သွင်းဖွဲ့စည်းခဲ့ ပါသည်။ ဟုမ္မလင်းမြို့နယ်ကို ကျေးရွာအုပ်စု ၇၆ အုပ်စုနှင့် ရပ်ကွက် နှစ်ခုထားရှိ အုပ်ချုပ်ခဲ့ပါသည်။

ဟုမ္မလင်းမြို့နယ်သည် မူလက အထက်ချင်းတွင်းခရိုင် (မော်လိုက်ခရိုင်ရုံးစိုက်) အတွင်း ပါဝင်သော်လည်း ၁၉၄၈ ခုနှစ်တွင် ဟုမ္မလင်း၊ ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ် များကို နာဂတောင်တန်းခရိုင်ဟု သီးခြားဖွဲ့စည်းခဲ့၍ အထက် ချင်းတွင်းခရိုင်မှ ခွဲထွက်ဖွဲ့စည်းခဲ့ပါသည်။

## ဟုမ္မလင်းဟူသည် -

ဟုမ္မလင်းဟူသည် ရှမ်းဘာသာဝေါဟာရဖြင့် "ညောင်ပိန္နဲ" ဟု အဓိပ္ပာယ်ရပါသည်။ ၁၈၉၉ ခုနှစ်တွင် နောင်ပကျစ်ရွာ အပါအဝင် ဟုမ္မလင်းကို မြို့အဖြစ် အစိုးရက သတ်မှတ် ကြေညာခဲ့ခြင်း ဖြစ်ပါသည်။ ချင်းတွင်းမြစ်လက်ဝဲဘက်ကမ်း ပေါ်တွင် တည်ရှိသည်။

ဟုမ္မလင်းမြို့သည် မုံရွာမြို့နှင့် မိုင် ၃၂၀ ခန့် ကွာဝေး ပါသည်။ ဟုမ္မလင်းမှနေ၍ ဟူးတောင်းတောင်ကြားကို ဖြတ်ကျော်ကာ မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနားဘက်သို့

www.burmeseclassic.com

www.burmeseclassic.com



သွားရောက်နိုင်သည်။ ထို့ကြောင့် ဒုတိယကမ္ဘာစစ်ကြီးအတွင်းက မြန်မာနိုင်ငံ စစ်မျက်နှာတွင် နာမည်ကြီးခဲ့သော ဆာဝီလျံစလင်း ရေးသည့် "အရှုံးမှ အနိုင်သို့+" "စာအုပ်၌လည်းကောင်း၊ ဗိုလ်မှူး ဖာဂစ်ဆင်း×" ရေးသားသည့် ချင်းတွင်းကျော်လျှင်* စာအုပ်၌လည်းကောင်း၊ သူတို့၏ စစ်အောင်နိုင်ရေးအတွက် ဟူးမွလင်းမြို့သည် အချက်အချာကျသောမြို့ဟူ၍ အသား ပေးပြီး ရေးသားခဲ့ကြလေသည်။

ဟူးမွလင်းမြို့အောက်ဘက် တစ်မိုင်ကျော်ခန့်၌ရှိသော ဥရုမြစ်အတိုင်း ဆန်တက်သွားပါက ကျောက်စိမ်းထွက်သော ဖားကန့်အထိ ရောက်နိုင်လေသည်။ ဥရုမြစ် အစိတ်အပိုင်း အတော်များများသည် ဟူးမွလင်းမြို့နယ်အတွင်း ပါဝင်သည်။ ဥရုမြစ်အထက်ပိုင်း၌ ကချင်တိုင်းရင်းသားရွာများကို တွေ့ရသည်။ ဥရုမြစ်သည် ရွှေထွက်ရာမြစ်ဖြစ်သည့်အတွက် နန့်တော ကျေးရွာနှင့် နန်ပူအောင်ကျေးရွာတို့သည် ရွှေအကြီးအကျယ် တျင်ယူရာ ကျေးရွာကြီးများ ဖြစ်ကြလေသည်။

တည်နေရာ အတိအကျအားဖြင့် မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၁၈ မိနစ်မှ ၂၅ ဒီဂရီ ၃၀ မိနစ်အတွင်း၊ အရှေ့ လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ်မှ ၉၆ ဒီဂရီ ၁၄ မိနစ် အတွင်း တည်ရှိပါသည်။ ရှမ်း၊ ဗမာ၊ ချင်း၊ နာဂ၊ ကချင်

---

\+ Defeat Viotory

× Major Fergivson

* Beyond chirdwin

www.burmeseclassic.com

ww.burmeseclassic.com



တိုင်းရင်းသားများ နေထိုင်ကြပြီး ရှမ်းတိုင်းရင်းသားများသည် အများဆုံးနေထိုင်ကြပါသည်။ ကျေးရွာအုပ်စု ၇၆ ခုရှိပြီး ကျေးရွာပေါင်း ၃၂၂ ရွာရှိကာ လူဦးရေ ၁၆၇၈၁၈ ဦး ရှိလေသည်။ စစ်ကိုင်းတိုင်းအတွင်း၌ အကျယ်ဝန်းဆုံးသော မြို့နယ်ဖြစ်ပါသည်။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

www.burmeseclassic.com

# အခန်း - ၇

## "လတာယ်နှယ်"

## "လတာယ်အလှ"

* မျှော်ချေတာလျှင်
နာဂတောင်တန်း၊ ပြာရီသန်းကာ
ချမ်းမြကြည်ငြိမ်း၊ မြရည်လိမ်းလျက်
အစိမ်းထဲက၊ မြင်လိုက်ရသည်
အလှလဟာယ်မြို့ကလေး။

* "ဖူးတောင်း" တောင်ခြေ၊ ချောင်း "ကျလွေ" နှင့်
ငွေရောင်သဲလွှ၊ ရေကြည်မြမြတွင်
အလှရိပ်မြုံ၊ ရှုမကုန်သည်
ရောင်စုံရုပ်ကြွ ပန်းချီကား။

* တောတန်းလက်မိုး၊ ဝါးချဉ်ထိုးသို့
မြူခိုးတိမ်ကြား၊ ဆောက်၍ထားသို့
မားမားစွင့်စွင့်၊ တောင်အမြင့်၏
အဆင့်အရစ်၊ လှေကားထစ်မှာ
ဆစ်ချိုးကွေ့လည်း၊ ပတ်ရံဝန်းသည်
အိမ်တန်းလေးတွေ စီရရီ။



www.burmeseclassic.com

www.burmeseclassic.com



* မျှစ်ချိုးမှိုရှာ၊ ဝမ်းစာတွက်
တောင်ယာစိုက်ခင်း၊ အလုပ်ဆင်းကြ
ရိုးစင်းအလှ၊ သဘာဝနှင့်
နာဂဖြူဖြူပြာချစ်စရာ။
* ရှုခင်းစိမ်းဝေ၊ မြသားရေနှင့်
နွေလည်းမခန်း၊ တောင်ကျစမ်းတည့်
တောပန်းထုံပျံ့၊ ချယ်ရီနံ့တွေ
မြေပြန့်စာဆို၊ ရင်ထဲဖိုမိ
ဘာကို လွမ်းသည် တတ်မသိ။ ။

မောင်လွန်းမြိုင် (ပင်လယ်ဘူး)

နယ်ခြားငြိတိသျှလက်အောက် ၁၉၄၀ ပြည့်နှစ်တွင် အထက်ချင်းတွင်းဒေသဖြစ်သည့် ခန္တီးဇုံဒေသကို နာဂတောင်တန်းခရိုင်ဒေသအဖြစ် သတ်မှတ်ခဲ့ပြီး လဟယ်မြို့ကို နာဂတောင်တန်းခရိုင်၏ ခရိုင်ခွဲတစ်ခုအဖြစ် သတ်မှတ်ကာ တောင်တန်းဝန်ထောက် ရုံးစိုက်ရာမြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။ ပါလီမန်ဒီမိုကရေစီခေတ် ၁၉၅၅ ခုနှစ်တွင် ခန္တီး လဟယ်မော်တော်ကားလမ်း ဖောက်လုပ်ကာ လဟယ်မြို့သို့ မော်တော်ကား ပထမဆုံးရောက်ရှိခဲ့ပြီး ထိုအချိန်က ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ခင်မောင်လေး လဟယ်မြို့သို့ ရောက်ရှိခဲ့ကြောင်း သိရှိရပါသည်။ တော်လှန်ရေးကောင်စီခေတ် ၁၉၆၂ ခုနှစ်၊ မေလ ၁၆ ရက်နေ့၌ တော်လှန်ရေးကောင်စီဝင် ဗိုလ်မှူးချုပ် သန်းဖေနှင့် ဗိုလ်မှူးချုပ် တီကလစ်တို့ပါဝင်သော တော်လှန်ရေး ကောင်စီဝင်များသည်

www.burmeseclassic.com

ww.burmeseclassic.com



လဟယ်မြို့သို့ရောက်ရှိခဲ့ကြပြီး ၎င်းတို့ တာဝန်ပေးချက်အရ လဟယ်မြို့နယ်လုံခြုံရေးနှင့် အုပ်ချုပ်ရေးကော်မတီ ၁၃ ကြိမ်မြောက် အစည်းအဝေးမှတ်တမ်း (၁၇) အရ လဟယ်မြို့မှ အုံ့ပေါ် (တိုက်ရုံ) သို့ ပြောင်းရွှေ့ပြီး မြို့တည်ခဲ့သည်။ ယင်းမြို့တည်သည့်နေရာသည် ရာသီဥတုကြမ်းတမ်းသောကြောင့် အဖျားအနာထူပြော၍ လူအသေအပျောက်များသဖြင့် ၁၉၆၇-၆၈ ခုနှစ်တွင် အုံ့ပေါ်မှ လက်ရှိလဟယ်မြို့သို့ ပြောင်းရွှေ့ပြီး မြို့တည်ခဲ့ကြောင်း သိရှိရပါသည်။

ပထမဆုံး စတင်အုပ်ချုပ်ခဲ့သော အရာရှိမှာ ၁၉၅၄ ခုနှစ်တွင် တောင်တန်းဝန်ထောက် မစ္စတာ ကွေးယားဖြစ်ပြီး လဟယ်နှင့် နန်းယွန်းမြို့နယ် နှစ်နယ်အား ပူးတွဲအုပ်ချုပ်ခဲ့ကြောင်း သိရှိရပါသည်။ ယင်းနောက် မြန်မာနိုင်ငံအတွင်းစော်ဘွားများ အုပ်ချုပ်ရေးအာဏာများ အပ်နှင်းရာတွင် ခန္တီးစော်ဘွား ဦးစပ်မြစိန်က တောင်တန်းဝန်ထောက်အဖြစ် လဟယ်မြို့တွင် တာဝန်ယူခဲ့ပြီး မစ္စတာ ကွေးယားမှာ နန်းယွန်းမြို့နယ်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့ကြကြောင်း သိရှိရပါသည်။ ၎င်းနောက် နယ်ပိုင် ဦးစောရွှေသာက လဟယ်မြို့နှင့်နန်းယွန်းမြို့အား ပူးတွဲအုပ်ချုပ်ခဲ့ကြောင်းသိရပါသည်။

## လဟယ်မြို့ ဖြစ်တည်လာပုံ

လဟယ်မြို့နယ်အတွင်းရှိ နောင်ညာခါဆန်ရွာမှ ခွဲထွက်လာကြသော ရွာသားများသည် လောင်ကျန်းနေဒေါ်ကုန်းကျေးရွာ တည်ထောင်နေထိုင်ခဲ့ကြပြီး ယင်းမှတစ်ဆင့်

www.burmeseclassic.com

www.burmeseclassic.com



ပေါ်ရွာနှင့် လက်ရှိ လဟယ်မြို့သို့ ခွဲထွက် ပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။ ထိုသို့ပြောင်းရွှေ့နေထိုင်ရာ နေရာသစ်ရှာဖွေရာတွင် သစ်ခြောက်ပင်ကြီးတစ်ပင်သည် အခေါက်ကွာနေကြောင်း၊ ယင်းသစ်ခေါက်ကွာနေသည့် သစ်ပင်ရှိရာဒေသတွင် ရွာတည်ခဲ့ပြီး သစ်ခေါက်ကွာနေသည်ကို နာဂ (လိုင်နှောင်မျိုးနွယ်စု) ဘာသာစကားဖြင့် (ပီးကူ) ပီးဂူဟု ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ ယင်းသို့ ပီးဂူရွာအား တည်ထောင်နေထိုင်ခဲ့ကြရာတွင် နာဂအခေါ် "ဝီး" ခေါ် သူကြီးမှ အုပ်ချုပ်နေထိုင်ခဲ့ပြီး ယင်းလူကြီး၏အမည်မှာ အီနွယ်လှဟယ်ဖြစ်ကြောင်း သိရှိရပါသည်။ ယင်းအီနွယ်လဟယ်အား အစွဲပြု၍ မြို့တည်ရာတွင် "လှဟယ်" မြို့ဟု ခေါ်ဝေါ်ခဲ့ကြလေသည်။

လဟယ်မြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲ၍ ဝေးလံခေါင်းပါးသည့် နာဂတောင်တန်းပေါ်တွင် တည်ရှိသဖြင့် ဒေသခံ နာဂတိုင်းရင်းသားများသည်လည်း စာတတ်မြောက်မှုမရှိသလောက် နည်းပါးကာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျလျက်လူနေမှုအဆင့်အတန်း နိမ့်ကျခဲ့ပါသည်။ တောင်ကုန်းတောင်တန်းများတွင် နေထိုင်ကြ၍ အခြားဒေသနှင့် ဆက်သွယ်မှုကင်းကွာခဲ့ရပါသည်။

၁၉၄၆ ခုနှစ်တွင် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသည် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလအဖွဲ့ချုပ်ကြီး၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် ကြိုးပမ်းလှုပ်ရှားကြသော အချိန်တွင် လဟယ်နယ်ရှိ အချို့သောနာဂလူကြီးများသည် ခန္တီးမြို့ရှိ ဖဆပလအဖွဲ့နှင့် ပူးပေါင်းကာ လှုပ်ရှားခဲ့ကြောင်းသိရှိရပါသည်။ ၁၉၄၉ ခုနှစ်တွင် ပြည်ထောင်စုမြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံ ဖဆပလအစိုးရ၏ အနောက်မြောက်နယ်စပ်တောင်တန်းဒေသ အထူးစုံစမ်းရေးကော်မရှင် ဖွဲ့စည်းနိုင်ရေးအတွက် ခန္တီး၊ သောင်သွတ်၊ လေရှီးမြို့နယ်များနှင့် လဟယ်မြို့နယ်တို့မှ ကိုယ်စားလှယ်များအဖြစ် ဦးခါနူးလောင်ပီး (အုံ့ပေါ်ကျေးရွာ)၊ ဦးနောက်ကြူး (လောင်ကျိန်းနောက်ကုန်း)၊ ဦးအကွေး (ဂဟုန်းရွာ) တို့သည် ရန်ကုန်မြို့သို့ သွားရောက်ကြပြီး လဟယ်မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကိစ္စအဝဝကို ဖဆပလအစိုးရထံ တင်ပြဆွေးနွေးခဲ့သည်ဟု သိရှိရပါသည်။

ယနေ့ လဟယ်မြို့နယ်၏အနေအထားမှာ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၄ မိနစ်နှင့် ၉၅ ဒီဂရီ ၅. မိနစ်အကြား၊ မြောက်လတ္တီတွဒ် ၂၅ ဒီဂရီ ၄၀ မိနစ်နှင့် ၂၆ ဒီဂရီ ၄၂ မိနစ်အကြားတွင် တည်ရှိပါသည်။ အရှေ့ဘက်ခန္တီးနယ်၊ မြောက်ဘက်နန်းယွန်းနယ်၊ တောင်ဘက်လေရှီးနယ်၊ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံတို့ တည်ရှိပါသည်။ ဧရိယာစတုရန်းမိုင်ပေါင်း ၁၅၅၃ ဒသမ ၂၇၇ မိုင် ကျယ်ဝန်းပြီး လူဦးရေ ၄၉၁၂၆ ဦး နေထိုင်ပါသည်။ လိုင်းနောင်မျိုးနွယ်စု ၂၈ ရွာ၊ မကျန်မျိုးနွယ်စု ၁၃ ရွာ၊ ကျန်း/ကားရော်မျိုးနွယ်စု ၁၆ ရွာ၊ နောက်အော်မျိုးနွယ်စု ၁၀ ရွာ၊ ဂုဏ်ဝပ်/မာနောက်မျိုးနွယ်စု ၁၉ ရွာနှင့် တိုင်းမြေမျိုးနွယ်စု ၁၈ ရွာတို့ရှိသည်။ မြို့ပေါ်ဌာနဆိုင်ရာဝန်ထမ်းအနည်းငယ်မှအပ တစ်မြို့နယ်လုံးတွင် နာဂလူမျိုးများ နေထိုင်ကြပါသည်။ ရပ်ကွက် (၂) ကွက်၊ ကျေးရွာအုပ်စု ၁၂ အုပ်စုနှင့် ကျေးရွာပေါင်း ၉၆ ရွာ ရှိပါသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း – ၈
## "လေရှီးနယ်"

သမိုင်းဦးကာလ မြန်မာဘုရင်များ အုပ်ချုပ်ခဲ့သည့် ကာလမှ ၁၉၁၆ ခုနှစ်အထိ ဒေသနယ်မြေအလိုက် ရိုးရာမျိုးနွယ်စု အကြီးအကဲများက တာဝန်ယူအုပ်ချုပ်ခဲ့ကြပါသည်။ ၁၉၁၇ ခုနှစ်တွင် အင်္ဂလိပ်များ လေရှီးနယ်အတွင်းသို့ ဝင်ရောက်လာပြီး လေရှီးမြို့၏ အနောက်တောင် ထိန်ကုတ်ကျေးရွာတွင် စတင်စခန်းချ နေထိုင်အုပ်ချုပ်လာခဲ့ပါသည်။ ၁၉၂၃ ခုနှစ်တွင် ထိန်ကွတ်မှ လေရှီးမြို့သို့ ပြောင်းရွှေ့ပြီး လေရှီးမြို့ကို စတင်တည်ထောင်ခဲ့ပါသည်။ လေရှီးဟူသော ဝေါဟာရသည် ဒေသခံတိုင်းရင်းသားများ၏ မျိုးနွယ်စုအလိုက် ခေါ်ဝေါ်သောဝေါဟာရဖြစ်ပါသည်။ တွန်ကွန်နာဂလူမျိုးတို့က လေရှီးကို မြေခြောက်ဟူ၍လည်းကောင်း၊ ပါရာနာဂလူမျိုးများက သဲဝဲစားမြေဟူ၍လည်းကောင်း၊ မကူရီနာဂလူမျိုးများက ကြိုးကြားဟူ၍လည်းကောင်း၊ ကြိုးကြားလူမျိုးများနေထိုင်သောနေရာဟု အဓိပ္ပာယ်ရလေသည်။ ကူကီးချင်းမျိုးနွယ်စုတို့က မြေနီဟူ၍လည်းကောင်း အဓိပ္ပာယ်မှာ မြေနီမြေခြောက်ဟူ၍လည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



အဆင့်ဆင့်ခေါ်တွင်လာပြီး နောက်ဆုံးတွင် လေရှိုးဟု ခေါ်ဝေါ်လာခြင်းဖြစ်သည်ဟု သိရပါသည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် လေရှိုးမြို့နယ်သည် မြို့နယ်ခွဲအဆင့်ဖြင့် ဟူမွလင်းမြို့နယ် နယ်ပိုင်ဝန်ထောက်၏လက်အောက်တွင် လက်ထောက်မြို့ပိုင်ရုံးစိုက်၍ အုပ်ချုပ်ခဲ့ပါသည်။ တော်လှန်ရေးကောင်စီတက်လာပြီးနောက် ၁၉၆၅ ခုနှစ်တွင် လေရှိုးမြို့နယ်ခွဲကို ဟူမွလင်းမြို့နယ်မှ ခွဲထွက်လျက် သီးခြားမြို့နယ်အဆင့်သို့ တိုးမြှင့်သတ်မှတ်ခဲ့ပါသည်။

လေရှိုးနယ်အတွင်းရှိ လူဦးရေအနက် တန်ကွန်နာဂမျိုးနွယ်စုသည် အများဆုံးဖြစ်ပြီး လူဦးရေ ၅၀ ရာခိုင်နှုန်းဖြစ်ပါသည်။ တန်ကွန်လူမျိုးနွယ်စုများသည် အများအားဖြင့် လေရှိုးမြို့နယ်၏အနောက်ဘက်ခြမ်းတွင် အခြေချနေထိုင်ကြပါသည်။ ကျေးရွာအုပ်စု (၈) အုပ်စုနှင့် ကျေးရွာ ၁၇ ရွာတွင် နေထိုင်ကြပါသည်။ ယင်းအုပ်စုများမှာ တိန်ကွတ်၊ ဆွမ္မရာ၊ ဖွန်သရက်၊ ပန်ဆပ်၊ ကုံကိုင်လုံ၊ ကူကီး၊ နမ်ယူပါနှင့် ဒိန်းကလိန်းအုပ်စုရှိ ရေတောင်ကျေးရွာတို့ ဖြစ်ပါသည်။ ယင်းတန်ကွန်နာဂများသည် နတ်ကိုးကွယ်မှုနှင့် ခရစ်ယာန်ဘာသာ ကိုးကွယ်ကြပါသည်။

မကူရီနာဂမျိုးနွယ်စုသည် လူမျိုးအားလုံး၏ ၂၀ ရာခိုင်နှုန်းဖြစ်ပါသည်။ ယင်းမျိုးနွယ်စုသည် ချယ်ယာ၊ မှော်ရိ၊ ဆော်ပါးမီး၊ ဝမ်းဘဲ၊ ထိန်ပါရန်၊ လှန်လိုင်လှ၊ လေထိန်အုပ်စု

www.burmeseclassic.com

ww.burmeseclassic.com





နာဂဒေသ၏ မြို့ပြကျေးလက်တိုးတက်မှုများ



ww.burmeseclassic.com

www.burmeseclassic.com



များတွင် နေထိုင်ကြပါသည်။ မကူရီနာဂများသည် ယခင်က နတ်ကိုးကွယ်မှုရှိခဲ့ကြသည်။ သို့ရာတွင် မြေပြန့်ဒေသတို့တွင် ဘုရားစေတီပုထိုးများ တူးဖော်ရာတွင် မကူရီနာဂရိုးရာပစ္စည်းများ ဌာပနာထားကြောင်း တွေ့ရှိရခြင်းအားဖြင့် မြေပြန့်ဒေသနေ မကူရီနာဂများသည် ဗုဒ္ဓဘာသာကိုးကွယ်မှု ရှိကြသော်လည်း တောင်ပေါ်ဒေသနေ မကူရီနာဂများမှာမူ ခရစ်ယာန်ဘာသာနှင့် နတ်ကိုးကွယ်ကြပါသည်။

ပါရာနာဂများသည် လူဦးရေ၏ ၅ ရာခိုင်နှုန်းသာ ရှိပါသည်။ ယင်းတို့သည် ဒိန်းကလိန်းအုပ်စုအတွင်းရှိ ဒိန်းကလိန်း စံပြ၊ ဒိန်းကလိန်းအဝေး၊ ဆပ်ပြာ ပိန္နဲကုန်း၊ တီးကွန်ရွာမ ကျေးရွာများတွင်လည်းကောင်း၊ လေရှိုးမြို့ပေါ်ရှိ အမှုထမ်းရပ်ကွက်၊ မြို့မရပ်ကွက်များတွင်လည်းကောင်း၊ ရန်ခွေးကျေးရွာ၊ လေထိန်ကျေးရွာများတွင်လည်းကောင်း နေထိုင်ကြပါသည်။ ရှေးအခါက ပါရာနာဂမျိုးနွယ်စုများသည် နတ်ကိုးကွယ်ခဲ့ကြသော်လည်း ယခုအခါ ခရစ်ယာန်ဘာသာ၊ ဗုဒ္ဓဘာသာများ ကိုးကွယ်ကြပြီး နတ်ကိုးကွယ်မှုမှာ ပပျောက်လုနီးဖြစ်ပါသည်။

ကူကီးချင်းမျိုးနွယ်စုများ အများစုနေထိုင်ကြသော ကျေးရွာအုပ်စုများမှာ ထိန်ပါရန်၊ မိုဒွန်ဖိုင်၊ ဆုံအင်ရန်၊ ရန်ခွေး၊ တိန်နယ်လျှံ၊ မွန်ကိုင်လင်၊ ဘန်းကလား၊ မော်နွမ်း၊ မိုပိုင်းလှယ်၊ ရှန်းဖဲ၊ လှန်လိုင်လှ၊ တီးကွန်ရွာသစ်တို့ ဖြစ်ကြပါသည်။ ကူကီးချင်းမျိုးနွယ်စုသည် ၁၉၂၀ ခုနှစ် မတိုင်မီက နတ်ကိုးကွယ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ကြပါသည်။ ၁၉၂၁ ခုနှစ်မှစ၍ တီးကွန်ရွာမနေ ဦးထန်ရမ်းသည် အိန္ဒိယနိုင်ငံတွင် နှစ်ခြင်းခံယူခဲ့ပြီး ခရစ်ယာန်ဘာသာကို စတင်ပေါက်ကြားခဲ့သည်မှစ၍ လေရှီးမြို့နယ်အတွင်းရှိ ကူတီးချင်းမျိုးနွယ်စုအတွင်းသို့ ခရစ်ယာန်ဘာသာ ရောက်ရှိခဲ့ပါသည်။

လေရှီးနယ်၏ တည်နေရာ အတိအကျမှာ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီနှင့် ၉၅ ဒီဂရီအကြား၊ မြောက်လတ္တီတွဒ် ၂၅ ဒီဂရီ ၁၅ မိနစ်နှင့် ၂၅ ဒီဂရီနှင့် ၄၅ မိနစ်ကြားတွင် တည်ရှိပါသည်။ အရှေ့ဘက်တွင် ဟုမ္မလင်းမြို့နယ်၊ မြောက်ဘက်တွင် လဟယ်မြို့နယ်၊ တောင်ဘက်တွင် တမူးမြို့နယ်နှင့် အနောက်ဘက်တွင် အိန္ဒိယနိုင်ငံနှင့် နယ်နိမိတ်ထိစပ်လျက်ရှိပါသည်။

အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၁၀၅၇ ဒသမ ၂၀၉ မိုင် ကျယ်ဝန်းသည်။ ရပ်ကွက် ၂ ကွက်၊ ကျေးရွာအုပ်စု ၂၂ အုပ်စု၊ ကျေးရွာပေါင်း ၇၇ ရွာ ရှိသည်။ လူဦးရေ စုစုပေါင်း ၁၈၂၇၉ ဦး ရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း – ၉

## "နန်းယွန်းနယ်"

၁၉၄၆ ခုနှစ်၊ အင်္ဂလိပ်နယ်ချဲ့အစိုးရလက်ထက် နာဂ အမျိုးသား ဦးဆွမ်ဘောအား တောင်အုပ်ရာထူးခန့်အပ်ပြီး ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်၏ လက်အောက်ခံအဖြစ် တဂစ်ကျေးရွာတွင် ရုံးဖွင့်လှစ်စေခဲ့ပါသည်။ လက်ရှိ နန်းယွန်း မြို့နယ်နှင့် ၇ မိုင်ခန့် ကွာဝေးသည်ဟု သိရပါသည်။ ယင်း ပုဂ္ဂိုလ်အား ပန်ဆောင်တိုက်နယ်နှင့် လုံခေါင်းနယ်မြေအထိ တစ်စိတ်တစ်ဒေသ အုပ်ချုပ်စေခဲ့ပါသည်။

၁၉၅၄ ခုနှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့တွင် တောင်အုပ် ဦးဆွမ်ဘောသည် ကချင်ပြည်နယ် ဟူးကောင်းနယ်မြေတွင် ကွယ်လွန်ခဲ့ပါသည်။ ထိုအခါ နာဂတိုင်းရင်းသားများသည် မိမိ ဒေသအား ကချင်ပြည်နယ်၊ ကာမိုင်းမြို့နယ်၏လက်အောက်ခံ အဖြစ် အုပ်ချုပ်ခြင်းကို ကန့်ကွက်ခဲ့ကြပါသည်။ ကချင်ပြည်နယ် ကာမိုင်းမြို့နယ်မှ ခွဲထွက်၍ ပြည်မနယ်မြေသို့ ထည့်သွင်း ပေးရန် နိုင်ငံတော်သို့ တောင်းဆိုခဲ့ကြပါသည်။ ထိုအချိန်မှ စ၍ နန်းယွန်းမြို့နယ်သည် စစ်ကိုင်းတိုင်းအတွင်း ပါဝင်လာ ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၅၅ ခုနှစ်တွင် စစ်ကိုင်းတိုင်း၏ မြို့နယ်ရုံးစိုက်ရာအဖြစ် ဒုံတီးကျေးရွာ၌ ရုံးထပ်မံ ဖွင့်လှစ်၍ မြို့ပိုင်တစ်ဦးဖြင့် အုပ်ချုပ်စေခဲ့ပါသည်။ သို့သော် အဆိုပါ ကျေးရွာသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည်ဟု ယူဆ၍ နန်းယွန်းသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။

တည်နေရာအတိအကျမှာ မြောက်လတ္တီတွဒ် ၂၆ ဒီဂရီနှင့် ၂၇ ဒီဂရီအကြား၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒီဂရီနှင့် ၉၇ ဒီဂရီအကြားတွင် တည်ရှိပြီး အရှေ့နှင့် အရှေ့မြောက်ဘက်တွင် ကချင်ပြည်နယ် တနိုင်းမြို့နယ်၊ ပူတာအိုတို့နှင့် ဆက်စပ်နေပါသည်။ တောင်ဘက်နှင့် အနောက်တောင်ဘက်တွင် ခန္တီးမြို့နယ်၊ လဟယ်မြို့နယ်တို့နှင့် ဆက်စပ်နေပါသည်။ အနောက်ဘက်တွင် အိန္ဒိယနိုင်ငံ ဂူနာချယ်ပရာဒစ်(ခ်) ကချင်ချန်လန်းခရိုင်တို့နှင့် ဆက်စပ်နေပါသည်။ အကျယ်အဝန်းမှာ- ၂၅၅၅ ဒသမ ၇၂ စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟိုင်းမြေနာဂတိုင်းရင်းသား အများစုနေထိုင်ကြပြီး ၉၈ ရာခိုင်နှုန်းကျော် ဖြစ်ပါသည်။ မြို့ပေါ် ၃ ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၇ အုပ်စု၊ ကျေးရွာပေါင်း ၁၀၆ ရွာတွင် လူဦးရေစုစုပေါင်း ၄၀၃၉၁ ဦး နေထိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၀

## "ခရီးဒေသ အမိန့်ကြော်ငြာနှင့် ဥပဒေများ"

## "သောင်သွတ်နှင့် ဇင်လိန်းခရီး ဥပဒေနှင့်တရားစီရင်ရေးအမိန့်"

သောင်သွတ်နှင့် ဇင်လိန်း ခရီးဥပဒေနှင့် တရားစီရင်ရေး အမိန့်ကို ၁၉၂၆ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် ကြေငြာချက် အမှတ် ၃၅ ဖြင့် ကြေငြာခဲ့ပါသည်။

ယင်းအမိန့်သည် ဥပဒေမဟုတ်သော်လည်း ဥပဒေကဲ့သို့ အကျယ်အပြန့်အပ်နှင်းခြင်းနှင့် လုပ်ထုံးလုပ်နည်းတစ်ရပ်ကို ပြဋ္ဌာန်းလိုက်ခြင်း ဖြစ်သည်။ အခန်း (၁) တွင် အမည်နှင့် အာဏာတည်မှု၊ အခန်း (၂) တွင် စော်ဘွားနယ်ဒေသတွင် အာဏာသက်ရောက်ရမည့် ဥပဒေများကို ဖော်ပြထားသည်။ (ယင်းဖော်ပြထားသော ဥပဒေများမှတစ်ပါး ဤစော်ဘွားနယ် တွင် အခြားဥပဒေအကျိုး မသက်ရောက်ပါ။) စော်ဘွား အာဏာနှင့် တာဝန်များမှာလည်း ပုဒ်မ (၄) အပိုဒ်ခွဲ (၁) တွင် စော်ဘွားသည် ၎င်းတို့၏နယ်မြေတွင် တရားမမှုဖြစ်စေ၊ ရာဇဝတ်မှုဖြစ်စေ၊ အခွန်ကောက်မှုဆိုင်ရာဖြစ်စေ မှုခင်း



www.burmeseclassic.com

www.burmeseclassic.com



အရပ်ရပ်ကို ဒေသဆိုင်ရာ မလေ့ထုံးစံအရ စူပရိတင်းဒင့် (အထက် ချင်းတွင်းခရိုင်ဝန်) ၏ လမ်းညွှန်မှုဖြင့် အုပ်ချုပ်ရမည်။ အပိုဒ်ခွဲ (၂) တွင် ကြီးလေးသော ပြစ်မှုများများကို ပြည်နယ်အကြီးအကဲထံမှ ပြစ်ဒဏ်စီရင်သော ပြစ်မှုအတွက် ပြစ်မှုကျူးလွန်ပါသည်ဟု အတိအလင်းအမိန့်ချမှတ်ရမည့် အပြင် ၎င်းအမိန့်ကို စူပရိတင်းဒင့်မှ အတည်ပြုသောအခါမှသာ ကြီးလေးသောပြစ်မှုများအတည်ဖြစ်ရမည် စသည်ဖြင့် ပါရှိသည်။ ၎င်းပြင် အမှုစစ်ဆေးပုံ စစ်ဆေးနည်းများ၊ ကျင့်ထုံးများကို သတ်မှတ်ပေးခြင်းသာ ဖြစ်သည်။ စော်ဘွားနယ်ကို လွတ်လပ်သော ပြည်နယ်ပေးခြင်းမဟုတ်၊ စစ်ကိုင်းတိုင်းမင်းကြီး (ကော်မရှင်နာ) အထက်ချင်းတွင်းခရိုင်ဝန် (စူပရိတင်းဒင့်)၊ ဟုမ္မလင်းဝန်ထောက် (လက်ထောက် စူပရိတင်းဒင့်) တို့၏ လက်အောက်တွင် ၎င်းတို့၏လမ်းညွှန်မှုဖြင့် အုပ်ချုပ်ရန် ပေးထားသော အမိန့်အာဏာများ ဖြစ်သည်။

အာဏာသက်ရောက်သည့် ဥပဒေများမှာ အခန်း (၃) တွင် ရာဇသတ်ကြီး ကြိမ်ဒဏ်ဥပဒေ (၁၉၀၉)၊ ကျမ်းကျိန်ဥပဒေ (၁၈၇၃)၊ အကျဉ်းချဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ စသည်များ ပါဝင်သည်။ ၎င်းပြင် အယူခံရက် သတ်မှတ်ချက်များ စသည်တို့ပါဝင်သည်။

## ၁၈၉၆ ခုနှစ် ချင်းတောင်တန်း ရီဂူလေးရှင်း

ချင်းတောင်တန်း ရီဂူလေးရှင်းဥပဒေမှာ ၁၈၉၆ ခုနှစ်တွင် အထက်မြန်မာပြည် ချင်းတောင်တန်းအတွက် အုပ်ချုပ်ရေး

www.burmeseclassic.com

www.burmeseclassic.com



ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။ ၎င်းဥပဒေတွင် အခန်း ၇ ခန်း ဖွဲ့စည်း၍ ပုဒ်မပေါင်း ၄၁ ခု ပါဝင်သည်။

အခန်း (၁) တွင် အမည်နှင့် အာဏာသက်ရောက်သည့် နေ့ရက်ပါရှိပြီး ချင်းဆိုသည်မှာ လူရှည် (လူရိုင်း)၊ ကူကီး၊ နာဂ နှင့် မြန်မာပြည်တွင် မွေးဖွားပြီး ချင်းတောင်တန်းတွင် အမြဲ နေထိုင်သူများ၊ ချင်းယဉ်ကျေးမှု ဓလေ့ထုံးစံနှင့် ဘာသာစကား များကို သုံးစွဲသူများ ပါဝင်ကြောင်း ရှင်းလင်းထားပါသည်။

အခန်း (၃) တွင် သူကြီးများကို အာဏာအပ်နှင်းထား သည်။ ၎င်းတို့ ဓလေ့ထုံးစံအရ မှုခင်းများကို စီရင်ခြင်း၊ ချင်း ဓလေ့ထုံးစံအရ အထွေထွေကြီးကြပ်ကွပ်ကဲခြင်း၊ ဓလေ့ထုံးစံ အရ အခွန်ငွေများကောက်ခံခြင်း အာဏာများကို ပေးထား သည်။ ယင်းအာဏာများကို မလိုက်နာဘဲ ပျက်ကွက်ခဲ့လျှင် ပြစ်ဒဏ်များကို ချမှတ်နိုင်သည်။ သို့ရာတွင် ရက်စက်ကြမ်း ကြုတ်စွာ အဓမ္မညှဉ်းပန်းနှိပ်စက်သော ပြစ်ဒဏ်များကိုမူ လုံးဝ ပေးခွင့်မပြုကြောင်း ပြဋ္ဌာန်းထားသည်။

ထို့ပြင် သူကြီးများသည် အစိုးရအရာရှိများ အကူအညီ တောင်းပါက အစားအစာနှင့် အလုပ်သမားများကိုလည်း ဒေသ၏ နှုန်းထားတန်ဘိုးများ လက်ခံ၍ ကူညီဆောင်ရွက် ပေးရန် ပြဋ္ဌာန်းထားပါသည်။

အခန်း (၄) တွင် ချင်းတောင်တန်းဒေသကို အုပ်ချုပ် သည့်အရာရှိများအား တရားစီရင်ရေးအတွက် ပေးထားသည့် အာဏာများ ဖြစ်ပါသည်။ ရာဇဝတ်မှုနှင့် တရားမ စီရင်ပိုင်ခွင့်

www.burmeseclassic.com

www.burmeseclassic.com



တို့၏ လိုက်နာရမည့်ကျင့်ထုံးများ၊ အမှုရုပ်သိမ်းရေး နည်းလမ်းများ၊ ကျေးရွာများ၊ လူမျိုးစုများမှ ဖော်ပြထားသည့် ပြစ်မှုများ၊ ကျူးလွန်ပါက ပေးရမည့်အပြစ်ဒဏ် သတ်မှတ်ချက်များ၊ လူသတ်မှုများ၊ လူမျိုးနွယ်စုအချင်းချင်း တိုက်ခိုက်ခြင်းများ စသည်တို့ကို တားမြစ်သည့်အချက်များ ပါဝင်သည်။

အခန်း (၅) တွင်မူ လက်နက်များ၊ ခဲယမ်းမီးကျောက်များ၊ ဘိန်းများနှင့် သစ်တော စသည်တို့နှင့် ပတ်သက်သည့် အထူးစည်းကမ်းစည်းမျဉ်းများ၊ အရေးယူနည်းများ၊ ဘိန်းနှင့် ဆေးခြောက်များ တင်သွင်းခြင်း၊ စိုက်ပျိုးခြင်း၊ လက်ဝယ်ထားရှိခြင်း၊ ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းဆိုင်ရာ တားမြစ်ချက်များနှင့် နိုင်ငံခြားအရက်များ၊ အရက်ပျံများ ရောင်းချခြင်း၊ အရက်ပျံထုတ်လုပ်ခြင်းတို့နှင့်ပတ်သက်သည့် တားမြစ်ချက်များဖြစ်ပါသည်။

အခန်း (၆) တွင် အခွန်တော်စည်းကြပ်ကောက်ခံခြင်းနှင့် အခွန်တော်မကျေ၊ ကျန်ရှိသူများ ဒဏ်ငွေများ ပြဋ္ဌာန်းထားပါသည်။

အခန်း (၇) တွင် တရားစီရင်ရေးနှင့်ပတ်သက်၍ ရာဇဝတ်၊ တရားမမှု၊ အယူခံမှုများ၊ ပြင်ဆင်မှုများ၊ စည်းမျဉ်းစည်းကမ်းများ ပြဋ္ဌာန်းပိုင်ခွင့်နှင့်ပတ်သက်၍ လိုက်နာရမည့်အချက်များ၊ ၎င်းအပြင် အထွေထွေကြီးကြပ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ဖြစ်ပါသည်။

ယင်း ချင်းတောင်တန်း ဂူလေးရှင်း ၁၈၉၆ ခုသည် ယခင်က ချင်းတောင်တန်း (ယခု ချင်းပြည်နယ်) ကိုပါ အကျုံးဝင်စေ

www.burmeseclassic.com

ww.burmeseclassic.com



ခဲ့သော်လည်း ၁၉၄၈ ခုနှစ်တွင် ချင်းဝိသေသတိုင်း တရားလက်စွဲဥပဒေကို နိုင်ငံတော်အစိုးရမှ ပြဋ္ဌာန်းပြီးဖြစ်သောကြောင့် ချင်းပြည်နယ်အတွက် အသုံးမဝင်တော့ဘဲ နာဂတောင်တန်းဒေသတစ်ခုတွင်သာ တည်နေပါတော့သည်။

ခန္တီးနယ်တွင် ၁၉၂၆ ခုနှစ် သောင်သွတ်နှင့် ဇော်လိန်းဥပဒေတွင် တရားစီရင်ရေးရာ အပ်နှင်းထားသော အမိန့်နှင့် ၁၈၉၆ ခုနှစ် ချင်းတောင်တန်း ရီဂူလေးရှင်းတို့ဖြင့် အုပ်ချုပ်ခဲ့ကြောင်း၊ ၎င်းတို့၏ အနှစ်သာရမှာ ဒေသဆိုင်ရာလူမျိုးစုအကြီးအကဲများကို ဒေသဓလေ့ထုံးတမ်းစဉ်လာအရ အုပ်ချုပ်ခြင်းကို တာဝန်ပေးအုပ်ချုပ်စေခြင်း ဖြစ်ပါသည်။ သို့ရာတွင် ကြီးလေးသော မှုခင်းများကိုမူ အစိုးရမှခန့်ထားသည့် မြို့နယ်/ခရိုင်/တိုင်းအရာရှိများ၏ စီမံခန့်ခွဲမှု၊ တရားစီရင်မှုများအောက်မှာထားရှိကာ အုပ်ချုပ်စေသည်။ ကောင်းတိန်ကျေးရွာအုပ်စုမှာမူ ဤဥပဒေမှ ကင်းလွတ်ပြီး ပြည်မတွင် ပါဝင်ခဲ့လေသည်။

## စော်ဘွားများလက်ထက် အခွန်ကောက်ခံခြင်း

ခန္တီးနယ်တွင် အခွန်တော်ကို သဿမေအခွန်တော်ကောက်ခံပြီး နှစ်စဉ် လယ်ယာလုပ်ကိုင်သူ အိမ်ခြေအလိုက်တစ်အိမ်လျှင် ၁၀ ကျပ်၊ တောင်ယာလုပ်ကိုင်သူ တစ်အိမ်ထောင်လျှင် ၅ ကျပ်၊ တောင်ပေါ် နာဂများ တစ်အိမ် ၁ ကျပ်၊ မြို့တမ်းနဘေးတွင် နေထိုင်သော နာဂလူမျိုးများအတွက်

www.burmeseclassic.com

ww.burmeseclassic.com



တစ်အိမ် ၂ ကျပ်၊ ကူးကီးချင်းများ တစ်အိမ်လျှင် ၃ ကျပ် ကောက်ခံပါသည်။

အခြားအခွန်တော်များမှာ တူမီးသေနတ်တစ်လက် တစ်နှစ် ၂ ကျပ်၊ ခန္တီးနယ်မြေသို့ အောက်ပိုင်းနယ်မြေများမှ လာရောက်ကြသော သင်ဝါး၊ ကြိမ်၊ ရှုံး လာခုတ်လျှင် ၁၀ ခိုင် ၁ ခိုင် ခန္တီးမြို့ကို လာရောက်လုပ်ကိုင်ရောင်းကြသော ဖျာ၊ ဖယောင်း၊ ပျားရည်၊ ကြိမ်များ ၁၀ ခိုင် ၁ ခိုင် ကောက်သည်။ အောက်ပိုင်းနယ်များမှ နွေရာသီ လာရောက်လုပ်ကိုင်သော တံငါ (ရေလုပ်သား) များထံမှ ပိုက်ခွန်များလည်း ကောက်ခံသည်။ ကောက်ခံသည့်နှုန်းထားမှာ ဝဲပိုက် ၅ ကျပ်၊ ကာပိုက် ၁၀ ကျပ်၊ ချိပ်ပိုက် ၂၅ ကျပ်နှုန်း ဖြစ်သည်။ နောက်ပိုင်းတွင် ခန္တီး အရက်ဖြူဆိုင်ပါ ကောက်ပါသည်။ ပထမတွင် တစ်နှစ် ၃၀၀ ကျပ်မှ ၃၅၀ ကျပ်၊ ၄၀၀ ကျပ် - ၄၅၀ ကျပ်နှင့် နောက်ဆုံး ၅၀၀ ကျပ်အထိ ကောက်ခံခဲ့ပါသည်။

အခွန်အရပ်ရပ်အားလုံး နှစ်စဉ် ပျမ်းမျှ ၃၅၀၀ ကျပ် ရကြောင်း အစိုးရသို့ ကန်တော့ကြေးအဖြစ် တစ်နှစ်လျှင် ၁၀၀ ကျပ် (ကျပ်တစ်ရာ) ပေးသွင်းရပါသည်။ ၎င်းကို စူပရီတင်းဒင့်+ ခေါ် အစိုးရခန့်ထားသည့် ဝန်ထောက်ထံ နှစ်စဉ် ဧပြီလအတွင်း ပေးသွင်းရသည်။ ယင်းကန်တော့ကြေးကို ခန္တီးတွင် စူပရီတင်းဒင့် မရှိမီကာလက ဟုမ္မလင်းလက်ထောက် စူပရီတင်းဒင့်ထံ သွားရောက်ပေးသွင်းရကြောင်း သိရပါသည်။

+ Superintend

www.burmeseclassic.com

ww.burmeseclassic.com



(၆) လောင်ဆောက်၊ (၇) နတ်ကုန်း၊ (၈) ကာဝိုင်၊ (၉) လန်လယ်လေး၊ (၁၀) ပါစောင်၊ (၁၁) စိန်လာ၊ (၁၂) စောင်လင်ရွာသစ်၊ (၁၃) စောင်လင်ရွာဟောင်း (၁၄) စွန်းကို၊ (၁၅) လောင်ကောက်၊ (၁၆) မယ်ပုတ် (၁၇) မောင်းတဲ (၁၈) လယ်ကိုကို (၁၉) ကောင်းခေါင် (၂၀) ဟင်ဘရူ (ဟင်ဒူး)၊ (၂၁) ခမောင်းရွာ၊ (၂၂) မော်လောရွာ၊ (၂၃) ဝနိုင်းရွာ၊ (၂၄) ပါရှိုးရွာ၊ (၂၅) ပါတွန်ရွာတို့ ဖြစ်ကြသည်။

| | | |
|---|---|---|
| စုစုပေါင်း | ရှမ်း | (၁၃) ရွာ |
| | ကချင် | (၂) ရွာ |
| | ချင်း | (၄) ရွာ |
| | မြစ်ရိုး နာဂ | (၄) ရွာနှင့် |
| | တောင်ပေါ် နာဂ | (၂၅) ရွာ။ စုစုပေါင်း |

(၄၈) ရွာ ဖြစ်ပါသည်။

ကျန်ကျေးရွာများမှာ ခရိုင်ဝန်အုပ်ချုပ်သော ကျေးရွာများဖြစ်ကြပါသည်။ ဤဆင်းကလိန်း ခန္တီးစော်ဘွားစာ နယ်မြေမှာ ဘိုးတော်ဘုရားမှစသည့် မြန်မာဘုရင်များ လက်ထက်တော်အခါက နယ်မြေမဟုတ်ဘဲ မြန်မာနိုင်ငံ တစ်ဝန်းလုံး ဗြိတိသျှကိုလိုနီဘဝကျရောက်လာသောအ မလင်းမှဉရုချောင်းအထိ ကျေးရွာနယ်ပယ်များက စော်ဘွား နယ်မြေအဖြစ် မနေလိုကြောင်း အထက်အာဏာပိုင်များထံ လျှောက်ထားကြသဖြင့် အောက်ပိုင်းမင်း ဆင်အယ်နှ

www.burmeseclassic.com

www.burmeseclassic.com



နမ့်သင်္ဂိုက်ချောင်းအထိသာ စော်ဘွားနယ်မြေအဖြစ် သတ်မှတ်ခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ခရစ် ၁၈၈၉ ခုနှစ်တွင် မြန်မာနိုင်ငံတစ်ဝန်းလုံးကို သိမ်းပိုက်ပြီးသော ဗြိတိသျှအာဏာပိုင်တို့သည် ချင်းတွင်းမြစ်ကြောင်းအတိုင်း ဆန်တက်လာပြီးလျှင် ဆင်ကလိန်း ခန္တီးနယ်ရှင်စော်ဘွားကြီးနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ အသာတကြည်တွေ့ဆုံ ဆွေးနွေးပြီးရာမှ ဗြိတိသျှအာဏာပိုင်များနှင့် စော်ဘွားကြီးများဆက်ဆံရေး ထုံးတမ်းစဉ်လာဥပဒေအရ ဗြိတိသျှအာဏာပိုင်များက လက်ခံပြီးလျှင် လက်ရှိနယ်ရှင်စော်ဘွားကြီးကိုပင် ၁၈၉၁ ခုနှစ်တွင် စော်ဘွားအာဏာအပြည့်အဝအပ်နှင်းလျက် အသိအမှတ်ပြု ကြေငြာခဲ့လေသည်။ ထိုစဉ်အခါက လက်ရှိစော်ဘွားကြီးမှာ (၈) ဆက်မြောက် စပ်ဖ-စပ်ညီ-တောင် ဖြစ်လေသည်။

ထို့နောက် ဇင်လိန်း ခန္တီးနယ်အား ဗြိတိသျှအစိုးရက စော်ဘွားပိုင်တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့သော်လည်း၊ ၎င်းတို့အုပ်ချုပ်ရေး နည်းပရိယာယ်အရ ဇင်လိန်း ခန္တီးနယ်အား မြို့နယ်တစ်ခုအဖြစ် သဘောထားလျက် စစ်ကိုင်းတိုင်းမင်းကြီးအောက် တိုက်ရိုက်အုပ်ချုပ်ခဲ့လေသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

ww.burmeseclassic.com

အခန်း - ၁၁

## "နာဝဒေသ ဖွံ့ဖြိုးရေးစီမံကိန်း"

## "အလှသစ်မြေ"

* သူတို့ဒေသ၊ အခြေချခိုက်
ပြည်မနှင့်မူ၊ ဘယ်မတူသည့်
ယူဆတွေးခေါ်၊ မြင်အမြော်ကြောင့်
ကျွန်တော် စိတ်ပျက်မိပါသည်။ ။

* စားဝတ်နေမှု၊ ဘာတစ်ခုမျှ
အတုအပ၊ မရှိကြသို့
နောက်ကျရှေးဆန်၊ အရိုးခံနှင့်
ကျန်ရစ်နေဆဲ၊ အိပ်ပျော်မြဲ။ ။

* နေရာတကျ၊ ခြေမချဘဲ
ရရစားစား
သွားသွားနေနေ၊ ဘဝသေဖြင့်
ရေသာများ၍ ငါးမတွေ့သို့
ရွှေ့ပြောင်းတောင်ယာ၊ စိုက်ကွက်ရှာကြ။ ။

* တောနင်းချုံတိုး
မျှစ်ချိုး မှိုရှာ၊ ဝမ်းအစာတွက်



www.burmeseclassic.com

www.burmeseclassic.com



တံငါမုဆိုး၊ အလုပ်မျိုးဖြင့်
ရိုးရာအလိုက်၊ သူတို့စရိုက်နှင့်
နှစ်ခြိုက်ကျေနပ်၊ အနေတတ်ကြ။ ။

* ဤယနေ့သော်၊ နိုင်ငံတော်က
မြော်မြင်တွေးရှု၊ ပြည်သူ့ဘဝ
ပွဲသစ်လှအောင်၊ အေးမြငြိမ်းချမ်း
တောင်ပေါ်ပန်းတွေ၊ လန်းလို့ဝေအောင်
နယ်မြေစွန်ဖျား၊ တောင်စွယ်ကြားသို့
ကားလမ်းသွယ်ဖောက်၊ တံတားဆောက်နှင့်
တောက်ပနေခြည် ဝင်းလက်ပြီ။ ။

* နယ်စပ်ဒေသ၊ ပန်းမျိုးချ၍
ပညာပျိုးခင်း၊ နုပျိုဝင်းအောင်
သင်းရန့်ဝေ၊ နာဂမြေသည်
အခြေသစ်ထွန်း ခဲ့ချေပြီ။ ။

* လူမှုစီးပွား၊ တိုးမြှင့်မားလျက်
စုအားဟစ်ကြွေး၊ ပြည်သူ့တေးလည်း
ချိုတေးသံသာ၊ ပျံ့လွင့်ဖြာပြီ။ ။

* တောင်မြက့်မားပတ်၊ ခြေစုံရပ်ကာ
ကြည့်မိပါသော်၊ သွားလာရေးခက်
ဆက်သွယ်မှုဝေး၊ ယခင်ရှေးမှ
မနှေးအမြန်၊ အားသစ်မာန်ဖြင့်

www.burmeseclassic.com

ww.burmeseclassic.com



ရှင်သန်ခြေလှမ်း၊ ခေတ်တစ်ခန်းသည်
ပွင့်လန်းခဲ့ပါပြီတကား။ ။

မောင်လွန်းမြိုင် (ပင်လယ်ဘူး)

## နာဂတောင်တန်း ဘဝသစ်စီမံကိန်း

၁၉၅၂ - ၅၃ ခုနှစ်စတင်၍ လူထုပညာရေးကောင်စီမှူးကြီးမှူး၍ နာဂတောင်တန်း ဘဝသစ်စီမံကိန်းကို ခန္တီးမြို့မှ ၇ မိုင်ခန့်ဝေးသော ဟတ္တိကျေးရွာတွင် ဆောင်ရွက်ခဲ့ပါသည်။ ဤသည်မှာ နာဂတောင်တန်း ဒေသဖွံ့ဖြိုးရေးအတွက် အစအဦး စတင်ဆောင်ရွက်ခဲ့သော သမိုင်းဝင်စီမံကိန်း ဆောင်ရွက်မှုဖြစ်ပါသည်။

နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ဟတ္တိစံပြကျေးရွာကို တည်ဆောက်ခဲ့ကြပါသည်။ ခန္တီးခရိုင်ဝန် မစ္စတာ R.W မန်းက ဥက္ကဋ္ဌတာဝန်ယူပြီး ဘဝသစ်အဖွဲ့ခေါင်းဆောင်က အတွင်းရေးမှူးအဖြစ် တာဝန်ယူကာ ဆောင်ရွက်ကြပါသည်။

စံပြရွာတွင် ပျဉ်ထောင်ပျဉ်ခင်း၊ သွပ်မိုးအိမ် ၁၅ လုံး ဆောက်လုပ်ခဲ့သည်။ အဆိုပါ နာဂဟတ္တိစခန်း ဘဝသစ်ဖန်တီးရေးအဖွဲ့တွင် (၁၈) ဦး ပါဝင်ခဲ့ပါသည်။

၁၉၅၃ - ၅၄ ခုနှစ်တွင် လေရှီးမြို့တွင်လည်း ဘဝသစ်စီမံကိန်းကို ဆောင်ရွက်ခဲ့ပါသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း နာဂတောင်တန်းဒေသတွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ပထမဆုံး ဆောင်ရွက်မှုများ ဖြစ်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**ပထမဆုံးသော မော်တော်ကားလမ်း**

၅၆ မိုင်ရှည်လျားသော ခန္တီး - ဆင်သေ - လဟယ်ကား လမ်းကို ၁၉၅၂ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပါသည်။ မြေသားလမ်းကြမ်းသာ ဖြစ်ပါသည်။ တော်လှန်ရေးကောင်စီမှ လမ်းစဉ်ပါတီခေတ်အကူး ၁၉၇၄ ခုနှစ်တွင် ကားလမ်းကိုပြုပြင်ဖောက်လုပ်ခဲ့ပြီး ကုန်သွယ်ရေး စုပုံကုန်ပစ္စည်းများကို ကားဖြင့် သယ်ယူစုပုံနိုင်ခဲ့လေသည်။

ထမံသိ - လေရှီးလမ်းကိုလည်း တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၇ ခုနှစ်မှစ၍ ဖောက်လုပ်ခဲ့သည်။ ၁၉၇၀ ပြည့်နှစ်တွင် ထမံသိရွာအနီး (၁) မိုင်စခန်း ဖွင့်လှစ်၍ လမ်းကို ပြုပြင်ဖောက်လုပ်ခဲ့သည်။ လမ်းအရှည် ၄၆ မိုင်ရှိပါသည်။

ဤသည်တို့မှာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက်မတိုင်မီ နာဂဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ခဲ့မှု ဖြစ်ပါသည်။

**နာဂဒေသဖွံ့ဖြိုးရေးစီမံကိန်း**

နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုရေး အဆင့်အတန်း မြင့်မားရေးအတွက် နယ်စပ်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ၁၉၈၉ ခုနှစ်မှ ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့အထိ သုံးစွဲခဲ့သည့် ငွေကြေး ပမာဏမှာ ၂၅၈၁၅ ဒသမ ၁၁ သန်း ရှိနေပြီ ဖြစ်လေသည်။ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးအကောင်

www.burmeseclassic.com

ww.burmeseclassic.com



အထည်ဖော်နေသော ဒေသများမှာ ကချင်အထူးဒေသ (၁)၊ ကချင်အထူးဒေသ (၂)၊ ကိုးကန့်ဒေသ၊ ဝဒေသ၊ ရှမ်းဒေသ၊ ကချင်အရှေ့မြောက်ဒေသ၊ ပလောင်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ၊ ဟိုမိန်းဒေသ၊ မုံးထော် - မုံးဝေဒေသ၊ မော်ဖဒေသ၊ ပအိုဝ့်ဒေသ၊ ကယားဒေသ၊ ရခိုင်ဒေသ၊ ချင်းဒေသ၊ နာဂဒေသ၊ ကဘော်ဒေသ၊ ကရင်ဒေသ၊ တနင်္သာရီဒေသနှင့် မွန်ဒေသတို့ ဖြစ်ကြပါသည်။

နိုင်ငံတော်အစိုးရ၏ အဓိကရည်မှန်းချက်ပန်းတိုင်မှာ နိုင်ငံတော်အတွင်းရှိ ဒေသများအားလုံး ညီညွတ်မျှတစွာ ဖွံ့ဖြိုး




နာဂဒေသ၏ တိုးတက်နေသော ဆက်သွယ်ရေး၊ ရေအားလျှပ်စစ်၊ သမ်းပန်းဆက်သွယ်မှု

www.burmeseclassic.com

www.burmeseclassic.com








နာဂဒေသ၏ ပြည်သူ့ဆက်ဆံရေးတိုးတက်မှုများ

www.burmeseclassic.com

ww.burmeseclassic.com







နာဂဒေသ၏ ပညာရေး၊ ကျန်းမာရေး တိုးတက်လာမှုများ

www.burmeseclassic.com

www.burmeseclassic.com



တိုးတက်စေရန်နှင့် မြို့ပြနှင့် ကျေးလက်ဒေသများအကြား ကွာခြားမှုကို ဖြစ်နိုင်သမျှ ကျဉ်းမြောင်းလာစေရန် ဖြစ်သည်။ ထို့ကြောင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း ဒေသ ၁၈ ခုအနက် စစ်ကိုင်းတိုင်းအတွင်း၌ ၂ ခုပါဝင်နေသည်ကို တွေ့ရပါသည်။ အဆိုပါဒေသနှစ်ခုမှာ ကဘော်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့် နာဂဒေသဖွံ့ဖြိုးရေးစီမံကိန်းများ ဖြစ်ကြပါသည်။ နာဂဒေသဖွံ့ဖြိုးရေးစီမံကိန်းဝင် မြို့နယ် ၅ ခုပါဝင်ပါသည်။ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ်၊ နန်းယွန်းမြို့နယ်များ ဖြစ်ကြပါသည်။ ခန္တီးမြို့နယ်သည် ၃၁၆၅ ဒသမ ၄၅ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ ၃၆၅၁၀ ဦး၊ ဟုမ္မလင်းမြို့နယ်သည် ၄၃၃၃ ဒသမ ၁၇ ကျယ်ဝန်းပြီး လူဦးရေ ၁၆၇၈၁၈ ဦး၊ လေရှီးမြို့နယ်သည် ၁၀၅၀ ဒသမ ၂၁ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ ၁၈၁၈၁ ဦး၊ လဟယ်မြို့နယ်သည် ၁၅၅၅ ဒသမ ၂၈ စတုရန်းမိုင်ကျယ်ဝန်းပြီး လူဦးရေ ၄၉၁၂၆ ဦး၊ နန်းယွန်း မြို့နယ်သည် ၂၅၅၆ ဒသမ ၀၀ စတုရန်းမိုင် ကျယ်ဝန်းပြီး လူဦးရေ ၆၇၉၇၇ ဦး ရှိပါသည်။ ဒေသတစ်ခုလုံးအနေဖြင့် စတုရန်းမိုင်ပေါင်း ၁၂၆၆၀ ဒသမ ၁၁ ကျယ်ဝန်းပြီး လူဦးရေ စုစုပေါင်း ၃၃၉၆၁၂ ဦး ရှိပါသည်။ နာဂ၊ ရှမ်း၊ ဗမာ၊ ကချင်၊ ချင်းတိုင်းရင်းသားများ နေထိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နာဂဒေသသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး တောတောင်ထူထပ်သဖြင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှုနောက်ကျခဲ့သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ရန်အတွက် အထူးဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ နာဂဒေသဖွံ့ဖြိုးရေးစီမံကိန်း စတင်သည့် ၁၉၉၀ - ၉၁ ခုနှစ်မှ ၂၀၀၃ - ၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ သုံးစွဲငွေပေါင်းမှာ ကျပ်သိန်း ၃၂၃၈ ဖြစ်ပါသည်။

ခေတ်အဆက်ဆက် နာဂဒေသသည် ဖွံ့ဖြိုးတိုးတက်ရေး အတွက် မည်မည်ရရ ဆောင်ရွက်ပေးနိုင်ခဲ့ခြင်း မရှိပါချေ။ သူ့ကျွန်ခေတ်၊ ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် နာဂတောင်တန်းခရိုင်အဖြစ် သတ်မှတ်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ဟုမ္မလင်းမြို့တွင် ခရိုင်ဝန်ရုံးဖွင့်လှစ် အုပ်ချုပ်ခဲ့သည်။ ၁၉၇၇ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့ နေ့စွဲပါ နယ်မြေအုပ်ချုပ်ရေးပြန်တမ်းအရ ခရိုင်ရုံးကို ဟုမ္မလင်းမြို့မှ ခန္တီးမြို့သို့ ပြောင်းလဲရွှေ့ပြောင်းခဲ့သည်။ နာဂတောင်တန်းခရိုင်အတွင်း ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့တို့ ပါဝင်ခဲ့သည်။ နယ်ချဲ့တို့သည် သူတို့အကျိုးဖြစ်ထွန်းစေမည့် အရိုးတန်သယံဇာတပစ္စည်းများ မတွေ့သည့် နာဂတောင်တန်းဒေသကို လျစ်လျူရှုထားခဲ့သည်။ နာဂတောင်တန်းဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများကို သိသာထင်ရှားစွာ မှတ်မှတ်ရရ ဆောင်ရွက်ခဲ့ခြင်း မရှိခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးပြီးနောက် ဆင်သေ - လဟယ် မော်တော်ကားလမ်းကို ၁၉၅၄ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့သော်လည်း အမာခံလမ်း မဟုတ်ချေ။ ဘဝသစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပေ။ ဟတ္တိကျေးရွာကဲ့သို့ စံပြကျေးရွာများ တည်ထောင်ခဲ့သော်လည်း လမ်းပန်းဆက်သွယ်ရေး မကောင်းသဖြင့် ဒေသဖွံ့ဖြိုးရေးအတွက် ထိရောက်အောင်မြင်မှုများ မရှိခဲ့ချေ။ ၁၉၆၆ ခုနှစ်၌ ထမံသိ - လေရှီးလမ်းကို ဖောက်လုပ်ခဲ့သော်လည်း အမာခံလမ်း မဟုတ်ပေ။

ယနေ့ကာလတွင် ငွေကျပ် ၃၂၃၈ သိန်း အကုန်အကျခံ၍ ဒေသဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် လမ်းတံတားလုပ်ငန်းသည် အများဆုံးဖြစ်နေသည်ကို တွေ့ရပါသည်။ လမ်းတံတားလုပ်ငန်းများအတွက် ၂၁၉၄ သိန်းကျော်၊ ကျန်းမာရေးကဏ္ဍအတွက် ငွေကျပ် ၆၂ သိန်း၊ ပညာရေးကဏ္ဍတွင် ငွေကျပ် ၁၀၆ သိန်းကျော်၊ စွမ်းအင်ကဏ္ဍတွင် ငွေကျပ် ၁၀၃ သိန်းကျော်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးကဏ္ဍတွင် ငွေကျပ် ၉၁ ဒသမ ၁၂၃ သိန်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ငွေကျပ် ၁၀၆ သိန်းကျော်၊ အိမ်ရာဆောက်လုပ်ရေးကဏ္ဍတွင် ငွေကျပ် ၁၈၇ သိန်းကျော်၊ သာသနာရေးကဏ္ဍတွင် ငွေကျပ် ၃၀၀ သိန်းကျော်နှင့် အထွေထွေပိုင်နှင့် အခြားထောက်ပံ့ငွေ ၈၆ သိန်း ကုန်ကျခဲ့ကြောင်း တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



၁၉၈၉ - ၁၉၉၀ မှ ၂၀၀၃ - ၂၀၀၄ ဘဏ္ဍာရေးနှစ်အထိ နယ်စပ်ဒေသဖွံ့ဖြိုးရေး ရန်ပုံငွေဖြင့် နာဂဒေသအတွင်း လမ်းတံတားလုပ်ငန်းများအနေဖြင့် ပေ ၁၉၀ ရှိ ဆပ်ပလော်-ဆော်လော်ကြိုးတံတား၊ ၂၀၄ ပေရှိ လဟယ်-မော်ဖွန်ကြိုးတံတား၊ ၃၀၀ ပေရှိ လေရှီး-ထမိုင်ကြိုးတံတား ၃၅၀ ပေရှိ မိမီ-ပိန္နဲကုန်းကြိုးတံတား၊ ၂၁၆ ပေရှိ စံကုန်-ရောင်ကုန်ကြိုးတံတား၊ ၁၈ မိုင်အရှည်ရှိ လဟယ်-တိုက်ရန်တစ်ကြောင်းတိုးမြေလမ်း၊ ကတ္တရာ ၁၀ မိုင်ခင်းခြင်း၊ နန်းယွန်းမြို့တွင်းခင်းခြင်း (ကျောက် ၂ မိုင်၊ ကတ္တရာ ၂ မိုင်)၊ လဟယ်မြို့တွင် လမ်းခင်းခြင်း (ကျောက် ၃ မိုင်) တို့ကို ဆောင်ရွက်ခဲ့ပါသည်။

ကျန်းမာရေးလုပ်ငန်းများအနေဖြင့် လေရှီးမြို့နယ် မွန်တိုင်းလင်းကျေးလက်ဆေးခန်း၊ ပညာရေးလုပ်ငန်းများအနေဖြင့် ခန္တီးမြို့နယ် နားမေတ္တာ အလယ်တန်းကျောင်း၊ နန်းယွန်းမြို့နယ် ရောင်ကွန် မူလတန်းကျောင်း၊ နန်းယွန်းမြို့နယ် ခမ္မစီ မူလတန်းကျောင်း၊ လေရှီးမြို့ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်းသို့ တိုးမြှင့်ခြင်းနှင့် ပန်ဆောင်မြို့နယ်ခွဲ အလယ်တန်းကျောင်းမှ အထက်တန်းကျောင်း တိုးမြှင့်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

မွေးမြူရေးလုပ်ငန်းများအနေဖြင့် လေရှီးမြို့နယ် မွေးမြူရေးနှင့်ကုသရေး အခြေစိုက်ရုံးနှင့် လဟယ်မြို့နယ် မွေးမြူရေးနှင့်ကုသရေး အခြေစိုက်ရုံးများကို ဖွင့်လှစ်နိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



စွမ်းအင်ကဏ္ဍအနေဖြင့် လေရှီးမြို့ ၄ ကေဗွီအေမီးစက် ၁ လုံး၊ လဟယ်ဒီဇင်ခါတ်အားပေးစက်ရုံနှင့် လဟယ်ခါတ်အားလိုင်း ပစ္စည်းဝယ်ယူတပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများအနေဖြင့် ၁၀ ဝပ်ရှိ နန်းယွန်း၊ လေရှီး၊ လဟယ်မြို့ ရုပ်သံလွှင့်ဖမ်း စက်စခန်းများတည်ဆောက်ခြင်းနှင့် လွှင့်ဖမ်းစက်ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်း၊ ၁၁၀ ဝပ်ရှိ ဟုမ္မလင်း ရုပ်သံလွှင့်စက်ရုံ တည်ဆောက်ခြင်း၊ ပစ္စည်းများ ဝယ်ယူတပ်ဆင်ခြင်းနှင့် နန်းယွန်းရုပ်သံလွှင့်စက်ရုံ ဝန်ထမ်းအိမ်ရာလုပ်ငန်းနှင့် ခြံစည်းရိုးကာရန်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် လဟယ်မြို့နယ်တယ်လီဖုန်းလိုင်း (၃၀ ပါ) အိတ်ချိန်းရုံးတည်ဆောက်ခြင်း၊ လဟယ်-ခန္တီး ရေဒီယိုတယ်လီဖုန်းဆက်ကြောင်း နှစ်စုံတည်ဆောက်ခြင်း၊ လေရှီး-ခန္တီး ရေဒီယိုတယ်လီဖုန်းဆက်ကြောင်း ၂ စုံ တည်ဆောက်ခြင်း၊ နန်းယွန်းတွင် လွှင့်ဖမ်းစက် (တီဒဗလျူ - ၁၀၀) အစားထိုးတပ်ဆင်ခြင်းနှင့် လေရှီးမြို့လိုင်း ၃၀ ပါ အိတ်ချိန်းရုံး တည်ဆောက်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍအနေဖြင့် လဟယ်မြို့ ရေရရှိရေးလုပ်ငန်း၊ ခန္တီးမြို့ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ခန္တီးမြို့ လူငယ်သင်တန်းကျောင်း

www.burmeseclassic.com

www.burmeseclassic.com



အတွက် အိပ်ဆောင် (ကျား၊ မ) နှစ်ဆောင်၊ စားဖိုဆောင် ၁ ဆောင် ဆောက်လုပ်ခြင်း၊ လျှပ်စစ်မီးသွယ်တန်းခြင်း၊ မြေ စည်းရိုးကာရန်ခြင်း၊ ရေချိုးခန်း + အိမ်သာလေးလုံး၊ သောက် ရေကန်နှစ်ကန် ဆောက်လုပ်ခြင်း၊ လေရှိုးနှင့် လဟယ်လူငယ် သင်တန်းကျောင်းများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

သာသနာရေးကဏ္ဍတွင် လဟယ်မြို့ ဘုရားကုန်းရှိ တန်ဆောင်းဆောက်လုပ်ခြင်း၊ ခန္တီးဘုန်းတော်ကြီးကျောင်းနှင့် သာသနာပြု ပရဟိတကျောင်း ဆောက်လုပ်ခြင်း၊ ခန္တီးမြို့ ဘုန်းတော်ကြီးကျောင်းအတွက် ဘိလပ်မြေအိပ် ၃၀ လှူဒါန်း ခြင်း၊ လေရှီးမြို့နယ် ဖွန်သရက်၊ လေယုန်ရွာ၊ ပန်ဆပ်ကျေးရွာ၊ မယလုံရွာ၊ ကိုကိုင်လုံအောက်ရွာ ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း၊ လဟယ်မြို့နယ် လုံခင်ရွာ၊ စံပြရွာ၊ အုံ့ပေါ် ရွာ၊ မွန်နောက်ပြောင်ရွာ ဆပ်ပလော်ရွာ၊ ဆော်လော်နောင် အင်း၊ လဟယ်မြို့မနှင့် မွန်တုံးညီရွာ ဘုန်းတော်ကြီးကျောင်း များ ဆောက်လုပ်ခြင်း၊ နန်းယွန်းမြို့တွင် စေတီ ၁ ဆူနှင့် ဘုန်းတော်ကြီးကျောင်း တည်ထားဆောက်လုပ်ခြင်း၊ လဟယ် မြို့နယ် ဆပ်ပလော်ရွာကျောင်း၊ ကျောင်းသား ၃၀ ဆန့် ဘော်ဒါဆောင် ဆောက်လုပ်ခြင်း၊ ဆွမ်းစားဆောင် ဆောက် လုပ်ခြင်း၊ လဟယ်မြို့မ ဘုန်းတော်ကြီးကျောင်း ဆွမ်းစား ဆောင် ဆောက်လုပ်ခြင်း၊ ခန္တီးမြို့ ဗဟိုသာသနာပြုကျောင်း ၆ ခန်းတွဲ ကုဋီဆောက်လုပ်ခြင်း၊ ခန္တီးမြို့နယ် နာတိုက်ရွာ၊

www.burmeseclassic.com

www.burmeseclassic.com



ကတိုးရွာ ဘုန်းတော်ကြီးကျောင်းများ ဆောက်လုပ်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ခန္တီး၊ လေရှီး၊ လဟယ်မြို့များတွင် ဝင်းသူဇာအရောင်းဆိုင်များကို ဖွင့်လှစ်ရောင်းချခဲ့ပါသည်။ နာဂဒေသဖွံ့ဖြိုးရေး စီမံကိန်းအထောက်အကူပြု ဝင်းသူဇာအရောင်းဆိုင်များကို ဖွင့်လှစ်ခဲ့ခြင်း ဖြစ်ပါသည်။

နာဂဒေသဖွံ့ဖြိုးရေးအတွက် ခန္တီး-ဆင်သေ-လဟယ်လမ်း၊ ထမံသိ-လေရှီးလမ်း၊ မြစ်ကြီးနား-တနိုင်း-ရှင်ဘွေယန်-နန်းယွန်း-ပန်ဆောင်လမ်း၊ မြစ်ကြီးနား-နမ္မတီး-မိုးကောင်း-တာမိုင်း-ဖားကန့်-ဖားလမ်း-ခန္တီးလမ်း၊ မုံရွာ-သက္ကယ်ကျင်း-ဖောင်းပြင်-ခန္တီးလမ်းတို့ကို နိုင်ငံတော်က ငွေလုံးငွေရင်း မြှပ်နှံဖောက်လုပ်နေသကဲ့သို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့်လည်း လမ်းတံတားလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဒေသနယ်မြေဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးဖြစ်သည့်အတွက် လမ်းပန်းဆက်သွယ်ရေး တိုးတက်စေရန် အထူးဦးစားပေးဆောင်ရွက်နေပါသည်။ နာဂဒေသတွင်း လမ်းများဖြစ်ကြသည့် လေရှီး-ဆွမ္မရာလမ်း၊ လဟယ်-ဆော်လော်-ပုံညီလမ်း၊ လောင်ငေါက်-အရိုကျိန့်လမ်း၊ ပုံညီ-စဝ်ဖောင်-[illegible]လမ်း၊ အရီးကျိန်-တန်ဖာခွေလမ်း၊ ပုံညီ-ကျွန်းဆောင်-အရီးကျိန်လမ်း တို့ကိုလည်း ဖောက်လုပ်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နာဂဒေသတွင် ပါဝင်သည့် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များတွင် ကျောက်စိမ်းနှင့် ရွှေရတနာများ ထွက်ရှိခြင်း၊ ခန္တီးမြို့နယ်၊ လဟယ်မြို့နယ်တို့တွင် အဖိုးတန် သစ်ကတိုးဆီများ ထုတ်လုပ်နိုင်သည့် သစ်ကတိုးပင်များ ပေါက်ရောက်ခြင်း၊ ကြိမ်၊ ဝါး၊ သင် စသော သစ်တောထွက်ရတနာများ ထွက်ရှိခြင်း၊ ဟုမ္မလင်းမြို့နယ်တွင် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ လက်ဖက်များ အထွက်ကောင်းခြင်း၊ အဖိုးတန်ကျွန်း၊ ပျဉ်းကတိုးသစ်များ ပေါက်ရောက်ခြင်း၊ နာဂဒေသမြို့နယ်တိုင်း လက်ဖက်နှင့် သစ်သီးဝလံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့် အမျှ ဒေသဖွံ့ဖြိုးရေး အရှိန်အဟုန်တိုးမြှင့်လာမည် ဖြစ်သည်။

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက ဒေသထွက် သစ်သီးဝလံများလည်း ဈေးကွက်သို့ အလွယ်တကူတင်ပို့ရောင်းချနိုင်မည်ဖြစ်၍ နာဂဒေသတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။ ဒေသ၏ အဓိက စီးပွားရေးလုပ်ငန်းဖြစ်သည့် ရွှေ့ပြောင်းတောင်ယာစနစ်မှ ခေတ်မီကုန်းမြင့်လယ်ယာစနစ်သို့ ပြောင်းလဲရေးအတွက်လည်း စီမံကိန်းချ ဆောင်ရွက်နေပါသည်။ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး၊ စွမ်းအင်၊ သာသနာရေး စသည့်ကဏ္ဍပေါင်းစုံမှလည်း ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်လျက်ရှိရာ နာဂဒေသသည် တစ်နေ့တစ်ခြား ဖွံ့ဖြိုးတိုးတက်လာတော့မည် ဖြစ်ပါသည်။

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း - ၁၂
## "နာဂဒေသဖွံ့ဖြိုးရေးနှင့် လမ်းထဲထားစီမံကိန်းများ"

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစအချိန်ထိ နာဂဒေသတွင်ကား လမ်းမရှိ။ လှည်းလမ်း မရှိ။ လူသွားလမ်းအတိုင်း ဝန်တင်လားများကို အသုံးပြု၍ သွားရပါသည်။ ပစ္စည်းများကို လားပေါ်တင်ပြီး လူက ခြေကျင်လျှောက်ရသည်။

တောင်ပေါ်နယ်ခြား ရုံးစိုက်ရာမြို့ကလေးများတွင် ဝန်တင်လားများကို လားကန်ထရိုက်များက စုစည်းပြီး လားစခန်းများ ဖွင့်ထားပေးရသည်။ လားကန်ထရိုက်တာနှင့် ခရိုင်ရုံးတို့ စာချုပ်၍ အငှားချထားသည့် စနစ်ဖြစ်သည်။ စာချုပ်အရ လားကန်ထရိုက်က တောင်ပေါ်ဒေသရှိ ရုံးစိုက်ရာမြို့များနှင့် မြို့နယ်အရာရှိများ အသုံးချနိုင်ရန် ဆယ်ကောင် (သို့မဟုတ်) ဆယ့်ငါးကောင်ကို ချပေးထားသည်။ ကျန်လားများကို ခရိုင်ရုံးစိုက်ရာ ခန္တီးမြို့အနီးတွင် လားစခန်းတစ်ခုထားပေးရသည်။ ယင်းဗဟိုလားစခန်း၌ရှိသော လားများနှင့် တောင်ပေါ်ဒေသသို့ ဌာနဆိုင်ရာများအတွက် ဆန်နှင့်ဆားကို အစိကထားပြီး ရိက္ခာများပို့ပေးရသည်။ တစ်လတစ်ခါ သို့မဟုတ်



www.burmeseclassic.com

ww.burmeseclassic.com



နှစ်လတစ်ခါဆိုသလို လားတန်း+ ဖွဲ့ပြီး နယ်စွန်နယ်ဖျားသို့ ပို့ပေးရသည်။ လားများ အဝင်အထွက်အသုံးပြုခြင်းတို့ကို ခရိုင်ရုံးမှ ကြီးကြပ်ပေးသည်။ လားအသုံးပြုခြင်းအတွက် ဌာနဆိုင်ရာများက အခကြေးငွေပေးရန် မလို။ ခရိုင်ရုံးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေစာရင်းခေါင်းစဉ်များမှ ကျခံရသည်။ ယခု ဆင်သေကျေးရွာတွင် ရှိနေကြသော တရုတ်လူမျိုးများမှာ ယူနန်နယ်သား လားသမားများ ဖြစ်ခဲ့ကြသည်။

၅၆ မိုင်ရှည်သော ခန္တီး-ဆင်သေ-လဟယ်လမ်းကို ၁၉၅၂ ခုနှစ်နှစ်တွင် ပထမဆုံး စတင်ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ထမံသီ-လေရှီးလမ်းကိုမူ တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၇ ခုနှစ်တွင်မှ စတင်ဖောက်လုပ်ခဲ့ပါသည်။ ဤသည်တို့မှာ နာဂတောင်တန်းဒေသ၏ ယခင်ကာလ လမ်းပန်းဆက်သွယ်ရေးအခြေအနေပင် ဖြစ်ပါသည်။

နယ်မြေတစ်ခု၊ ဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှုသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ပါသည်။ ဒေသတွင်း လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရန် လိုအပ်သကဲ့သို့ အခြားသောဒေသများနှင့်လည်း ကူးလူးဆက်ဆံမှုလွယ်ကူစေရန် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ရပါမည်။ သို့မှသာလည်း ဒေသတွင်းမှ ထွက်ကုန်ပစ္စည်းများကို အခြားဒေသများသို့ အလွယ်တကူတင်ပို့ရောင်းချဖောက်ကားနိုင်မှာဖြစ်သလို မိမိတို့ဒေသထွက် လိုအပ်သော

+ Mule Convoy

www.burmeseclassic.com

ww.burmeseclassic.com



# နာဂဒေသ၏ လမ်းတံတားတည်ဆောက်မှုများ






www.burmeseclassic.com

www.burmeseclassic.com



ပစ္စည်းများကိုလည်း အခြားဒေသများမှ အလွယ်တကူ ဝယ်ယူ သယ်ဆောင်နိုင်မည် ဖြစ်ပါသည်။ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်လာသည်နှင့်အမျှ အစစအရာရာ ဖွံ့ဖြိုးတိုးတက် လာမည် ဖြစ်ပါသည်။

နာဂဒေသသည် ဝေးလံခေါင်ပါးပြီး လမ်းပန်းဆက်သွယ်မှု ခက်ခဲသောဒေသ ဖြစ်ပါသည်။ တောင်ကုန်းတောင်တန်းများ အထပ်ထပ်ဖုံးလွှမ်းနေပြီး ရှေးယခင်ကဆိုလျှင် ခြေလျင်ဖြင့် သွားလာခဲ့ရကြောင်း၊ ကုန်ပစ္စည်းများကိုမူ လားများနှင့်တင်ကာ သယ်ယူပို့ဆောင်ကြရကြောင်း အထက်တွင် တင်ပြခဲ့ပြီး ဖြစ်ပါသည်။ ထို့ကြောင့်လည်း နာဂဒေသသည် တိုးတက်ဖွံ့ဖြိုးမှု နောက်ကျခဲ့ရသည်။ နာဂဒေသအတွင်း၌ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များ ပါဝင်ပါသည်။ ခန္တီး နှင့် ဟုမ္မလင်းမှာမူ ချင်းတွင်းမြစ်ကမ်းပေါ်တွင် တည်ရှိသဖြင့် အထိုက်အလျောက် လမ်းပန်းဆက်သွယ်မှု လွယ်ကူသော်လည်း လေရှီး၊ လဟယ်နှင့် နန်းယွန်းမြို့နယ်များမှာ တောင်တန်း ပေါ်တွင် တည်ရှိနေသည့်အတွက် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပါသည်။ တစ်မြို့နယ်နှင့်တစ်မြို့နယ်၊ တစ်ရွာ နှင့်တစ်ရွာ ခြေလျင်လမ်းနှင့် လားလမ်းများဖြင့်သာ သွားလာ ဆက်သွယ်နေကြရသည်။ နီးလျက်နှင့် ဝေးနေကြသည်။ တစ်ရွာနှင့်တစ်ရွာ လှမ်း၍မြင်နေရသော်လည်း တစ်နေ့ခရီး သွားလာ ဆက်သွယ်နေရသည်။ ထို့ကြောင့်လည်း အစစ အရာရာ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ကာလတွင်မူ တစ်နိုင်ငံလုံး အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်နေသည်တွင် နာဂဒေသ သည်လည်း အပါအဝင်ဖြစ်ပါသည်။ နာဂဒေသတွင် လမ်းပန်း ဆက်သွယ်မှု ကောင်းမွန်တိုးတက်စေရန် လမ်းဟောင်းများ ပြုပြင်အဆင့် တိုးမြှင့်ခြင်း၊ လမ်းသစ်များဖောက်လုပ်ခြင်းနှင့် တံတားများတည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက် ရှိပါသည်။ ရှေးယခင်က လူသွားလမ်းနှင့် လားလမ်းသာရှိခဲ့ သော်လည်း ယခုအခါ မော်တော်ကားလမ်းများ ပေါက်နေပြီ ဖြစ်ပါသည်။

## ခန္တီး-ဆင်ဘေ-လဟယ်လမ်း

ခန္တီး-ဆင်ဘေ-လဟယ်လမ်းမှာ ၅၆ မိုင် ရှည်လျားပြီး ၁၉၅၂ ခုနှစ်တွင်မှ ဖောက်လုပ်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။ ၁၉၇၄ ခုနှစ်တွင် ကားလမ်းကို ပြုပြင်ဖောက်လုပ်ခဲ့ပြီး ကုန်သွယ်ရေး စုပုံပစ္စည်းများကို ကားဖြင့် သယ်ယူပြီး စုပုံနိုင် ခဲ့ကြောင်း သိရှိရပါသည်။ ၁၉၇၅ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ ကားများ သွားလာနိုင်ခြင်း မရှိတော့ကြောင်း သိရပါသည်။ ၁၉၉၀ ပြည့်နှစ်တွင် ကားလမ်းကို အထူးမွမ်းမံပြင်ဆင်ကာ မော်တော်ကား ကိုးကြိမ်တက်ရောက်နိုင်ခဲ့သည်။ ၁၉၉၁-၉၂ ခုနှစ်တွင် နယ်မြေခံတပ်နှင့် ခန္တီးမြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့တို့၏ ကွပ်ကဲမှုဖြင့် ကားလမ်းပြုပြင် ဖောက်လုပ်ခဲ့ရာ ၁၉၉၂ ခုနှစ်၊ မတ်လ ၁၇ ရက်နေ့မှစ၍

www.burmeseclassic.com

www.burmeseclassic.com



လဟယ်မြို့သို့ ကားသုံးခေါက် ရောက်ရှိလာနိုင်ပြီး ပစ္စည်းများ တင်ပို့နိုင်ခဲ့လေသည်။ ၁၉၉၃-၉၄ ခုနှစ်တွင် နိုင်ငံတော်မှ ခန္တီး-ဆင်သေ-လဟယ်လမ်းပြုပြင်ရန် ရန်ပုံငွေ ၄၉ သိန်း ခွင့်ပြုခဲ့ရာ နယ်မြေခံတပ်မှ ကြီးကြပ်၍ ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ နှစ်စဉ်တိုးတက်ဖောက်လုပ်ခဲ့သည်။ နွေနှင့်ဆောင်းတွင်သာ ကားသွားလာနိုင်ပြီး မိုးရာသီတွင်မူ ခြေလျင်လမ်းဖြစ်ပါသည်။ မြေသားလမ်းအနေဖြင့် ၂၄ ပေ အကျယ်အထိ ဖောက်လုပ်ပြီးစီး၍ ၂၀၀၂-၂၀၀၃ ခုနှစ်တွင် ၁၂ မိုင် ၃ ဖာလုံ ကတ္တရာလမ်းခင်းပြီး ဖြစ်ပါသည်။ မိုင်တိုင်အမှတ် ၂၄/၄ ရှိ နန့်စလိန်ချောင်းတွင် တံတားတည်ဆောက်ရန်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကတ္တရာအားလုံးခင်းပြီးပါက ရာသီမရွေး သွားလာနိုင်တော့မည် ဖြစ်ပါသည်။ ဇရစ်ချောင်း ဘေလီတံတားနှင့် ထွေ့ထိုက်ဘေလီတံတားတို့ကိုလည်း တည်ဆောက်ထားပြီး ဖြစ်ပါသည်။

## ထမံသီ-လေရှီးလမ်း

လေရှီးမြို့နယ်၏ ထွက်ပေါက်သည် ထမံသီကျေးရွာ ဖြစ်ပါသည်။ ထမံသီ-လေရှီးလမ်းသည် လေရှီးမြို့နယ်အတွက် အဓိကဆက်သွယ်ရေးလမ်းမ ဖြစ်ပါသည်။ လေရှီးနှင့် ဟုမ္မလင်း မြို့နယ် ထမံသီကျေးရွာသို့ ဆက်သွယ်ဖောက်လုပ်ထားသော မော်တော်ကားလမ်း ဖြစ်ပါသည်။ ၁၉၆၇ ခုနှစ်တွင် စတင် ဖောက်လုပ်ခဲ့ပါသည်။ ၁၉၇၀ ပြည့်နှစ်တွင် ထမံသီရွာအနီးတွင်

www.burmeseclassic.com

ww.burmeseclassic.com



တစ်မိုင်စခန်း ဖွင့်လှစ်၍ လမ်းကို ပြုပြင်ထိန်းသိမ်းခဲ့သည်။ ၁၉၉၃ ခုနှစ်အထိ ကျပ်သိန်း ၁၀၀ အကုန်အကျခံ ဖောက်လုပ်ခဲ့သည်။ လေရှီးမြို့နယ်သည် မြန်မာနိုင်ငံအနောက်မြောက် တံခါးပေါက်တစ်ပေါက်ဖြင့်အားလျော်စွာ ထမံသီ-လေရှီးလမ်းသည် နာဂဒေသအတွက် အသက်သွေးကြောတစ်ခု ဖြစ်သည်။ ကတ္တရာလမ်းအဆင့်မြင့် တည်ဆောက်လျက်ရှိရာ ထမံသီကျေးရွာမှ ၁၄ မိုင်ခန့်အထိ ကတ္တရာလမ်းခင်းပြီး ဖြစ်ပါသည်။ ၎င်းလမ်းမကြီး ရာသီမရွေးသွားလာနိုင်ပါက လေရှီးမြို့နယ်မှ ထွက်ရှိသော လိမ္မော်သီး၊ သစ်တော်သီး၊ ထောပတ်သီး စသော သစ်သီးဝလံများကို ချင်းတွင်းမြစ်ကမ်းဘေး မြို့ရွာများသို့ တင်ပို့ရောင်းချနိုင်ပြီး လေရှီးမြို့နယ်အတွက် လိုအပ်သော ကုန်ပစ္စည်းများကို အလွယ်တကူသယ်ယူနိုင်ပါသည်။

**သနန်-တုံဟဲလမ်း**

ချင်းတွင်းမြစ်အထက်ပိုင်းဒေသ ဖောင်းပြင်မြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ ခန္တီးမြို့နယ်များနှင့် မြန်မာ-အိန္ဒိယနယ်စပ် တမူးမြို့သို့ဆက်သွယ်သော တစ်ခုတည်းသောလမ်းမှာ သနန်-တုံဟဲလမ်း ဖြစ်ပါသည်။ တမူးမြို့မှ သနန်အထိ ၃၇ မိုင်ရှိပြီး မြေပြန့်ကျောက်ခင်းလမ်း။ သနန်-တုံဟဲသို့ ၁၈ မိုင် တောင်တက်ကျောက်ခင်းလမ်း ဖြစ်ပါသည်။ မင်းသမီးတောင်တန်းကြီးကို ဖြတ်ကျော်ဖောက်လုပ်ထားသော လမ်းဖြစ်ပါသည်။ ၎င်းလမ်းသည် ဒုတိယကမ္ဘာစစ်အတွင်းက အင်္ဂလိပ်များ မြန်မာနိုင်ငံမှ

www.burmeseclassic.com

www.burmeseclassic.com



ဆုတ်ခွာသွားသောအခါ ဂျပန်တပ်များသည် အိန္ဒိယနိုင်ငံ မဏိပူရပြည်နယ်၏မြို့တော် အင်ဖာလ်မြို့သို့ ချီတက်စစ်ဆင်နိုင်ရန် မော်တော်ကားလမ်းအဖြစ် ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ မြန်မာ့မျိုးချစ်တပ်မတော်မှ ဗိုလ်မှူးကြီး ဗထူးခေါင်းဆောင်သော မျိုးချစ်တပ်မတော်သားများ သွေးနှင့်ချွေးနှင့်ရင်း၍ ဖောက်လုပ်ခဲ့သော သမိုင်းဝင်စစ်လမ်း ဖြစ်ပါသည်။ တစ်ဖန် ဂျပန်များစစ်ရှုံးသောအခါ အင်္ဂလိပ်တပ်များက ယင်းလမ်းကို အသစ်တစ်ဖန်ပြုပြင် ဖောက်လုပ်အသုံးပြုခဲ့ကြပါသည်။ ဂျပန်များဖောက်လုပ်ခဲ့သည့်လမ်းကို ဂျပန်လမ်းဟောင်းဟုခေါ်ပြီး အင်္ဂလိပ်များ ဖောက်လုပ်ခဲ့သောလမ်းကို အင်္ဂလိပ်လမ်းဟောင်းဟု ခေါ်ပါသည်။

ကဘော်ချိုင့်ဝှမ်းဒေသ ဖွံ့ဖြိုးရေးစီမံကိန်းနှင့်အတူ သနန်-တုံဟဲလမ်းကိုလည်း ပြုပြင်ဖောက်လုပ်ပေးခဲ့ပါသည်။ နွေရာသီနှင့် ဆောင်းရာသီတွင် မော်တော်ယာဉ်များ ပြေးဆွဲနေပါသည်။

**မြစ်ကြီးနား - နမ္မတီး - တနိုင်း - ရှင်ဘွေယန် - နန်းယွန်း- ပန်ဆောင်လမ်း**

ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့မှ နမ္မတီး၊ တနိုင်း၊ ရှင်ဘွေယန်တို့ကိုဖြတ်၍ နာဂဒေသ နန်းယွန်းမြို့နှင့် အိန္ဒိယနယ်စပ် ပန်ဆောင်မြို့နယ်ခွဲသို့ ဆက်သွယ်သောလမ်းမကြီး ဖြစ်ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ထင်ရှားခဲ့သော လီဒို

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါင်းကြီး ဖြစ်ပါသည်။ ၂၀၀၂-၂၀၀၃ ခုနှစ်အတွင်း ကတ္တရာလမ်း ၃၂ မိုင် ၇ ဖာလုံ၊ အမာခံလမ်း ၁၉၅ မိုင် ၁ ဖာလုံ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။ မိုင်ပေါင်း ၂၂၈ မိုင် ရှည်လျားပါသည်။

**မြစ်ကြီးနား - နမ္မတီး - မိုးကောင်း - ကာမိုင်း - ဖားကန့် - ဖားလမုံး- ခန္တီးလမ်း**

ကချင်ပြည်နယ်မြို့တော် မြစ်ကြီးနားမြို့မှ နာဂဒေသ ခန္တီးမြို့အထိ ဆက်သွယ်သောလမ်း ဖြစ်ပါသည်။ မြစ်ကြီးနားမှ ဖားကန့်အပိုင်းအထိ ၇၃ မိုင် ၁ ဖာလုံ ဆောင်ရွက်ပြီး ဖြစ်ရာ ကတ္တရာလမ်း ၃ မိုင်၊ ကျောက်ခင်းလမ်း ၁ မိုင်၊ အမာခံလမ်း ၄၉ မိုင် ၄ ဖာလုံ၊ မြေသားလမ်း ၁၉ မိုင် ၅ ဖာလုံ ဆောင်ရွက် ပြီးဖြစ်ပါသည်။

**မုံရွာ - သက္ကယ်ကျင်း - ဖောင်းပြင် - ခန္တီးလမ်း**

မုံရွာမြို့မှ ဘုတလင်၊ ဒီပဲယင်း၊ ရေဦး၊ တန့်ဆည်မြို့များနှင့် မဟာမြိုင်ကို ဖြတ်၍ သက္ကယ်ကျင်း-ဖောင်းပြင်လမ်း လမ်းခွဲမှ ခန္တီးမြို့သို့ ဆက်သွယ်သော မော်တော်ကားလမ်း ဖြစ်ပါသည်။ မြေသားလမ်းအမျိုးအစား ဖြစ်သည်။ မိုင်ပေါင်း ၃၃၀ ရှည်လျားပါသည်။

**ခန္တီး-ဟုမ္မလင်းလမ်း**

မြေသားလမ်းဖြစ်ပြီး မိုင်ပေါင်း ၁၃၀ ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္တီး-နန်စီပွန် ကျောက်စိမ်းတွင်းလမ်း
မြေသားလမ်းဖြစ်ပြီး မိုင်ပေါင်း ၃၀ ရှိပါသည်။

## ဒေသတွင်းလမ်းများ

နိုင်ငံတော်သည် နာဂဒေသဖွံ့ဖြိုးရေးအတွက် ဒေသတွင်း ဆက်သွယ်ရေးလမ်းများကို ဖောက်လုပ်ပေးလျက်ရှိပါသည်။ ယင်းလမ်းတို့မှာ လေရှီး-ပန်ဆပ်-ဆွမ္မရာလမ်း (၃၉) မိုင်၊ လဟယ်-ဆော့လော်-ပုံညိုလမ်း (၄၈) မိုင်၊ အရိကျိန်-တန်ဖာခွေလမ်း (၂၈) မိုင်၊ လဟယ်-ကြူယမ်းလမ်း (၅၃) မိုင်၊ လဟယ်-ယမ်းကြူးလမ်း (၇၈) မိုင်၊ လောင်ငေါက်-ကျွန်းခေါင်လမ်း (၃၂) မိုင်၊ ရောင်ကွန်-ကျားဝမ်လမ်း (၈) မိုင်၊ တိုးချဲ့လမ်း (၇) လမ်း စုစုပေါင်း ၂၈၆ မိုင်ကို ဖောက်လုပ်ရန် လျာထားခဲ့ရာ (၁၆၀) မိုင် ဖောက်လုပ်ခဲ့ပြီး ဖြစ်ပါသည်။ တပ်မတော်သား လုပ်အားများဖြင့် ဖောက်လုပ်ခဲ့သောလမ်းများ ဖြစ်ကြပါသည်။ ဆပ်ပလော်-ဆော်လော်ကြိုးတံတား (၁၄၀) ပေ တည်ဆောက်ခြင်း၊ စံတုန်-ရောင်ကွန်ကြိုးတံတား (၁၃၃) ပေ တည်ဆောက်ခြင်းနှင့် လဟယ်-မော်ဖွန်ကြိုးတံတား (၁၇၀) ပေ တည်ဆောက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပြီး အဆိုပါ ကြိုးတံတားသုံးစင်းအတွက် စုစုပေါင်း ကျပ် ၆၈၇၂၅၀၀ ကုန်ကျခဲ့လေသည်။

နာဂဒေသ ငါးမြို့နယ်တွင် ငွေကျပ်သိန်းပေါင်း မြောက်မြားစွာ အကုန်အကျခံ၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို



ဆောင်ရွက်လျက်ရှိရာ၊ နာဂဒေသသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တောတောင်ထူထပ်သဖြင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် အထူးဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ နာဂဒေသဖွံ့ဖြိုးရေး စတင်ခဲ့သည့် ၁၉၉၀-၉၁ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ သုံးစွဲငွေပေါင်းမှာ ကျပ်သိန်း ၃၂၃၈ ကျော် ဖြစ်ပါသည်။ ကျပ်သိန်း ၃၂၃၈ အနက် လမ်းတံတားလုပ်ငန်းများအတွက် ကုန်ကျငွေမှာ ၂၁၉၄ သိန်းကျော်ဖြစ်ကြောင်း တွေ့ရပါသည်။

## ခန္တီးလေယာဉ်ကွင်း

ခန္တီးမြို့တွင် လေယာဉ်ဆင်းနိုင်သည့် ကွင်းတစ်ခုကို ၁၉၅၂ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၆၃ ခုနှစ်၊ မေလအတွင်း ဖွင့်လှစ်ခဲ့သည်။ လေယာဉ်ပြေးလမ်းမှာ ကျောက်များကို အဆင့် ၉ ဆင့်ဖြင့် ကြိတ်ခင်း၍ ကြိတ်ထားသောလမ်းဖြစ်သည်။ လမ်း၏အရှည်မှာ ၃၂၀၀ ပေ ဖြစ်သည်။ အကျယ်မှာ ၁၀၀ ပေ ဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၆၇၃ ပေ ရှိလေသည်။ ကျောက်ခင်းလမ်း (မြစ်ကျောက်) ဖြစ်ပြီး အက်ဖ် ၂၇ လေယာဉ်များ ဆင်းသက်အသုံးပြုလျက်ရှိပါသည်။

၂၀၀၂ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှစ၍ အလေးချိန် ၃၁၀၀၀ ပေါင်ရှိ အက်ဖ် ၂၈ လေယာဉ်များ [illegible]

www.burmeseclassic.com

ww.burmeseclassic.com



ဆောင်ရွက်လျက်ရှိရာ၊ နာဂဒေသသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး တောတောင်ထူထပ်သဖြင့် ခေတ်အဆက်ဆက် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာစေရန် အထူးဆောင်ရွက်ခဲ့သည်ကို တွေ့ရပါသည်။ နာဂဒေသဖွံ့ဖြိုးရေး စတင်ခဲ့သည့် ၁၉၉၀-၉၁ ခုနှစ်မှ ၂၀၀၃-၂၀၀၄ ခုနှစ်အထိ သုံးစွဲငွေပေါင်းမှာ ကျပ်သိန်း ၃၂၃၈ ကျော် ဖြစ်ပါသည်။ ကျပ်သိန်း ၃၂၃၈ အနက် လမ်းတံတားလုပ်ငန်းများအတွက် ကုန်ကျငွေမှာ ၂၁၉၄ သိန်းကျော်ဖြစ်ကြောင်း တွေ့ရပါသည်။

## ခန္တီးလေယာဉ်ကွင်း

ခန္တီးမြို့တွင် လေယာဉ်ဆင်းနိုင်သည့် ကွင်းတစ်ခုကို ၁၉၅၂ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ပြီး ၁၉၆၃ ခုနှစ်၊ မေလအတွင်း ဖွင့်လှစ်ခဲ့သည်။ လေယာဉ်ပြေးလမ်းမှာ ကျောက်များကို အဆင့် ၉ ဆင့်ဖြင့် ကြိတ်ခင်း၍ ကြိတ်ထားသောလမ်းဖြစ်သည်။ လမ်း၏အရှည်မှာ ၃၂၀၀ ပေ ဖြစ်သည်။ အကျယ်မှာ ၁၀၀ ပေ ဖြစ်ပါသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ၆၇၃ ပေ ရှိလေသည်။ ကျောက်ခင်းလမ်း (မြစ်ကျောက်) ဖြစ်ပြီး အက်ဖ် ၂၇ လေယာဉ်များ ဆင်းသက်အသုံးပြုလျက်ရှိပါသည်။

၂၀၀၂ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှစ၍ အလေးချိန် ၇၁၀၀၀ ပေါင်ရှိ အက်ဖ် ၂၈ လေယာဉ်များ ရာသီမရွေး

www.burmeseclassic.com

www.burmeseclassic.com



ဆင်းတက်နိုင်ရေးအတွက် အလျား ၆၀၀၀ ပေ၊ အကျယ် ၁၀၀ ပေရှိ လေယာဉ်ပြေးလမ်းကို တည်ဆောက်လျက်ရှိပါသည်။ ၂၀၀၃-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ ၆၉၉ ဒသမ ၃ သန်း အကုန်အကျခံကာ တိုးချဲ့တည်ဆောက်လျက်ရှိပါသည်။ ခန္တီး လေယာဉ်ကွင်းသည်လည်း နာဂဒေသဖွံ့ဖြိုးရေးအတွက် အလွန် အရေးပါသည်။

## ဟုမ္မလင်း လေယာဉ်ကွင်း

ဟုမ္မလင်း လေယာဉ်ကွင်းသည် ယခင်က (၁၉၇၆ ခုနှစ်) တွင် အော်တာလေယာဉ်ငယ်များသာ ဆင်းတက်ဖူးသော ပေ ၂၉၀၀ အရှည် ကျောက်စရစ်ရော မြေနီလေယာဉ်ကွင်းငယ် တစ်ခုသာ ဖြစ်ပါသည်။ ဟုမ္မလင်းလေယာဉ်ကွင်းသစ်ကြီးကို ၂၀၀၃ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် ဖွင့်လှစ်ခဲ့သည်။ လေယာဉ်ပြေးလမ်းကို အလျားပေ ၉၀၀၀၊ အကျယ် ၂၀၀၊ ကွန်ကရစ်ထု ၂၆ လက်မရှိသော လေယာဉ်ပြေးလမ်းအဖြစ် တည်ဆောက်ခဲ့သည်။

ထပ်မံပြီး လေယာဉ်ပြေးလမ်းကို ဘိုးရင်း ၇၄၇-၄၀၀ အမျိုးအစား ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်မည့် စံချိန်မီ လေယာဉ်ကွင်းတစ်ကွင်းဖြစ်လာအောင် တည်ဆောက်သွားရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဟုမ္မလင်းလေယာဉ်ကွင်းကို ခေတ်မီလေယာဉ်များ အသုံးမပြုနိုင်မီက ဟုမ္မလင်း၊ လေရှီးနှင့် ထမံသီဒေသများနေ

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူများသည် ချင်းတွင်းရေကြောင်းလမ်းနှင့် ရေဦး-သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်း-ခန္တီးကားလမ်းကိုသာ ခက်ခက်ခဲခဲအသုံးပြုပြီး သွားလာခဲ့ကြသည်။ ယင်းကားလမ်းသည် ကျောက်စရစ်အမာခံလမ်းနှင့် မြေလမ်းအမျိုးအစားသာ ဖြစ်သည့်အတွက် မိုးတွင်းအခါ၌ သွားလာမှုခက်ခဲပြီး အချိန်နှောင့်နှေးကြန့်ကြာခဲ့သည်ကို တွေ့ရသည်။ ဟုမ္မလင်း လေယာဉ်ကွင်းကို ခေတ်မီလေယာဉ်များ သက်ဆင်းအသုံးပြုနိုင်တော့မည်ဖြစ်ပြီး ဒေသခံပြည်သူများနှင့် ဝန်ထမ်းများ အလွယ်တကူသွားလာနိုင်ကြပြီ ဖြစ်သည်။

ရေကြောင်းလမ်းအဖြစ် နွေရာသီ၌ ဟုမ္မလင်းအထိ လည်းကောင်း၊ မိုးဆောင်းရာသီတို့တွင် ခန္တီးအထိလည်းကောင်း သင်္ဘောကြီးများ ဆန်တက်နိုင်ပါသည်။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

ww.burmeseclassic.com

# အခန်း - ၁၃

## "နာဂဒေသ စိုက်ပျိုးစီးပွားအလားအလာ"

နာဂဒေသတွင် ပါဝင်သည့် ခန္တီးမြို့နယ်နှင့် ဟုမ္မလင်းမြို့နယ်များတွင် ကျောက်စိမ်းနှင့် ရွှေရတနာများ ထွက်ရှိပြီး ခန္တီးမြို့နယ်၊ လဟယ်မြို့နယ်တို့တွင် အဖိုးတန်သစ်ကတိုးဆီများ ထုတ်လုပ်နိုင်သည့် သစ်ကတိုးပင်များ ပေါက်ရောက်ခြင်း၊ ကြိမ်၊ ဝါး၊ သစ်စသော သစ်တောထွက်ရတနာများထွက်ရှိခြင်း၊ ဟုမ္မလင်းမြို့နယ်သည် ဆန်စပါး၊ ဆီထွက်သီးနှံ၊ ပဲမျိုးစုံ၊ လက်ဖက်များ အထွက်ကောင်းခြင်း၊ အဖိုးတန်းကျွန်း၊ ပျဉ်းကတိုးသစ်များ ပေါက်ရောက်ခြင်း၊ နာဂဒေသမြို့နယ်တိုင်းတွင် လက်ဖက်၊ သစ်သီးဝလံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ခြင်းတို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ နာဂဒေသဖွံ့ဖြိုးရေး အရှိန်အဟုန် တိုးမြှင့်လာမည်ဖြစ်ပါသည်။ နာဂဒေသတွင် လယ် ၆၀၀၂၆ ဧက၊ ကိုင်းကျွန်း ၂၄၅၁၅ ဧက၊ ယာ ၈၀၄၉ ဧက၊ ဥယျာဉ် (လက်ဖက်အပါအဝင်) ၇၁၉၀ ဧကနှင့် တောင်ယာ ၄၂၇၈၆ ဧက ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ချင်းတွင်းမြစ်များနှင့် နာဂဒေသ၏ စပါးကျီနှင့် ဆီအိုးကြီး

ဟုမ္မလင်းမြို့နယ်သည် မြေဧရိယာ ကျယ်ဝန်းသလောက် သီးနှံစိုက်ပျိုးဖြစ်ထွန်းပါသည်။ သလ္လာခေါ် ချင်းတွင်းမြစ်ဖျား ဒေသ၊ နာဂဒေသတို့၏ စပါးကျီ၊ ဆီအိုးကြီးသဖွယ် ဖြစ်ပါသည်။ မိုးစပါး ၄၁၀၄၄ ဧက၊ နွေစပါး ၉၅၀၀ ဧက၊ စုစုပေါင်းစပါး စိုက်ဧက ၅၀၅၄၄၊ ဆီထွက်သီးနှံအနေဖြင့် မြေပဲ ၇၈၅၀ ဧက၊ ဆီထွက်မုန်ညင်း ၈၉၅ ဧက၊ နေကြာ ၈၂ ဧကနှင့် ပန်းနှမ်း ၁၁၂ ဧက စိုက်ပျိုးရာ ဆီထွက်သီးနှံ စုစုပေါင်းစိုက်ဧကမှာ ၈၉၃၉ ဧက ဖြစ်ပါသည်။ ပဲအမျိုးမျိုးအနေဖြင့် မြေထောက်ပဲ ၇၅၅၀ ဧက၊ စားတော်ပဲ ၅၉၇ ဧကနှင့် ပုဂံပဲ ၅၈၃၉ ဧက၊ စုစုပေါင်း ပဲမျိုးစုံစိုက်ဧက ၁၄၀၄၀ ဖြစ်ပါသည်။ မြေထောက်ပဲ နှင့် ပုဂံပဲများမှာ အိန္ဒိယနိုင်ငံမှ ကြိုက်နှစ်သက်သော သီးနှံများ ဖြစ်ကြပါသည်။ ထို့ကြောင့် ဟုမ္မလင်းမြို့နယ်မှ ထွက်ရှိသော မြေထောက်ပဲနှင့် ပုဂံပဲများကို တမူးနယ်စပ်ကုန်သွယ်ရေးမှ တစ်ဆင့် အိန္ဒိယနိုင်ငံသို့ တင်ပို့သည့် ဈေးကွက်ရှိပါသည်။ အခြားသီးနှံများအနေဖြင့် ဟင်းသီးဟင်းရွက် ၁၂၂ ဧက စိုက်ပျိုးပါသည်။ ဥယျာဉ်ခြံမြေ စိုက်ဧကပေါင်း ၅၈၇၉ ရှိပါသည်။ ၂၀၀၁ - ၂၀၀၂ ခုနှစ်အတွင်း စပါးတင်းပေါင်း ၁၈၅၅၈၄၃ ထွက်ရှိခဲ့ပါသည်။ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်နှင့် ချင်းတွင်း မြစ်လက်တက်ချောင်းများတစ်လျှောက်၊ ဥရုမြစ်ကမ်း တစ်လျှောက်နှင့် ဥရုမြစ်လက်တက်ချောင်းများတစ်လျှောက် တွင် သီးနှံစိုက်ခင်းများ တစ်မျှော်တစ်ခေါ် တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဟုမ္မလင်းမြို့နယ်တွင် လက်ဖက်ခြောက်၊ လက်ဖက်စို လုပ်ငန်းသည်လည်း နာမည်ကြီးပါသည်။ အညာလက်ဖက် ခြောက်ဟုခေါ်သော ကောယား၊ မောင်းခန်းကျေးရွာများမှ ထွက်ရှိသော လက်ဖက်စို၊ လက်ဖက်ခြောက်များသည် နာမည် ကြီးပါသည်။ ကောယားခြောက်၊ မောင်းခန်းခြောက်ဟုလည်း ခေါ်ပါသည်။ ဟုမ္မလင်းမြို့နယ် ကောယား၊ မောင်းခန်းရွာ တို့တွင် လက်ဖက်စိုက်ခင်းများ အများဆုံးတွေ့ရှိရပါသည်။ ဟုမ္မလင်းမြို့နယ်အတွင်း၌ လက်ဖက်စိုက်ဧကပေါင်း ၅၉၆၇ ဧကရှိသည်ကို လေ့လာသိရှိရပါသည်။ အညာလက်ဖက်ခေါ် ကောယား၊ မောင်းခန်းလက်ဖက်စိုမှာ အခါးဓာတ်မရှိပေ။ အဆိမ့်အရသာရှိပါသည်။ လက်ဖက်စိုရော လက်ဖက်ခြောက်ပါ အရွက်ကြီးသည်။ ချင်းတွင်းမြစ်ကမ်းတစ်လျှောက်လုံး အဆိုပါ လက်ဖက်စို၊ လက်ဖက်ခြောက်ကို သုံးစွဲကြပါသည်။ တမူး- ကလေးဒေသများတွင်လည်း ဟုမ္မလင်းမြို့နယ်မှထွက်သော လက်ဖက်စို၊ လက်ဖက်ခြောက်များကို နှစ်သက်စွာသုံးစွဲကြ သည်ကို တွေ့ရှိရပါသည်။ ဟုမ္မလင်းမြို့သို့ ရောက်လျှင် ဧည့်ဖျော်ရည်ပုလင်းနှင့် အညာလက်ဖက်ခြောက်၊ လက်ဖက်စို များကို အိမ်ပြန်လက်ဆောင်အဖြစ် ဝယ်ယူသွားလေ့ရှိပါသည်။ လက်ဖက်များကို ရှမ်းတိုင်းရင်းသားများက အများဆုံးစိုက်ပျိုး ကြပါသည်။ မောင်းခန်းရွာတွင် လက်ဖက်စတင်စိုက်ပျိုး ခဲ့သည့် သမိုင်းကြောင်းကို လေ့လာလျှင် ဘိုးတော်ဘုရား လက်ထက်ကဖြစ်ကြောင်း တွေ့ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်ဘုရားလက်ထက် အာသံပြည်ကို တိုက်ခိုက်ရာ မောင်းခန်းရွာသား ဦးလှမောင်သည် ခေါင်းဆောင်ပိုင်းမှ ပါဝင်တိုက်ခိုက်ခဲ့သော်လည်း စစ်အောင်နိုင်သောအခါ ချီးမြှောက်ခြင်းမခံရသဖြင့် အာသံပြည်နယ်မှ ဝေသာလီလူမျိုးများကို စစ်သုံ့ပန်းအဖြစ် ခေါ်ယူခဲ့ပြီး မောင်းခန်းရွာတွင် လက်ဖက်ခင်းများကို စိုက်ပျိုးစေခဲ့ကြောင်း၊ နောင်မှ ဤအကြောင်းကို မြန်မာဘုရင် ကြားသိသောအခါ ဦးလှမောင်အား သိရိပျံ့ချီကျော်ခေါင် ဗိုလ်လှမောင်ဘွဲ့ကို အပ်နှင်းလျက် မောင်းခန်းပေါ်မိုင်းအဖြစ် ခန့်အပ်ခဲ့သည်ဟု သိရလေသည်။ မောင်းခန်းကျေးရွာသည် နာမည်ကြီးစာရေးဆရာ၊ အမျိုးသားစာရေးဆရာ စာပေဆုရ နာဂတောင်တန်း မောင်ကြည်ဇင်၏ ဇာတိရပ်ရွာ ဖြစ်သည်။

သီးနှံမျိုးစုံဖြစ်ထွန်းခြင်း၊ နယ်မြေကျေးလက် တောင့်တင်းခြင်း လက်ဖက်၊ ရွှေစသည့် အခြားစီးပွားရေးလုပ်ငန်းကြီးများ ရှိခြင်းတို့ကြောင့် ဟုမ္မလင်းမြို့သည် နာဂဒေသတွင် အစည်ကားဆုံးမြို့ ဖြစ်ပါသည်။

## ခန္တီးဒေသ လယ်ယာစိုက်ပျိုးရေးနှင့် သစ်သီးဝလံအလားအလာ

ခန္တီးမြို့နယ်တွင် စိုက်ပျိုးနိုင်သောမြေ ၈၃၇၇ ဧက၊ မြေရိုင်း ၁၃၈၈ ဧကရှိသည့်အနက် လယ် ၂၃၃၇ ဧက၊ တောင်ယာ ၃၆၂၃ ဧက၊ စုစုပေါင်း စပါးစိုက်ဧက ၅၉၅၇ ဧက၊

www.burmeseclassic.com

ww.burmeseclassic.com



ကိုင်းကျွန်း ၈၃၃ ဧက၊ ဥယျာဉ် ၆၅၅ ဧက ရှိပါသည်။ စိုက်ပျိုးသည့်သီးနှံများမှာ စပါး၊ ပြောင်း၊ မိုးနှမ်း၊ ငရုတ်၊ အခြားပဲ၊ ပီလောပီနံနှင့်လက်ဖက်တို့ ဖြစ်ကြပါသည်။

ခန္တီးဒေသသည် တောင်ကုန်းတောင်တန်းထူထပ်သော ဒေသဖြစ်သဖြင့် စိုက်ပျိုးသီးနှံများ အကြီးအကျယ်မစိုက်ပျိုးနိုင်သော်လည်း ဒေသနှင့်ကိုက်ညီသည့် လက်ဖက်နှင့် သစ်သီးဝလံများဖြစ်ကြသည့် ဂရိတ်ဖရူ လိမ္မော်နှင့် တညင်းသီးများမှာ အလားအလာကောင်းသော စားပင်သီးပင်များ ဖြစ်ကြသည်။

ဟုမ္မလင်းမြို့နယ်လောက် စိုက်ပျိုးရေးလုပ်ငန်း မကြီးကျယ်သော်လည်း ခန္တီးမြို့နယ်တွင်လည်း လက်ဖက်စိုက်ပျိုးထုတ်လုပ်ပါသည်။ မြို့နယ်သုံး၊ ဒေသသုံးလောက်သာ ထုတ်လုပ်နိုင်သော်လည်း အလားအလာကောင်းသောသီးနှံ ဖြစ်ပါသည်။ ခန္တီးဒေသ ရေမြေနှင့်ကိုက်ညီပြီး တိုးချဲ့စိုက်ပျိုးသည်နှင့်အမျှအကျိုးဖြစ်ထွန်းမည့်သီးနှံ ဖြစ်ပါသည်။ နှစ်စဉ်လည်း တိုးချဲ့စိုက်ပျိုးလျက်ရှိပါသည်။ ခန္တီးမြို့နယ်တစ်ခုလုံးတွင် လက်ဖက် ၁၄၁ ဧက စိုက်ပျိုးပါသည်။ အများဆုံးစိုက်ပျိုးသည့် ကျေးရွာမှာ မှန်ပင်ကျေးရွာ ဖြစ်ပါသည်။ မှန်ပင်ကျေးရွာတစ်ရွာတည်းပင်လျှင် ၇၅ ဧက စိုက်ပျိုးသည်။ မှန်ပင်ကျေးရွာသည် အိမ်ခြေ ၅၀ ကျော်ရှိသော ရွာတစ်ရွာ ဖြစ်ပါသည်။ ရှေးကျသော ရွာတစ်ရွာလည်း ဖြစ်ပါသည်။ မှန်ပင်ကျေးရွာမှထွက်သော လက်ဖက်ခြောက်မှာ တော်တော်လေးကောင်းပါသည်။ ကိုးကန့်ခြောက်ကို မီပါသည်။ ကောယား၊ မောင်းခန့်ခြောက်ကဲ့သို့

www.burmeseclassic.com

ww.burmeseclassic.com



အရွက်မကြီးဘဲ အချောင်းကလေးများဖြစ်ကာ လက်ဖက်ရေကြမ်းအရောင်မှာ စိမ်းဖန့်ဖန့်အရောင်တောက်ပြီး အနံ့အရသာနှင့် ပြည့်စုံပါသည်။ ပိဿာချိန်နှင့်မရောင်းဘဲ ပြည်တောင်း၊ နို့ဆီခွက်နှင့် ခြင်၍ ရောင်းပါသည်။ နို့ဆီဘူးတစ်ဘူးလျှင်၅၀ကျပ်ဖြစ်၍ တစ်ပြည်လျှင် ၄၀၀ ကျပ် ဖြစ်ပါသည်။ ချင်းတွင်းမြစ်ဖျားမှထွက်ရှိသော လက်ဖက်ခြောက်များအနက် အကောင်းဆုံး လက်ဖက်ခြောက် ဖြစ်ပါသည်။ များများစိုက်ပျိုးနိုင်လျှင် အလွန်အကျိုးရှိမည်ဖြစ်ပါသည်။ ထို့ကြောင့်လည်း ခန္တီးမြို့နယ်တွင် ဟက ၃၀၀ တိုးချဲ့စိုက်ပျိုးသွားရန် စီမံဆောင်ရွက်လျက်ရှိပါသည်။

ခန္တီးဒေသတွင် ဂရိတ်ဖရုသီးများ အလွန်ဖြစ်ထွန်းပါသည်။ ဂရိတ်ဖရုသီးကို မြန်မာနိုင်ငံတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်နှင့် စစ်ကိုင်းတိုင်း ခန္တီးဒေသတို့တွင် စိုက်ပျိုးထုတ်လုပ်ပါသည်။ ကျွဲကောသီး၊ ရှောက်ပန်းသီးတို့နှင့် အမျိုးချင်းဆင်တူ၍ အချဉ်ဓာတ်ပိုကဲပါသည်။ ချဉ်၊ ခါး၊ ချို ရသာသုံးမျိုး ခံစားရသောသစ်သီးမျိုး ဖြစ်ပါသည်။ ကချင်ပြည်နယ် ပူတာအိုလွင်ပြင်၌ အထူးဖြစ်ထွန်းပေါ်များသော သစ်သီးဝလံမျိုး ဖြစ်ပါသည်။ သူ့ချည်းသက်သက်လည်း စားသုံးနိုင်သလို ဖျားရည်၊ သကြားတို့ဖြင့်လည်း စားသုံးနိုင်ပါသည်။ အလွန်အရည်ရွှမ်းသောအသီး ဖြစ်ပါသည်။ အသွင်သဏ္ဌာန်နှင့် အနံ့မှာ ကျွဲကော၊ ရှောက်ပန်းနှင့်တူသပုံလို ဖြစ်ပါသည်။ သို့သော် အရသာမှာ တစ်ခြားစီဖြစ်ပါသည်။ အင်အားပြည့်ဖြိုးပြီး သွေးသားသန့်စင်စေသည်ဟု ဆိုပါသည်။

www.burmeseclassic.com

ww.burmeseclassic.com



အားအင်ကုန်ခမ်းနေသော လူမမာများပင် ပျားရည်သကြား တို့နှင့် စားသုံးသင့်သောဓာတ်စာ ဖြစ်ပါသည်။ ကင်ဆာရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါများကို တားဆီးနိုင်သည်ဟု ဆိုပါသည်။ အရည်ရွှမ်းသောအသီးဖြစ်၍ ဂရိတ်ဖရုသီး အရည်ကို တာရှည်ခံအောင်လုပ်ပြီး ပုလင်းသွင်း ရောင်းချလေ့ ရှိသည်။

ခန္တီးဒေသတွင် သစ်သီးဝလံများအနေဖြင့် ကျွဲကော၊ ရှောက်ပန်း၊ သံပရာ၊ ရှောက်ချို၊ လိမ္မော်နှင့် ဂရိတ်ဖရုသီးများ ထွက်ရှိပါသည်။ အောက်တိုဘာ၊ နိုဝင်ဘာလဆန်းမှစ၍ ဂရိတ်ဖရုသီးများ လှိုင်လှိုင်ပေါ်နေပြီ ဖြစ်သည်။ ခန္တီးမြို့ ဈေးလမ်းမတစ်လျှောက်တွင် ဂရိတ်ဖရုသီးများ၊ လိမ္မော်သီး များကိုလည်း အပြိုင်အဆိုင်ရောင်းချနေကြသည်များကို တွေ့ရပါသည်။ ဈေးလည်း မများလှပါ။ ငယ်လျှင် သုံးလုံး တစ်ရာ၊ ကြီးလျှင် တစ်လုံး ငါးဆယ်ကျပ် ဖြစ်ပါသည်။ ခန္တီး မြို့သို့လာကြသော ဧည့်သည်များ၊ ခန္တီးဒေသ၏လက်ဆောင် အဖြစ် ဂရိတ်ဖရုသီးများ ဝယ်ယူ၍ ခြင်းများနှင့်ထည့်ပြီး လေယာဉ်နှင့်တင်ကာ ယူဆောင်သွားတတ်ကြပါသည်။

လက်ပံသာကျေးရွာ၊ နန်ခန့်မန်ကျေးရွာနှင့် မှန်ပင် ကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြပါသည်။ ပူတာအို လွင်ပြင်မှ ပြောင်းရွှေ့ရောက်ရှိလာကြသော လီဆူးတိုင်းရင်းသား များက စတင်စိုက်ပျိုးခဲ့သည်ဟု သိရပါသည်။ ဂရိတ်ဖရုသီး များကို အခွံခွာ အရည်ညှစ်ပြီး သကြား၊ ထန်းလျက်၊ ကြံသကာ

www.burmeseclassic.com

www.burmeseclassic.com



တို့နှင့် ပွက်ရုံကျိုချက်၍ အအေးခံကာ ပုလင်းထဲထည့်ထားလျှင် စပျစ်ဝိုင်ကဲ့သို့ ဖြစ်သွားသည်ဟု ဆိုပါသည်။ အဆိုပါ ဂရိတ်ဖရု ဝိုင်များကို တစ်ပုလင်းလျှင် ၇၅၀ ကျပ်ဖြင့် ရောင်းချကြပါသည်။ ရိုးရိုးဖျော်ရည်အဖြစ် သောက်သုံးနိုင်ရန်အတွက်လည်း အရည်ညှစ် နေပူလှန်း၍ ပုလင်းအတွင်း ထည့်သွင်းထားလျှင် ကြာရှည်ခံသည်ဟု ဆိုပါသည်။

ကချင်ပြည်နယ် ပူတာအိုလွင်ပြင်တွင် အများဆုံးစိုက်ပျိုးထွက်ရှိသော အဖိုးတန်သစ်သီးဝလံတစ်မျိုးဖြစ်သည့် ဂရိတ်ဖရုသီးများသည် ယခုအခါ ခန္တီးဒေသတွင်လည်း အများအပြား ထွက်ရှိနေပါသည်။

တညင်းသီးသည် များများစားလျှင် လူကို ဥပါဒ်ပေးတတ်သော်လည်း မကြိုက်သူ ရှားသည်။ ပြုတ်၍သော်လည်းကောင်း၊ ဆားရည်စိမ်၍သော်လည်းကောင်း၊ ချက်၍သော်လည်းကောင်း၊ အတို့အမြှုပ်အဖြစ်လည်းကောင်း၊ စားသုံးကြပါသည်။ အလွန်ကြိုက်သူများမှာ အစိမ်းလိုက်ပင် အတို့အမြှုပ်အဖြစ် စားသုံးကြသည်။ ဝက်သားနှင့်ရောနှောချက်ပြုတ်စားလျှင် အလွန်ကောင်းသည်။ တညင်းသီးပြုတ်ကို ဆီနိုင်နိုင်ဆမ်း၍ လက်ဖက်ရည်ကြမ်း အမြည်းသရေစာအဖြစ်လည်း စားသုံးကြသည်။ လက်ဖက်သုပ်နှင့် ရောနှော၍ သုပ်စားကြသည်လည်း ရှိသည်။ တညင်းသီးကြိုက်သူများမှာ အမျိုးမျိုးဖွယ်ဖွယ်ရာရာလုပ်စားကြသည်ကို တွေ့ရသည်။ လူကြိုက်များသော အသီးတစ်မျိုးဖြစ်၍ ဈေးကွက်၌ တွင်ကျယ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တညင်းသီးများများစားလျှင် ကျောက်ကပ်ကို ထိခိုက်သည်ဟု ဆိုပါသည်။ အထူးသဖြင့် သွေးတိုးနှင့် နှလုံးရောဂါရှိသူများ မတည့်ပါ။ တညင်းသီးကို သုံးရေလောက်ပြုတ်ပြီး စားလျှင်မူ အန္တရာယ်မရှိဟု ပြောကြပါသည်။

ဈေးကွက်ရှိသော တညင်းသီးသည် ခန္တီးဒေသတွင် ပေါပေါများများ ထွက်ပါသည်။ မိုးရာသီကာလတွင် ထွက်ရှိသော အသီးဖြစ်၍ သလ္လာဝတီသဘော်ကြီးများဖြင့် သယ်ယူကာ မုံရွာ၊ မန္တလေးအထိ ရောင်းချကြသည်ကို တွေ့ရပါသည်။ သလ္လာဝတီသဘော်ကြီးများဆိုက်လျှင် ခြင်းကြီး ခြင်းငယ်၊ အိတ်ကြီး အိတ်ငယ်၊ အထုပ်ကြီး အထုပ်ငယ်တို့ဖြင့် တင်ဆောင် နေကြသည်ကို အမြဲတွေ့ရပါသည်။ ပေါပေါများများထွက် ချိန်၌ ခန္တီးတွင် တစ်လုံး ပျမ်းမျှ ၃ ကျပ်နှုန်း ရှိလေသည်။ ပုဂ္ဂလိက သီးသန့်ခြံများအပြင် တပ်ရင်းတပ်ဖွဲ့အသီးသီး တွင်လည်း တညင်းခြံကြီးများရှိသည်။ မြို့ပေါ်ပတ်ဝန်းကျင် ဒေသတွင်သာမက ကျေးရွာများတွင်လည်း စိုက်ပျိုးဖြစ်ထွန်း ကြပါသည်။

ခန္တီးမြို့နယ်သည် ချင်းတွင်းမြစ်ကမ်းတစ်လျှောက် ပါဝင်သော်လည်း မြေပြန့်နည်းပြီး တောင်ကုန်းတောင်တန်းထူထပ်သဖြင့် အခြားသီးနှံများ စိုက်ပျိုးဖြစ်ထွန်းမှု၊ ထွက်ရှိမှု အားနည်းပါသည်။ ဆန်စပါး၊ ဆီထွက်သီးနှံများလည်း မြို့နယ်အတွင်း ဖူဖူလုံလုံထွက်ရှိခြင်း မရှိပါ။ တစ်နည်းအားဖြင့်ဆိုရသော် ဝမ်းစာမဖူလုံသောမြို့နယ် ဖြစ်ပါသည်။ ဂရိတ်ဖရူ၊ လိမ္မော်

www.burmeseclassic.com



တညင်း၊ နာနတ်စသော နှစ်ရှည်သီးပင် စားပင်များ၊ သစ်သီးဝလံများ၊ လက်ဖက်တို့ကိုမူ မြေအနေအထားအရ စိုက်ပျိုးဖြစ်ထွန်းပါသည်။ ထို့ကြောင့်လည်း သက်ဆိုင်ရာက ဒေသနှင့်ကိုက်ညီသော၊ ဈေးကွက်ရှိသော သီးပင်စားပင်များကို စီမံချက်ချမှတ် စိုက်ပျိုးစေခဲ့သည်။ ထို့ကြောင့် ခြံကြီး ခြံငယ်များနှင့် စီးပွားဖြစ် စိုက်ပျိုးကြသည်။ တညင်းပင်သည် နှစ်ရှည်သီးပင်ဖြစ်ပြီး ငါးနှစ်သားအရွယ်တွင် စတင် အသီး သီးပါသည်။ နှစ်ပေါင်း နှစ်ဆယ့်ငါးနှစ်အထိ အသီးကောင်းသည်ဟု သိရပါသည်။ ထို့ကြောင့် တစ်ကြိမ်စိုက်ထားပြီးလျှင် နှစ်ပေါင်းများစွာ အကျိုးခံစားခွင့်ရရှိသော သီးပင်တစ်မျိုး ဖြစ်ပါသည်။



လှေကားထစ်စိုက်ပျိုးရေး

www.burmeseclassic.com

www.burmeseclassic.com





အောင်မြင်နေသော ဂရိတ်ဖရုပင်များ



သစ်တော်ပင်များ

www.burmeseclassic.com

www.burmeseclassic.com



ဈေးကွက်ရှိသော အပင်ဖြစ်သည့်အတွက် တစ်နှစ်ထက် တစ်နှစ် ပိုမိုတိုးတက်စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရပါသည်။

## လဟယ်ဒေသ စိုက်ပျိုးစီးပွားအလားအလာ

လဟယ်မြို့နယ်တွင် စိုက်ပျိုးနိုင်သောမြေဧက ၂၀၇၅၉၊ မြေရိုင်း ၁၀၇ ဧကရှိရာ လယ် ၃၄၈ ဧက၊ တောင်ယာ ၂၂၀၄၃ ဧက၊ ဥယျာဉ်ခြံ ၁၅ ဧက စိုက်ပျိုးပါသည်။ သီးနှံအလိုက် စိုက်ပျိုးမှုမှာ စပါး ၅၅၇၀ ဧက၊ မိုးနှမ်း ၅၆ ဧက၊ ပဲမျိုးစုံ ၇၁၉ ဧက၊ ပဲပုတ် ၃၅၄ ဧက၊ လက်ဖက် ၂၅ ဧကနှင့် အခြားပဲ ၃၆၅ ဧက စိုက်ပျိုးပါသည်။ ရွှေ့ပြောင်းတောင်ယာစနစ်အား အဓိကထား လုပ်ကိုင်ကြပြီး လှေခါးထစ်လယ်ယာအနည်းငယ်သာ လုပ်ကိုင်ပါသည်။ ယခုအခါ ခေတ်မီကုန်းမြင့်လယ်ယာ၊ လှေခါးထစ်လယ်ယာစနစ်သို့ ပြောင်းလဲရေးအတွက် စည်းရုံးဆောင်ရွက်လျက် ရှိပါသည်။ လှေခါးထစ်စိုက်ပျိုးဧက ၈၇ ဧက ရှိပါသည်။

လက်ဖက်များ စမ်းသပ်စိုက်ပျိုးရာတွင်လည်း ဖြစ်ထွန်းအောင်မြင်သဖြင့် နောင်တွင် ချင်းပြည်နယ်ကဲ့သို့ စီမံကိန်းချမှတ်၍ စီးပွားဖြစ် စိုက်ပျိုးနိုင်မည် ဖြစ်ပါသည်။

လဟယ်မြို့နယ်အနေဖြင့် မြို့နယ်တွင်း ဖူလုံပိုလျှံပြီး အခြားနယ်သို့ တင်ပို့နေရသော သီးနှံမှာ မီးဖိုချောင်သုံး သီးနှံဖြစ်သည့် ငရုတ်သီးခြောက် (အစပ်ခြောက်) ဖြစ်ပါသည်။ ခန္တီး-ဆင်သေ-လဟယ်ကားလမ်းပေါက်သည့် ရာသီတွင် ငရုတ်သီး

www.burmeseclassic.com

www.burmeseclassic.com



မြောက်အိတ်များ ခန္တီးမြို့သို့ တင်ပို့ရောင်းချနေကြသည်ကို တွေ့ရပါသည်။

လဟယ်မြို့နယ်တွင် လိမ္မော်သီး၊ သစ်တော်သီးနှင့် ဂရိတ်ဖရုသီးများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်ပါသည်။ ဂရိတ်ဖရုသီးများကို ဝမ်ကုန်နှင့် ညမ်ရှောင်ကျေးရွာများ၌ အများအပြား စိုက်ပျိုးဖြစ်ထွန်းနေကြောင်း တွေ့ရပါသည်။ သစ်သီးဝလံများ စီးပွားဖြစ်စိုက်ပျိုးသည်နှင့်အမျှ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။

ခေတ်မီကုန်းမြင့်လယ်ယာစနစ်ကို ဦးတည်နေသော လေရှီးဒေသ

လေရှီးမြို့နယ်အတွင်း ဆွမ္မရာနယ်သည် မဏိပူရနယ်စပ်နှင့် နန့်တလိပ်ချောင်းအထိ ကျယ်ပြန့်သောလွင်ပြင်ကြီးဖြစ်သည့်အတွက် ဆန်စပါးများစွာ ထွက်ရှိပါသည်။ ဆွမ္မရာနယ်တွင် နာဂလူမျိုးများနှင့် ကူကီးလူမျိုးများ နေထိုင်ကြပါသည်။ နာဂရွာ ၁၈ ရွာရှိပြီး ကူကီးချင်းရွာ ၄၅ ရွာရှိလေသည်။ ထို့ကြောင့် ဆွမ္မရာကျေးရွာကြီးသည် ဖွံ့ဖြိုးစည်ကားသော ကျေးရွာကြီးတစ်ရွာ ဖြစ်ပါသည်။

လေရှီးမြို့နယ်တွင် ခေတ်မီကုန်းမြင့်လယ်ယာစနစ် လှေခါးထစ်လယ်ယာစနစ်ကို အင်တိုက်အားတိုက် အကောင်အထည်ဖော်လျက် ရှိသည်။ နာဂဒေသ၌ လေရှီးဒေသသည် လှေခါးထစ်လယ်ယာ အအောင်မြင်ဆုံးနယ်မြေ ဖြစ်ပါသည်

ww.burmeseclassic.com



ရွှေ့ပြောင်းတောင်ယာစနစ် ပပျောက်ရေးအတွက် စီမံချက်ရေးဆွဲပြီး တဖြည်းဖြည်းဆောက်ရွက်လျက်ရှိပါသည်။ အဓိကစိုက်ပျိုးသီးနှံများမှာ စပါး၊ အစေ့ထုတ်ပြောင်း၊ လူး၊ ဆတ်၊ မိုးနှမ်း၊ ပဲပုပ်၊ ငရုတ်၊ အာလူး၊ ပြောင်း၊ ပိန်းဥ၊ ပဲအမျိုးမျိုး၊ ရွှေလုံဗိုလ်၊ မျောက်ဥ၊ ဟင်းသီးဟင်းရွက်များဖြစ်ကြသည့် ဘူး၊ ဖရုံ၊ ဂေါ်ရခါး၊ မုန်ညင်း၊ ဂေါ်ဖီထုပ်၊ ပန်းမုံလာ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ ရာသီသီးနှံများ စိုက်ပျိုးကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၏ လတ်ရှိအခြေအနေမှာ ဒေသဖူလုံရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ လေ့ခါးထစ်လယ်ယာ ၃၇၄၉ ဧက၊ တောင်ယာ (စပါး) ၃၂၅၀ ဧက၊ ပဲပုပ် ၂၃၅ ဧက၊ မိုးနှမ်း ၁၆၀ ဧက၊ ငရုတ် ၁၄၂ ဧက၊ အာလူး ၂၀၀ ဧက၊ ဟင်းသီးဟင်းရွက် ၁၂၆ ဧကနှင့် ပြောင်းဖူး ၇၄၈ ဧက ဖြစ်ပါသည်။ နှစ်ရှည်သီးနှံများအနေဖြင့် လက်ဖက် ၂၅ ဧက၊ ကော်ဖီ ၃၇ ဧက၊ လိမ္မော် ၁၀၈ ဧက ရှိပါသည်။

## သစ်သီးဝလံများ အလားအလာကောင်း

လေရှီးမြို့နယ်ကျေးရွာများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပါက အခြားဒေသများသို့ စီးပွားဖြစ်တင်ပို့ ရောင်းချနိုင်အောင် အလားအလာကောင်းသည့် ပစ္စည်းများမှာ သစ်သီးဝလံများ ဖြစ်ကြပါသည်။ လေရှီးမြို့နယ်တွင် ပေါပေါများများထွက်ရှိသော သစ်သီးဝလံများမှာ လိမ္မော်သီး၊

www.burmeseclassic.com

www.burmeseclassic.com



သစ်တော်သီး၊ မက်မန်းသီး၊ မက်မွန်သီး၊ ငှက်ပျောသီးနှင့် ထောပတ်သီးများ ဖြစ်ကြပါသည်။ ထမံသီ-လေရှီးမော်တော်ကားလမ်းဘေးရှိ ကျေးရွာများတွင် လိမ္မော်ခြံကြီးများကို တွေ့ရှိရပါသည်။ ကျေးရွာတိုင်းတွင် လိမ္မော်ပင်များ၊ သစ်တော်ပင်များ၊ မက်မန်း၊ မက်မွန်နှင့် ထောပတ်သီးပင်များ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိပါသည်။ လေရှီးမြို့ပေါ်တွင်လည်း သစ်တော်သီးများမှာ စား၍မကုန်နိုင်ဖြစ်၍ အပင်အောက်တွင် ရင့်မှည့်ကာ ကြွေကျနေသည်မှာ အိမ်တိုင်းလိုလို တစ်ပုံတစ်ပင်ရှိသည်ဟု သိရပါသည်။ မိုးရာသီတွင် ကားများ မသွားလာနိုင်တော့သဖြင့် သစ်သီးဝလံများ တန်ဖိုးမရှိတော့ခြင်းပင် ဖြစ်သည်။

သစ်တော်ပင်ကဲ့သို့ပင် လိမ္မော်ပင်၊ မက်မန်း၊ မက်မွန်နှင့် ထောပတ်သီးများမှာ လေရှီးနယ်ကျေးရွာတိုင်းတွင် စီးပွားဖြစ်စိုက်ပျိုးနိုင်သော သစ်သီးဝလံများ ဖြစ်ကြပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါက တောင်ပေါ်ဒေသ၏ တန်ဖိုးရှိ သစ်သီးဝလံထွက်ကုန်များ ဖြစ်လာနိုင်ဖွယ်ရှိပါသည်။

ယခုအခါ ချင်းတွင်းမြစ်ကမ်းရှိ ဟုမ္မလင်းမြို့နယ် ထမံသီကျေးရွာမှ လေရှီးမြို့အထိ ၄၁ မိုင်ရှိ မော်တော်ကားလမ်းကို ကတ္တရာလမ်းအဖြစ် နှစ်စဉ်စီမံကိန်းချ ဆောင်ရွက်လျက်ရှိရာ ၁၂ မိုင်ကျော် ပြီးစီးနေပြီဖြစ်သည်။ လမ်းကြောတစ်လျှောက်လုံး ကတ္တရာလမ်းခင်းပြီးပါက ထမံသီကျေးရွာမှ လေရှီးမြို့သို့ ရာသီမရွေး မော်တော်ယာဉ်များ သွားလာနိုင်မည်ဖြစ်သည်။ ထိုအချိန်တွင် လေရှီးမြို့နယ်မှထွက်ရှိသော သစ်သီးဝလံ

www.burmeseclassic.com

www.burmeseclassic.com



ကုန်စည်များသည် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်နှင့် ပြည်မသို့ပင် ထိုးဖောက်ဝင်ရောက်၍ စျေးကွက်ဝင်နိုင်မည် ဖြစ်သည်။ ထို့ပြင် လေရှီးမြို့မှ ၄၂ မိုင်အကွာ အိန္ဒိယနယ်စပ် ဆွမ္မရာကျေးရွာကြီးသို့လည်း မော်တော်ကားလမ်း ဖောက်လုပ် လျက်ရှိရာ လမ်းတစ်လျှောက်ရှိ ကျေးရွာများမှ သစ်သီးဝလံ များသည် စျေးကွက်ဝင် တန်ဖိုးမြင့်လာတော့မည် ဖြစ်ပါသည်။ တစ်ဖန် ဆွမ္မရာမှ ထိန်ကွပ်-ဖာပုပ်လမ်းကြောင်း ၆၁ မိုင်၊ လေရှီး-နောင်ပင် ၂၇ မိုင်နှင့် လေရှီး-ချယ်ရာ-မသော်ရီ-ကျော်ပါရီ-မော်ဒွန်းနိုင်ရွာ ၁၂၈ မိုင်လမ်းများ ဖောက်လုပ် လျက်ရှိပါသည်။ ဤလမ်းမကြီးများ ပြီးစီး၍ သယ်ယူပို့ဆောင် ရေး လျင်မြန်လွယ်ကူလာသောတစ်နေ့တွင် လိမ္မော်၊ သစ်တော်၊ မက်မန်း၊ မက်မွန်စသည့် သစ်သီးဝလံများ တန်ဖိုးမြင့် စျေးကွက် ဝင်လာသည့်အခါ ခြံကြီး ခြံငယ်များဖြင့် အကြီးအကျယ်စိုက်ပျိုး လုပ်ကိုင်လာကြမည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးအတွက် များစွာ အထောက်အကူပြုမည် ဖြစ်ပါသည်။

## နန်းယွန်းဒေသ စိုက်ပျိုးရေး

နန်းယွန်းဒေသသည် တောင်ကုန်းတောင်တန်းထူထပ် ပြီး စိုက်ပျိုးရန်ကောင်းသော မြေပြန့်လွင်ပြင် နည်းပါးပါသည်။ ပန်ဆောင်မြို့နယ်ခွဲ နောင်ယန်းအင်းပတ်လည်၌မူ မြေပြန့် လွင်ပြင်ဖြစ်ပြီး လယ်ဧကပေါင်း ၂၅၀၀ ခန့် စိုက်ပျိုးပါသည်။ အခြားဒေသများတွင် တောင်ယာများ လုပ်ကိုင်လျက်ရှိပြီး

www.burmeseclassic.com

www.burmeseclassic.com



စပါး၊ ပြောင်း၊ လူး၊ ဆပ်၊ ပီနံ၊ မြောက်ဥ၊ ခွေးမီးဆန်များကို သီးညှပ်စိုက်ပျိုးလေ့ ရှိလေသည်။

နန်းယွန်းဒေသတစ်ခုလုံးတွင် စိုက်ပျိုးဧက စုစုပေါင်း ၁၉၄၈၀ ရှိရာ စပါး ၈၈၀၀ ဧက၊ ပြောင်းဖူး ၈၈၀၀ ဧက၊ မိုးနှမ်း ၇၀ ဧက၊ ငရုတ် ၁၁၀ ဧက၊ ပီလောပီနံ ၁၃၅၀ ဧက၊ ပဲပုပ် ၃၅၀ ဧက စိုက်ပျိုးကြောင်း သိရပါသည်။

လိမ္မော်၊ နာနတ်၊ ရှောက်ချိုစသော သစ်သီးဝလံများကို လည်း စိုက်ပျိုးကြသည်။ လက်ဖက်နှင့် ကော်ဖီကိုလည်း စီမံကိန်းချမှတ်၍ တိုးချဲ့စိုက်ပျိုးလျက်ရှိပါသည်။

## လယ်ယာစိုက်ပျိုးမှု တိုးတက်ရေးနှင့် ဆည်မြောင်းတာတမံ စီမံကိန်း

နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကကျသည့် လယ်ယာစိုက်ပျိုးမှု တိုးတက်ရေးအတွက် ဆည်မြောင်း တာတမံလုပ်ငန်းများကိုလည်း နိုင်ငံတော်မှ ခွင့်ပြုရန်ပုံငွေဖြင့် လည်းကောင်း၊ တစ်နိုင်တစ်ပိုင် ကိုယ့်အားကိုယ်ကိုး အစီ အစဉ်ဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိပြီး အချို့ကို ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါသည်။ ခန္တီးမြို့နယ်အနေဖြင့် အကျိုးပြုဧက ၃၀၀ ရှိ ၅၇ သိန်းတန် မှန်ပင်ရေတံခါး၊ အကျိုး ပြုဧက ၅၀ ရှိ ၁၂ သိန်းတန် ပဒူးမုန်းသစ်ရိုက် ကျောက် ဖြည့်ဆည်၊ ဧက ၅၀ အကျိုးပြုသော ၁၂ သိန်းတန် လေဝယ် သစ်ရိုက်ကျောက်ဖြည့်ဆည်များ ဖြစ်ကြသည်။ ကိုယ့်အား

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုးအစီအစဉ်ဖြင့် ၂၅ ဧက အကျိုးပြုမြို့မ ရေနုတ်မြောင်း၊ ဧက ၄၀ အကျိုးပြု နောင်မလိုင်အင်း ရေနုတ်မြောင်းနှင့် ၈၄ ဧက အကျိုးပြု နန်းပုံချောင်း ယာယီရေလွှဲဆည်တို့ ဖြစ်ကြပါသည်။

ဟုမ္မလင်းမြို့နယ်အနေဖြင့် ဧက ၅၀ အကျိုးပြု ၁၂ သိန်းတန် နန့်ဆလာချောင်းဆည်၊ ဧက ၂၅၀ အကျိုးပြု ၃၂ သိန်းတန် ငုံဖူးအင်မော်ရေတံခါး၊ ဧက ၂၀၀ အကျိုးပြု ၂၂ သိန်းတန် တတ်နန်တီဆူး ရေတံခါး၊ ဧက ၂၀၀ အကျိုးပြု ၂၃ သိန်းတန် တန်မကောက်မော်ရေတံခါးနှင့် ၁၃၀ ဧက အကျိုးပြု ၁၈ သိန်းတန် နောင်တိန်းရေတံခါးတို့ ဖြစ်ကြသည်။ ကိုယ့်အားကိုယ်ကိုး ချောင်းပိတ်၊ မြောင်းပိတ်များမှာ ၂၉၉ ဧက အကျိုးပြု မကောက်မော် မြောင်းပိတ်၊ ၃၆၉ ဧက အကျိုးပြု နမ့်မီးတောင်ချောင်းပိတ်၊ ၂၀၄ ဧက အကျိုးပြု နတ်နန်းချောင်းပိတ်၊ ၃၃၅ ဧက အကျိုးပြု ကမ်ဆွန်း မြောင်းပိတ်၊ ဧက ၄၀၀ အကျိုးပြု နမ့်မီးလူးချောင်းပိတ် (၁)၊ ၁၅၅ ဧက အကျိုးပြု နမ့်မီးလင်းချောင်းပိတ် (၂)၊ ဧက ၂၁၀ အကျိုးပြု နမ့်တီးဆူချောင်းပိတ်၊ ဧက ၂၀၀ အကျိုးပြု နမ်ဖက်ချောင်းပိတ်၊ ၁၃၇ ဧကအကျိုးပြု နောင်တိန် မြောင်းပိတ်နှင့် ဧက ၂၀၀ အကျိုးပြု နမ့်ဆလာချောင်းပိတ်တို့ ဖြစ်ကြသည်။

လေရှီးမြို့နယ်အနေဖြင့် ဧက ၂၀၀ အကျိုးပြု ၃၂ သိန်းတန် ပိန္နဲကုန်းဆည်၊ ဧက ၁၅၀ အကျိုးပြု ၂၀ သိန်းတန် ရန်နွေးဆည်၊ ဧက ၃၂၀ အကျိုးပြု ၁၈ သိန်းတန် တန်ဇလား ဆည်တို့ ဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့သော ဆည်မြောင်းတာတမံများ ဆောက်လုပ်ပြီးစီးပါက နာဂဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများ တိုးတက်လာမည် ဖြစ်ပါသည်။ ဟုမ္မလင်းမြို့နယ်မှလွဲလျှင် ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်းတို့သည် ဒေသဝမ်းစာ မဖူလုံသောမြို့နယ်များဖြစ်ကြသည်။ ဒေသဝမ်းစာ ဖူလုံရေးအတွက် ကြိုးပမ်းနေကြရပါသည်။ ခေတ်မီကုန်းမြင့် လယ်ယာစနစ် တင်းပြည့်ကျပ်ပြည့် အကောင်အထည်ဖော်နိုင်ခြင်း၊ ဆည်မြောင်းတာတမံများလည်း တိုးချဲ့တည်ဆောက်ခြင်းများ ပြုလုပ်ပေးခြင်းအားဖြင့် ဒေသဝမ်းစာ ဖူလုံပိုလျှံရေးကို ဦးတည်သွားနိုင်မည် ဖြစ်ပါသည်။ ထို့ပြင် တောင်ပေါ်ဒေသနှင့်ကိုက်ညီသည့် ကော်ဖီ၊ လက်ဖက်ပင်များ တိုးချဲ့စိုက်ပျိုးခြင်း၊ သစ်သီးဝလံများ စီးပွားဖြစ် စိုက်ပျိုးခြင်းအားဖြင့် စိုက်ပျိုးသီးနှံ ဒေသထွက်ကုန်များ ရရှိလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးရေးကို များစွာအထောက်အကူပြုမည် ဖြစ်ပါသည်။

## မွေးမြူရေး

နာဂဒေသတွင် အဓိကမွေးမြူသော တိရစ္ဆာန်များမှာ ကျွဲ၊ နွား၊ နွားနောက်၊ ဝက်၊ ကြက်၊ ဘဲများကို မွေးမြူကြပါသည်။ သို့သော် စီးပွားဖြစ် မွေးမြူခြင်းမဟုတ်ဘဲ စားသုံးရန်နှင့် ပွဲတော်တွင် ကျွေးမွေးရန်၊ ရိုးရာဓလေ့အရ အသုံးပြုရန်သာ မွေးမြူကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မွေးမြူသည့် ကြက်၊ ဝက်များမှာလည်း ဒေသ ကြက်၊ ဝက်များဖြစ်၍ အသားထွက်နှုန်းမကောင်းသော မျိုးများဖြစ်ကြသည်။ နွားနောက်ကို စီးပွားဖြစ် မွေးမြူနိုင်ရေးအတွက် စီမံဆောင်ရွက်လျက် ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၄
## "သစ်တော သယံဇာတများ"

နာဂဒေသသည် သစ်တောထွက် သယံဇာတကြွယ်ဝသောဒေသ ဖြစ်ပါသည်။ ချင်းတွင်းမြစ်ကမ်းနှင့် တောင်တန်းများပေါ်တွင် သစ်တော၊ ဝါးတော၊ ကြိမ်တော၊ သင်တောကြီးများ ပေါ်ကြွယ်လှပါသည်။ သစ်တောထွက် ဈေးကွက်ဝင်ပစ္စည်းများအနေဖြင့် အမျိုးအမည် စုံလင်လှသည်။ သစ်တောသစ်ပင်များမှရရှိသော သယံဇာတများ၊ တောတိရစ္ဆာန်များမှရရှိသော အဖိုးတန်ပစ္စည်းများမှာ ဒေသသုံးသစ်၊ ဝါး၊ ကြိမ်၊ သင်၊ မှိုခြောက်၊ မျှစ်ချဉ်၊ မှဲ့လင်သီးခြောက်၊ သစ်ကတိုးဆီ၊ သစ်မွှေး၊ ဆေးမြစ်မျိုးစုံ၊ အမိုးအကာ ရှိုး၊ တောထန်း စသည်တို့ဖြစ်ကြသည်။ တောတိရစ္ဆာန်တို့မှရရှိသော ပစ္စည်းများမှာ ဝံသည်းခြေ၊ စပါးကြီးသည်းခြေ၊ တောင်ဆိတ်ခွာ၊ တောင်ဆိတ်ချို၊ တောင်ဆိတ်အဆီ၊ ပျားရည်၊ ပျားဖယောင်း၊ ဖြူအူ၊ ဖြူဆူးချောင်းသားရေ၊ လိပ်ခွံ စသည်တို့ဖြစ်ကြပါသည်။

### ထမံသီဘေးမဲ့တော

၁၉၇၄ ခုနှစ်တွင် ထမံသီဘေးမဲ့တောကို မြန်မာပြည်သစ်တောဌာနမှ သတ်မှတ်တည်ထောင်လိုက်သည်။ ဟူမ္မလင်း



www.burmeseclassic.com

www.burmeseclassic.com


မြို့နယ် ခန္တီးမြို့နယ်နှင့် လေရှီးမြို့နယ်အစိတ်အပိုင်း ပါဝင်ပါသည်။ ဧရိယာအားဖြင့် ၅၃၁၄၅၆ ဧက ရှိပြီး မြန်မာနိုင်ငံတိရစ္ဆာန်ဘေးမဲ့တောများတွင် အကြီးကျယ်ဆုံးဖြစ်၍ နာဂဒေသအတွက် ဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ထမံသီဘေးမဲ့တောအတွင်း ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ သစ်ယာ၊ အင်ကြင်းအပါအဝင်အဖိုးတန်သစ်မာများ၊ သစ်ပင်မျိုးစုံပေါက်ရောက်နေသည့်အပြင် ကြံ့၊ ဆင်၊ ပြောင်၊ တောဝက်၊ ဆတ်ချေ (ဂျီ) နှင့် ငှက်များကို ဘေးမဲ့ကာကွယ်ထားပါသည်။

မြန်မာနိုင်ငံတွင် ၁၉၀၂ ခုနှစ်၌ ပြဋ္ဌာန်းထားခဲ့သော သစ်တောဥပဒေအရ တောရိုင်းတိရစ္ဆာန်နှင့် ကျေးငှက်များကို သစ်တောထွက်ပစ္စည်းများအဖြစ် သတ်မှတ်ပြီး သစ်တောကြိုးဝိုင်းများအတွင်း ပစ်ခတ်သတ်ဖြတ်ခြင်း မပြုရန်တားမြစ်သည်။ ၁၉၃၆ ခုနှစ်တွင် မြန်မာနိုင်ငံ တောရိုင်းတိရစ္ဆာန် ကျေးငှက်ကာကွယ်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး နည်းဥပဒေများကို ၁၉၄၁ ခုနှစ်တွင် ပြဋ္ဌာန်း၍ သစ်တောဌာနအား တောရိုင်းတိရစ္ဆာန်ကျေးငှက်များအား ကာကွယ်ရန် တာဝန်ပေးအပ်ခဲ့သည်။ ၁၉၅၆ ခုနှစ်တွင် ဥပဒေပြဋ္ဌာန်းချက်အချို့ကို ပြင်ဆင်ဖြည့်စွက်ပြဋ္ဌာန်းခဲ့လေသည်။

## စာရာမေတိတောင်ဝန်းကျင် သဘာဝတောများ

စာရာမေတိတောင်သည် လေရှီးမြို့နယ်အတွင်းတွင် တည်ရှိပြီး အမြင့်ပေ ၁၂၅၅၃ ပေ ရှိပါသည်။ စာရာမေတိ

www.burmeseclassic.com

www.burmeseclassic.com



တောင် တည်ရှိသော မြန်မာနိုင်ငံအနောက်ဘက်တောင်တန်းများသည် တောင်မြောက်ယှဉ်၍ ပြေးနေသောတောင်တန်းဖြစ်ပြီး တောင်ဘက်အစွန်ဆုံးသည် ရခိုင်ရိုးမ၊ ထို့နောက် မြောက်ဘက်သို့သွားသော် ပတ်ကွိုင်တောင်များမှ တဖြည်းဖြည်းမြင့်မားပြီး ဟိမဝန္တာတောင်တန်းနှင့် ပေါင်းဖက်ဆက်စပ်၍ "ဘားမားအက်လိပ်" ခေါ်သည့် တောင်စဉ်တန်းကို ဖြစ်ပေါ်စေပါသည်။ အဆိုပါ "ဘားမားအက်လိပ်" သည် ရခိုင်ရိုးမတောင်ဘက်တွင် ပင်လယ်တွင်းသို့ ငုပ်လျှိုးပြီး ရေအောက်တောင်တန်းအဖြစ် တည်ရှိ၍ "အင်ဒမန်ကျွန်း (ရှေးယခင်ကတကျွန်း)၊ နစ်ကိုဘာကျွန်းတို့မှ တစ်ဖန် စုမတြာနှင့် ဘိုနီယိုကျွန်းများတွင် ပြန်လည်ပေါ်ပေါက် ဆက်သွယ်နေသည်ဟု အဆိုရှိပါသည်။

ဘူမိဗေဒအဆိုအရ ဖော်ပြရလျှင် နာဂတောင်တန်းပါဝင်သော မြန်မာနိုင်ငံအနောက်ဘက်တောင်တန်းများသည် ရှမ်းကုန်းပြင်မြင့် ပေါ်ပေါက်တည်ရှိသောအချိန်တွင် နာဂတောင်တန်းအဖြစ် တည်ရှိခြင်းမရှိသေးဘဲ ကုန်းအဖြစ်တည်ရှိကောင်း တည်ရှိနေမည် ဖြစ်သည်။ နာဂတောင်တန်းများသည် "ကရိတေးရှ" ခေတ်လောက်က စတင်မြေလှုပ်ရှားမှုဖြစ်ပေါ်ပြီး တာရှုရီအချိန်ကာလတွင် တောင်တန်းအဖြစ်ပေါ်ပေါက်လာသည်ဟု အဆိုရှိလေသည်။

စာရာမေတိတောင်တန်းသည် မြန်မာနိုင်ငံတွင် အနောက်ဘက်၌ တည်ရှိသည့်အလျှောက် အနောက်တောင်မုတ်သုန်လေကို ကောင်းစွာရရှိ၍ မိုးကောင်းသောဒေသ ဖြစ်သည်။ တစ်နှစ်အတွင်း ရွာသွန်းသောမိုးရေချိန်လက်မသည် နာဂ

www.burmeseclassic.com

www.burmeseclassic.com



တောင်တန်းတွင် တစ်နေရာနှင့်တစ်နေရာ ကွဲပြားခြားနားခြင်းများရှိသည်။ နာဂတောင်တန်းတွင် မိုးရွာသွန်းခြင်းသည် နေရာ တစ်ခု၏အနိမ့်အမြင့်ပေါ်တွင် များစွာတည်ရှိ၍ ဥပမာ ပေ ၈၀၀၀ ရှိသော တောင်တန်းတွင် ရွာသွန်းသော မိုးရေချိန် လက်မသည် ပေ ၃၀၀၀ ရှိသော တောင်တန်းတွင် ရွာသွန်းသောမိုးရေချိန်ထက် များပြားပါသည်။

စာရာမေတီတောင်ရှိသော သဘာဝတောများကို ဖော်ပြရလျှင် နာဂတောင်၏ သဘာဝတောများပါဝင်၍ ယင်းတို့ကိုဖော်ပြရာ၌ နာဂတောင်တန်း၏ သဘာဝတောများနှင့်အတူတူပင်ဖြစ်သည်။

စာရာမေတီတောင်ရှိ သဘာဝတောများကို အကြမ်းဖျင်းအားဖြင့် (၁) အပူပိုင်းဒေသတောများ+၊ (၂) အပူလျော့ပိုင်းတောစိုများ×၊ (၃) သမပိုင်းဒေသပေါက် တောစိုများ*၊ (၄) ထင်းရှူးတောများ++၊ (၅) ဆီးနှင်းတောင်ပေါ်ပေါက် တောမျိုးများ×× (၆) တောင်ပေါ်မြက်ခင်းများ** ဟူ၍ ခွဲခြားနိုင်ပါသည်။

---

+ Tropical Forests

× Sub-tropical Forests

* Temperate moist Forests

++ Pine Forests

×× Alpine Forests

** Hill Grass Lands.

www.burmeseclassic.com

www.burmeseclassic.com



အပူပိုင်းဒေသအမြဲစိမ်းသော တောများတွင် ပေါက်တတ်သော မျောက်ငို၊ မအူလက်တံရှည်၊ မျောက်လုပ်၊ ဘိုင်၊ သဖန်း၊ မဏိသြဂ၊ မှန်ဒေါ့စသော အပင်မျိုးကို တွေ့ရှိနိုင်ပါသည်။ တွေ့ရှိရသော ဝါးများမှာ ဝါးသပွက်ဝါးမျိုးကို များပြားစွာ တွေ့ရှိနိုင်ပါ၍ နာဂတောင်တန်းအချို့နေရာများတွင် အမြဲစိမ်းသစ်တောနှင့် ပူးတွဲလျှက်ရှိသော ကြိမ်တောများကိုပါ တွေ့ရပါသည်။

မြန်မာနိုင်ငံအနှံ့အပြားတွေ့ရှိရသော အပူပိုင်းဒေသ ရွက်ပြတ်ရောနှောသော တောစိုများမှာ စာရာမေတီတောင်ခြေတွင် အဖိုးတန်ကျွန်းသန်းရောင်းဝယ်ရေးသစ် အများအပြား တွေ့ရှိရ၍ ပျဉ်းကတိုးများလည်း ရောနှောပေါက်ရောက်ကြောင်းတွေ့ရှိရသည်။ ယင်းအမြင့်အထိ ပေါက်ရောက်သော ပျဉ်းကတိုးပင်များ၏ သန်စွမ်းမှုမှာ ကောင်းမွန်ပါသည်။

တော၏အသွင်အပြင်မှာ ရွက်အုပ်သိပ်သည်း၍ မိုးအခါ ပိတ်နေသော တောမျိုးဖြစ်ပြီး တော၏ပျမ်းမျှအမြင့်မှာ အရွယ်အမြင့် အမျိုးမျိုးအစားအစားရှိကြ၍ အပင်များသည် အလျား၊ အနံ၊ ထု သုံးမျိုးအပြည့်အဝ အသုံးချမှုရှိပေသည်။ ပေါက်ရောက်နေသောအပင်မျိုးများမှာ ပျဉ်းကတိုး၊ ရုံး၊ ထောက်ကြံ့၊ သစ်ဆိမ့်၊ လိမ်၊ ယမနေ၊ ချင်ရုပ်၊ နှော၊ ဘင်၊ ပိတောက်၊ သင်းဝင်တို့ဖြစ်ကြပါသည်။ အရွက်ကြွေသောအပင်များမှ ရနံ့သင်းသော အပြာနုရောင်အပွင့်များကို ပွင့်ဖူးကြ၍ ပင်ကြွေ တောကိုလှပစေသည့် စွယ်တော်ပင်များကိုလည်း တွေ့ရှိနိုင်

www.burmeseclassic.com

ww.burmeseclassic.com



ပေသည်။ ယင်းစွယ်တော်ပင်များသည် ရင်စို့လုံးပတ် ပေ ၃ ဒသမ ၅ အထိ ကြီးမားစွာ ပေါက်ရောက်ခြင်းရှိ၍ တစ်ခါ တစ်ရံ ပေ ၅၀၀၀ အထိ ပေါက်ရောက်ခြင်းကို တွေ့ရှိနိုင် ပေသည်။

အောက်ပေါင်းများအဖြစ် တွေ့ရှိရသော အပင်များမှာ တမဆေးကြမ်း၊ ဖက်ခါး၊ ဆေးလိပ်ပြာအစရှိသော အပင်များ ဖြစ်၍ မိုးအခါတွင် အပွင့်နီပွင့်သော ဖက်ခါးပင်များမှာ ထင်ရှားပေါ်လွင်လှ၏။ တွေ့ရှိရသော ဝါးများမှာ တင်းဝါးနှင့် မျှင်ဝါးဖြစ်၍ မျှင်ဝါးများကို အနည်းငယ်ခြောက်သွေ့သော နေရာများ၌ တွေ့ရှိနိုင်သည်။

အပူပိုင်းဒေသတောစိုများတွင် တွေ့ရှိနိုင်ဘွယ် ကပ်ပင် များမှာ သစ်ခွနှင့် ဇော်ဂျီမုတ်ဆိတ်ခေါ် အပင်ကြီးများ ဖြစ်ကြ သည်။ သစ်ခွမျိုးထဲမှ လက်တံရှည်၊ ရတနာရွှေဆက်၊ ကြက်တူရွေး၊ သစ်တက်လင်းနေ အစရှိသောအပင်များ ပေါ်များ ပါသည်။ သပကနွယ်၊ နိုးနွယ် အစရှိသောနွယ်များ၊ ညောင် ပတ်ပင်များကိုလည်း တွေ့နိုင်ပါသည်။

တောင်တန်းများ၏ ကျောပေါ်တွင်လည်းကောင်း၊ ရေရ ရှိရန် ခြောက်သွေ့သောနေရာများတွင်လည်းကောင်း တွေ့ရှိ ရသော တောမျိုးမှာ အပူပိုင်းဒေသ တောခြောက်များပင် ဖြစ်သည်။ ဤတောမျိုးများမှာ အပူပိုင်းဒေသ တောစိုများနှင့် အသွင်အပြင်ကွာခြားလေသည်။ အပင်များ မြင့်မားမှုရှိခြင်း၊ ပင်စည်များ ဖြောင့်တန်းမှုမရှိခြင်းတို့မှာ ကွဲပြားခြားနားချက်

www.burmeseclassic.com

www.burmeseclassic.com



များဖြစ်ပါသည်။ တွေ့ရှိရသော အပင်များမှာ ထောက်ကြံ့၊ ပိတောက်၊ ဖန်ခါး၊ သစ်စေး၊ ဇင်ပွန်း၊ ဆောင်သပြေ၊ ငွေး၊ လျှော်မျိုးများ၊ သစ်ယာ၊ အင်ကြင်းအစရှိသည်တို့ ဖြစ်ပါသည်။ ဤတောမျိုး၌ပေါက်ရောက်သော ဝါးများမှာလည်း သိမ်လှိုကွေးကောက်၍ မျှင်ဝါးများ အများအားဖြင့် ပေါက်ရောက်ပါသည်။ ဤတောမျိုးများမှ တဖြည်းဖြည်း ထင်းရှူးတောများအဖြစ် ပြောင်းလဲသွားခြင်းကို စာရာမေတိအထက် လမ်းခရီးတွင် တွေ့ရှိနိုင်ပါသည်။

မြန်မာနိုင်ငံအနှံ့အပြား၌ ပေါက်ရောက်သော အင်တိုင်းတောများကဲ့သို့ပင် အများဆုံးပေါက်ရောက်သော အပင်များမှာ အင်၊ သစ်ယာ၊ အင်ကြင်းတို့ပင် ဖြစ်ပါသည်။ အင်တိုင်းတော၏အသွင်အပြင်မှာ ပေါက်ရောက်နေသော မြေ၏အခြေအနေပေါ် များစွာတည်ရှိ၍ ကောင်းသောအင်တိုင်းတောဖြစ်ပါက ပျမ်းမျှအမြင့်ပေ ၁၀၀ အထိ မြင့်မားစွာ ပေါက်ရောက်ပါသည်။

စာရာမေတိတောင်ခြေ၌ ထူးခြားချက်မှာ အင်တိုင်းတောများသည် ထင်ရှူးတောများနှင့် ယှဉ်ပြိုင်လျက်တည်ရှိနေသည်ကိုတွေ့ရှိနိုင်ပါသည်။

စာရာမေတိတောင်တွင် အပူပိုင်းဒေသတောများမှ အပူလျော့ပိုင်းဒေသ သစ်တောများကို ပြောင်းလဲသွားခြင်းမှာ ရုတ်ခြည်းပြောင်းလဲသွားခြင်းမဟုတ်ဘဲ တဖြည်းဖြည်း ပြောင်းလဲလာခြင်းပင် ဖြစ်သည်။ ကျွန်းပေါက်ရောက်မှုမရှိ

www.burmeseclassic.com

www.burmeseclassic.com



ခြင်းကို ထင်ရှားစွာသိရှိနိုင်၍ ပန်းမ၊ ဝက်သစ်ချ၊ သစ်အယ်၊ လောက်ယား၊ မိုင်းဘောစသောအပင်များ စတင်တွေ့ရှိခြင်းကို သတိမူခြင်းအားဖြင့် တောမျိုးများပြောင်းလဲခြင်းကို သိရှိနိုင်ပါသည်။ တော၏အုပ်မိုးကွာမှာ အတော်အတန်နိမ့်၍ လာခြင်းကို တွေ့ရှိနိုင်ပါသည်။

အပူပိုင်းဒေသတောမျိုးတွင် ပေါက်ရောက်လေ့ရှိသော ဆီးဖြူ၊ ဒေါက်ရ၊ စွယ်တော်၊ ထောက်ကြံ့၊ ဖန်ခါးတို့ကို တောင်ပေါ် အမြင့်ပေ ၄၅၀၀ မှ ၅၀၀၀ အထိ ရံဖန်ရံခါတွေ့ရှိနိုင်ပေသည်။ အောက်ခံတောနိမ့်အဖြစ် တွေ့ရှိရသော အပင်မျိုးများမှာ မဲရိုင်းတစ်မျိုး၊ လိုဘဲလီးယား၊ ဗာနိုနီးယား၊ လူကိုမာရစ်၊ ဗက်ဆီနီယံ၊ ထမဆုတ်၊ ခေါင်းဆပ်ပြာအစရှိသော အပင်များဖြစ်ကြပါသည်။ ဗက်ဆီနီယံအပင်မျိုးမှ အသီးသည် ရင့်မှည့်လာသောအခါ မည်းနက်လာ၍ ကလေးများ စားလေ့ရှိပြီး ယင်းအပင်မှာ အပူလျော့ပိုင်း တောနိမ့်များကို ညွှန်ပြသည့်အပင်အဖြစ် ယူဆနိုင်ပေသည်။ ကွန်ပိုစေ့တီးမျိုးရင်း (နေကြာ) ထဲမှ သစ်ပင်မျိုးဖြစ်သည့် ဗာနိုနီးယားနှင့် လူကိုမာရစ် တို့မှာလည်း ဤတောမျိုးတွင်သာ ပေါက်ရောက်လေ့ရှိကြ၍ ဗာနိုနီးယားသည် ဧပြီလတွင် ပွင့်ဖူးပါသည်။ မတ်နှင့် ဧပြီလ တွင် တစ်တောလုံး ဝေဆာအောင်ပွင့်ဖူးလေ့ရှိသော သစ်ဖြူ ခေါ် ဝင်လင်ဒီးယား၊ ဝလေဘာရပ်တားကိုလည်း ဤတောမျိုး၌တွေ့ရှိနိုင်ပါသည်။ ဖီးနပ်ခေါ် သင်ပေါင်းပင် (စွန်ပလွံမျိုး) ကိုလည်း အောက်ပေါင်းတောတွင် တွေ့ရှိနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပူလျော့ပိုင်းဒေသ သစ်တောများတွင် ရွက်ကြွေပင်များနှင့် အမြဲစိမ်းသော သစ်ပင်များ ရောနှောပေါက်ရောက်ပါ၍ အမြဲစိမ်းအသွင်ကို ဆောင်နေပါသည်။ သို့ရာတွင် ကွက်ကျားရွက်ကြွေပင်များ ပါဝင်ပေါက်ရောက်နေခြင်းကြောင့် တောစိမ်းအစစ်နှင့် အနည်းငယ်ကွာခြားပါသည်။ ဤတောမျိုးတွင် ပါဝင်ပေါက်ရောက်သော အပင်ကြီးမျိုးမှာ မျိုးစိတ်ပေါင်း တော်တော်များများ ပါဝင်သည့် အုပ်လော်ဝက်သက်ချမျိုးဖြစ်၍ သစ်အယ်မျိုးလည်း ပါဝင်လေသည်။ သစ်အယ်၊ ပန်းမ၊ အချို့သော ဝက်သစ်ချ၊ စကားဖြူ၊ လောက်ယားများမှာလည်း အမြဲစိမ်းသောအပင်မျိုးများ ဖြစ်ကြပါသည်။ ကင်းပုတီးခေါ် အစေးကို ဆပ်ပြာအဖြစ် အသုံးပြုရသော အပင်မျိုးလည်း ဤတောမျိုးတွင် တွေ့ရှိနိုင်လေသည်။ အောက်ခံတောနိမ့်တွင် ပါဝင်သော အပင်အဖြစ် ရိုနိုဒင်ဒဂန်ခေါ် တောင်ဇလပ်နီကိုလည်း တွေ့ရှိရပါသည်။

တွယ်ကပ်ပင်များအဖြစ် သစ်ခွများ၊ နတ်သမီးလက်ဝါးဟုခေါ်တွင်သော အပင်များမှာ အများအပြားတွေ့ရှိရပါသည်။ သစ်ခွများမှာ မောက်ခန်းဝါ၊ သစ်ခွနီ (လီနန်သီရား)၊ သရက်ထည်ပန်း၊ သဇင်အမျိုးအစားများ၊ ဒင်းဒရိုဘီယံအမျိုးအစားများ၊ သူနီယာအမျိုးအစားများကို တွေ့ရှိနိုင်ပါသည်။ သစ်ပင်ကိုကပ်၍ ပေါက်သောသစ်ခွများအပြင် မြေပေါ်ပေါက်သစ်ခွ၊ ပန်းတိမ်ငိုသစ်ခွမျိုးများကို တွေ့ရှိနိုင်ပါသည်။ ဤတောမျိုး၌ရှိသော တောစပ်ကျသည့် မြက်ခင်းပြင်များတွင် ခတ္တာ

www.burmeseclassic.com

ww.burmeseclassic.com



မျိုးတစ်မျိုး (လီလီပန်း) ကို တွေ့ရှိရပါသည်။ အိုင်ရစ်ပန်းမျိုးများ၊ ဂျာဘာရာခေါ် ဒေစီပန်းမျိုးများ၊ လပ်စစပါးပန်းမျိုးများ၊ တင်ပန်နုလာပန်းမျိုးများကိုလည်း ဤတောမျိုးတွင် တွေ့ရှိနိုင်ပါသည်။

သမပိုင်းဒေသပေါက် တောစိုများကို အမြင့်ပေါက် တောစိုများအဖြစ် အမြင့်ပေ ၆၀၀၀ ၏အထက်တွင် စတင်တွေ့ရှိနိုင်၍ ဤတောမျိုးမှာ အမြဲစိမ်းတောမျိုး ဖြစ်သည်။ အပူ လျှော့ပိုင်းဒေသသစ်တောများနှင့် အတော်အတန်ပင် ကွာခြားလေသည်။ သမပိုင်းဒေသပေါက် တောစိုများအဖြစ် ကူးပြောင်းခြင်းမှာလည်း တဖြည်းဖြည်းပြောင်းလဲခြင်းဖြစ်ပေသည်။ တောအတွင်း၌ ဝင်ရောက်လျှင် အလင်းရောင်နည်း၍ ပိတ်မှောင်ပြီး နွယ်များပိတ်ဆိုင်းနေခြင်းကို တွေ့ရှိရပါသည်။ ဤတောမျိုး၌ ထူးခြားစွာတွေ့ရှိရသော အပင်များမှာ ယူးခေါ် တက်ဆပ်ဘက္ကတာ၊ ကျောက်ထင်းရှူးခေါ် ဆက်ဖလိုဆက်ဆပ်ဂရစ်ဖီသီနိုင်၊ ချယ်ရီဖို့ခေါ်ဘာ့၊ ချယ်ရီ၊ တန်းဘီး၊ မိုင်းဘော၊ လောက်ယား၊ မေပယ်၊ သစ်ဖွဲတို့ပင် ဖြစ်ကြသည်။ ယူး၊ ကျောက်ထင်းရှူး၊ ထွန်းဘီး၊ မိုင်း စသော အပင်တို့မှာ သမပိုင်းဒေသပေါက်တောများအဖြစ် သတ်မှတ်လျှင် မှားယွင်းမည်မဟုတ်ပါ။ စာရာမေတီတောင်၌ မေပယ် နှစ်မျိုးတွေ့ရှိရလေသည်။ အမြင့်ပေ ၁၅၀ အထိ ပေါက်ရောက်နေသောသစ်ပင်ကြီးများမှာ သစ်ချပင်ကြီးများ၊ သစ်ဖွဲပင်

www.burmeseclassic.com

ww.burmeseclassic.com



ကြီးများ၊ သစ်ကြပိုးနှင့် ကရဝေးမျိုးအပါအဝင် လည်ရေစီမျိုးရင်းဝင် အပင်များကိုလည်း တွေ့ရှိရပေသည်။

စာရာမေတီတောင်ရှိ သမပိုင်းဒေသပေါက် တောစိုများတွင် နွယ်ပင်များပိတ်ဆို့ခြင်းကို မကြာခဏတွေ့ရှိရပါသည်။ နွယ်ပင်ကြီးများမှာ သစ်ပင်ကြီးများ၏ ခေါင်ဖျားအထိ ပေါက်ရောက်လေ့ရှိသော နှင်းဆီနွယ်များ၊ ပိုတီးနီးယားခေါ် နွယ်ပင်များ၊ အိုင်စီနွယ်၊ ပိုက်ပါရေးစီးမှ နွယ်ပင်များပင် ဖြစ်ပါသည်။ အန္တိမအဆင့်သို့ရောက်ရှိနေသော စာရာမေတီတောင်ရှိ သမပိုင်းဒေသ ပေါက်တောမျိုးများ၏ အောက်ခြေတွင် သစ်ရွက်ခြောက်များ ပင်ကြွေများသည် ပင်ကြွေလွှာအဖြစ် တည်ရှိပါသည်။

အဆိုပါ တောများတွင် နေရောင်ခြည်သည် တောအတွင်းသို့ ထိုးဖောက်ဝင်ရောက်နိုင်ခြင်းမရှိဘဲ အမြဲပင် အေးမြနေသောကြောင့် မီးဘေးအန္တရာယ်သည် လုံးဝမရှိသလောက်ပင်ဖြစ်သည်။ ထို့ကြောင့် ယင်းပင်ကြွေလာမှာ အတန်ပင် ထူထပ်စွာတည်ရှိ၍ ပိုးမွှားများ ဘက်တီးရီးယားမှိုများ၊ သဘာဝဓာတ်များကြောင့် ဆွေးမြည့်လွှာအဖြစ်သို့ ပြောင်းလဲခြင်းများ အမြဲတမ်း ပေါ်ပေါက်လျက်ရှိလေသည်။

ထိုသမပိုင်းဒေသပေါက် တောမျိုးများတွင် ဓမ္မတာမျိုးဆက်ခြင်းများမှာလည်း အမြဲတမ်းဖြစ်ပေါ်လျက်ရှိပေသည်။ ရွက်အုပ်လွှာထိပ်ပိုင်းရှိ ဝက်သစ်ချအပင်ကြီးများသည် အသက်ကြီးရင့်၍သော်လည်းကောင်း၊ မိုးဒဏ်လေဒဏ်ကြောင့်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း လဲကျသောအခါ တောအတွင်း၌ အလင်းရောင် ရရှိသော မြေကွက်လပ်ဖြစ်ပေါ်သည်နှင့်တစ်ပြိုင်နက် ပိုလီရိုနမ်၊ ဆာကိုကိုကာအစရှိသော ချုံနိမ့်များ များစွာပေါက်သည်။ ထိုမှ တစ်ဆင့် ရှမ်းဇီး၊ မတိုနီးယား၊ ဘာဘီရစ်၊ ဇင်သိုဇိုင်လမ် အစ ရှိသော ဆူးရှိသည့်အပင်ငယ်များ ပေါက်ရောက်သည်။ ထို့နောက် ဆူးပင်များကို အကာအကွယ်ယူ၍ အပင်ကြီးမျိုးများ ပေါက်ရောက်ပါသည်။ အပင်ကြီးမျိုးများသည် တဖြည်းဖြည်း ကြီးထွားလာ၍ အုပ်မိုးလွှာသို့ ရောက်သောအခါ ထိုအလင်း ရောင်ရရှိသော မြေကွက်လပ်တွင် စတင်ပေါက်ရောက်သည့် အပင်ငယ်များ ပျောက်ကွယ်သွားပြီး တောနက်အဖြစ် ပြောင်းလဲသွားပေသည်။ ဤကဲ့သို့ ဓမ္မတာမျိုးဆက်ခြင်း များသည် အမြဲတစေဖြစ်ပေါ်နေ၍ မြေကွက်လပ်မှ အန္တိမ အခြေရှိ တောကြီးအဖြစ် ပြောင်းလဲခြင်းမှာ တိုတောင်းသော အချိန်အတွင်း၌ ဖြစ်ပေါ်ခြင်းမဟုတ်ပဲ နှစ်ပေါင်းများစွာ ရှည်ကြာပါသည်။

သမပိုင်းဒေသပေါက် တောစိုများအတွင်း၌ တွယ်ကပ် ပင်များအဖြစ် သစ်ခွအချို့နှင့် တောင်ဇလပ်ပင်များ အက်ဂါး ပီးတီးပင်များဖြစ်၍ မော့စ်ခေါ် ရေညှိပင်များမှာ စွတ်စိုသော တော၏အခြေအနေကိုပြ၍ အပင်ကြီးတိုင်းလိုလို၌ပင် တွေ့ရှိ ရပေသည်။ အလင်းရောင်လုံလောက်စွာ မရရှိသော ဤတော မျိုး၌ အီရတ်နန်းဆီခေါ် ပင့်ကူသစ်ခွနှင့် ဂက်စထရိုဂီးယပ်စ် တို့ ပေါက်ရောက်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တော၏အောက်ခြေတွင် တွေ့ရှိရသော သမပိုင်းအပင်ငယ်များမှာ ပရိမြူလာ၊ အဲရစ်စီးဖား (ဝပင်မျိုး)၊ ဟိုင်ပါရီကမ်း (တောင်ရေချမ်းယား) ဖြစ်ပါသည်။

ထင်းရှူးတောများမှာ ပေ ၃၅၀၀ မှ ၉၀၀၀ အတွင်း နေရာအနှံ့အပြားပေါက်ရောက်ပါသည်။ အရောင်အဆင်းလှပသောပန်းမန်များလည်း ဤတောမျိုး၌ ပေါက်ရောက်ပါသည်။ အိုင်ရစ်ပန်းပင်များ၊ ဂျင်ရှင်ပန်းပင်များ၊ တောကြက်သွန်ပင်များ၊ အင်ဘာယ်ပန်းပင်များ၊ အက်စတောပန်းများသည် ဤတော၏အောက်ခြေ မြက်ခင်းပြင်၌ ပေါက်ရောက်ပါသည်။

ဆီးနှင်းတောင်ပေါ်ပေါက် တောများကို ပေ ၉၀၀၀ နှင့်အထက်တွင် တွေ့ရှိနိုင်ပါသည်။ ဤတောမျိုး၌ ပေါက်ရောက်အပင်မျိုးမှာ ကွာကပ်စဆပ်မီကာပီဖိုလီယားခေါ် တောင်မြင့်တွင်ပေါက်သော ဝက်သစ်ချတစ်မျိုးနှင့် တောင်ဇလပ်ပင်များဖြစ်ပါသည်။ တွေ့ရှိရသောပန်းမာန်များမှာ အိုင်ရစ်၊ ဆီဒင့်ဂျင်ဂျန်၊ အတိုနစ်ထန်၊ ပရိမြူလာ၊ ပိုလီရိုနမ်၊ ဆွာတီယာ၊ ဟဲလီနီယား အစရှိသော သမပိုင်းအပင်များ ဖြစ်ပါသည်။

တောင်ပေါ်မြက်ခင်းများမှာ အချိန်မှန်မှန် မီးလောင်ကျွမ်းခြင်းခံနေရ၍ လူအရောက်အပေါက်များစွာ မရှိသောစာရာမေတိတောင်တွင်မူ ပန်းမာန်များ စုံလင်ပါသည်။ အထူးသဖြင့် တောင်အမြင့် ၉၀၀၀ ပေနှင့်အထက် မြက်ခင်းများတွင် အအေးခံပန်းမာန်များ ပေါက်ရောက်ပါသည်။

www.burmeseclassic.com



ရှိစာဝဲရက်ပီယာခေါ် နှင်းဆီတစ်မျိုး၊ ပရိမြူလာပန်း၊ စက်ကီဗရာဂါပန်း၊ ဂိုးရေးနီယမ်ပန်းမျိုး၊ ကွာတီယာပန်းမျိုး၊ ဂျင်ရှန်ပန်းမျိုး၊ ဆီဒမ်းပန်းမျိုး၊ လိုတိုနီရပ်စတာပင်မျိုး၊ စထရော်ဘယ်ရီအရိုင်းများ၊ လိုတင်ကီလာပန်းမျိုးများကို နွေနှင့်မိုးရာသီတွင် ဝေဆာစွာပွင့်ဖူးနေကြောင်း တွေ့ရှိရပါသည်။

## သစ်ကတိုးဆီ ထုတ်လုပ်ခြင်း

နာဂဒေသတွင် သစ်တောထွက်ရတနာတစ်မျိုးဖြစ်သော သစ်ကတိုးဆီထုတ်လုပ်မှုလုပ်ငန်းသည် ၂၀၀၁ ခုနှစ်မှစ၍ တွင်ကျယ်လာခဲ့သည်။ စတင်လုပ်ကိုင်ခဲ့ကြသူများမှာ ကချင်နှင့်လီဆူးတိုင်းရင်းသားများ ဖြစ်ကြပါသည်။ သစ်ကတိုးဆီကို သစ်ကတိုးပင်မှ အမြစ်များအား အရည်ကျို၍ ပေါင်းခံခြင်းမှ ရရှိပါသည်။

သစ်ကတိုးပင်သည် နှစ်မျိုးရှိသည်ဟု သိရ၏။ အချိုမျိုးနှင့် အခါးမျိုးဖြစ်သည်။ အခါးမျိုးထက် အချိုမျိုးက ပိုကောင်းသည်ဟု ပြောကြပါသည်။ သစ်ကတိုးပင်သည် အပင်ကြီးမျိုးဖြစ်ပြီး ဒေသခံများက လောက်ယားမွှေးဟု ခေါ်ကြသည်။ အရွက်၏ ပုံသဏ္ဍာန်မှာ ကျောက်တမာရွက်နှင့် တူပါသည်။ သစ်ကတိုးပင်ခေါ် လောက်ယားမွှေးပင်သည် ခန္တီးဒေသနှင့် လဟယ်ဒေသတို့တွင် တော်တော်များများ ပေါက်ရောက်ပါသည်။ သစ်ပွမျိုး ဖြစ်ပါသည်။ ထင်းရှူးကဲ့သို့ အဆီရှိသော

www.burmeseclassic.com

www.burmeseclassic.com



အပင်ဖြစ်သည်။ သို့သော် အဆီများသည် အမြစ်မြွှာများတွင် စုနေသည်ဟု ဆိုပါသည်။ သစ်ကတိုးဆီသည် အနံ့အနည်းငယ် ပြင်းပြီး အကြောအခြင်ကိုက်ခဲသည်များကို သုတ်လိမ်းနှိပ်နယ်လျှင် ပျောက်ကင်းပါသည်။ ဤသို့ သုတ်လိမ်းနှိပ်နယ်ပါက ပူရှိန်းရှိန်းအရသာ ခံစားရသည်။

သစ်ကတိုးဆီများကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချသည်ဟု သိရပါသည်။ လိမ်းဆေးအဖြစ် ဖော်စပ်အသုံးပြုသည်ဟု ထင်ပါသည်။ သစ်ကတိုးဆီ ထုတ်လုပ်သည့် သစ်ကတိုးပင်များအား အပင်ကို ခုတ်လှဲ၍ အမြစ်များ တူးဖော်ထုတ်လုပ်မှုကို ခွင့်မပြုပါ။ မြေကြီးပေါ်တွင် ပေါ်နေသည့် ဘေးအမြွှာမြစ်များကိုသာ ခုတ်ဖြတ်၍ ကျိုချက်ပေါင်းခံ အဆီထုတ်ရပါသည်။ အပင်လဲ၍ ရေသောက်မြစ်ကို မတူးရပါ။ ဆွေးမြေ့နေသော အပင်ခြောက်များကိုသာ ခုတ်လှဲခွင့်ပြုထားပါသည်။ သစ်ကတိုးအမြစ် ဆာလာအိတ်သုံးအိတ်၊ လေးအိတ်ကို မိုးပြဒယ်တစ်ဒယ်စာ ပေါင်းရပါသည်။ သစ်ကတိုးဆီထုတ်လုပ်မှုလုပ်ငန်းကို တစ်ဦးတစ်ယောက်တည်း လုပ်၍ မရပါ။ လေးယောက် သို့မဟုတ် ငါးယောက် စုပေါင်းလုပ်ကြရပါသည်။ သစ်ကတိုးဆီ ဒေသပေါက်ဈေးမှာ တစ်ပုလင်းလျှင် ၂၂၀၀ ကျပ် ရှိသည်။ တစ်နေ့လျှင် ၆ ပုလင်းမှ ၁၀ ပုလင်းအထိ ထုတ်လုပ်နိုင်သည်ဟု သိရှိရပါသည်။ ဘေးအမြွှာအမြစ်များကို ခုတ်ထစ်ဖြတ်တောက်၍ ဆေးရိုးစင်းသလို စင်းကာ မိုးပြဒယ်အိုးကြီးများဖြင့် မီးပြင်းပြင်းထိုးကာ ပြုတ်ကျို

www.burmeseclassic.com

ww.burmeseclassic.com



ရပါသည်။ ပြုတ်ကျိုရာမှထွက်လာသော အငွေ့ဆီများကို ပေါင်းခံ၍ ရလာသောအဆီများကိုသာ ရယူကြရပါသည်။ ဆန်၊ ထန်းလျက်ကို ချက်အရက်ချက်သကဲ့သို့ ပေါင်းခံရခြင်း ဖြစ်ပါသည်။ သစ်ကတိုးဆီထုတ်လုပ်ရေးလုပ်ငန်းကို လုပ်ကိုင်သည့်အဖွဲ့တစ်ဖွဲ့လျှင် ကျပ်ငွေ တစ်သိန်းကျော် ရင်းနှီးမြှုပ်နှံရသည်ဟု သိရှိရပါသည်။ ယခင်က ကချင်နှင့် လီဆူးတိုင်းရင်းသားများကသာ လာရောက်လုပ်ကိုင်ကြသော်လည်း ယခုအခါ ဒေသခံ နာဂ၊ ရှမ်း၊ ချင်းတိုင်းရင်းသားများလည်း တွင်ကျယ်စွာ လုပ်ကိုင်လျက်ရှိသည်။

နာဂဒေသတွင် သစ်တောထွက်ရတနာတစ်မျိုးဖြစ်သော သစ်ကတိုးဆီထုတ်လုပ်ရေးလုပ်ငန်းကို တွင်ကျယ်စွာထုတ်လုပ်လျက်ရှိရာ ဒေသဖွံ့ဖြိုးရေးကိုလည်း တစ်နည်းတစ်လမ်းအားဖြင့် အထောက်အကူပြုလျက် ရှိပါသည်။

## သစ်မွှေးရတနာ

မြန်မာ့သစ်မွှေးသည် ယနေ့ကာလတွင် ရတနာတစ်မျိုးဖြစ်နေပါသည်။ မြန်မာ့သစ်မွှေးသည် ကမ္ဘာ့ဈေးကွက်သို့ ခြေဆန့်နေသည်။ သစ်မွှေးပင်ကို သုံးမျိုးသုံးစား ခွဲပါသည်။ သစ်ပင်တစ်ပင်တည်းမှ အထဲမှခွဲလိုက်လျှင် သစ်ကြောလိုက်၊ အကန့်အကန့်လုပ်ပြီး ထွင်းယူရသည့် အသားပိုင်းကတစ်မျိုး၊ အဆီခဲများကတစ်မျိုးနှင့် ကျန်တစ်ပင်လုံးကတစ်မျိုး ပြ၍ တွဲပြားခြားနားသည်။

www.burmeseclassic.com

ww.burmeseclassic.com



မြန်မာ့သစ်မွှေးကို ရတနာဟုဆိုသည်မှာ တာလပေါက်ဈေးနှုန်းက သက်သေခံနေပေသည်။ ထွင်းယူသော သစ်ကြောပိုင်းက (၁) ပိဿာလျှင် တစ်သိန်းမှ ဆယ်သိန်း၊ အဆီခဲမှာ (၁) ပိဿာလျှင် ဆယ်သိန်းမှ ဆယ့်ငါးသိန်း၊ သစ်ပင်တစ်ပင်လုံးကို (၁) ပိဿာလျှင် တစ်သောင်းမှ တစ်သိန်းအထိ ဖြစ်နေသည်။

သစ်မွှေးသည် မြန်မာနိုင်ငံ တောင်တန်းဒေသများတွင် သာပေါက်လေ့ရှိပါသည်။ သစ်မွှေးကို အာရပ်လူမျိုးများက ပိုမိုကြိုက်နှစ်သက်ကြပါသည်။ ဘာသာရေးပွဲတော်မှအစ မိသားစုပိုင်းအထိ မီးထွန်းညှိထားပြီး အနံ့မွှေးကြိုင်စွာ ရှူရှိုက်၍ အပန်းဖြေကြပြီး ရေမွှေးစသည့်ပစ္စည်းများ၌ အနံ့ကြာရှည်စွာ ခံနိုင်အောင်အသုံးပြုသည်ဟု ဆိုပါသည်။ သစ်မွှေးကို ခရစ်ယာန်သမ္မာကျမ်းစာတွင် ခရစ်တော်မွေးဖွားစဉ်က အရှေ့ဘက်နိုင်ငံမှ ပညာရှင်သုံးဦးရောက်ရှိလာပြီး ခရစ်တော်အား ပူဇော်ရာတွင် လက်ဆောင်ပစ္စည်းသုံးမျိုးပါရှိသည်။ လက်ဆောင်ပစ္စည်းတစ်မျိုးမှာ မူးရာ+ ဟုခေါ်သည့် သစ်မွှေးပါရှိသည်။ သို့ဖြစ်၍ သစ်မွှေးကို အထွတ်အမြတ်ပူဇော်ရာတွင် ခရစ်တော်လက်ထက်ကပင် အသုံးပြုခဲ့ကြောင်း သမ္မာကျမ်းစာအရ သိရှိရပါသည်။ ဤသို့ဖြင့် သစ်မွှေးကို ကသ္မင်တိုင်းရင်းသားများက သမ္မာကျမ်းစာအတိုင်း 'မူးရာ' ဟုပင် ခေါ်ဝေါ်ကြောင်း သိရှိရပါသည်။

+ Mura

www.burmeseclassic.com

www.burmeseclassic.com



သစ်မွှေးကို ရုက္ခဗေဒအမည်အားဖြင့် အဂွလာရိရန်[x] နှင့် အဂလိုချိယမ်[*] ဟုခေါ်သည်။ အိန္ဒိယနိုင်ငံသားတို့က အဂါဝု[++] ဟုခေါ်ပြီး တီးတိန်ချင်းတိုင်းရင်းသားက သိန်းနိုင်[xx] ဟုခေါ်လေသည်။ မြန်မာနိုင်ငံရှိ ဒေသအမျိုးမျိုးကိုလိုက်၍ အမည်အမျိုးမျိုး ခေါ်ဝေါ်ကြသည်ကို တွေ့ရသည်။ သို့ရာတွင် သစ်မွှေးဟူသောအမည်ဖြင့်သာ ထင်ရှားကျော်ကြားသည်။ ချောင်းနံဘေးဆင်ခြေလျှောနေရာမျိုး၊ သဲနှင့်ရွှံ့စေး၊ မြေနီစေးနေရာမျိုးတွင် ပေါက်ရောက်ပါသည်။ သစ်မွှေးပေါက်ရောက်သော ဒေသများမှာ နာဂဒေသခန္တီးနယ်၊ ဖောင်းပြင်နယ်၊ မော်လိုက်နယ်၊ တမူးနယ်၊ ကချင်ပြည်နယ်၊ တနင်္သာရီတိုင်း၊ မွန်ပြည်နယ်တို့ဖြစ်ကြောင်း လေ့လာတွေ့ရှိပါသည်။ အပင်အမြင့်မှာ ပေ ၄၀ ခန့်ရှိပြီး လုံးပတ်ဆယ်ပေခန့်အထိ ရှိပါသည်။ အခေါက်ခွာ၍ လွယ်ကူပါသည်။ အပင်နှင့်အခေါက်မှာ အဖြူရောင်ရှိ၍ အသားပွသည်။ လျှော်ပင်ကဲ့သို့ အရင်းက,ခွာလျှင် အဖျားထိ ရောက်သည်။ သစ်မွှေးတိုင်းတွင် တန်ဖိုးမရှိပါ။ ရုက္ခဗေဒအလို အရမူ သစ်ပင်တွင် အနာအဆာရှိလျှင် မှိုတစ်မျိုးဖြစ်လာပြီး နောက်အသားအတွင်းတွင် ထင်းရှူးဆီရောင်၊ အညိုရောင်၊ အနက်ရောင်အစင်းများ၊ အနှစ်များဖြစ်ပေါ်လာပါက ယင်း

---

x **Aguillaarin**

* **Agallocha**

++ **Agar wood**

xx **Thain Ngai**

www.burmeseclassic.com

www.burmeseclassic.com



အနှစ်များ၊ အစင်းများကသာ တန်ဖိုးရှိသော သစ်မွှေးအနှစ်ကို ရရှိပါသည်။ အညိုရောင်နှင့်အနက်ရောင် သစ်မွှေးကိုရရှိပါက ပထမတန်းစား သစ်မွှေးဖြစ်သည်။ ရိုးရိုးသစ်မွှေးပင်မှာ တန်ဖိုး မရှိလှပါ။ သို့ရာတွင် ယင်းကဲ့သို့ မှိုစွဲခြင်းသည် အခြားသစ်ပင် တွင်မဖြစ်ပဲ သစ်မွှေးတွင်သာ ဖြစ်ပေါ်ပါသည်။ တစ်ပင်လျှင် သစ်မွှေးအနှစ် ၂၀ ကျပ်သားမှ ၅၀ ကျပ်သားအထိ အဆီအနှစ် ကောင်းလျှင် ပိဿာ ၂၀ မှ ၂၅ အထိ ရရှိတတ်သည်ဟု သိရပါသည်။

သစ်မွှေးသည် ၁၉၆၉ ခုနှစ်နောက်ပိုင်းတွင် ဈေးကောင်း ရရှိလာသည်။ ယင်းအချိန်က ပထမတန်းစား တစ်ပိဿာလျှင် ကျပ်တစ်သောင်းဈေး၊ ဒုတိယတန်းစား တစ်ပိဿာလျှင် နှစ်ရာ့ငါးဆယ်နှုန်းမှ နောက်ပိုင်းတွင် ပထမတန်းစားတစ် ပိဿာငါးသောင်း၊ ဒုတိယတန်းစား နှစ်သောင်းငါးထောင်၊ ရောနှောအတန်းအစား ငါးထောင်အထိ မှောင်ခိုစီးပွားရေး ကာလတွင် မြင့်တက်လာခဲ့သည်။ အိန္ဒိယ - မြန်မာနယ်စပ် တမူးမြို့တွင် ယင်းအချိန်ကာလက သစ်မွှေးနှင့် ကြီးပွားချမ်း သာသွားသူများရှိသလို သစ်မွှေးဖြင့် ဘဝပျက်သွားကြသူများ လည်း ရှိလေသည်။ သစ်မွှေးဈေးကွက် ခဲ့လာပုံမှာ ဤသို့ဖြစ် ၏။ အိန္ဒိယနိုင်ငံ အာသံပြည်နယ်၊ မဏိပူရပြည်နယ် သစ်မွှေး ကုန်သည်၊ သစ်မွှေးစုဆောင်းခွင့်ရသူ အင်ဖာလ်မြို့မှ မွေ့တာ အိုကိုဒင်က အခွန်ပေးဆောင်ရန် ပေါက်ဈေးနှင့်ဝယ်ယူစု ဆောင်းခဲ့သည်။ ထို့ကြောင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှု

www.burmeseclassic.com

www.burmeseclassic.com



များကြောင့် တမူးမြို့တစ်ဘက်ကမ်း မိုးရေးမြို့တွင် မြန်မာပြည်မှ အပြီးပြန်သူတို့ထံ အရောင်းအဝယ်လုပ်သည်။ ဝယ်ယူသိုလှောင်ခြင်း၊ ပြန်လည်ရောင်းချခြင်းများ ပြုလုပ်ခဲ့သည်။ ဈေးကစားမှုများလည်း ပြုလုပ်ခဲ့သည်။ အာသံပြည်ရှိ ကုန်သည်ကြီးများက ယင်းကာလတွင် မြန်မာနိုင်ငံအစိုးရ လယ်ယာနှင့် စိုက်ပျိုးရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ သစ်မွှေးဝယ်ယူလိုကြောင်း ဆက်သွယ်ခဲ့သည်ဟု သိရသည်။ ဆက်သွယ်သူများထဲမှ အာသံပြည် ရိုဟာဘီမြို့နေ မစ္စတာ ဒီလစ်ပဒပတာဆိုသူ ပါဝင်သည်။ သူက မြန်မာပြည်က သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာပြီး မြန်မာပြည်တောင်သူများကို သစ်မွှေးပညာ သင်ပေးပါမည်ဟုဆိုပြီး သစ်တောဦးစီးဌာနသို့ တင်ပြတောင်းဆိုခဲ့သည်ဟု သိရပါသည်။

ကသည်းလူမျိုးတို့သည် သစ်မွှေးစုဆောင်းရေး အတတ်ပညာ၊ ထုတ်ယူရေးအတတ်ပညာ ကျွမ်းကျင်ကြသည်။ မြန်မာ-အိန္ဒိယနယ်စပ်နေ တိုင်းရင်းသားများကို ကသည်းလူမျိုးတို့က သစ်မွှေးထုတ်ယူရေး အတတ်ပညာသင်ကြားပေးပြီး ရှာဖွေစုဆောင်းကြသည်။ သစ်မွှေးများကို မြန်မာပြည်အရပ်ရပ်မှ တဆင့် အင်ဖာလ်အာသံ၊ ကာလကတ္တားအထိ သစ်မွှေးဆီထုတ် လုပ်ငန်းရှင်များထံ တင်ပို့ခဲ့ကြသည်။ ထို့မှတဆင့် ဘင်္ဂလားဒေ့ရှ်၊ ပါကစ္စတန်၊ အာရပ်နိုင်ငံများနှင့် အစ္စရေးနိုင်ငံများသို့ပို့ပြီး ရောင်းချခဲ့ကြလေသည်။ အာရပ်နိုင်ငံများသည် ရေနံကြွယ်ဝချမ်းသာလျှက်ရှိသဖြင့် သစ်မွှေးများကို ဈေးကြီးပေး၍ ဝယ်ယူခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရပါသည်။

ww.burmeseclassic.com


သစ်မွှေးကို အသုံးပြုပုံမှာ အထွတ်အမြတ်ပူဇော်ရာ၌ မီးရှို့၍ အမွှေးနံ့ဖြင့်ပူဇော်ခြင်း၊ ထိခိုက်ရှနာမှုဖြစ်၍ အနာကို လိမ်းပါက အနာဝင်ခြင်း၊ အနာဆီသင့်၍ မန်းလိုက်ခြင်းမဖြစ်ဘဲ မကြာမီပျောက်ကင်းကြောင်း သိရ၏။ ကုလားအုပ်များရောဂါ ဖြစ်ပြီး လဲနေပါက သစ်မွှေးကိုမီးရှို့၍ ကုလားအုတ်နှာခေါင်းတွင် အငွေ့ကိုရှူစေပါက ချက်ခြင်းသက်သာရာရပြီး ထလာကြောင်း သိရပါသည်။ လူများသေဆုံးပါက ရက်ကြာကြာထားလိုလျှင် သစ်မွှေးကို သွေး၍လိမ်းပေးခြင်း၊ သစ်မွှေးသွေးပြီး အရည်ကို ပါးစပ်နှင့်နှာခေါင်းများအတွင်း လောင်းထည့်ပါက မပုပ်မသိုး ကြောင်း သိရှိရပါသည်။ ထို့ပြင် အာရုံကြောရောဂါနှင့် လေငန်း ရောဂါများအတွက်လည်း အသုံးပြု ကုသနိုင်ကြောင်း သိရှိရ ပါသည်။

၍မျှ အဖက်ဖက်မှ အသုံးဝင်ပြီး တန်ဖိုးရှိလှသော သစ်တောထွက် ရတနာတစ်မျိုးဖြစ်သည့် သစ်မွှေးကို နာဂဒေသ ခန္တီးနယ်တွင် ထွက်ရှိသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့ရှိရပါသည်။

## နာဂဒေသခန္တီးနယ်မှ သင်ဖျာလုပ်ငန်း

သင်ဖျူးဖျာရက်လုပ်သည့် အခြေခံကုန်ကြမ်းဖြစ်သော သင်ပင်များသည် ချင်းတွင်းမြစ်ကမ်းဘေးတစ်လျှောက် သုံးစွဲ မကုန်နိုင်အောင် ကြွယ်ဝစွာပေါက်ရောက်လျက်ရှိပါသည်။ မိုးအကုန် ဆောင်းအကူး တန်ဆောင်မုန်း၊ နတ်တော်မှပြာသို၊ တပို့တွဲတပေါင်း နွေရာသီအထိ ရေစကြို ဆားလင်းကြီးမြို့များမှ

www.burmeseclassic.com

www.burmeseclassic.com



သင်ခုတ်သူများနှင့် သင်ဖျူးဖျာရက်လုပ်သူများ ရောက်ရှိလုပ်ကိုင်ကြပါသည်။ ချင်းတွင်းမြစ်ကမ်းဘေးရှိ ကျေးရွာများ၏ သဲသောင်ပြင်များပေါ်တွင် ယာယီတဲစုများ ဆောက်လုပ်၍ သင်ခုတ်၊ ဖျာရက်ကြသည်။ သင်ပင်များကိုခုတ်ပြီးနောက် အူတိုင်ကိုထုတ်၍ အကြောကိုဖြာရသည်။ သင်ကိုဖြာပြီးနောက် တစ်ရက်နှစ်ရက် နေပြရသည်။ နေပြပြီးနောက် မိမိမြို့ရွာအထိ သယ်ဆောင်သွားမည်ဆိုပါက အစည်းများ စည်းနှောင်၍ ထားရပါသည်။ ဤဒေသတွင် ရက်လုပ်ရောင်းချမည်ဆိုပါက ဖြာပြီးသော သင်များကို ရေစိမ်ရသေးသည်။ ရေစိမ်ပြီးမှသာ နူးညံ့ကာ ကိုင်တွယ်ရက်လုပ်၍ ကောင်းသည်။

ဤဒေသသုံးအတွက် ရက်လုပ်သည့် သင်ဖျူးဖျာများမှာ အရွယ်အစားအမျိုးမျိုး ရှိပါသည်။ အသေးဆုံးတစ်ယောက်ထိုင်မှသည် ခန်းလုံးပြည့် ဧည့်ခန်းသုံးအထိ ဖြစ်ပါသည်။ အသေးဆုံး ၅၀၀ ကျပ်တန်မှသည် ၅၀၀၀ ကျပ်၊ ၆၀၀၀ ကျပ်တန်အထိ ရှိလေသည်။ လက်ရာအနေဖြင့် ချင်းတွင်းမြစ်ဖျားမှ ရက်လုပ်သည့် သင်ဖျူးဖျာများသည် မြန်မာနိုင်ငံအောက်ပိုင်း ပန်းတနော်၊ ဓနုဖြူ၊ ဇလွန်ဒေသများမှ ရက်လုပ်သော သင်ဖျူးဖျာများလောက် မချောမွေ့။ မလှပ။ လက်ရာအနည်းငယ်ကြမ်းသော်လည်း သုံးပျော်သည်ဟု ဆိုရမည်ဖြစ်သည်။ ချင်းတွင်းမြစ်ရိုးတစ်လျှောက် မြို့ပြကျေးရွာများသည် အဆိုပါသင်ဖျူးဖျာများကို အသုံးပြုကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္တီးမြို့အထက် ကင်းတော်၊ ကောင်းမူ၊ မှန်ပင်ကျေးရွာ အနီးရှိ သဲသောင်ပြင်များ၌လည်းကောင်း၊ ခန္တီးမြို့အောက်ဘက် မိုင်းနောင်၊ ဟိန်စွန်း၊ လင်းဖား၊ ကောင်းဟိန်စသော ကျေးရွာ များအနီးရှိ သဲသောင်ပြင်များတွင်လည်းကောင်း၊ ယာယီတဲ ကလေးများဆောက်ကာ သင်နှင့် သင်ဖျူးဖျာလုပ်ငန်းများ ဆောင်ရွက်နေကြသည်ကို ဆောင်းရာသီနှင့် နွေရာသီများတွင် တွေ့မြင်ရပါသည်။ အချို့က သင်များကို ခွဲခြမ်းစိတ်ဖြာ၍ အစည်းများစည်းနှောင်ကာ နေလှန်းပြီး ဝါးဖောင်၊ ကြိမ်ဖောင် များပေါ်တင်ကာ အောက်ပိုင်းရှိ မိမိတို့ဒေသ ရေစကြို၊ ဆား လင်းကြီးမြို့နယ်များသို့ သယ်ယူသွားကြသည်။ မိမိတို့ဒေသ ရောက်ရှိမှသာလျှင် သင်ဖျူးဖျာရက်လုပ်မှုကို ဆောင်ရွက်ကြ သည်ဟု သိရှိရပါသည်။

ခန္တီးဒေသတွင် ဈေးကွက်ဝင် ဝါး၊ ကြိမ်များနှင့်အတူ သင်ဖျူးဖျာရက်လုပ်သော သင်ပင်များသည်လည်း ပေါကြွယ်ဝ စွာ ပေါက်ရောက်လျက်ရှိသဖြင့် နှစ်စဉ် မိုးအကုန်ဆောင်း ရာသီ၊ နွေရာသီကာလများ၌ သင်နှင့် သင်ဖျူးဖျာလုပ်ငန်းကို အကြီးအကျယ်ဆောင်ရွက်ကြပါသည်။ အထူးသဖြင့် အထက် တွင် ဖော်ပြခဲ့သည့်အတိုင်း ပခုက္ကူခရိုင် ရေစကြိုမြို့နယ်နှင့် မုံရွာခရိုင် ဆားလင်းကြီးမြို့နယ်တို့မှ လာရောက်လုပ်ကိုင်ကြသည်ကို တွေ့ရပါသည်။ သင်နှင့် သင်ဖျူးဖျာလုပ်ငန်းသည် ဝါး၊ ကြိမ်နှင့် သစ်ကတိုးဆီ၊ သစ်မွှေးလုပ်ငန်းများကဲ့သို့ နာဂဒေသ၏အဖိုး တန် သယံဇာတ သစ်တောထွက်ပစ္စည်းတစ်မျိုး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



**နာဂဒေသ ခန္တီးနယ်ထွက် ဝါးနှင့် ယွန်းပစ္စည်းတုန်ကြမ်းများ**

နာဂဒေသခန္တီးနယ်၊ လဟယ်နယ်၊ လေရှီးနယ်နှင့် နန်းယွန်းနယ်များအားလုံး ဝါးတောကြီးများ အတိဖြစ်ပါသည်။ သို့သော် လောလောဆယ်တွင် ခန္တီးဒေသမှ ဝါးများကိုသာ စီးပွားဖြစ် ထုတ်လုပ်နိုင်ပါသေးသည်။ သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုတွင် ဝါးထုတ်ကုန် ထုတ်လုပ်မှုမှာ ကြီးကျယ်သည်။

မြန်မာနိုင်ငံတွင် ဝါးမျိုးစုပေါင်း ၂၀၊ ဝါးအမျိုးပေါင်း ၂၀၀ ခန့်ရှိသည်ဟု သိရပါသည်။ သင်းတို့အနက် ထင်ရှားသော ဝါးများမှာ ကရင်ဝါး (ကရောင်းဝါး)၊ ကြခတ်ဝါး (ကြောက်ဝါး၊ ဝါးကြက်)၊ ကြသောင်းဝါး၊ ဂျဝါး၊ တစ်ပင်တိုင်ဝါး၊ တမြင်ဝါး၊ တင်းဝါး၊ ထီးရိုးဝါး၊ ဝိလောဝိန့်ဝါး၊ မျှင်ဝါး၊ ရွှေဝါး၊ လစ်ဝါး၊ ဝါးကုပ် (ဝါးနွယ်)၊ ဝါးဖြူကလေး၊ နေက်ရွှေ မဲနက်၊ ဝါးဖြူကြီး၊ ဝါးကောတ်၊ ဝါးကြီး၊ ဝါးထွန်း၊ ဝါးယား၊ ဝါးဖြူ၊ သိုက်ထုတ်၊ တာဝါး၊ ကျလို့ဝါး၊ ဝါးပိုးကြီး၊ ဝါးပိုး၊ မျက်ဆန်ကျယ်၊ ဝါးဘိုးအေး၊ သိုက်ဝါး (ဝါးပြောက်)၊ ဝါးပြောက် (တနင်္သာရီ)၊ ဝါးသပွတ်၊ သနပ်ဝါး၊ သိုက်ဝါး (ကြက်ဝါး) စသည်တို့ ဖြစ်ကြပါသည်။ မြန်မာနိုင်ငံတွင် ဝါးအမျိုးအစားပေါများသည့်အတွက် ဝါးကို နည်းမျိုးစုံ သုံးစွဲပါသည်။

ခန္တီးဒေသတွင် အများဆုံးပေါက်ရောက်သည့် ဝါးအမျိုးအစားများတွင် မဲတင်းခါးဝါး၊ ကရောင်းဝါး၊ ဂျဝါး၊ တင်းဝါး၊ ဝါးကြီး၊ သိုက်တံတားဝါး၊ ဝါးဘိုးကြီး တို့ဖြစ်ကြသည်။

www.burmeseclassic.com

ww.burmeseclassic.com



ခန္တီး၊ ဟူမွလင်းဒေသမှ အောက်ပိုင်း မုံရွာ၊ အလုံ၊ မန္တလေး၊ ညောင်ဦး၊ ရေစကြို၊ ပခုက္ကူ၊ မြင်းခြံအထိ ဖောင်ဖွဲ့၍ စုန်မျှော စုန်ဆင်းကြသော ဝါးများအနက် မဲတင်းခါးဝါးသည် အများဆုံး ဖြစ်ပါသည်။

ဤသို့ စုန်မျှောရာတွင် ပထမဝါးလုံး တစ်ရာ့ငါးဆယ်၊ တရာ့ခုနစ်ဆယ်၊ နှစ်ရာစသည့် ဝါးကတုံး (ဝါးအစည်းကြီးများ) များပြုလုပ်ကာ ဖောင်ဖွဲ့သည်။ ဖောင်တစ်ဆက် (ဝါးနှစ်ပြန် နှစ်လျား) လျှင် ထိုဝါးကတုံး ဝါးအစည်းကြီးများ ရှစ်စည်း ဆယ်စည်း စသည်ဖြင့် ဖွဲ့ရသည်။ တစ်ဆက်ဖောင်ဟူ၍ ဖွဲ့၍ မရှိသလောက် ဖြစ်သော်လည်း မိသားစုဖောင်ကလေးများမှာ နှစ်ဆက်သုံးဆက်လောက် ဖွဲ့သည်။

ဝါးကုန်သည်များသည် အင်အားအခြေအနေကိုလိုက်၍ ခြောက်ဆက်၊ ခုနစ်ဆက်၊ ရှစ်ဆက်ဖောင်ကြီးများအထိ ဖွဲ့ကြသည်။ ရှစ်ဆက်မှာ အကြီးဆုံးဖြစ်သကဲ့သို့ ထိုထက်ပို၍လည်း ဖွဲ့လေ့မရှိပေ။ ဖွဲ့သည့်အခါ ဝါး၊ ထိုဝါးစည်းကတုံးများကို အောက်ဆုံးမှာထားလျက် ရေခံဝါးအဖြစ် ရရာလေးဆက်ဖောင် ဆိုလျှင် ရေခံဝါးခြောက်ဆောင်ဖြင့် ဖွဲ့ရပြီး ယင်းအပေါ်မှာ ကြမ်းခင်းအဖြစ် ဝါးများ စီခင်းရသည်။ ၎င်းမှာ ဝါးစည်းကတုံး များမဟုတ်ဘဲ အလွတ်စီးရခြင်းဖြစ်သည်။ လေးဆက်ဖောင် ဆိုပါက လုံးရေ သုံးရာ့ငါးဆယ်၊ လေးရာအထိ ဖြစ်သည်။ သို့ရာတွင် ငြိမ်ဆိမ်အောင်၊ ခိုင်ခံ့အောင် ကြိမ်များ၊ နှော်များ ချည်ရသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့ခင်းပြီးနောက် ဖောင်၏ဝဲဘက်၊ ယာဘက်အစွန်းတွင် ရုံတိုင်များထောက်ညှပ်လျက် အပေါ်တင်ဝါးများ တင်ရသည်။ ၎င်းသည်လည်း ဝါးစီး၊ ဝါးကတုံးများမဟုတ် အလွတ်စီတင်ရခြင်းဖြစ်သည်။ ထိုအပေါ်တွင် ဝါးမှာ လေးဆက်ဖောင်တွင် သုံးထောင်ကျော်အထိ တင်နိုင်လေသည်။

ဤသို့ဖြင့် တင်းလပ်မဲ - မဲတင်းဝါး၊ ဝါးလေးဆက်ဖောင်တွင် ဝါးလုံးရေ တစ်သောင်းကျော်ပါရှိရာ ရှစ်ဆက်ဖောင်ဆိုပါက နှစ်သောင်းခွဲသုံးသောင်းနီးပါး ရှိနိုင်ပါသည်။ ဖောင်ပေါ်တွင်လည်း အခြားကုန်ပစ္စည်းများ၊ သီးနှံများ တင်ဆောင်နိုင်ပါသေးသည်။ ခန္တီး - ဟုမ္မလင်းမှသည် အလုံ၊ မုံရွာမြို့များသို့အရောက် ဆယ့်ငါးရက်၊ ရက်နှစ်ဆယ်ခန့်အကြာ စုန်မျှောရပါသည်။

ဝါးဖောင်စုန်သည့်ရာသီဖြစ်သည့် ဧပြီပေါက်ကဆုန်၊ နယုန်လများမှစ၍ ဝါးဖောင်များ စုန်ဆင်းနေကြသည်ကို တွေ့ရပါသည်။ ခန္တီး - ဟုမ္မလင်းဒေသမှ တစ်နှစ်၊ တစ်နှစ်လျှင် ဝါးလုံးရေ သိန်းပေါင်းများစွာ ထွက်ရှိနေသည်ကို တွေ့ရပါသည်။ မုံရွာ၊ မန္တလေး၊ ပခုက္ကူမြို့ကြီးများ၏ ဝါးလိုအပ်ချက်များထို ခန္တီးဒေသမှ ဖြည့်ဆည်းပေးနေသည်။

ဝါးများကို အမိုး၊ အကာအတွက်လည်းကောင်း၊ တောင်း၊ ပလုံး၊ ဆန်ခါ၊ ဆန်ကော စသည့် လူသုံးကုန်ပစ္စည်းများအဖြစ်လည်းကောင်း အသုံးဝင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ခန္တီးဒေသမှထွက်သော ဝါးကို ယွန်းထည် အဖြူထည် လုပ်ကိုင်ပါသည်။ အဆိုပါ ဝါးများကို မြစ်ကြောင်းမှ စုန်ဆင်းစေခဲ့ပြီးမှ ညောင်ဦးမြို့ ဝါးကုန်သည်တို့က ဝယ်ယူရောင်းချကြသည်။ မြင်းကပါရွာမှ ယွန်းလုပ်ငန်းရှင်များတို့မှာ အဆိုပါဝါးများကို ညောင်ဦးမှ ဝယ်ယူကြသည်။

ကျောက်ကာယွန်း အဖြူထည်ခွေရန် မဲတင်းခါးဝါးနှင့် တင်းဝါးနှစ်မျိုးကိုသာ အသုံးပြုနိုင်လေသည်။ ဝါးနီဝါး၊ မျက်ဆံကျယ်ဝါးတို့ဖြင့် ပြုလုပ်၍ မရပေ။ မဲတင်းခါးဝါးနှင့် တင်းဝါးကို ခန္တီး၊ ကောယား၊ မောင်းခန်း စသည်တို့မှ ရရှိခြင်းဖြစ်ပါသည်။ မဲတင်းခါးဝါးနှင့် တင်းဝါးကို အပင်မှခုတ်ပြီးနောက် တစ်နှစ်ခွဲ၊ နှစ်နှစ်အကြာခန့်မှ အသုံးပြု၍ ရရှိပါသည်။ မဲတင်းခါးဝါးသည် ကြီးလျက် တင်းဝါးသည် ပိုမိုချောသည်။ မဲတင်းခါးဝါးက နီး ပိုမိုထွက်သကဲ့သို့ ဈေးကလည်း ကြီးလေသည်။

မည်သို့ပင်ဖြစ်စေ ခန္တီး ဟုမ္မလင်းဒေသမှ တစ်နှစ်၊ တစ်နှစ် သိန်းပေါင်းများစွာ ထွက်ရှိသော ဝါးများသည် မုံရွာ၊ မန္တလေး၊ ပခုက္ကူ၊ ပုဂံ၊ ညောင်ဦး ဈေးတွက်တွင် တွင်ကျယ်လျက်ရှိပေသည်။

နာဂဒေသတွင် ခုတ်ယူသုံးစွဲမကုန်နိုင်အောင် ကြွယ်ဝလှသော ကြိမ်တောကြီးများ ရှိပါသည်။ မုံရွာနယ်၊ ပခုက္ကူနယ်မှ ကြိမ်ခုတ်သမားရောက်လာပြီး နှစ်စဉ် ကြိမ်ဖောင်ကြီးများကို ချင်းတွင်းမြစ်ကြောင်းအတိုင်း မျှောစုံသယ်ယူကြပါသည်။

www.burmeseclassic.com

ww.burmeseclassic.com



ဝါးကဲ့သို့ ကြိမ်လုပ်ငန်းသည်လည်း နာဂဒေသတွင် ကြီးကျယ်သော သစ်တောထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ဒေသသုံး လက်မှုထည်များအဖြစ် ကြိမ်စားပွဲအရှယ်အစားအမျိုးမျိုး၊ ကြိမ်ဖျာ၊ ကြိမ်ခြင်းအမျိုးမျိုး ထုတ်လုပ်ရောင်းချကြပါသည်။

❁ ❁ ❁ ❁ ❁

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း - ၁၅

## "နယ်စပ်တုန့်သွယ်ရေး အလားအလာ"

နာဂတောင်တန်းတွင် တည်ရှိသည့် လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်တို့သည် အိန္ဒိယနိုင်ငံနှင့် ဆက်စပ်နေသော နယ်စပ်ဒေသမြို့နယ်များဖြစ်ကြပါသည်။ နယ်စပ်ဒေသ မြို့နယ်များဖြစ်ကြသည့်အားလျော်စွာ ရှေးယခင်ကစ၍ အဆိုပါမြို့နယ်များမှ နာဂတိုင်းရင်းသားကျေးရွာများသည် တစ်ဘက်နိုင်ငံမြို့ပြကျေးရွာများနှင့် ကူးလူးဆက်ဆံမှုများ ပြုလုပ်ခဲ့ကြသည်ကို တွေ့ရသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တောင်ပေါ်ကျေးရွာဒေသများဖြစ်သည့်အတွက် ကြီးကျယ်သော ကုန်စည်ရောင်းဝယ်ဖလှယ်မှုများ မရှိခဲ့ကြသော်လည်း ကျေးရွာအတွက် လိုအပ်သော အသုံးအဆောင်ပစ္စည်းများကို တစ်ဘက်နိုင်ငံ မြို့ပြကျေးရွာများမှ ဝယ်ယူသုံးစွဲလေ့ရှိသည်။ နာဂကျေးရွာများမှထွက်ရှိသော ဟင်းသီးဟင်းရွက် သစ်သီးဝလံများကိုလည်း တစ်ဘက်နိုင်ငံရှိ မြို့ပြ၊ ကျေးရွာများသို့ ရောင်းချလေ့ရှိပါသည်။ ဤသို့ဖြင့် တစ်ဘက်နိုင်ငံ အိန္ဒိယနှင့် နာဂဒေသကျေးရွာများ ရှေးယခင်ကာလကပင် တစ်နိုင်တစ်ပိုင် ဆက်သွယ်ကူးသန်းသွားသော ရောင်းချမှုများ ရှိခဲ့ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယနေ့ကာလတွင် တောင်ပေါ်မြေပြန့်အနှံ့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့နေသည့်အလျောက် ခန္တီး-ဆင်သေ-လဟယ်လမ်း၊ ထမံသိ - လေရှီးလမ်း၊ မြစ်ကြီးနား - တနိုင်း - နန်းယွန်း - ပန်ဆောင်လမ်း အဆင့်မြင့်တင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီ ဖြစ်သည်။ အချို့လမ်းများမှာ ကတ္တရာလမ်းအဖြစ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပြီး ရာသီမရွေး သွားလာနိုင်သည့်အခါ နာဂတောင်တန်းရှိ မြို့ပြ၊ ကျေးရွာများသည် စည်ကားတိုးတက်လာပြီး တစ်ဖက်နိုင်ငံ အိန္ဒိယနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် အလားအလာကောင်းများ ရှိနေသည်ကို လေ့လာတွေ့ရှိရပါသည်။

အထူးသဖြင့် နန်းယွန်းမြို့နယ် ပန်ဆောင်မြို့နယ်ခွဲသည် အလားအလာအကောင်းဆုံးဖြစ်နေသည်ကို တွေ့ရပါသည်။ ပန်ဆောင်မြို့နယ်ခွဲသည် နန်းယွန်းမြို့နှင့် ၃၂ မိုင်ခန့် ကွာဝေးပါသည်။ နာမည်ကျော် လီဒိုလမ်းမကြီး၏ မြန်မာနိုင်ငံအဝင်ဝတွင် တည်ရှိပါသည်။ အိန္ဒိယနိုင်ငံ နန်ပေါင်မြို့နှင့် ၁၂ ကီလိုမီတာသာကွာဝေးပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက အလွန်ထင်ရှားခဲ့သော လီဒိုလမ်းမကြီးသည် အိန္ဒိယနိုင်ငံ လီဒိုမြို့မှ မြန်မာနိုင်ငံရှိ ပန်ဆောင်၊ နန်းယွန်း၊ တနိုင်း၊ မြစ်ကြီးနားမြို့ကို ဖြတ်၍ တရုတ်ပြည်အထိ ပေါက်ရောက်သောလမ်းမကြီး ဖြစ်ပါသည်။ တစ်ချိန်သောကာလ၌ အိန္ဒိယ၊ မြန်မာ၊ တရုတ်

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံတို့၏ ကူးသန်းရောင်းဝယ်ရေး အချက်အချာလမ်းမကြီး အဖြစ် ရောက်ရှိလာမည် ဖြစ်သည်။ မြစ်ကြီးနား-တနိုင်း-ရှင်ဘွေယန်-နန်းယွန်း-ပန်ဆောင်လမ်းကို အဆင့်မြှင့်ပြင်ဆင် လျက်ရှိရာ တနိုင်းတံတားကြီးကိုပင် ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ် ပါသည်။ ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့မှ ပန်ဆောင်အထိ ၂၂၈ မိုင် ကွာဝေးပါသည်။

အိန္ဒိယနိုင်ငံ နန်ပေါင်မြို့မှ ဈေးသည်များ လာရောက် စေပြီး ၁၉၉၉ ခုနှစ်၊ ဇွန်လ ၂ ရက်နေ့တွင် နယ်စပ်ဈေးကို စတင်ဖွင့်လှစ်ခဲ့ပါသည်။

တစ်လလျှင် နှစ်ကြိမ်ဖွင့်လှစ်ရောင်းချသည်ဟု သိရှိရ ပါသည်။ ပန်ဆောင်ဒေသတစ်ဝိုက်မှ ဒေသခံများအနေ ဖြင့်လည်း ဒေသထွက် ဟင်းသီးဟင်းရွက်၊ ကြက်၊ ဝက်၊ ဆိတ် တို့ကို ရောင်းချကြပါသည်။ တစ်ဖက်နိုင်ငံမှ ဆန်စပါး၊ ဆား၊ လူသုံးအိမ်သုံးကုန်ပစ္စည်းများကို လာရောက်ရောင်းချကြ ပါသည်။ ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြု ဈေး တစ်ခုသာဖြစ်ပြီး နယ်စပ်ကုန်သွယ်မှုစနစ်ကိုမူ စတင်နိုင်ခြင်း မရှိသေးပါ။ သို့သော်လည်း မြစ်ကြီးနားအထိ လမ်းပန်းဆက် သွယ်ရေးကောင်းမွန်လာပါက ပန်ဆောင်သည် အဆင့်မြင့် နယ်စပ်ကုန်သွယ်ရေးကို ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ အိန္ဒိယနိုင်ငံနှင့် တရုတ်နိုင်ငံတို့ မြန်မာနိုင်ငံကိုဖြတ်၍ အတိုဆုံး ကုန်သွယ်နိုင်သော နယ်စပ်တံခါးပေါက်ဖြစ်သည့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



အနာဂတ်နယ်စပ်ကုန်သွယ်ရေး ဖွံ့ဖြိုးလာရန် အလားအလာ ကောင်းလျက်ရှိသည်။

ဒုတိယအလားအလာကောင်းသော တံခါးပေါက်တစ်ခုမှာ လေရှီးမြို့နယ် ဆွမ္မရာဖြစ်ပါသည်။ ဆွမ္မရာရွာမှာ လေရှီးမြို့မှ ၄၂ မိုင်ခန့်ဝေးပြီး မော်တော်ကားလမ်းကို ၁၉၉၉ ခုနှစ်မှ စတင်၍ ဖောက်လုပ်လျက်ရှိပါသည်။ ၄၁ မိုင် ဝေးသော ထမံသီ-လေရှီးမြို့နယ်ကို ကတ္တရာလမ်းအဆင့် တိုးမြှင့်ဖောက် လုပ်လျက်ရှိရာ လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်ပြီး ရာသီမရွေးသွားလာနိုင်ပါက ဆွမ္မရာရွာသည် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်မှုကို ဆောင်ရွက်နိုင်သော ကျေးရွာကြီးဖြစ် ပါသည်။ ဆွမ္မရာရွာသည် အိမ်ကြီးအိမ်ကောင်းများဖြင့် ဖွံ့ဖြိုး တိုးတက်နေသော ရွာကြီးတစ်ရွာဖြစ်ပါသည်။ အလယ်တန်း ကျောင်း၊ တိုက်နယ်ဆေးရုံတို့လည်း ရှိပါသည်။ အိန္ဒိယနိုင်ငံ နယ်စပ်မြို့ဖြစ်သည့် နူကရူမြို့နှင့် နီးပါသည်။ ဆွမ္မရာတွင် အိန္ဒိယနိုင်ငံထွက် အဝတ်အထည်များ၊ ဘီစကွတ်စသော စားသောက်ကုန်များ၊ ခြေညှပ်ဖိနပ်များ၊ ပေါင်ဒါဘူးများ၊ အမွှေးတိုင်များ ရောင်းချလျက်ရှိသည်ကို တွေ့ရပါသည်။

စာရေးသူ လဟယ်မြို့သို့ ရောက်ရှိခဲ့စဉ်က မြို့ပေါ် ကုန်စုံဆိုင်၊ ဈေးဆိုင်များတွင် အိန္ဒိယနိုင်ငံထွက် အဝတ် အထည်များ၊ ဘီစကွတ်စသော စားသောက်ကုန်များ၊ လူသုံး အိမ်သုံးပစ္စည်းများကို တွေ့ရှိရပါသည်။ လဟယ်မြို့နှင့် ပုံညို နောက်ကုန်းကျေးရွာသည် အိန္ဒိယနယ်စပ်နှင့် နီးကပ်စွာ

www.burmeseclassic.com

www.burmeseclassic.com



တည်ရှိသဖြင့် အိန္ဒိယနိုင်ငံဘက်မှ ကုန်ပစ္စည်းများ အလွယ်တကူ ဝယ်ယူရရှိနိုင်ခြင်း ဖြစ်သည်။ ပုံညှိနောက်ကုန်း ကျေးရွာမှ လဟယ်မြို့သို့ ၃၆ မိုင် ကွာဝေးပြီး မြေသားလမ်း ပေါက်ပါသည်။ ထို့ကြောင့် တစ်ဘက်နိုင်ငံ ပန်ဆာကျေးရွာနှင့် နီးကပ်စွာတည်ရှိသော ပုံညှိနောက်ကုန်းကျေးရွာသည် အိန္ဒိယ နိုင်ငံထွက်ပစ္စည်းများကို ဝယ်ယူပြီး လဟယ်မြို့သို့ တင်ပို့ခြင်း ဖြစ်ပါသည်။

ဤသို့ဖြင့် နာဂဒေသရှိ နန်းယွန်းမြို့ ပန်ဆောင်၊ လေရှီးမြို့နယ် ဆွမ္မရာနှင့် လဟယ်မြို့နယ်ရှိ ပုံညှိနောက်ကုန်း ကျေးရွာတို့သည် အိန္ဒိယနယ်စပ်တွင် တည်ရှိကြသည့်အတွက် အိန္ဒိယ နိုင်ငံနှင့် တပိုင်တစ်နိုင် ကုန်သွယ်မှုများ ပြုလုပ်လျက်ရှိနေသည်ကို တွေ့ရပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး ရာသီမရွေးသွားလာနိုင်သည့် မော်တော်ကားလမ်းများ ပြီးစီးသွားသည့်အခါ နာဂဒေသရှိ အဆိုပါကျေးရွာကြီးများသည် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ ထွန်းကားလာနိုင်မည်ဖြစ်ကြောင်း မျှော်လင့်ရသည်။

❀ ❀ ❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၆

## "နာဂဒေသက ရတနာသိုက်များ"

နာဂဒေသသည် တောင်ကုန်းတောင်တန်းထူထပ် များပြားသောဒေသဖြစ်၍ ရှေးက လမ်းပန်းဆက်သွယ်ရေး ခက်ခဲပြီး ဒေသခံတိုင်းရင်းသားများမှအပ အရောက်အပေါက်နည်းခဲ့ကြသည်။ ယခုအခါတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ ချမှတ်ဆောင်ရွက်ခဲ့ခြင်း၊ ရှေးကနှင့်စာလျှင် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာခြင်းတို့ကြောင့် တဖြည်းဖြည်း ဖွံ့ဖြိုးတိုးတက်လျက်ရှိပါသည်။

တောင်ကုန်း တောင်တန်းအထပ်ထပ်တည်ရှိသော နာဂဒေသတွင် နိုင်ငံကို အကျိုးပြုမည့် ရတနာသိုက်များ တည်ရှိနေသည်ကို တွေ့ရှိရပါသည်။ အထူးသဖြင့် နာဂဒေသ၏ မြို့တော် ခန္တီးမြို့နယ်တွင် ကျောက်စိမ်းတွင်းများ၊ ရွှေမှော်များ၊ ဝယင်းတွင်းများ ရှိပါသည်။ ထို့ပြင် ခန္တီးမြို့၏အောက်ဘက် ၁၄ မိုင်အကွာ ဟိန်စွန်းကျေးရွာအတွင်းရှိ ချောင်းတစ်ချောင်းတွင် တီသံ၊ ပျော့သံသတ္တုများ တွေ့ရှိရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ပြင် နာဂဒေသ၏ မြို့နယ်တစ်ခုဖြစ်သော ဟုမ္မလင်း မြို့နယ်တွင်လည်း ရွှေမှော်များ တွေ့ရှိပါသည်။

လေရှီးမြို့အနောက်တောင်ဘက် ၂၇ မိုင်အကွာတွင် တည်ရှိသော ကုံကိုင်လုံ၊ မယ်လုံရွာများနှင့် လေရှီးမြို့နှင့် ၃၁ မိုင်အကွာတွင် တည်ရှိသည့် ပန်ဆပ်ကျေးရွာ၊ အိန္ဒိယ နယ်စပ် (၁၀ မိုင်မှ ၁၄ မိုင်) အကွာတွင် ကျောက်ဂွမ်းကြော+ တည်ရှိနေသည်ဟု သိရှိရပါသည်။ ၎င်းကျောက်ဂွမ်းသတ္တု ကြောကြီးမှာ အလျား ၅ မိုင်မှ ၉ မိုင်အထိ ကျယ်ပြန့်သည်ဟု သိရှိရပါသည်။ ထို့ပြင် ယင်းပန်ဆပ်ကျေးရွာနှင့် ၂ မိုင်ခန့် အကွာတွင် ခရိုမိုက်တောင်ရှိကြောင်း သိရှိရပါသည်။ လေရှီး မြို့နယ် ကူကီးကျေးရွာအုပ်စု ကူကီးဒဂျီလာတွင် ကျောက်စိမ်း ဟုယူဆရသော ကျောက်စိမ်းအမျိုးအစား တွေ့ရှိရသည်။ ကူကီးဒဂျီလာရွာနှင့် ဝမ်းဘဲအုပ်စု ဝမ်းဘဲရွာတွင် ခြောက်မြောင့် တစ်ဘက်ချွန်နက်သွေးစိန်များ တွေ့ရှိရပါသည်။ ပိန္နဲကုန်း ကျေးရွာတွင်လည်း ကုံ့ကူဆန်ကျောက်အမျိုးအစားကိုလည်း တွေ့ရှိရသည်။

လဟယ်မြို့နယ် ဒေသအချို့တွင် ခြောက်မြောင့် တစ်ဘက်ချွန်နက်သွေးစိန်များ တွေ့ရှိရပါသည်။

နန်းယွန်းမြို့နယ်တွင်လည်း ရွှေထွက်သောနေရာ တော်တော်များများရှိကြောင်း သိရှိရပါသည်။

---

+ Asbestos

www.burmeseclassic.com

ww.burmeseclassic.com



ခန္တီးမြို့နယ်တွင် နန်စီဗွန်ကျောက်စိမ်းတွင်း၊ နတ်မှော်ကျောက်စိမ်းတွင်းနှင့် မကျန်ခကျောက်စိမ်းတွင်းဟူ၍ ရှိလေသည်။ နာမည်အကြီးဆုံး ကျောက်စိမ်းတွင်းမှာ နန်စီဗွန်ကျောက်စိမ်းတွင်း ဖြစ်ပါသည်။ ခန္တီးမြို့မှ ၂၈ မိုင်ခန့် ကွာဝေးပါသည်။ ခန္တီးမြို့မှ နွေရာသီတွင် မော်တော်ကားဖြင့်လည်းကောင်း၊ မိုးရာသီတွင် နန်တုံဟွမ်ချောင်းအတိုင်း ရေလမ်းခရီးဖြင့်လည်းကောင်း သွားရောက်နိုင်ပါသည်။ ကျောက်စိမ်းတူးဖော်သည့် မှော်အများအပြားရှိသော်လည်း ထင်ရှားကျော်ကြားသည့် မှော် ၁၈ ခု ရှိပါသည်၊ ယင်းတို့မှာ မှော်လုံကမ်းပါးနီ၊ ကြားမှော်၊ မှော်တောင်းဘော်၊ ရွှေနန်းညွန့်၊ မှော်သစ်၊ ကချင်၊ ကျောက်လုံး၊ ညောင်ဘဝ်၊ ရေငံ၊ ကျားလိုက်၊ မကျန်ခ၊ အာလူး၊ နတ်သမီး နန်ဝိဗွန်ပင်မ၊ ကြားမှော်နှင့်ညောင်တပင်၊ ကြားမှော်သစ်၊ နန်စီဗွန်ချောင်း မျှော်သစ်နှင့်မျှော်သစ်ချောင်း မှော်သစ်တို့ ဖြစ်ကြပါသည်။ နန်စီဗွန်ကျောက်စိမ်းတွင်းမှထွက်ရှိသော ကျောက်စိမ်းများ၏ အရွယ်အစားမှာ အလေးချိန် ၁ ကျပ်သားမှ ၆ ပိဿာလုံး ရှိလေသည်။ လုံးသေး များသည်။ ခွဲလျှင် အောင်သည်က များလေသည်။ မတ်စောက်သော တောင်ပေါ်မှ ရေအားဖြင့် လိမ့်၍ လိမ့်၍ ဆင်းလာရသဖြင့် အကွဲအအက်ရှိများ၊ မြင်းမြီးရိုက်များများသည်။ အရည်ချိုပြီး မှတ်တတ်သည်။ ခန္တီးကျောက်အခွံများမှာ ဆာဖိ၊ ခွံကြွေ၊ မှန်ကူသီး၊ ဖယောင်းခွံများ များသည်ဟုဆိုသည်။ အခွံတွင် အဆီရှိသည်။ ခြစ်၍ စမ်းသပ်သိရှိ

ww.burmeseclassic.com



နိုင်သည်။ ဖယောင်းခွံမှာ ပျားဖယောင်းကဲ့သို့ ရှိသည်။ လူကြိုက်များသည်။

နန်စီဗွန်ကျောက်စိမ်းတွင်းမှာ ဧရိယာ ၄×၂ မိုင်ခန့်ရှိသည်။ မော်ကြီးလုံးဟူသော ကျောက်စိမ်းအမျိုးအစားထွက်ရှိသည်။ မော်ကြီးလုံးဟုခေါ်ဆိုခြင်းမှာ ကျောက်စိမ်းအလုံးလိုက်ထွက်ရှိမှုကြောင့် ဖြစ်သည်။ ယင်းကျောက်စိမ်း ဧရိယာအတွင်း၌ ဒေသအခေါ် ဝမော်လုံး (ရှမ်းအခေါ် ဖြစ်သည်။) (မြန်မာလို တောထန်းများ ပေါက်ရောက်ရာနေရာဖြစ်ကြသည်။) ဟူ၍ မော်နှစ်ခုရှိလေသည်။ ယင်းမော်အမည်များမှာ ရှေးအစကတည်းက ခေါ်ဆိုကြခြင်း ဖြစ်လေသည်။

နန့်စီဗွန်ချောင်း ဒန့်တင်အောက်ပိုင်း မော်လုံကျောက်စိမ်းတွင်းရှိသည်။ ဒန့်တင်အထက်ပိုင်းတွင် မော်ဟောင်းတော်ကျောက်စိမ်းတွင်းရှိသည်။ (ဒန့်တင်၏အဓိပ္ပာယ်မှာ ချောင်းတစ်ဆစ်ချိုးဖြစ်၍ မြင့်ပြီးရေစီးခြင်းကို ခေါ်သည်။ ရေတံခွန်ငယ်ကို ခေါ်ခြင်းဖြစ်သည်။) အဆိုပါ ကျောက်စိမ်းတောင်များမှာ ကျောက်စိမ်းအမျိုးအစား ကျောက်ရိုင်းများနှင့်တောင်မြေများ ရောနှောလျက်ရှိလေသည်။ ကျောက်စိမ်းတွင်းများကို နေရာအလိုက် ၅ တောင်မှ ၂၅ တောင်ခန့်အထိတူးဖော်ရသည်။ တွေ့ရှိရသော ကျောက်စိမ်းအမျိုးအစားများမှာ ထည်လုံးစိမ်း၊ တစ်ပိုင်းစိမ်း၊ ကြိုးမတ်၊ အရည်မပေါ်ဘဲအခွံတွင် အရည်ပန်းများ ပြထားသောခေါင်းကျောက် အမျိုးအစားများ ဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်မျော်ကျောက်စိမ်းတွင်းသည် ခန္တီးမြို့၏ အရှေ့တောင် ယွန်းယွန်း ၁၈ မိုင်အကွာရှိ ဆိုင်းတောင် ၂၅၀၈ ပေနှင့် နတ်မျှော်ချောင်းများတွင် အကြောလိုက် အငုတ်အနေဖြင့် တည်ရှိသည်။ ဧရိယာမှာ ၃ တိုင်ခန့်ရှိပြီး နန့်ငယ်စခန်းမှ အောက်ပိုင်း မမုံသူ၊ မစစ်ထု (ကချင်ရွာဟောင်း) ထိ မျော်ကြီး လုံးကျောက်စိမ်းများ ထွက်ရှိသည်။ ထွက်ရှိသော ဧရိယာမှာ တစ်ဧကခန့် ရှိသည်။ ရှေးနှစ်ပေါင်း ၁၀၀ ခန့်က နန့်မျော် ချောင်း ရေတံခွန်အထက်တွင် ထိန်းဆာလအိုက်ဘေး၌ ထိန်းဆာလကျောက်ငုတ်များရှိလေသည်။ကျောက်ငုတ်များမှာ ၆ ခုရှိပြီး ယခုအခါတွင်မူ ရေထဲ၌ အားလုံးနစ်မြုပ်နေသည်ဟု ဆိုသည်။ ထိန်းဆာလကျောက်ငုတ်ဟုခေါ်ဆိုခြင်းမှာ ထိန်းဆာလဆိုသူ လူတစ်ဦးက တွေ့ရှိခြင်းကိုအစွဲပြု၍ ခေါ်ဆို ခြင်း ဖြစ်သည်။ ကျောက်ငုတ်မှ ရိုက်ဖွဲ့ရရှိသော ကျောက်စိမ်း များမှာ အရည်အဝသွေးကောင်းသဖြင့် တရုတ်ရာဇဝင်၌ ဟိန်းဆာလကျောက်စိမ်းများတွေ့လျှင် ဈေးမဆစ်ဘဲ ဝယ်သည်ဟု ရှေးမီသောပုဂ္ဂိုလ်များက ပြောကြားသည်။

ကျောက်စိမ်းများကို ဆိုင်းတောင်ဘွမ်နှင့် နတ်မျော် ချောင်းမှ ထွက်ရှိကြောင်း ရှေးအစဉ်အလာ ပြောကြားချက် များအရ သိရှိရပါသည်။ ဆိုင်းတောင်ဘွန်းနှင့် နတ်မျော်အမည် များမှာ ကချင်ဘာသာစကားဖြစ်ကြပြီး ဆိုင်းတောင်မှာ ကျောက်စိမ်းဖြစ်၍ ဆွမ်မှာ တောင်ဟု အဓိပ္ပာယ်ရသည်။ ဆိုင်းတောင်ဆွမ်မှ ထွက်ရှိသော ကျောက်စိမ်းများမှာ အနာ

www.burmeseclassic.com

www.burmeseclassic.com



များသဖြင့် မိုးကြိုးပစ်သကဲ့သို့ ကြေမွနေ၍ မိုးကြိုးပစ်တောင်ဟူ၍ ခေါ်တွင်နေကြသည်မှာ ယနေ့အထိ ဖြစ်သည်။

မကျန်ခကျောက်စိမ်းတွင်းမှာ ခန္တီးမြို့မှ မိုင် ၃၀ ခန့်ကွာဝေးပါသည်။ ဤကျောက်စိမ်းတွင်းမှာ အသစ်ဖော်ထုတ်တွေ့ရှိသော ကျောက်စိမ်းတွင်း ဖြစ်ပါသည်။ နန်စီပွန်နှင့်နတ်မှော်ကျောက်စိမ်းတွင်းတို့ အထွက်ကျဆင်းလာချိန်တွင် ဤကျောက်စိမ်းတွင်းက နေရာယူမည့် အလားအလာကောင်းသော ကျောက်စိမ်းတွင်းဖြစ်သည်ဟု ဆိုပါသည်။

## ခန္တီးအောင်ကျောက်

ပထမအောင်ကျောက်အနေဖြင့် အောက်ပါအချက်များဖြင့် စစ်ဆေးကြည့်နိုင်ပါသည်။

(၁) ဆာဖီ၊ ခွံကြမ်း၊ ဖားပြုတ်၏ကြောတွင် ပြချက်တစ်စက်ကလေးပြရုံမျှဖြင့် အောင်တတ်သည်။

(၂) အခွံအနေအထား စိုရမည်။

(၃) ယမ်းအနေအထား မှန်ရမည်။

ဒုတိယအောင်ကျောက်အနေဖြင့် အောက်ပါအတိုင်းလေ့လာစစ်ဆေးနိုင်ပါသည်။

(၁) ခွံကြွေအမျိုးအစားသည် အောင်ချက်အကောင်းဆုံးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



(၂) ပျားဖယောင်းကဲ့သို့သော ဖယောင်းခွဲသည် အောင် ချက်နည်းသည်။ အောင်သည့်တိုင်အောင် အသား ပိတ်သည်။ ဖယောင်းခွဲဖြစ်ကာ ကျောက်သားကို အထူးသတိပြုရသည်။

(၃) မှန်ကူသီးခွဲ အခွံပါးသည်။ လူပြိန်းများပင် အောင် ကျောက် ဟုတ်မဟုတ် သိနိုင်သည်။ နေမှာထောင် ကြည့်လျှင် အရည်ခဲရှိက သိသာသည်။ ဆားပွင့် ပွတ်ကြည့်ရုံမျှဖြင့်လည်း သိရှိနိုင်သည်။

## မြန်မာမင်းများလက်ထက် ခန္တီးကျောက်တွင်း

ခန္တီးဒေသမှထွက်ရှိသော ကျောက်စိမ်းများကို မြန်မာ ဘုရင် မင်းတုန်းမင်းလက်ထက်၌ မော်လိုက်ခရိုင်၊ မော်လိုက် မြို့၌ ကျောက်ဆိပ်ဖွင့်ပြီး ရာဖြတ်စနစ်ဖြင့် အခွန်ကောက်သည်။ ကျောက်စိမ်းများကိုမူ လွတ်လပ်စွာ ရောင်းဝယ်ခွင့်ပြုသည်။ အခွန်မဆောင်သည့် ကျောက်များကိုမူ ဖမ်းဆီးခဲ့သည်။ အခွန် ၏တန်ဖိုးမှာ ကျောက်စိမ်းတန်ဖိုး၏ ဆယ်ရာခိုင်နှုန်း ဖြစ်ပါသည်။

## လွတ်လပ်ရေးရပြီးနောက်

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ၁၉၄၈ ခုနှစ်မှ ၁၉၅၁ ခုနှစ်အထိ ခန္တီးမြို့နေ ဦးလှဖေနှင့် ဦးအောင်မြတ်တို့ ဗိုလ်နှစ်ဦးသည် လယ်သဲစော်ဘွား ခွင့်ပြုချက်ဖြင့် ကျောက်စိမ်း များ တူးဖော်ခဲ့ကြသည်။ ၁၉၅၂ ခုနှစ်မှစ၍ ဦးလှဖေတစ်ဦး

ww.burmeseclassic.com



တည်း ခရိုင်ဝန်ထံ မြေပုံနှင့်တကွ လျှောက်ထား၍ တူးဖော် လုပ်ကိုင်ခဲ့ပါသည်။ ခန္တီးခရိုင်ဝန်မှာ သတ္တုတွင်းဝန်ကြီးထံ ထောက်ခံတင်ပြလုပ်ကိုင်ခဲ့ခြင်း ဖြစ်ပါသည်။ လုပ်ကိုင်ခဲ့သည့် ကာလမှာ ၁၉၅၂ ခုနှစ်မှ ၁၉၆၃ ခုနှစ်အထိ ဖြစ်ပါသည်။

၁၉၆၃ ခုနှစ်မှ ၁၉၆၆ ခုနှစ်အထိ ခွင့်ပြုချက်များ ထုတ်ပေးခြင်းမပြုတော့ဘဲ အများပြည်သူမှ လွတ်လပ်စွာ ဝင်ရောက်တူးဖော်မှုများ ဆောင်ရွက်ကြကြောင်း သိရှိရ ပါသည်။

၁၉၆၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုန်သွယ်ရေး (၁၉) မှ ဥက္ကဋ္ဌ ဦးကိုကိုကြီးနှင့်အဖွဲ့သည်လည်းကောင်း၊ ၁၉၆၇ ခုနှစ်၊ မတ်လတွင် ဓာတ်သတ္တုရှာဖွေထုတ်လုပ်ရေး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီး လှအောင်နှင့်အဖွဲ့သည်လည်းကောင်း၊ နတ်မှော် ချောင်းအတွင်းရှိသော ကျောက်စိမ်းအငုတ်၊ ကျောက်တွင်း အဟောင်းများနှင့် မိုးကြိုးပစ်တောင်ပေါ်တွင် ကျောက်စိမ်း တုံးကြီးများကို တွေ့ရှိလေ့လာခဲ့ကြပါသည်။

၁၉၈၂ ခုနှစ်၊ မေလတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးရွှေဖိတ်ခေါင်းဆောင်သော အဖွဲ့တစ်ဖွဲ့သည် နတ်မှော်နှင့် နန်စီဗွန်ဒေသများတွင် ရှာဖွေရေးလုပ်ငန်းများကို ဆောင်ရွက် ခဲ့ကြပါသည်။

၁၉၉၂ ခုနှစ်၊ ဧပြီလတွင် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်ဦး

www.burmeseclassic.com

ww.burmeseclassic.com



ခေါင်းဆောင်သောအဖွဲ့သည် နတ်မှော်နှင့် နန်စီဗွန်ဒေသများသို့ ဝင်ရောက်၍ လေ့လာမှုများ ဆောင်ရွက်ပြီး ကျောက်စိမ်းသိုက်များကို နိုင်ငံတော်၏ စီးပွားရေးအတွက် ထုတ်လုပ်မှုဆောင်ရွက်နိုင်ရန် စီမံချက်ရေးဆွဲ၍ နိုင်ငံတော်မှ တူးဖော်ရေးနှင့် ပုဂ္ဂလိကနှင့် ဖက်စပ်တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

ကျောက်စိမ်းထုတ်လုပ်မှု

နန်စီဗွန်ဒေသရှိ မှော်များသည် ရေဆောင်သိုက်၊ အလုံးမှော်များသဖြင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ ကျောက်စိမ်းများ တူးဖော်လျက်ရှိလေသည်။ နန်စီဗွန်တွင် ဖက်စပ်လုပ်ကွက် ၂၈၅ ကွက် ရှိပါသည်။ နတ်မှော်တွင်လည်း ဖက်စပ်လုပ်ကွက်များတွင် ပူးပေါင်းလုပ်ကိုင်လျက် ရှိသည်။

၁၉၉၉-၂၀၀၀ ဘဏ္ဍာရေးနှစ်အတွင်း ကျောက်စိမ်း ၁.၈၄ ကီလို (သိန်း) တူးဖော်ရရှိခဲ့ပြီး နိုင်ငံတော်အတွက် အခွန်ငွေ ကျပ်သိန်း ၁၂၀ ရရှိခဲ့ပါသည်။ ၂၀၀၁-၂၀၀၂ ခုနှစ် ဘဏ္ဍာရေးနှစ်အတွင်း ကျောက်စိမ်း ၁.၇ ကီလို (သိန်း) တူးဖော်ရရှိခဲ့ပြီး နိုင်ငံတော်အတွက် ကျပ်သိန်း ၁၆၀ အခွန်ငွေ ရရှိခဲ့သည်။ ၂၀၀၁-၂၀၀၂ ခုနှစ်အတွင်း ကျောက်စိမ်း ၂.၆ ကီလို (သိန်း) တူးဖော်ရရှိခဲ့ပြီး နိုင်ငံတော်အတွက် ကျပ်သိန်း ၂၄၅ အခွန်ငွေရရှိခဲ့ကြောင်း လေ့လာတွေ့ရှိရပါသည်။

www.burmeseclassic.com

ww.burmeseclassic.com



## ခန္တီးနယ်မှ ရွှေမှော်များ

ချင်းတွင်းမြစ်ကြီး၏အထက်ပိုင်း အထူးသဖြင့် ခန္တီးမြို့နယ်တွင် ထင်ရှားသော ရွှေမှော်များ ရှိခဲ့ပါသည်။ ကလေးဝမြို့အထက် နာမည်ကြီး မစိန်ရွှေမှော်သည် တဖြည်းဖြည်း အထွက်နည်းလာသည့်အခါ ရွှေကျင်မော်တော်၊ စက်လှေများသည် ချင်းတွင်းမြစ်ဖျားဆီသို့ တရွေ့ရွေ့ဆန်တက်လာခဲ့ကြသည်။ မစိန်ရွှေမှော်နောက် ထင်ရှားလာသည့် ရွှေမှော်မှာ ဟုမ္မလင်းမြို့အထက် ခန္တီးမြို့အောက် လင်းဖားရွှေမှော်ဖြစ်ပါသည်။

၂၀၀၀ ပြည့်နှစ်ကုန်ပိုင်းတွင် ရွှေကျင်မော်တော်၊ စက်လှေ စင်းရေ ၁၀၀၀ ကျော် ရှိခဲ့သည်ဟု ဆိုပါသည်။ တစ်လလျှင် ကျပ်သိန်းပေါင်း ၁၀၀၀ ကျော် နိုင်ငံတော်အတွက် အခွန်ငွေ ရှာဖွေပေးခဲ့သော ရွှေမှော်ဖြစ်ပါသည်။ ကုသိုလ်ကံကောင်းသူများမှာ တစ်နှစ်အတွင်း ပိဿာနှင့်ချီ၍ ရွှေများ ရရှိခဲ့ကြသည်ဟု ဆိုပါသည်။ ရွှေကျင်မော်တော်၊ စက်လှေများသည် ရေနက်ပိုင်း၌ ရွှေကျင်လျှင် မော်တော်နောက်ပိုင်းမှာ မျှောဇလားခွက် တပ်ဆင်၍ ရွှေကျင်ကြသော်လည်း ကမ်းနားပိုင်းတွင်မူ မျှောဇလားခွက်များကို သဲသောင်ပြင်ပေါ်၌ ပြုလုပ်သော မော်တော်မှ စုပ်ယူလိုက်သည့် ရွှေသဲစာများကို ပိုက်ရှည်ဖြင့် ကုန်းပေါ်ရှိ မျှောဇလားသို့ ပေးပို့၍ ရွှေကျင်ကြပါသည်။ လင်းဖားရွှေမှော် ကောင်းစားစဉ်က စားသောက်ဆိုင်များ၊ စျေးဆိုင်များ၊ ပန်းထိမ်ဆိုင်များဖြင့် အထူးစည်ကားခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လင်းဖားရွှေမှော်၏အထက် ခန္တီးမြို့၏တောင်ဘက် ငါးမိုင်ခန့်အကွာက တိုးရွာရွှေမှော်ရှိခဲ့ပါသည်။ မော်တော် စင်းရေ ၂၀၀ လောက် မျှောဇလားဖြင့် သောင်ပြင်တွင် ရွှေကျင်ခဲ့ကြပါသည်။ ဈေးဆိုင်များ၊ စားသောက်ဆိုင်များ၊ ပန်းထိမ်ဆိုင်များနှင့် စည်ကားခဲ့ပါသည်။

ကတိုးရွှေမှော်မှ ဓားလွယ်ခုတ်မျက်စောင်းထိုး အရှေ့ဘက်ကမ်းတွင်လည်း နမ်းခမ်းရွှေမှော်ရှိခဲ့လေသည်။ စက်လှေ၊ မော်တော်စင်းရေ ၅၀ ကျော်ဖြင့် ရွှေမျှောတိုက်ခဲ့ကြသည်။ ခန္တီးရောက်ခါနီး အောက်နား (ဆင်သေ-ခန္တီးကြား) ၌လည်း ရွှေကျင်မော်တော် အစုအဖွဲ့ကလေးများ ရှိခဲ့သည်။

ခန္တီးမြို့အထက်ပိုင်းတွင် ကြားမှော် ရွှေမှော်၊ တဘူး ရွှေမှော်နှင့် ပဒူးမုန်းရွှေမှော်တို့ ရှိခဲ့ကြပါသည်။ လင်းဖား၊ ကတိုးလောက် မကြီးကျယ်သော်လည်း ရွှေကျင်မော်တော် ၂၀ မှ ၅၀ အတွင်း ရှိကြပါသည်။ မော်တော် ၅ စင်းစု ၁၀ စင်းစု ရွှေမှော်များကိုမူ နေရာအနှံ့ရှိခဲ့ပါသည်။

ရေစီးပွက်များ၊ ဒိုက်များ၊ ကွေ့များရှိနေသည့်နေရာတွင် ရေနှင့်အတူပါလာသော ရွှေများမှာ ရေသာသည့် တစ်နေရာတွင် နှစ်ရှည်လများ အနည်ထိုင်စုစည်းမိသမျှ ရွှေများတွေ့ရှိသည်ဟု ယူဆကြပါသည်။ ရွှေကျင်လုပ်ငန်းများ အလွန်ကြီးထွားနေစဉ်က အချို့နေရာများတွင် ရွှေကျင်ထားသည့် သဲပုံကြီးများမှာ ထောင်ပုံ ရာပုံ တွေ့ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နိုင်တစ်ပိုင်လက်ဖြင့် မိသားစုအလိုက် ရွှေကျင်နေကြသူများမှာလည်း တစ်နေ့လျှင် အနည်းဆုံး တစ်ရွေးနှင့် အများဆုံး ခြောက်ရွေးခန့် ရရှိခဲ့ကြသည်ဟု သိရှိရပါသည်။ စက်နှင့် ရွှေကျင်ကြသူများမှာ အလွန်ကံကောင်းသူများမှာ ငါးမူးသားမှ တစ်ကျပ်သားအထိ ရရှိခဲ့ကြသည်ဟု လေ့လာသိရှိရပါသည်။

ဟုမ္မလင်းမြို့ အောက်နားတွင် ချင်းတွင်းမြစ်ထဲသို့ စီးဝင်သော ဥရုချောင်းဘေးရှိ နန်ပူအောင်ကျေးရွာ၊ နန့်တောကျေးရွာတို့တွင်လည်း အကြီးအကျယ် ရွှေကျင်ခဲ့ကြသည်။ ရွှေအထွက်လည်း အလွန်ကောင်းခဲ့သည်ဟု သိရှိရပါသည်။

အဆိုပါဒေသမှထွက်ရှိသော ရွှေအမျိုးအစားကို သုံးမျိုးသုံးစားခွဲခြားထားပါသည်။ ပထမတန်းစားအမျိုးအစားမှာ မြေအောက်အနက်ပိုင်းမှရရှိသော မြေအောင်းရွှေ ဖြစ်ပါသည်။ ဒုတိယအမျိုးအစားမှာ တောင်ပတ်ရွှေဟုခေါ်သည်။ တောင်ပတ်ရွှေဆိုသည်မှာ ချင်းတွင်းမြစ်ကမ်းရှိ တောင်ကမ်းပါးယံများမှ ရွှေပါသောမြေများကို တူးဖော်၍ ကျင်ယူသော ရွှေအမျိုးအစားဖြစ်ပါသည်။ တောင်များတွင် ခရုပတ်ပုံစံဖြင့် ခွေရစ်နေသော ရွှေကြောများကို ကျင်ယူရခြင်း ဖြစ်ပါသည်။ တတိယအမျိုးအစားမှာ ရေတိုက်၍ မျောပါလာသည့် ရွှေမှုန်များသည် မြစ်အတွင်း၌ အနည်ထိုင် ကျရောက်နေသည်ကို ကျင်ယူရသော ကျင်ရွှေများဖြစ်ကြသည်။ မြေအောင်းရွှေမှာ အကောင်းဆုံးဖြစ်ပြီး တောင်ပတ်ရွှေမှာ ဒုတိယအကောင်းဆုံး ဖြစ်ပါသည်။

www.burmeseclassic.com

ww.burmeseclassic.com



မြစ်ထဲမှ ကျင်ယူရရှိသော ရွှေမှာမူ တတိယတန်းစားဖြစ်သည်ဟု သိရှိရပါသည်။

ယခုအခါတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ မြစ်ကြောင်းရေလမ်းထိန်းသိမ်းရေး အစီအစဉ်အရ မြစ်အတွင်း ရွှေကျင်ခြင်းကို ခွင့်မပြုတော့ပါ။

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း - ၁၅

## "နာဂရိုးရာ နှစ်သစ်ကူးပွဲတော်"

နာဂတိုင်းရင်းသားများသည် နှစ်စဉ်ရိုးရာပွဲတော်များကို ကျင်းပလေ့ရှိကြသည်။ နာဂတိုင်းရင်းသားတို့၏ ရိုးရာပွဲတော်များတွင် နှစ်သစ်ကူးကောက်သစ်စားပွဲ၊ မုန့်တောင်းပွဲတို့မှာ ထင်ရှားသည့်ပွဲတော်များ ဖြစ်ကြသည်။ နာဂရိုးရာနှစ်သစ်ကူး ပွဲတော်သည် နာဂတိုင်းရင်းသားများ အထွတ်အမြတ်ထားသည့်ပွဲတော်တစ်ခု ဖြစ်ပါသည်။ တစ်နှစ်တာလုံး တွေ့ကြုံရသည်များကို ဆွေးနွေးဖလှယ်ကြသည်။ လာမည့်နှစ်တွင် ဆောင်ရွက်မည့်ကိစ္စများကို တိုင်ပင်ကြသည်။ နှစ်သစ်တွင် ကောက်ပဲသီးနှံ ပေါ်များစေကြောင်း၊ ရာသီဥတုကောင်းမွန်စေကြောင်း၊ အဖျားအနာကင်းပြီး ချမ်းသာသုခရရှိစေကြောင်း ဆုတောင်းကြပါသည်။ အရောင်းအဝယ်ကိစ္စမှာ ပေးရန်၊ ရရန် ကြွေးမြီများကိုလည်း ပွဲတော်တွင် ရှင်းလင်းကြသည့် အလေ့အထရှိကြောင်း သိရှိရပါသည်။ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယခင်က ကျေးရွာအလိုက် မျိုးနွယ်စုအလိုက် ကျင်းပခဲ့ခြင်းဖြစ်ပါသည်။ စိုက်ပျိုးသီးနှံများ ရိတ်သိမ်းပြီးသည့် ဒီဇင်ဘာလနှင့် ဇန်နဝါရီလတွင် မိရိုးဖလာမပျက် ကျင်းပခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်၏လမ်းညွှန်မှုဖြင့် နာဂရိုးရာယဉ်ကျေးမှုကော်မတီကို ဖွဲ့စည်းခဲ့ပြီး နယ်မြေဒေသအသီးသီးမှ နာဂတိုင်းရင်းသားမျိုးနွယ်စုများ စုစည်းဆင်နွှဲနိုင်သည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်အဖြစ် ကျင်းပရန် စီမံခဲ့ကြပါသည်။

၁၉၉၂ ခုနှစ်မှစ၍ ဇန်နဝါရီလ ၁၅ ရက်နေ့တိုင်းတွင် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို ခမ်းနားစည်ကားစွာ ကျင်းပနိုင်ခဲ့ခြင်း ဖြစ်သည်။ ၂၀၀၃ ခုနှစ်၊ လဟယ်မြို့နယ်တွင် ကျင်းပသောနှစ်သစ်ကူးပွဲတော်နှင့် ၂၀၀၄ ခုနှစ်၊ လေရှီးမြို့တွင် ကျင်းပသော နှစ်သစ်ကူးပွဲတော်များသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်တို့ကိုယ်တိုင် တက်ရောက်ခဲ့ကြပါသည်။

## ရည်ရွယ်ချက်များ

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို အောက်ပါအစီအစဉ်ဖြင့် ဦးတည်ကျင်းပကြောင်းလည်း သိရှိရပါသည်။

- တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အထောက်အကူပြုရန်အတွက် နာဂတိုင်းရင်းသားများ တက်ကြွကြွ ပါဝင်ဆောင်ရွက်ရန်၊

www.burmeseclassic.com

www.burmeseclassic.com



- ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာများနှင့် ယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်း စောင့်ရှောက်ရန်၊
- မိမိတို့ ယဉ်ကျေးမှုလုပ်ငန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် နိုင်ငံတော်မှ ချမှတ်ထားသော ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ ဦးတည်ချက် ၁၂ ရပ်ကိုလည်း တက်တက်ကြွကြွ ပါဝင်အကောင်အထည်ဖော် ဆောင်ရွက်သွားရန်။

ရည်ရွယ်ချက်ကောင်းမွန်ပြီး အနှစ်သာရပြည့်ဝသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ယခင်က တစ်ရွာတစ်ရက် ကျင်းပခဲ့သည်မှာ ချစ်ကြည်ရင်းနှီးမှု အားနည်းသည်ဟု နာဂ အကြီးအကဲများက ယူဆလာကြပြီး ၁၉၅၆-၅၇ ခုနှစ်ခန့်က စ၍ တစ်မြို့တစ်ရွာ၊ မြို့နယ်အဆင့် ကျေးရွာအဆင့်များ တပေါင်းတည်း ကျင်းပလာခဲ့သည်။ ထို့ကြောင့် ၁၉၉၀ ပြည့်နှစ် မှစ၍ မြို့နယ်ပေါင်းစုံမှ နာဂလူမျိုးနွယ်စု အကြီးအကဲများ အကျေအလည် ညှိနှိုင်းကြပြီး တစ်ရပ်တစ်ရွာ တစ်ရက်အစား နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့ကို နာဂရိုးရာ နှစ်သစ်ကူး ပွဲတော်ရက်အဖြစ် သတ်မှတ်၍ တစုတပေါင်းတည်း စည်ကား သိုက်မြိုက်ခမ်းနားစွာ ကျင်းပလာခဲ့ကြသည်။ ၁၉၉၃ ခုနှစ်တွင် ခန္တီးမြို့ အခြေချစစ်ဗျူဟာမှူးက နိုင်ငံတော်၏ပံ့ပိုးမှုကို ရယူပြီး နာဂတစ်မျိုးသားလုံး၏ကိုယ်စား နာဂရိုးရာ နှစ်သစ်ကူး ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။ ၁၉၉၇

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်မှစ၍ နှစ်စဉ် နိုင်ငံတော် တာဝန်ရှိပုဂ္ဂိုလ်ကြီးများကိုယ်တိုင် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို တကူးတကလာရောက်ပြီး အားပေးခဲ့ကြပါသည်။

## ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်စား

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်ကို နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များ စိတ်ဝင်တစား လာရောက်လေ့လာခဲ့ကြသည်မှာ ၂၀၀၁ ခုနှစ် လေရှီးမြို့တွင် ကျင်းပခဲ့သည့် ပွဲတော်မှစ၍ ဖြစ်သည်။ ယင်းနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၃၆ ဦး တက်ရောက် လေ့လာခဲ့ကြပါသည်။ ၂၀၀၂ ခုနှစ် လဟယ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သော ပွဲတော်တွင် ကမ္ဘာလှည့်ခရီးသည် ၉၇ ဦး လာရောက် လေ့လာခဲ့ကြပြီး ၂၀၀၃ ခုနှစ် လဟယ်မြို့တွင်ပင် ကျင်းပပြုလုပ်ခဲ့သော ပွဲတော်တွင် ကမ္ဘာလှည့်ခရီးသည်ပေါင်း ၁၇၄ ဦး လာရောက် လေ့လာဆင်နွှဲခဲ့ကြသည်ကို တွေ့ရပါသည်။ ၂၀၀၄ ခုနှစ် လေရှီးမြို့တွင် ကျင်းပပြုလုပ်ခဲ့သည့်ပွဲတော်တွင် ကမ္ဘာလှည့်ခရီးသည် ၁၇၆ ဦး လာရောက်လေ့လာ ဆင်နွှဲခဲ့ကြသည်။ နိုင်ငံအလိုက် ကမ္ဘာလှည့်ခရီးသည်ဦးရေကိုကြည့်လျှင် အမေရိကန် ၈၁ ဦး၊ ဂျာမန် ၁၆ ဦး၊ ဩစတြေးလျ ၂၀ ဦး၊ ဂျပန် ၆ ဦး၊ ပြင်သစ် ၁၉ ဦး၊ တောင်အာဖရိက ၁၉ ဦး၊ ဗြိတိန် ၂ ဦး၊ ထိုင်း ၄ ဦး၊ အီတလီ ၂ ဦး၊ ဖိလစ်ပိုင် ၁ ဦး၊ အစ္စရေး ၁၄ ဦးနှင့် အယ်လ်ဂျီယံ

www.burmeseclassic.com

ww.burmeseclassic.com



၁ ဦးတို့ ဖြစ်ကြပါသည်။ အချို့သော ကမ္ဘာလှည့်ခရီးသည်များမှာ နှစ်စဉ် နှစ်တိုင်း မပျက်မကွက်တက်ရောက်ဆင်နွှဲနေကြသည်ကို တွေ့ရပါသည်။


ကမ္ဘာလှည့်ခရီးသည်များအတွက် အိပ်ဆောင်၊ စားသောက်ဆောင်များနှင့် သန့်စင်ခန်းများကို ဒေသထွက် ဝါးများဖြင့် သဘာဝကျကျတည်ဆောက်ပေးထားသည်။ နာဂတောင်တန်း၏ ရှုခင်းအလှများကိုလည်း ကမ္ဘာလှည့်ခရီးသည်များ အလွန်နှစ်သက်ကြသည်။ အခမ်းအနားအပြီးတွင် ညှိခံသော နာဂတိုင်းရင်းသားတို့၏ ခေါင်းရည်၊ ငါးပေါင်းအမြည်းများကို ကမ္ဘာလှည့်ခရီးသည်များ ခံတွင်းတွေ့ကြသည်ကို တွေ့ရပါသည်။




www.burmeseclassic.com

ww.burmeseclassic.com






နှစ်စဉ် ဇန်နဝါရီလ ၁၅ ရက်နေ့တွင် ကျင်းပလေ့ရှိသော
ရိုးရာနှစ်သစ်ကူးပွဲတော်



www.burmeseclassic.com

ww.burmeseclassic.com







www.burmeseclassic.com

ww.burmeseclassic.com



နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင်
နာဂတိုင်းရင်းသားများ ရင်းရင်းနှီးနှီး





www.burmeseclassic.com

ww.burmeseclassic.com





ခေါင်ရည်ထည့် ဝါးဘူးများကိုလည်း အမှတ်တရဆောင်းယူကြသည်။

ညပိုင်းတွင် ရိုးရာအားကစားကွင်း၌ နှစ်သစ်ကူးပွဲတော်အောင်မြင်ခြင်း အထိမ်းအမှတ်မီးပုံပွဲကျင်းပသည်။ မီးပုံပွဲတွင် နာဂရိုးရာ ယဉ်ကျေးမှုအကများကို တစ်ဝကြီးကြည့်ရပြီး ကိုယ်တိုင်လည်း ပါဝင်ကပြရသည်မှာ ပျော်စရာကောင်းလှသည်။ ကမ္ဘာလှည့်ခရီးသည်များလည်း နာဂတိုင်းရင်းသားနှင့်အတူ တပျော်တပါး မီးပုံပွဲမှာ ပါဝင်ဆင်နွှဲခဲ့ကြလေသည်။

ကမ္ဘာလှည့်ခရီးသည်များသည် နာဂရိုးရာယဉ်ကျေးမှု ပြတိုက်ဖွင့်လှစ်ထားမှုကို စိတ်ဝင်စားသလို နာဂရိုးရာ

www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးမှုအရောင်းဆိုင်တွင်လည်း ရိုးရာအထိမ်းအမှတ် ပစ္စည်းများကို ဝယ်ယူအားပေးကြသည်။ ကမ္ဘာလှည့်ခရီးသည် အချို့သည် နာဂရိုးရာခြုံစောင်ကို မြတ်မြတ်နိုးနိုးလွှမ်းခြုံရင်း ပွဲတော်ကို ဆင်နွှဲခဲ့ကြလေသည်။

## မီးပုံပွဲနှင့် ပန်တုံးခေါက်သံ

ပွဲတော်ကျင်းပသည့်နေ့တွင် နာဂတိုင်းရင်းသားမျိုးနွယ်စု ပေါင်းစုံက မိမိဒေသအလိုက် ရိုးရာသီချင်းများဖြင့် ကပြ ဖျော်ဖြေတင်ဆက်ကြသည်။ နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ကျင်းပသည့်ပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ် မီးပုံပွဲ ကိုလည်း ညပိုင်းတွင် ကျင်းပပါသည်။ အဆိုပါပွဲတော် အောင်မြင်ခြင်းအထိမ်းအမှတ် မီးပုံပွဲတွင် နာဂရိုးရာ ပန်တုံး ခေါက်ခြင်းမှာ အလွန်စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ နာဂရိုးရာ (ပန်) တဲအတွင်း၌ သစ်တုံးကို ထွင်းထားသော ရိုးရာပစ္စည်းတစ်ခုဖြစ်သည့် ပန်တုံးပြိုင်တူထုခေါက်ခြင်းကို ပန်တုံးခေါက်ခြင်းဟု ခေါ်သည်။ ပန်တုံးခေါက်ရာတွင် ထွက်ပေါ်လာသော သံစဉ်များမှာ တစ်ခုနှင့်တစ်ခု မတူဘဲ ကွဲပြားခြားနားပါ၏။ ပန်တုံးခေါက်သံကိုမူတည်၍ ထိုရွာတွင် သာရေးကိစ္စရှိသည်။ နာရေးကိစ္စရှိသည်။ အရေးပေါ်တိုင်ပင် ရမည့်ကိစ္စရှိသည်ဟူ၍ အသံဖြင့် ခွဲခြားသိရှိနိုင်သည်ဟု ဆို၏။ ထိုသို့ ပန်တုံးခေါက်ခြင်းဓလေ့သည် ရှေးပဝေသဏီကပင် ဒေသခံတိုင်းရင်းသား နာဂများ၏ ရိုးရာဓလေ့တစ်ခုဖြစ်ရာ

www.burmeseclassic.com

ww.burmeseclassic.com



ထိုပန်တုံးခေါက်သံသည် နည်းစနစ်ကျပြီး အလွန်စိတ်ဝင်စားဖွယ်ကောင်းလှပေသည်။

## လူမျိုးနွယ်စုပေါင်းစုံ တက်ရောက်ခြင်း

နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သို့ ခန္တီး၊ ဟုမ္မလင်း၊ လေရှီး လဟယ်နှင့် နန်းယွန်းမြို့နယ်များရှိ နာဂလူမျိုးနွယ်စုပေါင်းစုံ ကိုယ်စားလှယ်များ၊ အကအဖွဲ့များ တက်ရောက်ကြပါသည်။ ဤနာဂရိုးရာ နှစ်သစ်ကူးပွဲတော်တွင် နာဂမျိုးနွယ်စုပေါင်းစုံ၏ ဝတ်စားဆင်ယင်မှုများ၊ ရိုးရာတေးသီချင်းများ၊ အကမျိုးစုံတို့ကို တွေ့မြင်လေ့လာရသည်ဖြစ်၍ နာဂတိုင်းရင်းသားများ၏ ယဉ်ကျေးမှု ရိုးရာဓလေ့များကို စုစည်းအကဲခတ်နိုင်ပါသည်။ လူထုအစည်းအဝေးပွဲတွင် မြို့နယ်ကိုယ်စားပြု အကြီးအကဲများက သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး သဘာပတိ အမှာစကားပြောကြားခြင်း၊ နိုင်ငံတော်အကြီးအကဲများက အမှာစကားချီးမြှင့်ခြင်း စသည်ဖြင့် အစီအစဉ်အလိုက် ကျင်းပပါသည်။

## လက်ဆောင်များ အပြန်အလှန်ပေးအပ်ခြင်း

တို့အပြင် နိုင်ငံတော်အကြီးအကဲများက နာဂအကြီး အကဲများမှတစ်ဆင့် ဒေသခံ နာဂတိုင်းရင်းသားများအတွက် အနွေးထည်များ၊ ဂျာကင်များ၊ အဝတ်အထည်မျိုးစုံ စောင်များ၊ မျက်နှာသုတ်ပဝါများ၊ ဆေးနှင့် ဆေးပစ္စည်းများ

www.burmeseclassic.com

ww.burmeseclassic.com



ဘောလုံးကန်ဝတ်စုံများ၊ ဘောင်းဘီတိုများ၊ ဆပ်ပြာတောင့်များ၊ ဘောလုံးနှင့် ဘော်လီဘောများ၊ အားကစားဝတ်စုံများ၊ ပြက္ခဒိန်များ၊ ဗလာစာအုပ်များနှင့် ကျောင်းသုံးပစ္စည်းများ၊ ဆန်အိတ်များ၊ ဆားအိတ်များ၊ ဂျိုဟ်တုစလောင်းများ၊ ကုန်းမြင့်လယ်ယာဖော်ထုတ်ရေးလုပ်ငန်းများအတွက် ပေါက်ပြားများ၊ ဆီပုံးများ၊ ရုပ်မြင်သံကြားဖမ်းစက်များ၊ ရေရရှိလုပ်ငန်းအတွက် ရေပိုက်နှင့် ဆပ်စပ်ပစ္စည်းများ၊ အမိုးသွပ်ပြားများ၊ စားသောက်ကုန်များကို နှစ်သစ်ကူးလက်ဆောင်မွန်များအဖြစ် ပြန်လည်ပေးအပ်ကြသည်။

ဤသို့ဖြင့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်သည် ရည်ရွယ်ချက်ကောင်းမွန်ပြီး အနှစ်သာရပြည့်ဝသော ပွဲတော်ဖြစ်သည့်အပြင် မြန်မာနိုင်ငံမှ နာဂအမျိုးသားများ၏ ရှေးဟောင်းထုံးဓလေ့ယဉ်ကျေးမှုအတိုင်း ရိုးရာမပျက် ထိန်းသိမ်းထားရှိမှုများနှင့် ရှေးပုံစံမပျက် ဝတ်စားဆင်ယင်မှုများကို တွေ့မြင်ရသောပွဲတော် ဖြစ်ပါသည်။ ခြုံ၍ တင်ပြရလျှင် နှစ်သစ်ကူးပြောင်းချိန်တွင် ရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပပြီး နှစ်ဟောင်းမှလယ်ယာလုပ်ငန်းခွင် အတွေ့အကြုံများကို အပြန်အလှန်ဆွေးနွေးခြင်း၊ ရှောင်ရှားဆင်ခြင်သင့်သည်များကို ဆင်ခြင်ရန်အပြင် တစ်နှစ်တာကာလအတွင်း ပေးရန်၊ ရရန်ရှိသည့်ကြွေးမြီများ ရှင်းလင်းခြင်း၊ ခရီးနီးဝေးရောက်မိသားစုများနှင့်ပျော်ရွှင်စွာ ပြန်လည်ဆုံဆည်းခြင်း၊ နှစ်သစ်အတွက် လုပ်ငန်း

www.burmeseclassic.com

ww.burmeseclassic.com



အဝဝအောင်မြင်စေကြောင်း ဆုတောင်းခြင်းတို့ကို ပြုကြသည့်အတွက် ဤပွဲတော်သည် နာဂတစ်မျိုးသားလုံးအတွက် အထွတ်အမြတ်ထားသော၊ အရေးကြီးဆုံးသော အစည်ကားဆုံးသော ပွဲတော်ကြီး ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၈

## "လူမှုဘဝတိုးတက်ရေး ဆောင်ရွက်ချက်များ"

နိုင်ငံတော်အစိုးရသည် နာဂဒေသရှိ တိုင်းရင်းသားများ၏ လူမှုဘဝတိုးတက်ရေးအတွက် အားကြိုးမာန်တက်ဆောင်ရွက်နေပါသည်။ ပညာရေး ကျန်းမာရေး ဆက်သွယ်ရေး၊ ပြည်သူ့ဆက်ဆံရေး၊ ဘာသာ သာသနာရေးကဏ္ဍများတွင် အရှိန်အဟုန်ဖြင့် တိုးတက်လျက်ရှိပါသည်။

ပညာရေးကဏ္ဍအနေဖြင့် နာဂဒေသအတွင်း အထက်တန်းကျောင်း ၅ ကျောင်း၊ တွဲဖက်အထက်တန်းကျောင်း ၆ ကျောင်း၊ တွဲဖက်အလယ်တန်းကျောင်း ၆ ကျောင်း၊ အလယ်တန်းကျောင်း ၁၂ ကျောင်း၊ တွဲဖက်အလယ်တန်း ကျောင်း ၂၂ ကျောင်း၊ မူလတန်းကျောင်း ၃၇၃ ကျောင်း၊ မူလတန်း ကျောင်းခွဲ ၉ ကျောင်း၊ မူလတန်းလွန်ကျောင်း ၁၇ ကျောင်း၊ ဘုန်းတော်ကြီးသင် မူလတန်းကျောင်း ၈ ကျောင်း၊ မူလတန်းကြိုကျောင်း ၁ကျောင်းနှင့် ပရဟိတကျောင်း ၁ကျောင်း ရှိပါသည်။ ပညာရေးဝန်ထမ်းများအနေဖြင့် မြို့နယ်ပညာရေးမှူး ၅ ဦး၊ လက်ထောက်ပညာရေးမှူး ၆ ဦး၊ အထက်တန်းကျောင်းအုပ် ၇ ဦး၊ အထက်တန်းပြ ၅၇ ဦး၊ အထက်တန်းပြ (ကာယ) - ၃ ဦး၊ အလယ်တန်းကျောင်းအုပ်



www.burmeseclassic.com

www.burmeseclassic.com



၁၁ ဦး၊ အလယ်တန်းပြ ၁၈၅ ဦး၊ အလယ်တန်းပြ (ကာယ) ၃ ဦး၊ အလယ်တန်းပြ (မူတာဝန်) ၃၅ ဦး၊ သိပ္ပံခန်း လက်ထောက် ၁ ဦး၊ မူလတန်းကျောင်းအုပ် ၁၀၃ ဦး၊ မူလတန်းပြ ၅၇၂ ဦး စုစုပေါင်း ပညာရေးဝန်ထမ်း ၁၁၈၆ ဦး ရှိပါသည်။ ကျောင်းသား/သူ ဦးရေအနေဖြင့် မူလတန်း ၃၆၁၀၈ ဦး၊ အလယ်တန်း ၁၀၆၄၉ ဦးနှင့် အထက်တန်း ၂၁၈၄ ဦး ရှိပါသည်။ မာလ်တီမီဒီယာဖွင့်လှစ်ပြီးသော ကျောင်းပေါင်း ၇ ကျောင်း၊ ကွန်ပျူတာ ၄၅ လုံး၊ ကက်ဆက် ၁၇ လုံး၊ ဟက်တ်ဖုန်း+ ၄၁၁ လုံး၊ လန်းဂွေ့လင့်ဘ်× ၇ ကျောင်း၊ ခေတ်မီပညာ့အလင်းစာကြည့်တိုက်* ၃ ခု၊ ကွန်ပျူတာ ၁၅ လုံး၊ စီဒီချပ်ရေ ၁၆၃၇ ချပ် ရှိပါသည်။ နာဂတိုင်းရင်းသားများထဲမှ ပညာတတ်ဘွဲ့ရများမြောက်များစွာ ထွက်ပေါ်နေပြီ ဖြစ်သည်။ မဟာဝိဇ္ဇာ၊ မဟာသိပ္ပံအပြင် ဒေါက်တာ (ပါရဂူဘွဲ့) များပင် ထွက်ပေါ်နေပြီ ဖြစ်ပါသည်။ နာဂတိုင်းရင်းသား ဆရာဝန်ကြီးများ၊ သူနာပြုဆရာမကြီးများ၊ အထက်တန်း၊ အလယ်တန်း ကျောင်းအုပ်ကြီးများ၊ အစိုးရအရာရှိကြီးများ၊ တပ်မတော် အရာရှိကြီးများ ပေါ်ထွက်နေပြီ ဖြစ်ပါသည်။

တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၃ ကျောင်းမှ ပညာသင်ကြားခဲ့ကြသော ကျောင်းသားအင်အား

\+ Head Phone

× Language Lad

* E-Library

www.burmeseclassic.com

ww.burmeseclassic.com



အခြေအနေလေ့လာလျှင် ၁၉၉၉-၂၀၀၀ ပညာသင်နှစ်တွင် ကျောင်းသား ၁၉၁ ဦး၊ ၂၀၀၀-၂၀၀၁ ခုနှစ် ပညာသင်နှစ်တွင် ၁၉၄ ဦးနှင့် ၂၀၀၂-၂၀၀၃ ပညာသင်နှစ်တွင် ၁၇၈ ဦး ရှိကြောင်း တွေ့ရှိရပါသည်။ လေရှိုးမြို့နယ် ကူကီးကျေးရွာ ပရပဟိတဂေဟာတွင် နှစ်စဉ် ကျောင်းသား ၃၀ ပညာသင်ကြား ထောက်ပံ့ပေးလျက် ရှိသည်။

ကျန်းမာရေးကဏ္ဍအနေဖြင့် ခုတင် ၁၀၀ ဆံ့ ဆေးရုံ ၂ ရုံ၊ ၁၆ ကုတင်ဆံ့ဆေးရုံ ၃ ရုံ၊ တိုက်နယ်ဆေးရုံ ၆ ရုံ၊ ကျေးလက် ကျန်းမာရေးဌာန ၁၈ ခု၊ ကျေးလက် ကျန်းမာရေး ဌာနခွဲ ၈၃ ခု၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ၅ ခုနှင့် တိုင်းရင်းဆေးခန်း ၁ ခုတို့ ဖြစ်ကြပါသည်။ ခရိုင် ကျန်းမာရေးဦးစီးမှူး ၁ ဦး၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ၄ ဦး၊ လက်ထောက်ဆရာဝန် ၃ ဦး၊ တိုက်နယ်ဆရာဝန် ၆ ဦး၊ သွားဘက်ဆရာဝန် ၂ ဦး၊ မြို့နယ်သူနာပြု (ပ) ၂ ဦး၊ အထက်တန်းသူနာပြု ၁၀ ဦး၊ သူနာပြု ၁၂ ဦး၊ လက်ထောက် ကျန်းမာရေးမှူး ၁၁ ဦး၊ ကျန်းမာရေးဆရာမ ၈ ဦးနှင့် သားဖွား ဆရာမ ၈၂ ဦး ရှိပါသည်။

ဆက်သွယ်ရေးကဏ္ဍအနေဖြင့် စာတိုက် ၇ ခု၊ ကြေးနန်းရုံး ၆ ခု၊ တယ်လီဖုန်း ၃၄၆ လုံး၊ မြို့တွင်းအိတ်ချိန်း ၆ ခုနှင့် ဖြိုဟ်တုဆက်သွယ်ရေး ၁ ခုတို့ ဖြစ်ကြပါသည်။

ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများအနေဖြင့် ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံး ၁ ရုံး၊ မြို့နယ်ရုံး

www.burmeseclassic.com

ww.burmeseclassic.com



၄ ရုံး၊ မြို့နယ်ခွဲရုံး ၁ ရုံး ဖွင့်လှစ်ထားပြီး ပြည်သူ့ဆက်ဆံရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (၇) ရုံ ဖွင့်လှစ်ထားပြီး ဒီဂျစ်တယ် ရုပ်မြင်သံကြားဖမ်းစက် ၁ လုံးစီ တပ်ဆင်အသုံးပြုလျက် ရှိပါသည်။

ဤသို့အားဖြင့် နိုင်ငံတော်အစိုးရသည် နာဂဒေသနေ တိုင်းရင်းသားပြည်သူများ၏ လူမှုဘဝတိုးတက်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း - ၁၉

## "နှာဝတောင်တန်း သာသနာ့အလင်းရောင်"

## "သာသနာ့စက်ဝန်းထဲက နှာဝတောင်တန်း"

* မိုးလေမမှန်၊ မျိုးမသန်သို့
ရိုးခံစိတ်ထား၊ တိုင်းရင်းသားတို့
တရားဆိတ်သုဉ်း၊ အမှောင်ဖုံးခဲ့
လူလုံးမလှ ဟိုတုန်းက။ ။

* တောင်ယာစပါး၊ အထွက်ပွားအောင်
ကျွဲနွားဝက်သတ်၊
ယဇ်နတ်ပူဇော်၊ မိုးကိုမျှော်သည်
တွေးခေါ်မြော်မြင်၊ မသိခင်က
ဆင်ခြင်တွေးဆ၊ အားနည်းလှ။ ။

* မီးရေနေနတ်၊ တောတောင်နယ်ကို
ထင်မှတ်ကိုးကွယ်၊ အယုံလွယ်သည်
နယ်ပယ်ကျဉ်းမြောင်းခဲ့စဉ်က။ ။

* ဤယနေ့သော် .....
တောင်ပေါ်ဒေသ၊ အလင်းရ၍

www.burmeseclassic.com

www.burmeseclassic.com



ဗုဒ္ဓအမွေ၊ ထွန်းကားလေအောင်
မထေရ်သံဃာ၊ ရှင်မဟာတို့
သာသနာပြု၊ ကြိုးပမ်းမှုကြောင့်
တုန္ဒိုင်းမမြင်၊ ရှုတိုင်းထင်သည်
ရှင်သန်ခဲ့ပြီ မဟုတ်လား။ ။

* တရားမိုးရေ ခန်းခြောက်နေသည့်
သည်မြေဒေသ၊
နာဂတောင်တန်း၊ ရွှေရောင်လွှမ်းအောင်
ယုံမွှမ်းမမွ၊ ဖြန့်ဝေငှသည်
ထေရ်ရဝါဒသာသနာ၊
နိုင်ငံတော်ရဲ့ စေတနာ။ ။

**အောင်လွန်းမြိုင် (ဝင်းလယ်ဘူး)**

**နာဂတောင်တန်းပေါ်က ထေရဝါဒ ဗုဒ္ဓသာသနာပြု လုပ်ငန်း**

မြန်မာနိုင်ငံ၏တောင်တန်းသာသနာပြုလုပ်ငန်းကို လေ့လာလျှင် ၁၉၄၆ ခုနှစ်တွင် ပြည်ထောင်စုမြန်မာနိုင်ငံ တောင်တန်းသာသနာပြုအဖွဲ့ကို ဖွဲ့စည်းပြီး သာသနာပြုစီမံကိန်း ရေးဆွဲခဲ့သည်ကို တွေ့ရပါသည်။ ဤအချိန်မှစပြီး ဝေးလံ ခက်ခဲသော ချင်းတောင်တန်း၊ နာဂတောင်တန်းရှိ သွေးချင်း သားချင်း တိုင်းရင်းသားလူမျိုးနွယ်စုတို့အား မှန်မြတ်လှသော ဗုဒ္ဓရှင်တော်ဘုရား၏ အဆုံးအမကို ရယူခံစားနိုင်ကြစေရန်

www.burmeseclassic.com



သာသနာပြုလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ကြသည်ဟု ဆိုရမည် ဖြစ်သည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် တောင်တန်းသာသနာပြုအဖွဲ့သည် နိုင်ငံတော် ဗုဒ္ဓသာသနာပြု အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ကာ အဖွဲ့၏စီမံကိန်း၊ စည်းမျဉ်း ဥပဒေများနှင့်အတူ ၁၉၅၆ ခုနှစ်တွင် ခန္တီးမြို့သို့ ကြွရောက် စေခဲ့သည်။

ထိုအချိန်က တိုင်းရင်းသားတို့ဌာန နာဂမြေတွင် သာသနာပြု ဗဟိုဌာနဟူ၍ မသတ်မှတ်ရသေးဘဲ သာသနာပြု အမည်သာ ရှိပါသေးသည်။ ခန္တီး ပေါ်မိုင်းဆရာတော် ဦးသုန္ဒရ သည် ၁၉၆၃ ခုနှစ်တွင် ပျံလွန်တော်မူပြီးနောက် ယင်းနှစ်မှာပင် သာသနာပြုရဟန်းတော် ဦးဣန္ဒကမှတစ်ဆင့် ပေါ်မိုင်း ကျောင်းကို တောင်တန်းသာသနာပြုအဖွဲ့ချုပ်သို့ လှူဒါန်း လိုက်ရာ ၁၉၆၃ ခုနှစ်တွင် နာဂတောင်တန်း ဗဟိုသာသနာပြု ဌာနအဖြစ် သတ်မှတ်ပြီး နာဂတောင်တန်းခရိုင် ၅ မြို့နယ် အတွင်းရှိ သာသနာပြုဌာန ၁၀ ဌာနကို အုပ်ချုပ်စေခဲ့ပါသည်။

**ပရဟိတဂေဟာ**

တောင်တန်းသာသနာပြုအဖွဲ့သည် နာဂတောင်တန်း တစ်ခုလုံးရှိ မိဘမဲ့ ဆင်းရဲနွမ်းပါးသော ကလေးသူငယ်များကို စုစည်းပြီး သာသနာပြု ပရဟိတဂေဟာကို ၁၉၆၈-၆၉ ခုနှစ်တွင် ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် ဆောင်ရွက်ခဲ့ပါသည်။ ၁၉၆၄ ခုနှစ် အမျိုးသားစည်းလုံးညီညွတ်ရေး ကာကွယ်သည့် ဥပဒေအရ မှတ်ပုံတင်ခဲ့ရာ ၁၉၇၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် နိုင်ငံတော်အစိုးရ လူမှုဝန်ထမ်းကြီးကြပ်ရေးဌာနမှ

www.burmeseclassic.com

www.burmeseclassic.com



ဆန်များ နှစ်စဉ်ထောက်ပံ့ခဲ့ပြီး ပရဟိတဂေဟာအဖြစ် တည်တံ့ခဲ့ပါသည်။ ထိုသို့ ဆန်များ ထောက်ပံ့လှူဒါန်း ခဲ့သော်လည်း ကျောင်းသားများ နေ့စဉ်တိုးတက်မှုကြောင့် လစဉ် ထောက်ပံ့လှူဒါန်းရန် အဆိုပြုချက်အရ ၁၉၇၉ ခုနှစ် မှစ၍ လစဉ်ကြေးအလှူများ ထောက်ပံ့သည့်ဂေဟာအဖြစ် ရပ်တည်ခဲ့လေသည်။ ပရဟိတဂေဟာတွင် ကျောင်းသား ၆၅ ယောက်ဖြစ်ပြီး ဘုန်းတော်ကြီးသင် မူလတန်းကျောင်းသား ၄၇ ယောက်နှင့် အစိုးရအထက်တန်းကျောင်းတွင် ၁၂ ယောက် နှင့် အသက်မွေးဝမ်းကျောင်း ပညာသင် ၆ ယောက် ရှိခဲ့ ပါသည်။ နောက်ပိုင်းတွင် ကိုယ့်ခြေထောက်ပေါ် ကိုယ် ရပ်တည်နိုင်ရန်အတွက် မြေရိုင်းဧက ၅၀ ကို ခုတ်ထွင်ရှင်းလင်း လယ်သစ်တည်ခွင့်ပြုပါသည်။

## ယနေ့ သာသနာပြုကျောင်းများ

နာဂတောင်တန်းတွင် ခန္တီးမြို့၊ ပေါ်မိုင်း သာသနာပြု ကျောင်း၏ စီမံအုပ်ချုပ်မှုဖြင့် ခန္တီးမြို့နယ်အတွင်း၌ သာသနာ ပြုကျောင်း ၃၈ ကျောင်း၊ လဟယ်မြို့နယ်တွင် ၂၉ ကျောင်း၊ လေရှီးမြို့နယ်တွင် ၁၁ ကျောင်း၊ နန်းယွန်းမြို့နယ်တွင် သာသနာပြုကျောင်း ၄ ကျောင်းနှင့် ပရဟိတကျောင်း ၁ ကျောင်းတို့သည် ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်းများကို ကျယ်ပြန့်စွာ ဆောင်ရွက်လျက်ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ထေရဝါဒ ဗုဒ္ဓသာသနာ လူပုဂ္ဂိုလ်သာသနာပြုသင်တန်းများ ဖွင့်လှစ်ခြင်း

နာဂဒေသ ခန္တီးမြို့တွင် ထေရဝါဒ ဗုဒ္ဓသာသနာပြု လူပုဂ္ဂိုလ် သာသနာပြုသင်တန်းကို ၄ ကြိမ် ဖွင့်လှစ်ခဲ့ပြီး ဖြစ်သည်။ ထိုသင်တန်းသို့ ခန္တီး၊ လေရှီး၊ လဟယ်၊ နန်းယွန်း နှင့် ဟုမ္မလင်းမြို့များမှ နာဂတိုင်းရင်းသား၊ ရှမ်းတိုင်းရင်းသား၊ ဗမာတိုင်းရင်းသားနှင့် ချင်းတိုင်းရင်းသား သင်တန်းသားများ တက်ရောက်ခဲ့ကြပါသည်။ မြို့နယ်များအလိုက်၊ သင်တန်း အချိုးအစားအလိုက် မျှတစွာတက်ရောက်စေခဲ့ပါသည်။

| | | | |
|---|---|---|---|
| ၁၉၉၄ ခုနှစ်၌ (၂၅.၁.၉၄ မှ ၈.၂.၉၄ ထိ) | သင်တန်းသား | ၆၂ | ဦး |
| ၁၉၉၇ ခုနှစ်၌ (၂၀.၄.၉၇ မှ ၅.၅.၉၇ ထိ) | ။ | ၆၂ | ဦး |
| ၁၉၉၉ ခုနှစ်၌ (၁၀.၉.၉၉ မှ ၂၄.၁၀.၉၉ ထိ) | ။ | ၆၂ | ဦး |
| ၂၀၀၂ ခုနှစ်၌ (၂၇.၂.၀၂ မှ ၈.၃.၀၂ ထိ) | ။ | ၇၀ | ဦး |
| | စုစုပေါင်း | ၂၈၉ | ဦး |

## ဗုဒ္ဓအဆုံးအမများ အစုလိုက်အပြုံလိုက် ခံယူ

နာဂဒေသတွင် သာသနာပြုလုပ်ငန်းများ ကျယ်ပြန့်လာသည်နှင့်အမျှ အခြားဘာသာမှ ဗုဒ္ဓဘာသာအဆုံးအမ ခံယူလာကြသူများ များပြားလာပါသည်။ ခန္တီးမြို့နယ်၊ လဟယ်မြို့နယ်၊ လေရှီးမြို့နယ်နှင့် နန်းယွန်းမြို့နယ်များတွင် မိသားစုအလိုက်မှသည် ကျေးရွာလုံးကျွတ်အထိ ဗုဒ္ဓအဆုံးအမ ခံယူလာကြသူများ ရှိလာခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## ဘွဲ့တံဆိပ်တော်ရ သာသနာပြုဆရာတော်များ

နာဂဒေသတွင် စွမ်းစွမ်းတမံ သာသနာပြုတော်မူကြသော ဆရာတော်များကို နိုင်ငံတော်အစိုးရက ဘွဲ့တံဆိပ်များ ဆက်ကပ်ခဲ့ပါသည်။ ခန္တီးမြို့၊ ဗဟိုသာသနာပြုကျောင်း ဆရာတော်ကြီး ဘဒ္ဒန္တကေသရအား ၁၉၉၁ ခုနှစ်တွင် မဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကိုလည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို လည်းကောင်း ဆက်ကပ်ခဲ့ပါသည်။

ခန္တီးမြို့၊ ဇီးဖြူကုန်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ၁ဏ္ဏိတအား ၁၉၉၉ ခုနှစ်တွင် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ‌တော်ကိုလည်းကောင်း ဆက်ကပ်ခဲ့ပါသည်။

ခန္တီးမြို့၊ နန်ဖာကျေးရွာ သာသနာပြုဆရာတော် ဘဒ္ဒန္တ ဩသဓအား ၁၉၉၃ ခုနှစ်တွင် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ် ‌တော်ကို ဆက်ကပ်ခဲ့ပါသည်။

ခန္တီးမြို့ ဖောင်ဆိုင်ရွာ၊ သာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တ ဝိသုဒ္ဓအား ၂၀၀၂ ခုနှစ်တွင် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆပ်ကပ်ခဲ့ပါသည်။

လေရှီးမြို့နယ်၊ ဒိန်းကလိန်း စံပြသာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တ သုဒဿနအား ၁၉၉၈ ခုနှစ်တွင် မဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ခဲ့ပါသည်။

ဟုမ္မလင်းမြို့နယ်၊ ထမံသီကျေးရွာ ဓမ္မဝေပုလ္လမဟာစည် ပြိသာ ဆရာတော် ဘဒ္ဒန္တဝိမလအား ၁၉၆၉ ခုနှစ်တွင်

www.burmeseclassic.com

ww.burmeseclassic.com





နာဂဒေသ၏ ဘာသာ သာသနာ



www.burmeseclassic.com

www.burmeseclassic.com



အဂ္ဂမဟာ ကမ္မဋ္ဌာနစရိယဘွဲ့တံဆိပ်တော်ကို ဆပ်ကပ်ခဲ့ပါသည်။

ခန္တီးမြို့ ဗဟိုသာသနာပြု သီလရှင်ကျောင်းတိုက် နာယက ဒေဝပဏ္ဍိတာပဥ္စရီအား ၂၀၀၂ ခုနှစ်တွင် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ချီးမြှင့်ခဲ့ပါသည်။

ဤသို့အားဖြင့် နာဂတိုင်းရင်းသားများ နေထိုင်သည့် ခန္တီး၊ ဟုမ္မလင်း၊ လဟယ်၊ **လေရှီးနှင့်** နန်းယွန်းမြို့နယ်များတွင် မွန်မြတ်လှသော **ထေရဝါဒ** ဗုဒ္ဓသာသနာပြုလုပ်ငန်းကြီးများကို ဆောင်ရွက်လျက်ရှိရာ အောင်မြင်မှုများ ရရှိနေသည့်အတွက် နာဂဒေသ၌ သာသနာ့ရောင်ဝါ ထိန်ထိန်သာလျက်ရှိပါတော့သည်။

## သာသနာ့အရောင် ထွန်းပြောင်နေသော နာဂဒေသ လဟယ်မြို့နယ်

နာဂတိုင်းရင်းသားအများစုနေထိုင်သည့် လေရှီး လဟယ်၊ နန်းယွန်းမြို့နယ် သုံးမြို့နယ်အနက် လဟယ်မြို့နယ်သည် ဗုဒ္ဓဘာသာဝင် အများဆုံးမြို့နယ် ဖြစ်ပါသည်။ လေရှီးမြို့နယ်တွင် လူဦးရေ ၁၈၁၈၁ ဦးအနက် ဗုဒ္ဓဘာသာဝင် ၃၂၅၁ ဦး၊ နန်းယွန်းမြို့နယ်လူဦးရေ ၄၈၃၉၁ ဦးအနက် ဗုဒ္ဓဘာသာဝင် ၁၁၃၀ ဦးသာ ရှိပါသည်။ လဟယ်မြို့နယ်တွင်မူ လူဦးရေ

www.burmeseclassic.com

www.burmeseclassic.com



၄၉၁၂၆ ဦး ရှိသည့်အနက် ဗုဒ္ဓဘာသာဝင် ဦးရေ ၁၉၂၀၇ ဦး ရှိပါသည်။

နာဂတိုင်းရင်းသား အများစုနေထိုင်သည့် လေရှီး၊ နန်းယွန်းနှင့် လဟယ်မြို့နယ်များအနက် လဟယ်မြို့နယ်သည် ဗုဒ္ဓဘာသာဝင် အများဆုံးဖြစ်ကြောင်း ဂုဏ်ယူဝမ်းမြောက်ဖွယ် လေ့လာတွေ့ရှိရပါသည်။ လဟယ်မြို့နယ်တွင် သာသနာပြု ဘုန်းတော်ကြီးကျောင်းပေါင်း ၂၉ ကျောင်း ရှိပါသည်။ လဟယ်မြို့နယ်တွင် သာသနာပြုကျောင်း၊ မကျန်လခြမ်း၊ ဆော်လော်၊ ပုံညိုနောက်ကုန်း၊ စံတုံ၊ ဆပ်ပလော်၊ ကပိုးလမ်း၊ လောက်ကြမ်းနောက်ကုန်း၊ ယွန်ကိုင်း၊ လောင်တန်း၊ မွန်တုံးညို၊ ဂဟုန်း၊ စံပြ၊ လုံခင်း၊ ဆော်လော်နောက်အင်း၊ ခါးလယ်၊ မော်ဖွန်၊ ခါနွေး၊ လွန်းတောင်း၊ မွန်တုံးလောင်ပ၊ ဟွေတိုက်၊ မွန်နောက်ပြောင်၊ ဆပ်ပလော်ရှောင်၊ မွန်တုံးနောင်၊ ထွေးထွေ၊ ကျွန်းခေါင်နှင့် ပုံညိုနောက်အင်းကျေးရွာများတွင် ထေရဝါဒ ဗုဒ္ဓဘာသာ သာသနာပြုကျောင်းများ ဖွင့်လှစ်သာသနာပြုလျက် ရှိပါသည်။

လဟယ်မြို့နယ်၏ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကား ပြန့်ပွားမှုအခြေအနေကို အားရဝမ်းမြောက်ဖွယ်ရာ အောက်ပါ အတိုင်း လေ့လာတွေ့ရှိရပါသည်။ ကျေးရွာအလိုက်၊ မိသားစု အလိုက်၊ ဆွေမျိုးအုပ်စုအလိုက် အစုလိုက် အပြုံလိုက် ဗုဒ္ဓ ဘာသာ အဆုံးအမခံယူခဲ့ကြသည်။

www.burmeseclassic.com

ww.burmeseclassic.com



| စဉ် | ကျေးရွာ | အဆုံးအမခံယူသည့်နေ့ | လူဦးရေ |
|---|---|---|---|
| ၁။ | လုံခင် | ၂၉· ၁၁· ၉၁ | ၆၄၅ |
| ၂။ | ယွန်ကိုင်း | ။ | ၆၈၉ |
| ၃။ | ခါးလယ် | ၂၃· ၅· ၉၃ | ၇၇၀ |
| ၄။ | လောင်ကျန်းနောက်ကုန်း | ၂၃· ၅· ၉၃ | ၇၂၆ |
| ၅။ | မကျွန် | ၁၄· ၁· ၉၄ | ၇၅၀ |
| ၆။ | မွန်တုံးရှောင် | ၂၅· ၁· ၉၄ | ၂၆၀ |
| ၇။ | ဟွေထိုက် | ၂၄· ၉· ၉၄ | ၈၅၃ |
| ၈။ | လခြမ်း | ၂၇· ၉· ၉၄ | ၈၈၃ |
| ၉။ | ဆော်လော် | ၂၈· ၉· ၉၄ | ၆၁၂ |
| ၁၀။ | ဆပွလော် | ။ | ၇၅၂ |
| ၁၁။ | ခါနွေး | ၃၀· ၁၀· ၉၄ | ၂၆၃ |
| ၁၂။ | ဆပွလော်ရှောင် | ။ | ၂၃၂ |
| ၁၃။ | ကုန်းလမ်း | ။ | ၄၉၀ |
| ၁၄။ | စံပြ | ၇· ၁၁· ၉၄ | ၂၈၇ |
| ၁၅။ | လောင်တန်း | ။ | ၂၁၁ |
| ၁၆။ | လွန်းထောင်း | ၂၆· ၁၁· ၉၄ | ၆၈၇ |
| ၁၇။ | မွန်တုံးလောင်ပ | ၃၀· ၁၁· ၉၄ | ၃၃၇ |
| ၁၈။ | စံတုံ | ၅· ၁၂· ၉၄ | ၈၈၁ |
| ၁၉။ | ပုံညှို | ၆· ၈· ၉၄ | ၆၉၅ |
| ၂၀။ | မော်ဖွန် | ၅· ၁· ၉၅ | ၆၂၈ |

www.burmeseclassic.com

www.burmeseclassic.com



| စဉ် | ကျေးရွာ | အဆုံးအမခံယူသည့်နေ့ | လှူဦးရေ |
|---|---|---|---|
| ၂၁။ | ဝဟုန်း | ၇· ၁၁· ၉၄ | ၅၆၀ |
| ၂၂။ | ဆော်လော်နောက်အင်း | ။ | ၅၆၀ |
| ၂၃။ | မွန်နောက်ပြောင် | - | ၂၀၂ |
| ၂၄။ | အုံ့ပေါ် | ၂၃· ၅· ၉၃ | ၄၉၆ |
| ၂၅။ | တိုက်ရန် | ၉· ၇· ၉၃ | ၂၀၉ |
| ၂၆။ | ရောင်ဖွန် | ၁၂· ၇· ၉၃ | ၂၃၃ |
| ၂၇။ | မွန်တုံးညို | ၁၅· ၃· ၉၆ | ၁၉၂ |
| ၂၈။ | ပုံညိုနောက်အင်း | ၂၅· ၃· ၉၅ | ၁၆၈ |
| ၂၉။ | လောင်ငေါက် | ၃၀· ၁၀· ၉၄ | ၂၄၁ |
| ၃၀။ | နောက်အော် | ။ | ၂၃၃ |
| ၃၁။ | နောက်ညိုခါဆန် | ၁၅· ၃· ၉၅ | ၂၇၇ |
| ၃၂။ | နောက်ညိုမန်ဆွေ | ။ | ၂၉၇ |
| ၃၃။ | နောက်ညိုကျပေါက် | ။ | ၅၆၉ |
| ၃၄။ | ထန်ခေါ်လားမား | ၂၃· ၁၂· ၉၅ | ၃၃၃ |
| ၃၅။ | ထန်ခေါ်နောက်ကုန်း | ။ | ၃၃၆ |
| ၃၆။ | တွေးထွေနောက်ကုန်း | ၂၆· ၂· ၂၀၀၂ | ၅၂၀ |
| ၃၇။ | ကျွန်းခေါင် | ၃၀· ၃· ၂၀၀၂ | ၇၂ |
| ၃၈။ | မြို့မ | - | ၅၆ |
| ၃၉။ | တာလံ | - | ၉၁၁ |
| ၄၀။ | ဆန်ခေါ်လောပွန် | ၂၃· ၁၂· ၉၅ | ၃၂၀ |

www.burmeseclassic.com

ww.burmeseclassic.com



နာဂဒေသ လဟယ်မြို့နယ်၏ ထေရဝါဒ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားစည်ပင်လာမှုမှာ အားရပီတိဖြစ်ဖွယ် တွေ့ရှိရပါသည်။

ထို့ကြောင့်လည်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး (ယခု ဒုတိယဗိုလ်ချုပ်မှူးကြီး) နှင့်အဖွဲ့သည် ၂၀၀၀ ပြည့်နှစ် မတ်လ ၈ ရက်နေ့တွင် လဟယ်မြို့သို့ ရောက်ရှိခဲ့ရာ ဒေသခံ တိုင်းရင်းသားများ ဖူးမြော်နိုင်ရန်အတွက် ရွှေတိဂုံပုံတူ စေတီ တစ်ဆူတည်ထားရန် ညွှန်ကြားခဲ့လေသည်။

၂၀၀၂ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် စစ်ဗျူဟာအဖွဲ့ (အခြေချ) ခန္တီး စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဝင်းမြင့် အမှတ် (၂၇၂) ခြေလျင်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရိုစံကြူး (နာဂ တိုင်းရင်းသား) တို့မှ ခန္တီးမြို့ သာသနာပြု (ဗဟို)၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင်၊ မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဆရာတော် ဘဒ္ဒန္တ ကေသရ အမှူးပြုသော ပင့်သံဃာ (၉) ပါး ပင့်ဖိတ်၍ မြေသန့် မင်္ဂလာပြုခဲ့ပါသည်။

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်)၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်နှင့် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေ တို့က ပန္နက်တော်မင်္ဂလာအခမ်းအနား ပြုလုပ်ခဲ့ပါသည်။

၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁) (ယခု နိုင်ငံတော်ဝန်ကြီးချုပ်) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို အမှူးထား၍ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးမင်းဆွေနှင့် အမှတ် (၂၇၂) ခြေလျင်တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး ရိုစံကြူးတို့မှ ရွှေထီးတော်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနား ပြုလုပ်ခဲ့ပါသည်။

ဤသို့ဖြင့် ဗုဒ္ဓဘာသာ အထွန်းကားဆုံး နာဂဒေသ မြို့နယ်တစ်မြို့နယ်ဖြစ်သည့် လဟယ်မြို့နယ် လဟယ်မြို့ ပေါ်တွင် ဉာဏ်တော် ၂၇ တောင်ရှိ မြင့်မိုရ်ဦး ရွှေတိဂုံ (ပုံတူ) စေတီတော်မြတ်ကြီးသည် မြို့ကျက်သရေဆောင်စေတီတော် ကြီးအဖြစ် နာဂတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ကုသိုလ် ပွားနိုင်ရန် ပေါ်ထွန်းခဲ့ပြီ ဖြစ်ပါသည်။

## လေရှီးမြို့နယ် သာသနာဝင်

လေရှီးမြို့နယ်သည် ဧရိယာ စတုရန်းမိုင်ပေါင်း ၁၀၅၇. ၂၀၉ ကျယ်ဝန်းပြီး လူဦးရေ ၁၈၁၈၁ ဦး နေထိုင်ကြ ပါသည်။ နေထိုင်သော တိုင်းရင်းသား လူမျိုးနွယ်စုများမှာ

www.burmeseclassic.com

www.burmeseclassic.com



တန်ကွန်နာဂလူမျိုးနွယ်စု၊ မကူရီနာဂမျိုးနွယ်စု၊ ပါရာနာဂမျိုးနွယ်စုနှင့် ကူကီးချင်းမျိုးနွယ်စုတို့ ဖြစ်ကြပါသည်။ ရပ်ကွက် ၂ ခု၊ ကျေးရွာအုပ်စု ၂၂ အုပ်စုနှင့် ကျေးရွာပေါင်း ၇၃ ရွာ ရှိပါသည်။

နာဂတိုင်းရင်းသားများသည် ရှေးယခင်က နတ်ကိုးကွယ်ကြသူများ ဖြစ်ကြသည်။ နောက်ပိုင်းတွင် ခရစ်ယာန်နှင့် ဗုဒ္ဓဘာသာကို ကူးပြောင်းကိုးကွယ်လာကြပါသည်။ လေရှီးမြို့နယ်သို့ ထေရဝါဒ ဗုဒ္ဓဘာသာ အစပြုခဲ့သည်မှာ ၁၉၄၇ ခုနှစ်က ဖြစ်သည်။ မြန်မာနိုင်ငံတွင် နေလိုလလို ထင်ရှားခဲ့သော တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရသည် ၁၉၄၇ ခုနှစ်တွင် လေရှီးမြို့နယ်သို့ ရောက်ရှိလာကာ သာသနာပြုတော်မူခဲ့ပါသည်။ ၁၉၅၃ ခုနှစ်တွင် လူထုဘဝသစ်အဖွဲ့ ရောက်ရှိလာပြီး ကျေးရွာသူကြီးများကို စည်းရုံးသာသနာပြုခဲ့သဖြင့် ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်လာကြပါသည်။ လေရှီးမြို့သို့ ပထမဆုံး အခြေချ သာသနာပြုခဲ့သော ဆရာတော်မှာ ဦးဝိစိတြ ဖြစ်ပါသည်။ တောင်တန်းသာသနာပြု ဆရာတော်သည် ၁၉၆၁ ခုနှစ်တွင် လေရှီးမြို့နယ်သို့ ကြွရောက်၍ သာသနာပြုခဲ့ပါသည်။ ၁၉၆၁ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်နေ့တွင် လေရှီးမြို့အရှေ့မြောက်ထောင့် ပေ ၆၀၀၀ ရှိ တောင်ပေါ်တွင် မြို့ထောင့်စေတီတော်ကို တည်ထား ကိုးကွယ်စေခဲ့ပါသည်။ မြို့လူထုလှူဒါန်းငွေ ၂.၅ သိန်းဖြင့် ရန်အောင်မြင် ရှစ်မျက်နှာစေတီတော်ကို တည်ထားတော်မူ

www.burmeseclassic.com

ww.burmeseclassic.com



ခဲ့ရာ ၁၉၉၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့တွင် ထီးတော်တင်နိုင်ခဲ့ပါသည်။ ထိုင်တော်မူရုပ်ပွားတော်မြတ်ကြီးတစ်ဆူကိုလည်း တည်ထားခဲ့ပါသည်။ ယခုအခါ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး၏အစီအစဉ်ဖြင့် ရွှေတိဂုံပုံတူစေတီတော် တစ်ဆူတည်ဆဲ ဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်အဖြစ် ကူးပြောင်းကြသူများတွင် ပါရာနာဂလူမျိုးနွယ်စုများသည် အများစုဖြစ်ပါသည်။

လေရှီးမြို့နယ်အတွင်း၌ ဗုဒ္ဓဘာသာဝင်ပေါင်း ၃၂၇၈ ဦး ရှိပါသည်။ ဗုဒ္ဓဘာသာ သာသနာပြုကျောင်း ၁၀ ကျောင်း၊ သီလရှင်ကျောင်း ၁ ကျောင်းနှင့် သံဃာတော် ၁၃ ပါး၊ သီလရှင် ၂ ပါး၊ သာသနာပြုလျက်ရှိပါသည်။ လေရှီးမြို့နယ်အတွင်း၌ရှိသော သာသနာပြုကျောင်းများမှာ လေရှီးမြို့ ဗဟိုသာသနာပြုကျောင်း၊ ဒိန်းကလိန်းစံပြရွာ၊ ရုံမီးယူကျေးရွာ၊ ရန်နွေးကျေးရွာ၊ ကူကီးစံပြကျေးရွာ၊ ကိုကိုင်လုံကျေးရွာ၊ မယမုံကျေးရွာ၊ ပန်ဆပ်ကျေးရွာ၊ ကူကီးရွာမကျေးရွာ၊ ကိုကိုင်လုံအလယ်ရွာ ရွာမကျေးရွာနှင့် ဖွန်သရက်ကျေးရွာတို့ဖြစ်ကြပါသည်။ လေရှီးမြို့နယ်တွင် သီတင်းသုံးသာသနာပြုတော်မူသော ဆရာတော် ၁၃ ပါးအနက် တစ်ပါးသည် မဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော် ရရှိတော်မူပါသည်။ ထိုဆရာတော်မှာ ဒိန်းကလိန်းစံပြသာသနာပြုကျောင်း ဆရာတော် ဘဒ္ဒန္တသုဒဿန ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်တွင် မဟာသဒ္ဓမ္မ

www.burmeseclassic.com

www.burmeseclassic.com



ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို အစိုးရက ဆက်ကပ်ခဲ့ပါသည်။

## နန်းယွန်းမြို့နယ်၏ ဘာသာ/သာသနာ

နန်းယွန်းမြို့နယ်တွင် ထေရဝါဒ ဗုဒ္ဓသာသနာပြုကျောင်း ၄ ကျောင်း ပရဟိတကျောင်း ၁ ကျောင်း၊ ကျောင်းထိုင်ဆရာတော် ၄ ပါး၊ ဦးပဥ္စင်း ၁ ပါး၊ သာသနာရေးအရာရှိ ၁ ဦး၊ လူပုဂ္ဂိုလ်သာသနာပြု ၁၀ ဦး၊ ဗုဒ္ဓဘာသာဝင် ၁၀၃၀ ဦး ရှိလေသည်။

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း - ၂၀

## "နာဂတောင်တန်းကို မှတ်တမ်းတင်ခဲ့ကြသူများ"

ဝေးလံခေါင်းပါးသော၊ ဆက်သွယ်ရေးခက်ခဲသော နာဂတောင်တန်းဒေသသို့ ရှေးယခင်က လူသူအရောက်အပေါက်နည်းခဲ့ပါသည်။ ခန္တီးနယ်သည် ရှေးမြန်မာဘုရင်များလက်ထက်က စော်ဘွားအုပ်ချုပ်ခဲ့ရာ နယ်မြေဖြစ်ခဲ့သည်။ နာဂတောင်တန်းများပေါ်တွင် တောင်ပိုင်၊ သူကြီးများအုပ်ချုပ်ခဲ့လေသည်။ ဗြိတိသျှနယ်ချဲ့လက်အောက်ကျရောက်ခဲ့ပြီးနောက် ခန္တီးစော်ဘွားကို ဆက်လက်ခန့်ထား အုပ်ချုပ်စေခဲ့သော်လည်း အထက်ချင်းတွင်းခရိုင်အတွင်း ထည့်သွင်းထားခဲ့လေသည်။ သို့သော် ၁၉၃၉ ခုနှစ်၊ ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် နာဂတောင်တန်းခရိုင်အဖြစ်လည်းကောင်း၊ ခရိုင်ရုံးစိုက်ရာမြို့ကို ခန္တီးမြို့တွင်လည်းကောင်း သတ်မှတ်ခဲ့လေသည်။

နယ်နိမိတ်အားဖြင့် မြောက်ဘက်၌ အိန္ဒိယပြည်၊ အရှေ့ဘက်၌ မြစ်ကြီးနားခရိုင်၊ တောင်ဘက်၌ အထက်ချင်းတွင်းခရိုင် (ယခု မော်လိုက်ခရိုင်)၊ အနောက်ဘက်၌ အိန္ဒိယနိုင်ငံတို့ တည်ရှိပါသည်။ ပါဝင်ခဲ့သော မြို့နယ်များမှာ ခန္တီးမြို့နယ်၊ ဟုမ္မလင်းမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်နှင့် ဟိုမ်းမြေ



www.burmeseclassic.com

www.burmeseclassic.com



(နန်းယွန်းမြို့နယ်) မြို့နယ်တို့ ဖြစ်ကြသည်။ ၁. ၁. ၁၉၄၀ နေ့မှစ၍ ခန္တီးခရိုင် ရုံးစိုက်ကာ ခရိုင်ဝန် အုပ်ချုပ်ခဲ့လေသည်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် နာဂတောင်တန်းခရိုင်မှ ခန္တီးခရိုင်ဟု တွင်ခဲ့လေသည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင် စာပေပညာရှင်၊ သုတေသီပညာရှင်များသည် နာဂတောင်တန်းပေါ်မှ မြို့၊ ကျေးရွာများသို့ ခက်ခက်ခဲခဲသွားရောက်လေ့လာ၍ နာဂလူမျိုးများအကြောင်းနှင့် ခရီးသွားမှတ်တမ်းများ၊ နာဂဒေသကို အခြေခံသော ဝတ္ထုဇာတ်လမ်းများ ရေးသားလာခဲ့ကြသည်။ ဤသို့ ရေးသားမှတ်တမ်းတင်ခဲ့ကြသည်များကို စာရေးသူ အနေဖြင့် လက်လှမ်းမီသရွေ့ တင်ပြလိုပါသည်။

ဟုမ္မလင်းမြို့နယ်၊ မောင်းခန်းရွာသား နာမည်ကျော် အမျိုးသား စာပေဆုရှင် စာရေးဆရာ နာဂတောင်တန်း မောင်ကြည်ဇင်သည် နာဂဒေသကို အခြေခံကာ ဝတ္ထုရှည် တစ်ပုဒ်ကို ရေးသားခဲ့သည်။ အဆိုပါ ဝတ္ထုသည် ၁၉၆၄ ခုနှစ်၊ အနုပညာစာပေဝတ္ထုရှည် ပထမဆုရ "တောင်ပေါ်မြေမှ မြေပြန့်ပန်း" ဝတ္ထုရှည် ဖြစ်ပါသည်။ ဇင်လိန်း ခန္တီးမြို့မှ တောင်တက်တောင်ဆင်းခရီးအပါအဝင် ကုန်းတစ်တန် ရေ တစ်တန်သွားရသော "လားခေါ်" အမည်ရှိ နာဂရွာကလေးကို ဇာတ်အိမ်တည်ထားပါသည်။ နောက်အော်နာဂများ နေထိုင် ကြသည့်ရွာကလေး ဖြစ်ပါသည်။ အဆိုပါ ဝတ္ထုရှည်ကို ဒန်ကာင်းရုပ်ရှင်မှ ရုပ်ရှင်ရိုက်ကူးခဲ့ပါသည်။

www.burmeseclassic.com

ww.burmeseclassic.com



တိုင်းရင်းသားဖွံ့ဖြိုးရေးအခြေခံ ဝတ္ထုရှည်ဖြစ်ပါသည်။ ပြည်နယ်ဒေသများ၏ လမ်းပန်းအဆက်အသွယ်ခက်ခဲမှုကြောင့် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုမရှိခဲ့သည်ကို ပြည်မမှ ခေတ်ပညာတတ် ဆရာဝန်၊ အုပ်ချုပ်ရေး သမားစသည်တို့ဖြင့် ပြည်နယ်များသို့ သွားရောက်အမှုထမ်း၍ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ကြရန် ရည်ရွယ်ရေးသား ထားခြင်း ဖြစ်သည်။

နာဂတောင်တန်း မောင်ကြည်ဇင်သည် "နာဂမြေမှ တော်လှန်ခြင်း" ဟူသော စာအုပ်တစ်အုပ်ကိုလည်း ရေးသား ခဲ့လေသည်။ နယ်ချဲ့အင်္ဂလိပ်တို့ သိမ်းပိုက်ပြီးစကာလတွင် နာဂတောင်တန်းပေါ်သို့ အာဏာဖြန့်လာသော နယ်ချဲ့တို့ကို ဒေသခံတိုင်းရင်းသားများက ရရာလက်နက်ဖြင့် တော်လှန် တိုက်ခိုက်ခဲ့ကြသည်ကို ဝတ္ထုဇာတ်လမ်းပုံစံဖြင့် ရေးသားထား ပါသည်။ အခြားသော နာဂဒေသသရုပ်ဖော် ဝတ္ထုတို/ ဝတ္ထုရှည်များကို ရေးသားထားပါသည်။ စာရေးဆရာ နာဂတောင်တန်း မောင်ကြည်ဇင်၏ အမည်ရင်းမှာ ဦးကြည်ဇင်ပင် ဖြစ်ပါသည်။ ငယ်စဉ် ဘုန်းကြီးကျောင်း၌ ပညာသင်ခဲ့ပြီး ခြောက်နှစ်မျှ သင်္ကန်းဝတ်၍ ပဉ္စင်းသုံးဝါ ရခဲ့ပါသည်။ ၁၉၈၇ ခုနှစ်၊ ဇွန်လ ၁ ရက်နေ့တွင် ခန္တီးမြို့၌ ကွယ်လွန်ခဲ့ပါသည်။ ကွယ်လွန်စဉ်က အသက် ၄၇ နှစ် အရွယ်သာ ရှိသေးသည်။

နာဂဒေသသို့ လာရောက်လေ့လာဖူးသည့် စာရေး ဆရာကြီး လူထုဦးလှသည် "နာဂတောင်တန်းတစ်ခွင်တစောင်း"

www.burmeseclassic.com

www.burmeseclassic.com



အမည်ရှိ မှတ်တမ်းတင်စာအုပ်တစ်အုပ်နှင့် နာဂမျိုးနွယ်စုများ၏ ပုံပြင်များကို ရေးသားထုတ်ဝေခဲ့ပါသည်။ ဆွမ္မရာနာဂပုံပြင်များ၊ တန်ကွန်နာဂပုံပြင်များနှင့် လိုင်းနောင်နာဂပုံပြင်များ စာအုပ်တို့ကို ရေးသားပြုစုခဲ့ပါသည်။

စာရေးဆရာကြီး ဦးရန်အောင်သည်လည်း နာဂဒေသသို့ သွားရောက်လေ့လာကာ ခရီးသွားဆောင်းပါးများကို မြဝတီမဂ္ဂဇင်း၌ ရေးသားခဲ့သည်ကို ကျောင်းသားဘဝက ဖတ်ရှုလေ့လာခဲ့ရပါသည်။

နာဂတောင်တန်းသို့ ရောက်ဖူးသော နာမည်ကြီး စာရေးဆရာများအနက် ရန်ကုန်ဘဆွေသည်လည်း အပါအဝင်ဖြစ်ပါသည်။ ရန်ကုန် ဘဆွေသည် နာဂတိုင်းရင်းသားများဘဝသရုပ်ဖော် "နန်းဟာဖီး" အမည်ရှိ ဝတ္ထုရှည်တစ်ပုဒ်ကို ရေးသားခဲ့ပါသည်။

နာဂတောင်တန်းသို့ အကြိမ်ကြိမ်သွားရောက်လေ့လာပြီး နာဂမျိုးနွယ်စုတို့၏ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုမှတ်တမ်းတင် ရေးသားခဲ့သူတစ်ဦးမှာ မနုဿကျောင်ဝင်း ဖြစ်ပါသည်။ မနုဿဗေဒပညာရှင်၊ စာရေးဆရာ မနုဿကျော်ဝင်းသည် "နောက်အော်နာဂ"စာအုပ်ဖြင့်၁၉၇၇ခုနှစ်အတွက် အမျိုးသားစာပေဆု (မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ) ကိုရရှိခဲ့ပါသည်။ နောက်အော်နာဂတို့၏ ဓလေ့ထုံးစံနှင့် ယဉ်ကျေးမှုတို့ သွားရောက်လေ့လာ၍ အသေးစိတ် တင်ပြထားပါသည်။

www.burmeseclassic.com

ww.burmeseclassic.com



မနုဿကျော်ဝင်း၏ ဒုတိယစာအုပ်မှာ ၁၉၇၉ ခုနှစ်၊ စာပေဗိမာန်စာအုပ်ဆု၊ စာပဒေသာ ဒုတိယဆုရ "ခရီးကြမ်းကြမ်း ခလေ့ဆန်းဆန်း" စာအုပ် ဖြစ်ပါသည်။ နာဂမျိုးနွယ်စုကြီးတစ်စုဖြစ်သော လေရှီးမြို့နယ်အတွင်းရှိ မကူရီနာဂတို့၏ ခလေ့ထုံးစံများ၊ နာဂတောင်တန်း တောင်ပိုင်းဒေသရှိ ကျေးရွာအချို့၏ ကူကီးချင်းမျိုးနွယ်စုများ၏ ယဉ်ကျေးမှုအကြောင်းကို ခရီးသွားမှတ်တမ်းပုံစံဖြင့် စိတ်ဝင်စားဖွယ် ရေးသားပြုစုထားပါသည်။

အောင်လွင်ဦး (ရေနံချောင်း) ၏ ၁၉၉၂ ခုနှစ် စာပေဗိမာန်စာမူဆု၊ စာပဒေသာ ဒုတိယဆုရ " ၃၆ ရက် ခရီးကြမ်း" စာအုပ်သည်လည်း နာဂတောင်တန်းကို မှတ်တမ်းတင်ထားသော စာအုပ်တစ်အုပ်ဖြစ်ပါသည်။ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နယ်နိမိတ်တစ်လျှောက်ဖြစ်သော ပလက်ဝမှသည် ပူတာအိုအထိ နယ်ခြား ကျောက်တိုင်နေရာပေါင်း ၁၇၆ နေရာပေါ်တွင်ပါရှိသည့် ကျောက်တိုင် စုစုပေါင်း ၂၃၇ တိုင်ကို မြန်မာ-အိန္ဒိယ ပူးတွဲမြေတိုင်းအဖွဲ့စိတ်များက နှစ်နိုင်ငံ ကိုယ်စားလှယ်များကို တရားဝင်လွှဲပြောင်း လက်ခံရေးအတွက် အောင်နိမိတ်စစ်ဆင်ရေးအမည်ဖြင့် ၁၉၇၄ ခုနှစ်က ဆောင်ရွက်ခဲ့ပါသည်။

ထိုစဉ်က စာရေးသူ အောင်လွင်ဦး (ရေနံချောင်း) သည် စစ်ကိုင်းတိုင်း ခန္တီးခရိုင်၊ ဟုမ္မလင်းမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဌာန (မြို့ပိုင်) အဖြစ် တာဝန်ထမ်းဆောင်ခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရသည်။ အထက်မှ တာဝန်ပေးချက်အရ မြန်မာအစိုးရ ကိုယ်စားလှယ်အဖြစ်ဖြင့် မြေတိုင်းအဖွဲ့စိတ် အက်စ် (၈) နှင့် လိုက်ပါပြီး လွှဲပြောင်းလက်ခံရေးလုပ်ငန်းများကို လေရှိုးမြို့နယ် အတွင်းရှိ ကျောက်တိုင်အမှတ် ၁၁၈ မှ ၁၃၀ အထိ ဆောင်ရွက်ခဲ့ခြင်းအတွက် ခရီးသွားမှတ်တမ်းပုံစံဖြင့် ရေးသား ပြုစုထားပါသည်။

သစ်တောဝန်ထမ်းတစ်ဦးဖြစ်သူ စာရေးဆရာ ချစ်ကိုကို၏ "စာရာမေတိခရီးသည်" စာအုပ်သည် ၁၉၈၃ ခုနှစ်၌ အမျိုးသားစာပေဆု၊ စာပဒေသာဆုရစာအုပ်ဖြစ်ပြီး လေရှီး မြို့နယ် စာရာမေတိတောင်တက်ခရီးစဉ်ကို စိတ်ဝင်စားဖွယ် ရေးသားထားပါသည်။ အမေရိကန်နိုင်ငံသား တောရိုင်း တိရစ္ဆာန် လေ့လာရေးအဖွဲ့မှ မစ္စတာ ဒိုလီဗာမီလတန်နှင့် ဒေါက်တာ အာဒီအက်စ်ကီးတို့နှင့်အတူ စာရာမေတိ တောင်ထိပ်သို့ ရုက္ခဗေဒသုတေသနခရီးစဉ်အဖြစ် ၁၉၅၉ ခုနှစ်အတွင်း တက်ရောက်ခဲ့သည့်ခရီးစဉ် နေ့စဉ်မှတ်တမ်း ဖြစ်သည်။ စာရေးဆရာ ချစ်ကိုကိုမှာ စာရေးကောင်းသူတစ်ဦး ဖြစ်သည့်အလျောက် ဖတ်၍ မငြီးနိုင်အောင် ကောင်းလှပါသည်။ စာရေးသူမှာ အဆိုပါစာအုပ်ကို အကြိမ်ကြိမ်ဖတ်ရှုပါသည်။

စာရေးဆရာ နာဂတစ်ဦးသည် နာဂတောင်တန်းတွင် တာဝန်ထမ်းဆောင်ခဲ့သည့် ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ နာဂ တောင်တန်းနှင့်ပတ်သက်သော စာအုပ်နှစ်အုပ် ရေးသားခဲ့ ပါသည်။ ၁၉၈၆ ခုနှစ် စာပေဗိမာန်စာမူဆု၊ ဝတ္ထုရှည် တတိယ

www.burmeseclassic.com

www.burmeseclassic.com



ဆုရ "နာဂမြေမှ ရတနာများ" စာအုပ်နှင့် ၁၉၉၉ ခုနှစ်အတွင်း ထုတ်ဝေခဲ့သော "နာဂခရီးသည်" ခရီးသွားမှတ်တမ်း ဖြစ်ပါသည်။ "နာဂမြေမှ ရတနာများ" ဝတ္ထုရှည်သည် နာဂ ဒေသကို အခြေခံ၍ ဇာတ်လမ်းတည် ရေးသားခဲ့သော ဝတ္ထုရှည် ဖြစ်ပါသည်။ "နာဂခရီးသည်" စာအုပ်မှာ ဌာနဆိုင်ရာ ဝန်ထမ်းများ နာဂတောင်တန်းတွင် တာဝန်ထမ်းဆောင်နေစဉ် တာဝန်ဖြင့် ခရီးသွားလာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှုများကို မှတ်တမ်းတင်ထားသော စာအုပ်တစ်အုပ် ဖြစ်ပါသည်။ စိတ်ဝင်စားဖွယ်ရေးသားထားပါသည်။ နာဂ တစ်ဦးအမည်ခံ ဦးတင်ဦးမှာ အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနတွင် လက်ထောက်မြို့ပိုင်မှသည် တိုင်းမင်းကြီးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော သထုံမြို့သား ဖြစ်ပါသည်။ နာဂ တောင်တန်းဒေသတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်စဉ်က အတွေ့အကြုံများ ရေးသားထားခြင်း ဖြစ်ပါသည်။

ကဗျာဆရာ မြင်းမူ မောင်နိုင်မိုး၏ "နာဂတောင်တန်းမှာ ပွင့်တဲ့ပန်းနှင့် အခြားကဗျာများ" စာအုပ်မှာ ၁၉၉၀ ပြည့်နှစ် အမျိုးသားစာပေဆု ကဗျာပေါင်းချုပ်ဆုရ ဖြစ်ပါသည်။ တပ်မတော်အရာရှိအဖြစ် နာဂတောင်တန်းဒေသတွင် တာဝန် ထမ်းဆောင်ခဲ့စဉ်က ခံစားရေးသားထားသော ရင်တွင်းဖြစ် ကဗျာများ ဖြစ်ကြသည်။

ဦးမင်းနိုင် လေ့လာတင်ပြသည့် "ဗိုလ်သွေး ဗိုလ်သား တိုင်းရင်းဘွားများ" (၂၀ ကြိမ်မြောက် ပြည်ထောင်စုနေ့

www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားယဉ်ကျေးမှုလမ်းညွှန်) စာအုပ်တွင် အခြားတိုင်းရင်းသားလူမျိုးနွယ်စုများနှင့်အတူ ဂုံဇန်နာဂ၊ နောက်အော်နာဂ၊ ဟိုင်းမြေနာဂ၊ ပိန်းကူးနာဂ၊ ကျန်နာဂ၊ လိုင်းနောင်နာဂမျိုးနွယ်စုများအကြောင်းကို အကျဉ်းချုပ်ရေးသား တင်ပြထားသည်ကို တွေ့ရပါသည်။ ၁၉၆၇ ခုနှစ်တွင် ထုတ်ဝေခဲ့သောစာအုပ် ဖြစ်ပါသည်။

စာရေးဆရာ မောင်ကြော့ဦးသည် နာဂရိုးရာတေးသီချင်းဆိုင်ရာ ဆောင်းပါးများ၊ နာဂယဉ်ကျေးမှု၊ နာဂဓလေ့ဆောင်းပါးများကို သတင်းစာ၊ မဂ္ဂဇင်း၊ အထူးသဖြင့် ရှုမဝမဂ္ဂဇင်းနှင့် ငွေတာရီမဂ္ဂဇင်းတို့တွင် ရေးသားခဲ့ပါသည်။ စာရေးဆရာ မောင်ကြော့ဦးသည် ခန္တီးခရိုင် လေရှီးမြို့နယ်၊ ခန္တီးမြို့နယ်၊ လဟယ်မြို့နယ်တို့တွင် ပညာအုပ် (လက်ထောက်မြို့နယ်ပညာရေးမှူး) အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ရှုမဝမဂ္ဂဇင်းတွင် အများဆုံးရေးသားခဲ့ပြီး ၁၉၇၃ ခုနှစ်၊ နိုဝင်ဘာလထုတ် ရှုမဝမဂ္ဂဇင်းမှ ၁၉၈၆ ခုနှစ်၊ မတ်လထုတ်မဂ္ဂဇင်းအထိ ဆောင်းပါး ၁၆ ပုဒ် ရေးသားခဲ့ပါသည်။

မြန်မာ့စွယ်စုံကျမ်း အတွဲ (၅) တွင်လည်း နာဂတောင်တန်းခရိုင်အကြောင်းကို ကျယ်ကျယ်ပြန့်ပြန့်ဖော်ပြ မှတ်တမ်းတင်ထားသည်ကို ဖတ်ရှုလေ့လာရပါသည်။

စာရေးဆရာ နာဂစွယ်ယဉ်သည်လည်း လူထုသတင်းစာနှင့် မြဝတီမဂ္ဂဇင်းတို့တွင် လိုင်းနောင်နာဂမျိုးနွယ်စုများ၏ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို မှတ်တမ်းတင်ဆောင်းပါး

www.burmeseclassic.com

ww.burmeseclassic.com



များ ရေးသားခဲ့လေသည်။ စာရေးဆရာ နာဂစွယ်ယဉ်သည် လဟယ်မြို့နယ်တွင် တာဝန်ထမ်းဆောင်စဉ် ရေးသားခဲ့ခြင်း ဖြစ်သည်ဟု သိရှိရပါသည်။

ကဗျာဆရာ မောင်လွန်းမြိုင် (ပင်လယ်ဘူး) သည် နာဂ တောင်တန်းသရုပ်ဖော် ကဗျာများကို ရေးဖွဲ့ထားသည့် "ရေကြည်သန္တ ပန်းမြပုလဲ ကဗျာများ" စာအုပ်ဖြင့် ၂၀၀၁ ခုနှစ်၊ ပခုက္ကူ ဦးအုံးဖေစာပေဆု၊ ကဗျာပေါင်းချုပ် ပထမဆု ရရှိခဲ့သည်။ မောင်လွန်းမြိုင် (ပင်လယ်ဘူး) သည် ကျောင်း ဆရာတစ်ဦးဖြစ်ပြီး အမည်ရင်း ဦးထွားမောင် ဖြစ်သည်။ စစ်ကိုင်းတိုင်း ပင်လယ်ဘူးမြို့နယ်၊ ဘုန်းကြီးရွာဇာတိ ဖြစ်သည်။ လဟယ်မြို့ အထက်တန်းကျောင်းတွင် အထက်တန်းပြဆရာ အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အဆိုပါကဗျာစာအုပ်ကို စာပေဗိမာန်မှ ၂၀၀၂ ခုနှစ်တွင် ထုတ်ဝေခဲ့ပါသည်။

ဤသို့အားဖြင့် စာပေပညာရှင် သုတေသီများသည် မြန်မာ့တိုင်းရင်းသားမျိုးနွယ်စုတစ်စုဖြစ်သော နာဂတိုင်းရင်းသား များနှင့် နာဂဒေသကို အခြေခံသည့် ဝတ္ထု၊ မှတ်တမ်း၊ ကျမ်း စာအုပ်များ၊ ဆောင်းပါးများ၊ ကဗျာများ၊ ပုံပြင်များ ရေးသား ပြုစုခဲ့သည်ကို လက်လှမ်းမီသရွေ့ လေ့လာမှတ်တမ်းပြု၍ နာဂတောင်တန်းကို မှတ်တမ်းတင်ခဲ့ကြသူများအခန်းကို ရေးသားခဲ့ပါသည်။ သွားလာမှုခက်ခဲလှသော အချိန်ကာလက ခက်ခက်ခဲခဲပင်ပင်ပန်းပန်း သွားရောက်လေ့လာရေးသားခဲ့ ကြသည့် ပညာရှင်များရှိသလို နာဂတောင်တန်းဒေသတွင်

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ထမ်းဆောင်စဉ် အတွေ့အကြုံများကို ရေးသားခဲ့ကြသူများလည်းရှိသည်ကို တွေ့ရပါသည်။ မည်သို့ပင်ဖြစ်စေ မိမိတို့၏ တိုင်းရင်းသားမျိုးနွယ်စုတစ်စုနှင့် ဆိုင်ရာဒေသကို ဤကဲ့သို့ မှတ်တမ်းတင်ပြု သရုပ်ဖော်ရေးသားခဲ့ခြင်းမှာ တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို များစွာ အထောက်အကူပြုပါသည်။ ယခုအခါတွင် နာဂဒေသသည် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီးဖြစ်သည့်အတွက် ပညာရှင်များ၊ စာရေးဆရာများ အရောက်အပေါက်များလာပြီ ဖြစ်သည်။ နိုင်ငံခြားသားပင် ရောက်ရှိလာပြီ ဖြစ်သည်။ မနုဿဗေဒပညာရှင်များ၊ ဗီဒီယိုမှတ်တမ်းတင်အဖွဲ့များ လာရောက်ကြသည်ကိုလည်း တွေ့ရပါသည်။ နှစ်စဉ် ကျင်းပသော နာဂရိုးရာနှစ်သစ်ကူးပွဲတော်များသို့ နိုင်ငံခြားသားများ ရာနှင့်ချီ၍ ရောက်ရှိလေ့လာကြသည်ကို တွေ့ရပါသည်။ သို့အတွက် ဒေသဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ နာဂတောင်တန်းကို မှတ်တမ်းတင်ကြမည့်သူများ ရှေးကထက် ပိုမိုများပြားတော့မည် ဖြစ်ပါသည်။

* * * * *

www.burmeseclassic.com

www.burmeseclassic.com






နိုင်ငံတော်အကြီးအကဲများကိုယ်တိုင် နာဂဒေသသို့
သွားရောက်၍ တိုင်းရင်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ

www.burmeseclassic.com

www.burmeseclassic.com






နာဂတိုင်းရင်းသားများ၏ အနုပညာလက်ရာနှင့်
လက်ဝတ်တန်ဆာများ

www.burmeseclassic.com

www.burmeseclassic.com





နာဂရိုးရာနှစ်သစ်ကူးပွဲတော်တွင် နိုင်ငံခြားသား
ကမ္ဘာလှည့်ခရီးသည်များလည်း အထူးစိတ်ဝင်စား

www.burmeseclassic.com

www.burmeseclassic.com





လူသားမျိုးနွယ်အန္တရာယ် မူးယစ်ဆေးဝါး ဘိန်းခင်းများသို့
နာဂဒေသအတွင်း၌ ဖျက်ဆီးနေကြစဉ်

www.burmeseclassic.com

www.burmeseclassic.com

# ကျမ်းကိုးစာရင်း


၁။ ချစ်ကိုကို - စာရာမေတိခရီးသည်

၂။ ခန္တီးမြို့နယ်မှတ်တမ်း

၃။ နတလ - နာဂဒေသ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်း (၁၉၉၀-၉၁)

၄။ နာဂစွယ်ယဉ် - စာနယ်ဇင်းများမှ ဆောင်းပါးများ

၅။ နာဂ တင်ဦး - နာဂမြေမှ ရတနာများ

၆။ ။ - နာဂခရီးသည်

၇။ နာဂတောင်တန်း မောင်ကြည်ဇင် - တောင်ပေါ်မြေမှ မြေပြန့်ပန်း

၈။ ။ - နာဂမြေမှ တော်လှန်ခြင်း

၉။ နန်းယွန်းမြို့နယ်မှတ်တမ်း

၁၀။ ပြန်ကြားရေးဝန်ကြီးဌာန - ဖွံ့ဖြိုးဝေစည် မြန်မာပြည် (၁၉၈၈-၂၀၀၃)

၁၁။ မနုဿ ကျော်ဝင်း - နောက်ဆော်နာဂ

၁၂။ ။ - ခရီးကြမ်းကြမ်း ခလေ့ဆန်းဆန်း

၁၃။ ဦးမင်းနိုင် - ဒို့သွေး ဒို့သား တိုင်းရင်းဘွား

၁၄။ မောင်ကြော့ဦး - စာနယ်ဇင်းများမှ ဆောင်းပါးများ

၁၅။ မောင်ဇနိယ - မြန်မာ့ရေးရာ သုတပဒေသာ

၁၆။ မောင်နွယ်သန်း - စာနယ်ဇင်းများမှ ဆောင်းပါးများ

၁၇။ မောင်လွန်းမြိုင် (ပင်လယ်ဘူး) - ရေကြည်သန္တ ပန်းမြလိကဗျာများ




www.burmeseclassic.com

www.burmeseclassic.com




၁၈။ မြင်းမူ မောင်နိုင်မိုး - နာဂတောင်တန်းမှာ ပွင့်တဲ့ပန်းနှင့် အခြားကဗျာများ
၁၉။ မြန်မာ့စွယ်စုံကျမ်း အတွဲ (၅)
၂၀။ မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် (၁၉၇၈)
၂၁။ 〃 (၁၉၉၅)
၂၂။ ရန်ကုန် ဘဆွေ - နန်းဟာဗီး
၂၃။ ရန်အောင်၊ ဦး။ - မြဝတီမဂ္ဂဇင်းဆက်များမှ ဆောင်းပါးများ
၂၄။ လဟယ်မြို့နယ် မှတ်တမ်း
၂၅။ လူထု ဦးလှ - ဆွမ္မရာ နာဂပုံပြင်များ
၂၆။ 〃 - တန်ခွန် နာဂပုံပြင်များ
၂၇။ 〃 - နာဂတောင်တန်း တစေ့တစောင်း
၂၈။ 〃 - လိုင်းနောင် နာဂပုံပြင်များ
၂၉။ လေရှီးမြို့နယ် မှတ်တမ်း
၃၀။ လွင်မောင် - မှတ်တမ်းသမိုင်း မန်းဇေယျာတိုင်း
၃၁။ ဟုမ္မလင်းမြို့နယ် မှတ်တမ်း
၃၂။ အောင်လွင်ဦး (ရေနံချောင်း) - ၃၆ ရက် ခရီးကြမ်း

## တွေ့ဆုံမေးမြန်းသူများ

၁။ စစ်မောင်၊ ဦး၊ အတွင်းရေးမှူး၊ နာဂယဉ်ကျေးမှု ဗဟိုကော်မတီ၊ ခန္တီးမြို့
၂။ ထိန်းကော့ဗိ၊ ဦး၊ ဥက္ကဋ္ဌ၊ နာဂယဉ်ကျေးမှု ဗဟိုကော်မတီ၊ ခန္တီးမြို့
၃။ လှဖေ၊ ဦး၊ နာဂတိုင်းရင်းသားခေါင်းဆောင်၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်။

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၅ ခုနှစ်၊ စာပေဗိမာန်စာမူဆု

သုတပဒေသာ (ဝိဇ္ဇာပညာရပ်) ဒုတိယဆုရ

"ပွဲပြီးလာတော့မည့် သွေးချင်းတို့ နာဂမြေ"

**ရေးသူ - မောင်နွယ်သန်း (ပြန်/ဆက်)**

အဖ ဦးဘခင်၊ အမိ ဒေါ်ဖွားသိန်းတို့မှ ၁၉၅၁ ခုနှစ်၊ မေလ (၁၂) ရက်နေ့တွင် မွေးဖွားသည်။ မန္တလေး ဝိဇ္ဇာ၊ သိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ (သမိုင်း) ကို ရရှိခဲ့သည်။ ၁၉၇၆ ခုနှစ်မှစ၍ သင့်ဘဝမဂ္ဂဇင်း၊ သောင်းပြောင်းထွေလာ ရယ်စရာမဂ္ဂဇင်း၊ သောကြာစာစောင်တို့တွင် ကဗျာများ ရေးသားခဲ့သည်။ ၂၀၀၂ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပြိုင်ပွဲတွင် "ကြိုးသကြား ပြည့်စီးပွား" စာမူဖြင့် သုတပဒေသာ (ဝိဇ္ဇာပညာရပ်) တတိယဆု ရရှိခဲ့ပြီး နိုင်ငံတော်မှကျင်းပသည့် စာပေပြိုင်ပွဲများတွင် ဆုများ ရရှိခဲ့သည်။

ယခုအခါ တမူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနတွင် ခရိုင်ဦးစီးအရာရှိအဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

အမည်ရင်းမှာ - ဦးအောင်သန်း ဖြစ်သည်။

နေရပ်လိပ်စာ - ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊
ခရိုင်ရုံး၊ တမူးမြို့။

www.burmeseclassic.com